
www.burmeseclassic.com

# မင်းရဲကျော်

## နှင်းမှုန်ကြားမှခြေရာများ




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုမှတ်
၅၀၀၃၅၆၀၅၀၃
အဖုံးခွင့်ပြုမှတ်
၅၀၀၅၅၀၀၅၀၅
ထုတ်ဝေသူ
ဦးချစ်ညွန့်(အောင်ရတနာစာပေ)
အမှတ်(၂၀၅)(က)၊ (၄)လမ်း၊ မြို့သစ် က-ခရပ်ကွက်၊
အင်းစိန်။
အတွင်းပုံနှိပ်
ဦးမြတ်ကျော် (မြတ်ကျော်ပုံနှိပ်တိုက်)
အမှတ်(၂၁၇)၊ လမ်း(၃၀)၊ ရန်ကုန်။
အဖုံးပုံနှိပ်
ဒေါ်မြင့်မြင့်တင် (မြင့်သီရိပုံနှိပ်တိုက်)
အမှတ်(၂၀၈)၊ လမ်း(၃၀)၊ ရန်ကုန်။
အတွင်းဖလင်
ရွှေစပယ်
ထုတ်ဝေသည့်လ
(၂၀၀၅)ခုနှစ်၊ ဇွန်လ
စောင်ရေ
၅၀၀အုပ်
တန်ဖိုး
၇၀၀ကျပ်



စီစဉ်သူ
**မယုယုလွင်**
(ရွှေမင်းသမီးစာပေ)

ဖြန့်ချိရေး



**ရွှေမင်းသမီးစာပေ**
အမှတ်(၁၅) F ၊မဟာဗောဂလမ်း၊ မြေနီကုန်း
စမ်းချောင်းမြို့နယ်။ ဖုန်း- ၀၉ ၅၁၃ ၁၅၁၄


www.burmeseclassic.com

www.burmeseclassic.com

## - မာတိကာ -

၁။ နှင်းမှုန်ကြားမှခြေရာများ ၁
၂။ တောင်ဆိတ်ထမ်းသော အပြန်လမ်း ၂၉
၃။ ငှက်သတ်မှုဆိုး ၃၉
၄။ ကျိန်စာသင့်သောကျား တောခွေးစား ၇၇
၅။ မုဆိုးကျားကိုက် ကျားဗိုက်သေနတ်မှန် ၉၁
၆။ ကျွန်းပင်တန်းနှင့် နတ်နန်းတွေ ၁၀၅
၇။ ကျွဲခေါလောက်သံလား လက်ခုပ်သံလား ၁၁၉
၈။ အရွတ်ပဲစားတော့မယ် ၁၃၅
၉။ တောဝက်တိုက်ပွဲ - ကျည်မစဲ ၁၅၁

# နှင်းမှုန်ကြားမှ ခြေရာများ

စိုင်းဖနှင့် စိုင်းလုံတို့နှစ်ယောက် လွယ်မာတောင်တန်းကြီးပေါ် တက်ခဲ့ကြသည်မှာ မနက်စောစော လေးနာရီကျော်ကျော်ခန့်မှ စတင် တက်ခဲ့ကြခြင်းဖြစ်သည်။ တောင်ကမြင့်၏၊ တောကလည်း နက်ပါ၏။ သစ်ကြီးဝါးကြီးတွေ ပေါက်ရောက်ပြီး လွယ်မားတောင်တန်းကြီးမှာ အလွန် မြင့်မားသည့်အတွက် နှင်းခဲတောင်ဟုလည်း ခေါ်ကြသည်။ ခေါ်ရသည့် အကြောင်းရင်းမှာ ဤလွယ်မားတောင်ထိပ် မရောက်ခင်မှစပြီး အပင်တွေ နိမ့်ပါးသွားသည့်အပြင် ရှာပြင်ကျောက်သားတွေပေါ်ဝယ် နှင်းတွေမှ အုပ် ထားသောကြောင့် အပင်ဟူ၍ သိပ်မရှိတော့၊ ထင်းရှူးပင်တွေသာ မြင့်မြင့် မားမား။

ထိုထင်းရှူးပင်တွေအား ကြည့်လိုက်ပါကလည်း ရေခဲတွေ တွဲလွဲ ခိုထားသောကြောင့် အစိမ်းနှင့်အဖြူရောင်မှလွဲ၍ မတွေ့ရသော တောင် တန်းကြီး၊ ထိုတောင်တန်းကြီးပေါ်သို့ စိုင်းဖနှင့် စိုင်းလုံတို့နှစ်ယောက်တညီး တက်လာရသည့် အကြောင်းမှာ သူတို့တွေ့လိုသော သူတို့၏ဆရာကြီး ဦးခန္တီဟုခေါ်သော ဆေးဆရာကြီး မှာကြားချက်အရ တောင်ပေါ်သို့တက် ခဲ့ခြင်းဖြစ်ပါ၏။

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦး[illegible]သည် ဆေးစွမ်းထက်သော ဆရာကြီး၊ သိုင်းပညာရှင်သော ဆရာကြီးဖြစ်သဖြင့် ဦးစိုင်းဖနှင့် ဦးစိုင်းလုံတို့အား ဆေးပညာများပေးသည်ဟု မှာကြားချက်အရ ဆရာကြီး တရားအားထုတ်ရာ ဂူသို့ရောက်သောအခါ တက်ခဲ့ကြခြင်းကြောင့် သူတို့နှစ်ယောက် လိုအင်ဆန္ဒပြည့်ဝရေး ခတ်ခက်ခဲခဲ တက်ခဲ့ကြသော လူကြီးနှစ်ယောက်။

ဦးစိုင်းဖသည် အသက်လေးဆယ့်ငါးနှစ်၊ စိတ်တိုစိတ်ထက်ပြီး အထိမခံ အပြောမခံ၊ ထိုလျှင် နံတန်ပြန်သမားကြီး၊ အနေအထိုင်လည်း တစ်လစ်၏။ မမှားအောင်နေ၍ မမှန်မလုပ်၊ ရွာသားတွေ အလေးထားကြောက်ရွံ့သူ၊ အရပ်ရှည်ပြီး လူကောင်ကြီးသလောက် ဒေါသကြီးသူဟု သမုတ်သကဲ့သို့ ဦးစိုင်းဖနှင့် အမြဲတွဲသူမှာတော့ ဦးစိုင်းလုံပင် ဖြစ်ပါသည်။ ဦးစိုင်းလုံသည် အေးအေးဆေးဆေး စကားပြောလည်း လေးသည်။ သီးခံတတ်သော၊ ကြင်နာတတ်သော လူတစ်ဦး၊ ထိုဦးစိုင်းလုံအား ရွာသားတွေပြောဆိုသည်မှာ ဦးရေခဲတဲ့။ အေးတိအေးစက်နှင့် စကားနည်းရန်ဆဲ အမြဲသီးခံတတ်သူဟု ဆိုကြပြန်ပါသည်။ ဘယ်သို့ဆိုဆို၊ ဘယ်သို့ပြောပြော ဦးစိုင်းလုံ အပြုံးနှင့်သာ သီးခံတတ်သည်။

'ရော်… စိုင်းလုံနဲ့ စိုင်းဖ၊ စိတ်ကမတူ လူကတူ၊ ပေါင်းလည်း ပေါင်းတတ်ပအေး၊ လင်မယားကျနေတာပ'

'ရော… လင်မယားထက်ဆိုးတာပ၊ အေး… ခွဲမရတဲ့အတွဲပ'

'စိုင်းဖ ထမင်းစားကြတာပ'

'ရော်… ဆာပြီလားပ'

'ဆာတာပ'

'ဆာလည်း စားတာပ'

ထမင်းထုပ်ကိုဖြေကာ စားလိုက်ကြသည်။ သူတို့ နေကိုမော့ကြည့်တော့ မွန်းတည့်နေပါပြီ။ မွန်းတည့်နေအား ရှာမရ။ သို့သော် နှင်းနှင့်မြူအကြားဝယ် နေ၏အလင်းက စူး၍လွန်း၍သာ မြင်နိုင်စွမ်းရှိသည်။

'အင်း… မွန်းလွဲဆိုရောက်မှပအေး'

'ရောက်တော့မှာပ၊ ဟိုထင်းရှူးတန်းအစဟာ ဆရာကြီးနယ်မြေ





ပအေး၊ ကျောက်ဖြူတောင်ကြီးစပြီပ'

'ဟုတ်ပ၊ ဆရာကြီးလည်း တို့လာတာ သိနေမှာပအေး'

'ရော… သိမှာပ'

'စိုင်းဖ'

'ဘာလဲပ'

'ဟိုမှာ လူနှစ်ယောက်ပအေး၊ ရော်… သေနတ်တွေနဲ့ပ'

'ရော… ဟုတ်တာပ၊ တောပစ်တဲ့ သူထင်တာပ'

'အင်း… ဒီတစ်ဝိုက်မှာ တောပစ်သမားမရှိသလောက်ပ'

တောပစ်ထွက်လာသော ဦးကျောင်းရွက်နှင့် လူငယ်လောစံတို့သည် နှစ်လုံးပြူးသေနတ်တစ်လက်၊ တစ်လုံးပြူးသေနတ်တစ်လက်ဖြင့် ဦးစိုင်းလုံတို့ ထမင်းစားရာဘက် ရောက်လာကြသည်။

'ရော်… ဘယ်သွားကြမှာပ'

'ကျောက်ဖြူတောင်သွားမှာပ၊ ခင်ဗျားတို့ကော'

'ဒီတောင်ခြေမှာ မောက်တင်ချေပစ်ဖို့လာတာပ'

'ရော်… ဘယ်ရွာက'

'ဟောဟို နယ်စပ်မံလားရွာပအေး'

'ရော်… ဒါဆို မဝေးတာပအေး'

'ဟုတ်တာပ၊ နှစ်မိုင်လောက်ပဲရှိတာပ'

'ကျောက်ဖြူတောင်ဆိုတော့ ဘာရှိုးတောင်ပ'

'ဟုတ်တာပ၊ ဆရာကြီးထံ သွားမှာပ'

ထိုသို့ စကားပြောနေစဉ်မှာပင် ရာသီဥတုက ဖောက်လာသည်။ လေက ခပ်ကြမ်းကြမ်း တိုက်ခတ်သည်နှင့် နှင်းတွေပါလာပြီး ထင်းရှူးပင်တွေ ဘေးကပ်နေကြရာမှ လောစံသည် ပေတစ်ရာခန့်ဝေးသော ကျောက်တောင်ဘက်သို့ လက်ညှိုးထိုးပြရင်း…

'ဘဒွေးပ… ဟောဟို ကျောက်တောင်မှာ ကျောက်ဂူရှိတာပ၊ အေး… အဲဒီသွားကြတာပ'

'ကောင်းတာပ၊ ဆရာကြီးတို့ပ၊ လာ… လာ… ဟိုမှာ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ဂူရှိတာပ၊ အဲဒီမှာ သွားခိုတာပ'

'ဟုတ်… ဟုတ်'

လေးယောက်သား ကျောက်ဂူဘက် ပြေးကြပါသည်။ ကျောက်ဂူသို့ရောက်သည်တွင် လောစံသည် ကျောက်ဂူဝမှအတွင်းဘက်သို့ ကြည့်လိုက်သည်။ ဘာမျှမြင်တွေ့ သခင့်အတွက် သေနတ်ကို အသင့်ကိုင်ကာ ရှေ့ဆုံးမှ ဝင်လိုက်သည်။ ကျောက်ဂူမှာ တော်တော်ကျယ်၍ လူဆယ်ယောက်ခန့်နေနိုင်သော ကျောက်ဂူကြီး တစ်လုံးဖြစ်ပြီး အတွင်းဝယ် ကျောက်သားတွေမှလွဲ၍ ဘာမျှမရှိ။ ကျောက်သားဆိုသည်မှာ မြေကြီးပမာ တညီတညာတည်း အသားကျနေသော ကျောက်မြေအား ကျောက်သားဟု ခေါ်ကြ၏။

'တော်သေးတာပ၊ အပြင်မှာဆို မလွယ်ပအေး'

'ရော်… ဒီလိုနှင်းမှုန်တိုင်းကျရင် တစ်ခါတလေ တစ်နေ့လုံးဖြစ်တာပ၊ အပြင်မှာဆို သေသွားနိုင်တာပ'

'ဆရာကြီးတို့ မရောက်ဘူးထင်တာပအေး'

'အင်း… အမှန်အတိုင်း ပြောရရင် နွေဘက်မှာတစ်ခါပဲ ရောက်ဖူးတာပ၊ လွန်ခဲ့တဲ့တစ်နွေကပ'

'နွေကာလဆိုတော့ သွားလို့ကောင်းတာပ၊ ခုလို ဆောင်းမှာတော့ ခက်တာပအေး'

'အင်း… အထဲရောက်တော့ နွေးသလိုပနော့'

'ကျောက်သားတွေဟာ နွေးတဲ့ကျောက် အေးတဲ့ကျောက် ရှိတာပ၊ ရော်… ကျွန်တော်ပြောတာ မဟုတ်ပ၊ ဘခန္တီးပြောဖူးတာပအေး'

'ရော်… ဆရာကြီးက ဘခန္တီးနဲ့သိတာပ'

'သိတော့မသိပ၊ ရွာဘုရားပွဲမှာ လာဖူးတာပ၊ တစ်ခါတည်းပါ၊ အနီးကပ်မတွေ့ဘူး၊ အဝေးကပဲ တွေ့တာဗ'

ထိုသို့ ဆရာကြီး ဦးခန္တီအကြောင်း ရောက်သွားကြရာမှ မိတ်ဆွေရင်းဖော် မဟုတ်သော်လည်း ဆရာကြီးဦးခန္တီနှင့် ပတ်သက်ပြီး ခင်မင်သွားကြရခြင်းဖြစ်ပါတယ်။ အပြင်မှာတော့ နှင်းမုန်တိုင်းက သည်းသည်း





မည်းမည်း ဝေ့ဆဲဝဲဆဲ တိုက်ခတ်ဆဲ၊ အဝေးသို့ပင် မမြင်ရတော့၊ ပို၍ပို၍ဆိုးလာသော မြင်ကွင်းနှင့် သူတို့၏ကျောက်ဂူထဲသို့ ပြေးဝင်လာသော နောက်ထပ် သတ္တဝါနှစ်ကောင်။

ထိုနှစ်ကောင်မှာယ နီညိုရောင်ပြေးနေသည့် အမွေးခပ်ရှည်ရှည် ခပ်ကြမ်းဖြစ်မည်။ မောက်တင်ချေ အထီးနှင့်အမ တစ်စုံသည် ကြောက်ကြောက်လန့်လန့်နှင့် ပြေးဝင်လိုက်စဉ် လူတွေတွေ့ပြီး လန့်နေကြသည်။ သူတို့နှစ်ကောင်သည် အပေါက်ဝအားဝယ် မျက်လုံးတွေပြူးပြီး အသားတွေ တုန်နေအောင်ချမ်းနေကြကာ လူကိုတွေ့၍ ပိုမိုကြောက်ရွံ့သွားသော်လည်း ပြေးစရာမြေမရှိတော့။

'ရော်… ကျားရှေ့မှောက်ရက်လဲတာပ'

'ဘဒွေး ပစ်မလားပ'

'ရော… လောစံပအေး၊ ကြောက်လို့ပြေးလာတဲ့ သားကောင် မပစ်ပ၊ ရှာတွေ့တဲ့အကောင်ကို ပစ်ရတာပ၊ သူတို့ကြောက်နေကြတာတေ နေပါစေ၊ တို့လိုပအေး၊ ဆောင်းခိုတာပ'

'ဟုတ်တာပ၊ သနားစရာပအေး'

တကယ်ပင် မှန်ပါသည်။ တော်တော့ကို သနားစရာကောင်းနေသည်။ မျက်လုံးလေးတွေပြူးပြီး ကြောက်ရွံ့နေသည့်အပြင် ကျောက်ဂူအပြင်ဘက် လမ်းမထွက်ရဲတော့ပါ။ နှစ်ကောင်စလုံး ကျောက်နံရံကပ်ပြီး လေးဘက်ထောက် အိပ်လိုက်သော်လည်း ဦးခေါင်းလေးတွေ ထောင်နေကြပုံကြည့်ပြီး ဦးစိုင်းဖနှင့် ဦးစိုင်းလုံတို့ အလွန်အမင်း သနားနေ၏။

သူတို့နှစ်ယောက် မပြောပါနှင့်၊ မုဆိုးကြီးဦးကျောင်းရွက်နှင့် မုဆိုးပေါက်စလေး လောစံတို့ပင် သနားသွားသည်။ ကြည့်ရင်း ဦးကျောင်းရွက်မှာ စိတ်မကောင်းစွာ ကြည့်ရင်း ပြောသည်မှာ ကြားရသူတွေပင် ပိုမို သနားသွားစေ၏။

'ရော… ဒါမျိုးပအေး၊ ကျားသနားမှ နွားချမ်းသာတာ… ကြည့် ကျုပ်က မုဆိုးကြီးပ၊ ကျုပ်ပစ်ရင် ရတာပ၊ သနားစရာ… တာပအေး၊ နေပါစေ… နေပါစေ သနားတာပ'



www.burmeseclassic.com

www.burmeseclassic.com



'ရော်... ရော်...'

'အိုး...'

သူတို့ ကြည့်နေသည်မှာ ဝတာစ်နေသော မောက်တင်ချေနှစ်ကောင် ခုတွေ့လိုက်ရသည်မှာ နောက်ထပ်ပြေးဝင်လာသော လူ၏ရန်သူ၊ သားကောင်တို့၏ဘုရင် ကျားကြီး၊ ကျားကြီးသည်လည်း ကြောက်အားလန့်အားဖြင့် အအေးဒဏ်မခံနိုင်၍ ပြေးဝင်လာကာမှ လူလေးယောက်နှင့် သူ၏အစာ မောက်ချေနှစ်ကောင်။

လူတွေမှာ ကျားကြောက်၏။ ချေနှစ်ကောင်သည်လည်း ဆာစောက ကြောက်ရွံ့နေရာမှ သူတို့နှင့်ခြောက်ပေခန့် ကျောက်ဂူနံရံ တစ်ဘက်ကပ်နေသော ကျားဆိုးကြီးကြောင့် လုံးဝ မထရဲတော့ပါ။ သတ္တဝါကောင်းပါသည်ဆိုသော ကျားကြီးလည်း ကြောက်ရွံ့နေပေ၏။ လူတွေကြောင့် သူကြောက်နေသည်။ သို့သော် အစာရှာနေသော တောထဲမှာ နှင်းမုန်တိုင်းကြောင့် ကျောက်ဂူထဲ ပြေးအဝင် အစာတွေ့သော်လည်း မစားရဲတော့။ ချေနှစ်ကောင်က ကျားကိုကြောက်သည်။ ကျားကြီးက လူကိုကြောက်နေသည်။ လူတွေကလည်း ကျားကြီးကို ရှိန်နေ၏။

မုဆိုးကြီးဦးကျောင်းရွှက်နှင့် တပည့်လောစံတို့ပင်လျှင် ကျားကြီးအား နပူးတွေ့ ဒူးတွေ့ဖြစ်ပြီး ကြောက်သလိုလို၊ သို့သော်လည်း ကျားကြီးအားဝစ်ခတ်ရန် စိတ်မကူး၊ မသတ်ဖြတ်လိုကြပါ။ သို့အတွက် လူကကျားကိုကြည့်၏။ ကျားကလည်း လူကိုကြည့်နေသည်။ မောက်တင်ချေနှစ်ကောင်မှာတော့ အကြောက်လွန်ပြီး မလှုပ်မယှက်ရဲကြ။ အားလုံးကိုကြောက်နေသော ချေလေးနှစ်ကောင်းမှာ သနားစရာအကောင်းဆုံး။

တစ်ယောက်ကိုတစ်ယောက် ကြောက်ရွံ့နေကြသော်လည်း ကျားကြီးမှာတော့ သိပ်ပြီး ကြောက်ရွံ့ပုံမပေါ်သော်လည်း အရေးဆိုရင်တော့ ဦးကျောင်းရွှက်နှင့် လောစံတို့မှ ပါလာသော နှစ်လုံးပြူးနှင့် တစ်လုံးပြူးသေနတ်များကို အားကိုးထားပြီ၊ သို့သော်လည်း တစ်ကောင်နှင့်တစ်ကောင် တစ်ယောက်နှင့်တစ်ယောက် ဒုက္ခရောက်နေချိန်တွင် အနိုင်လည်းမယူကြပါ။ အရှုံးလည်းမပေးကြ၊ လုံးဝမလှုပ်ရဲသူများမှာတော့ ချေလေးနှစ်ကောင်





သာ သနားစရာအကောင်းဆုံး။

'ရော်... ချေလေးနှစ်ကောင်ဟာ သနားစရာအကောင်းဆုံးပဲနော်'

'ဟုတ်တာပေါ့ဗျာ၊ ကျားကိုက်မှာလည်းကြောက်၊ ကျွန်တော်တို့လည်း ကြောက်နေကြတာပအေး'

'အပြင်မှာတော့ အသံတွေပါ ဆူညံနေတယ်၊ လေသံတွေနှင့်အတူ ဆောင်းနှင်းတွေမှာ ကျောက်ဂူအဝထဲသို့ ပစ်သွင်းနေသည့်ပမာ ကိုးရှေ့ဝင်နေကြသည်။ ပိုမိုဆိုးရွားနေသည့်အတွက် အားလုံးတိတ်ဆိတ် ငြိမ်သက်နေရသည်။

'ရော်... အပြင်မှာ တော်တော်ဆိုးနေတာပအေး'

'ဟုတ်တာပအေး၊ ဒီတစ်ဝိုက်မှာ ဒီလိုဖြစ်တာ မဆန်းတာပ'

'ရော်... ဒါဆို ခင်ဗျားတို့ မကြာမကြာ ရောက်တာပ'

'ရောက်တာပ၊ အင်း... နွေကာလ အများဆုံးလာတာပ၊ ခုလည်း အခြေအနေကောင်းမယ်ထင်လို့ လာခဲ့တာပအေး၊ ခုတော့ ဘယ်လောက်ထိများစောင့်ရမှာပအေး'

'ဘဒွေး... အောက်ဘက်ဆင်းကြမလားပ'

'ရော်... ဘယ်လိုလုပ် ဆင်းရမှာပအေး၊ အောက်ဘက်ဝှဆိုသားကောင်ပိုဆိုးမှာပ'

ဦးကျောင်းရွှက်နှင့် လောစံတို့စကားကြားရသောအခါ အောက်ဘက်မှာ ဂူရှိသေးကြောင်း ဦးစိုင်းပနှင့် ဦးစိုင်းလုံတို့ သိလိုက်ရသည်။ အောက်ဘက်ကျောက်ဂူဆို သားကောင်ပိုဆိုးမည်ဆိုတော့ ဘာတွေမှန်းမသိပါ၊ မသိသေးသည့်အရာကို သိချင်သော ဦးစိုင်းဖမှ

'နောင်ကြီးပ'

'ဟုတ်'

'အောက်ဘက်မှာ ကျောက်ဂူရှိသေးတာပ'

'ရော်... ရှိသေးတာပ၊ ဒီထက် နည်းနည်းပိုကြီးတာပ၊ ပို[illegible] တာပ၊ အဲဒီမှာက တောနဲ့နီးကပ်တော့ ကျားတွေပိုများမှာပအေး'

'ရော်... ဘဒွေးကလည်းပ၊ ဝက်ဝံတွေလည်း ရှိတာပ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ခြွေတွေပေါ်တာပအေး’

‘ဟုတ်တယ်ဗျ အဲဒီကျောက်ဂူက ဒီဂူလိုမဟုတ်ဘူး၊ ဒီဂူမှာ ခွေးကတယ်မဟုတ်လား၊ ကျားက ချေကိုမကိုက်ဘူး၊ ဟော… ကျုပ်တို့ပ၊ မုဆိုးတွေဖြစ်တာပ၊ မုဆိုးက ကျားလည်းမပစ်၊ ချေလည်းမပစ်တာပအေး’

‘ဟော်… ဘယ်လိုပအေး’

‘ဟော်… ဒီလိုပ၊ ဒီဂူထဲရောက်သမျှ အားလုံးဟာ အနိုင်မကျင့်ကြတာပအေး၊ ကျုပ်တို့က ကျားပစ်ရင် ကျားသေမှာပ၊ ကျားအသေကို တစ်စတ်နိုင်ငံသွားရောင်းရင် ဈေးကောင်းကောင်းရတာပအေး’

‘ဒါပေမဲ့ မပစ်ရလို့ မှာကြားထားတာပ’

‘ရော်… ဘယ်သူက မှာကြားထားတာပအေး’

‘ဘယ်သူရှိမှာပ၊ ဆရာကြီး ဦးခန္တီပအေး၊ ဆရာကြီးပ’

‘ရော်… ဘယ်လိုမှာတာပ’

‘ဟောဒီကျောက်ဂူက စတာပ၊ အပေါ်အထိ ဘာကောင်မှမပစ်ရလို့ မှာထားတာပ၊ အသက်မသတ်ရ၊ အသားမစားရပ

‘ရော်… အံ့စရာပအေး အံ့စရာပ’

ကျွန်တော်တို့ စကားပြောတိတ်သွားကြတယ်၊ အကြောင်းမှာ အပြင်ဘက်မှ လေတိုက်သံတွေနှင့်အတူ ဆီးနှင်းတွေကျမှုသည် အလွန်အမင်း ဆိုးရွားနေသည့်အပြင် ကျောက်ဂူအဝထဲသို့ အသံတွေလုံးထွေးဆောင့်ဝင်သည့်အပြင် တစ်ခါတစ်ခါ မိုးချိန်းသံပမာပင် ကြားရသည်။ တကယ်တော့ မိုးချိန်းသံမဟုတ်ပါ။

ဦးစိုင်းဖသည် မုဆိုးကြီးဦးကျောင်းရွက်ပြောသော စကားကို စိတ်ဝင်စားနေ၏။ အကြောင်းမှာသူတို့သွားတွေ့မယ့် ဆရာကြီးဦးခန္တီနှင့် ပတ်သက်လို့ ထူးခန်းလွန်းသော ပြောဆိုတားမြစ်မှုအတွက် အလွန်သိမြင်နေသဖြင့် လေသံနှင်းသံတွေ အမြန်ပျောက်ပါစေဟု တွေးနေသော်လည်း အသံတွေက မတိတ်ပါ၊ ထိုအသံတွေကြောင့် စကားပြောရသည်မှာ မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေသည်။

ဦးစိုင်းဖ ကျားကြီးအား ကြည့်လိုက်သောအခါ ကျားကြီးသည်





စိတ်ချလက်ချ အိပ်နေသကဲ့သို့ မောက်တင်ချေလေးနှစ်ကောင်မှာလည်း မေးလေးရှေ့ထိုးပြီး မျက်လုံးလေးတွေမှိတ်နေပါပြီ။ တစ်ကောင်နှင့်တစ်ကောင် ပူးကပ်နွေးထွေးရင်း အိပ်စက်နေသည်လား၊ မှိန်းနေကြသည်လား မသိတော့၊ သားစားကျူးသော ကျားဆိုးကြီးသည်လည်း အိမ်မွေးခွေးလေးတစ်ကောင်ပမာ စိတ်ချလက်ချ အိပ်မောကျနေသည်။

ချေလေးနှစ်ကောင်၏ပုံသဏ္ဌာန် ကြည့်ရသည်မှာလည်း အကြောက်လွန်မှုတွေ မေ့ပျောက်ပြီး စိတ်အေးလက်အေးပင် အိပ်ပျော်သွားပါပြီ။ အားလုံးအိပ်သော်လည်း ဦးစိုင်းဖတို့လူစု မအိပ်စက်နိုင်ပါ။ အခါအခွင့်စောင့်ရင်း စကားပြောကြပြန်ပါပြီ။

လေသည် အနည်းငယ်ငြိမ်စပြုလာသည်။ သို့သော် လုံးဝငြိမ်သက်သည့် အနေအထားသို့ မရောက်သေးပါ၊ စကားကောင်းကောင်းပြောလို့ရသဖြင့် ဦးစိုင်းဖသိချင်သော အချက်အလက်များမေးရန် အခွင့်အခါသင့်လာပါပြီ။

‘နောင်ကြီး ဦးကျောင်းရွက်ပအေး’

‘ဟုတ် ပြောတာပ’

‘ဒီလိုပါ စောစောက နောင်ကြီးပြောတာပ၊ ဒီကျောက်ဂူကစပြီး အသက်မသတ်ရနယ်မြေဆိုတာ သိချင်တာပ’

‘ရော်… ပြောပြီးတာပ၊ ဆရာကြီးဦးခန္တီက ပစ်ခွင့်မပြုထားတာပအေး၊ ပစ်လို့လည်းမရတာပ’

‘ရော်… ဘယ်လိုပစ်ရဆိုတာ သိမြင်တာပ၊ အတွေ့အကြုံရှိမှာပ၊ သိပါရစေ၊ ပြောပြပေးတာပအေး’

‘အင်း… ဒီအဖြစ်တွေ ရှိခဲ့တာပ၊ ကျွန်တော်ရဲ့ကိုယ်တွေ့ပ၊ လွန်ခဲ့တဲ့ သုံးနှစ်ကစတာပ’

‘ဟုတ်… ဟုတ်… ဆက်ပြောတာပ’

လွန်ခဲ့သော သုံးနှစ်က ဖြစ်ပါတယ်။ ဦးကျောင်းရွက်သည် အား ဆရာလည်းဖြစ်၊မိတ်ဆွေလည်းဖြစ်သော ဦးအောင်ပန်းဆိုသည့် ရှမ်းမုဆိုးကြီးနှင့် နယ်စပ်ဈေးဖြစ်သည့် မိုင်းပေရွာဈေးတွင် တွေ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ပန်းမှာ တောမုဆိုးကြီး ပီသ၏၊ တောမှန်သမျှ မပစ်ဖူး မလယ်ဖူးမရှိပါ၊ တောပစ်ရာတွင်လည်း သားကောင်မှန်သမျှ အထီးအစ်မ မချန်ပါ၊ အကြီးအသေးမရွေး ရသမျှပစ်၏၊ ရောင်း၏။ သူ့တွင်သနား ကြင်နာမှုမထား၊ သူအနှစ်သက်ဆုံးမှာတော့ ကျားပစ်ရနှင့် ကျားသစ်ပစ် ရန် အဓိကထားသည်။

'ကျောင်းရွက်ပ၊ ကျားတစ်ကောင်ရရင် ဈေးကောင်းကောင်းရပြီ သာမှတ်၊ ကျားသစ်လည်းမဆိုး၊ ဒါပေမဲ့ ကျားကပိုပြီး ဈေးရတာပအေး'

'အင်း… ကျားရလို့ကတော့ ယောဒီချောင်းကူးလိုက်တာနဲ့ တစ် ဘက်ကမ်းမှာ လုနေတာပ၊ ပြောတဲ့ဈေးပေးကြတာပ။ ဒါကြောင့် ငါက ကျားရှာပစ်တာပ'

'ဆရာရယ် ကျားက မပစ်ရတဲ့ သားကောင်ပ'

'ရော… မပစ်ရတာ ပစ်ရတာ ရွေးနေရင် မုဆိုးမလုပ်ရဘူးလေ၊ မုဆိုးဆိုမှတော့ သားကောင်ရွေးပစ်တာတို့၊ သနားတာတို့သာဆို ပစ်စရာ အကောင်မရှိတာပ၊ ကိုယ့်အလုပ်က ဘာအလုပ်လဲ ပြောတာပ'

'မုဆိုးပါဆရာ'

'မုဆိုးက သားကောင်ပစ်ရမှာပ၊ မှတ်ထားပအေး'

သူတို့နှစ်ယောက် သိကျွမ်းရာတစ်ဆင့် တောပစ်ရန် ချိန်းဆိုကြ သည်။ ဦးကျောင်းရွက်သည် သူ ဆရာတင်ထားသည့် ဦးအောင်ပန်း ချိန်းဆိုသည့်နေရာ အရောက်သွားသည်။ နောက် တောပစ်ကြသည်။ သူတို့ နှစ်ယောက်ပူးပေါင်းပြီး တောပစ်လာသည်မှာ တစ်နှစ်နီးပါးရှိခဲ့ရာဝယ် ဦးကျောင်းရွက်မှာ မုဆိုးဝါသနာပီသသည့်အပြင် ဆရာတင်ထားသူ၏ သင်ကြားပြသမှု၊ ပစ်ခတ်ရရှိမှု၊ နောက်ဆုံး ငွေရေးကြေးရေးပါ အဆင်ပြေ ခဲ့သည်တွင် ဦးအောင်ပန်းနှင့် မခွဲတော့။

ဦးအောင်ပန်းသည် မိုင်းပေရွာ၏တစ်ဦးတည်းသော တောပစ် မုဆိုးကြီးဖြစ်နေသကဲ့သို့ မံလားရွာသား ဦးကျောင်းရွက်သည်လည်း မုဆိုး ကျော်ကြီးဖြစ်လာသည်။ တစ်ခါတစ်ရံ ဦးကျောင်းရွက်သည် တစ်ယောက် တည်း တောလည့်တတ်၏။ သိပ်ဝေးဝေးတော့ သွားမလည်ပါ။ လွယ်မား





တောင်ခြေပတ်ဝန်းကျင်တော့ တော်တော်လေးနှံ့လာသည်။

တစ်နေ့ မိုင်းပေရွာသား မုဆိုးကြီးဦးအောင်ပန်းသည် မံလားရွာ သို့ မေးမြန်းစုံစမ်းပြီး ရောက်လာသည်။ ရွာရောက်တော့ ဦးကျောင်းရွက် မှာ သူ၏ဆရာဟုဆိုကာ ကောင်းကောင်းပြုစုရင်းမှ လွယ်မားတောင်ဘက် သို့ တောလည့်ထွက်ခဲ့သည်။

ဦးကျောင်းရွက် တောလည့်ထွက်တိုင်း ကျားမပစ်ဟု သတိထား ပြီး တောလည့်သည်။ သို့သော် သူ၏ဆရာဖြစ်သူ ဦးအောင်ပန်းမှာတော့ ကျားပစ်ရန် အဓိကထားသူဖြစ်နေကြောင်းကို ဦးကျောင်းရွက် ကောင်းစွာ သိရှိသည်။ သို့အတွက် ရွာမှထွက်ကတည်းက ကျားမတွေ့ပါစေနှင့်ဟု ဆုတောင်းရသည်မှာလည်း အမောပင်။

'ကျောင်းရွက်ပ'

'ဟုတ်'

'ဒီတောမှာ ကျားပေါမှာပအေး'

'ရော်… ကျွန်တော် တောင်ထိပ်ပေါ်မရောက်ပ၊ အောက်မှာတော့ တစ်ခါမှ ကျားမတွေ့၊ အသံတောင် မကြားပအေး'

'အို… မဟုတ်တာပ၊ တောကောင်ပေါရင် ကျားပေါတာပ၊ ကျားရှိမှပအေး၊ မင်းမတွေ့တာလား၊ မပစ်တာလား'

'ရော်… မတွေ့တာပ၊ တောင်ပေါ်မှ မတက်ပ'

'ဒီတောကြည့်ရတာ ကျားရှိမှာပ၊ ကျားပစ်မှ မုဆိုးပီသတာပ၊ မုဆိုးဆိုတာ ဘာကောင်တွေ့တွေ့ ရအောင်ပစ်နိုင်ရတာပအေး၊ မပစ်နိုင် ရင် မုဆိုးမပီသ၊ အဓိက ကျားပစ်ဖူးမှ မုဆိုးဘွဲ့ရတာပ'

'ရော်… မတွေ့တော့ မပစ်ဖူးတာပ၊ တွေ့ရင် ဆရာပြောသလို ပစ်မှာပ၊ ရတာနဲ့ ဆရာထံလာပို့မှာပအေး၊ ပို့ပေးမှာပ'

'ကောင်းတာပ၊ ဈေးကောင်းကောင်းရအောင် ရောင်းပေးမှာပ'

'ဟုတ်… ဟုတ်'

'တစ်ဘက်နိုင်ငံမှာ ကျားသားရေဈေးကောင်းတာပ၊ [illegible] နည်းလေ၊ ဈေးပိုရလေပ၊ နောက် ကျားသားလည်း ရောင်းကောင်းတာပ



www.burmeseclassic.com

www.burmeseclassic.com



ကျားရိုးဆို အားလုံးရောင်းတော့ ဈေးကောင်းတာပ၊ အေး… အရိုးကိုဆေးဖော်ကြတာပ၊ ဒါကြောင့် ဈေးကောင်းကောင်းလိုချင်ရင် ကျားရအောင်ပစ်ရတာပ’

‘ဟုတ်… ဟုတ်… တွေ့အောင်ပစ်မှာပ’

သူတို့နှစ်ယောက် တောင်ခြေတစ်ဝိုက် ပိုက်စိတ်တိုက်ရှာကြသည်။ ကျားတစ်ကောင်မျှမတွေ့၊ ကုသိုလ်ကောင်းပါသည်။ ဆုတောင်းပြည့်သည်ဟူသောသဘော သက်ရောက်နေခြင်းအတွက် ဦးကျောင်းရွှက်စိတ်ထဲမှာ ကြည်နူးနေသည်။

‘ရော်… ဟုတ်တာပ၊ ကျားသံလည်း မကြားပ’

‘ရော… ကျွန်တော်ပြောတာပ၊ ကျားသံလည်း မကြားမှတော့ ကျားမတွေ့တာပ’

နှစ်ယောက်သား ချောင်းလက်တက်ကလေးအတိုင်း ဆက်လက်တက်လာခဲ့သည်။ တော်တော်လေး လျှောက်မိသောအခါဝယ် ရေသောက်ဆင်းလာသော ချေတစ်ကောင်နှင့် ပက်ပင်းတိုးသည်တွင် ဦးအောင်ပန်းသည် အလွန်လျင်မြန်ပြီး ထိုချေအားထိုးချိန်၏။

‘ဒိုင်း’

‘ဖောက်… ဖောက်… ဖောက်’

‘ဘုန်း’

‘ဖြောက်… ဖြောက်… ဖြောက်’

ချေအား ကောင်းစွာထိမှန်ပြီး ချေသည်လေးငါးချက်မျှသာ ခုန်ပေါက်ပြေးရင်း တောင်စောင်းအောက်ဘက်သို့ လန်ကျသွားပါပြီ။ ချေသေပါပြီ၊ သူတို့နှစ်ယောက် ချေကောက်ရန် အပြေးသွားကြသည်တွင် ချေမှာ ရေစပ်တွင် သေနေပါပြီ။ ချေသေအား ကြည့်လိုက်သောအခါ သားပေါက်တော့မယ့် ချေမလေးတစ်ကောင် ဖြစ်နေသဖြင့် ဦးကျောင်းရွှက် စိတ်မကောင်း ဖြစ်သွားပြီး…

‘ရော်… ချေမပအေး’

‘ဟုတ်တာပ၊ မပစ်ခင်ကတည်းက အထီးအစ်မ သိတာပ၊ ချိုမပါ





တော့ အစ်မပေါ့’

‘ဟုတ်ပ၊ ဒါပေမဲ့ ဗိုက်ကြီးနဲ့ထင်တာပ’

‘ရော… ခက်တာပ၊ မှဆိုးမလုပ်နဲ့ပအေး၊ ဘုန်းကြီးသွားဝတ်တာပ ကောင်းတာပ’

‘ဗျာ’

‘ရော… မဗျာနဲ့၊ မုဆိုးဆိုတာ ဿနားညှာတာရင် ခံရမှာပ၊ ပစ်စရာရှိ ပစ်ရမှာပ၊ ဒီချေဟာ ဗိုက်ရှိတာသိတာပအေး၊ ဟော… ပစ်တော့ရတာပ၊ ဒီချေကို သွားရောင်းရင်လည်း ဈေးပိုရတာပ’

‘ရော်… ဘာဖြစ်လို့ပ’

‘ဒီမှာ ဗိုက်နဲ့ပ၊ အဲဒီဗိုက်ထဲက ကလေးဟာ ဈေးပိုကောင်းတာပအေး၊ မြေမနင်းသေးတဲ့အသားပ၊ သူတို့တွေ အရမ်းကြိုက်ကြတာပ’

ဦးကျောင်းရွှက် မုဆိုးဘဝကို စိတ်နာလာသည်။ သို့သော် သူ၏ဆရာလည်းဖြစ် တစ်ဖန်ညွှန်သည်လည်းဖြစ်နေ၍ မတတ်သာတော့ပါ။ မပြောဘဲနေခဲ့ပါ၏။ သူတို့နှစ်ယောက် ချေကလေးထမ်းပြီး ပြန်ခဲ့ရာ ဆရာဖြစ်သူမှ နောက်နေ့ သူရွာလာပြီး ငွေယူရန် မှာကြားလျက် ချေအား ယူသွားပါသည်။

ဦးကျောင်းရွှက် လိုက်မပို့တော့။ ဆရာပြန်သွားမှ တစ်ယောက်တည်း အရက်သောက်ရင်း စိတ်မကောင်းဖြစ်မိသည်။ သူပစ်သမျှ သားကောင်သည် ရွေးပစ်၏။ အတတ်နိုင်ဆုံး သားသည်မိခင်နှင့် ဗိုက်ရှိသောအကောင်များ၊ သားပေါက်ကလေးများနှင့် ကျား၊ ကျားသစ်ကို ရှောင်လွှဲပစ်တတ်သူ။

တစ်ခါက ဦးကျောင်းရွှက်တစ်ယောက်တည်း လွယ်မားတောင်အလယ်လောက် ရောက်သည်တွင် သူတက်ပြီးချောင်းနေသော ကျောက်ဆွဲတုံးကြီးအောက်ဘက်သို့ ရေသောက်ဆင်းလာသော ကျားကြီးမှာ အလွန်ဝပြီး အလွန်လှပါသည်။ သူ့ဆရာစကားကို ပြန်ကြားမိသည်။ ဒီကျားကြီးမျိုးသာ ပစ်လိုက်ပါက ဈေးကောင်းကောင်းဆိုသောစကား ကြားဖူးသော်လည်း ဦးကျောင်းရွှက် မပစ်ပါ၊ ပစ်ခတ်ပါက အပေါ်စီးမှပြောသည်



www.burmeseclassic.com

www.burmeseclassic.com



အပြင် အကွာအဝေးမှာလည်း ပေသုံးဆယ်ထက် ကျော်မည်မထင်၊ လုံးဝ ပိုင်ဝါသော်လည်း ဦးကျောင်းရွှက် မပစ်ပါ။

ထိုသို့မပစ်သည့်အပြင် ကျားကြီးသိပြီး လန့်သွားမည်စိုးရိမ်သဖြင့် တိတ်ဆိတ်ငြိမ်သက်နေသည့်တွင် ကျားကြီးသည် အေးအေးဆေးဆေး ရေသောက်ပြီးနောက် ဟိုဒီကြည့်ရာမှ ကျားကြီးသည် မသင်္ကာ၍လား၊ သို့မဟုတ် လူရိပ်တွေ့သွားသည်လားမသိ၊ ဦးကျောင်းရွှက်အား ကောင်းစွာတွေ့သွားပါသည်။

တွေ့ရှိသွားသော ကျားကြီးသည် ဦးကျောင်းရွှက်အား အသေအချာ စိုက်ကြည့်နေ၏။ ဦးကျောင်းရွှက်မှာလည်း ကျားကြီးအား မျက်လုံးချင်းဆိုင်ကာ စိုက်ကြည့်ရာ ကျားကြီးသည် ဒေါသမထွက်သော အမူအရာများဖြင့်ပင် နေရာမရွှေ့ဘဲ အေးအေးဆေးဆေး ဝမ်းလျားပင်မှောက်ရင်း ကြည့်နေပြန်သည်။

ထိုစဉ်မှာပင် ချေတစ်ကောင်သည် ကျားကြီးကို မတွေ့ဘဲ ရေသောက်ဆင်းလာသည်။ ကျားကြီးမှာ ချေအားကြည့်ပြီးနောက် ဦးကျောင်းရွှက်ဘက် ပြန်ကြည့်နေ၏။ ချေအား ခုန်အုပ်ရန်လည်း မရည်ရွယ်သောသဘောကြောင့်

'အင်း… ကျားကြီးက ချေကိုပစ်ဖို့ပြနေတဲ့ ပုံစံပအေး၊ ငါချေတော့ပစ်မယ်' ဟု တွေးရင်း သေနတ်ပြောင်းအား ချေဘက်သို့ ချိန်လိုက်သည်တွင် ကျားကြီးသည် အိပ်နေရာမှ အေးအေးဆေးဆေး ထလိုက်ရင်း သူဆင်းလာခဲ့သည့်ဘက် ပြန်အတက် ဦးကျောင်းရွှက်သည်လည်း သူချိန်ထားသည့် ချေအား ပစ်လိုက်ပါသည်။

'ဒိုင်း'

'ဝုန်း'

'ဘုန်း'

ဦးကျောင်းရွှက် ချေလဲသွားသလို ကျားကြီးအား ကြည့်လိုက်သောအခါ ကျားကြီးသည် ချေအား တစ်ချက်ကြည့်၏။ တစ်ဖန် ဦးကျောင်းရွှက်ထံ မျက်စိများရောက်လာပြီးနောက် လာလမ်းအတိုင်းပင် တောင်





စောင်းပေါ်သို့ တက်သွားသည်။ ပြေး၍မသွားသောကြောင့် ဦးကျောင်းရွှက်စိတ်ထဲဝယ် ကျားကြီးအား ဟာအံ့တသြဖြစ်မိကာ…

'အင်း… ဒီကျားကြီးက သေနတ်သံလည်း မကြောက်ပ'

'ရော်… ချေမြင်တာလည်းမကိုက်'

'ဟုတ်တာပ၊ ငါက မပစ်တော့ သူကလည်း ရန်မမူတာပ။ ဒါပဲဖြစ်မှာပ၊ ဝမ်းသာတာပ၊ တောထဲကကျား မုဆိုးကြီးပအေး ကျုပ်ကျားကို ဘယ်တော့မှမပစ်ပ'

ဦးကျောင်းရွှက် ကျားနှင့်တွေ့ခဲ့ပုံအား ပြောပြပါ၏။ ဦးကျောင်းရွှက်စကားကြားရသော ဦးစိုင်းဖနှင့်အတူ ဦးစိုင်းလုံတို့သည် ဦးကျောင်းရွှက်အား ပိုမို အထင်ကြီးသွားသည်။ စကားပြောရာတွင်လည်း သနားတတ်သော မုဆိုးဟုတွေးမိ၏။

'ရော်… မုဆိုးကြီး ဦးကျောင်းရွှက်ရဲ့ စကားကြားရတာ ဝမ်းသာတာပအေး၊ ကတိတည်တာပ'

'ရော… မုဆိုးဆိုတာ သစ္စာရှိရာပအေး၊ ကတိတည်ရမှာပ၊ သူ့အသက်သတ်ပေမယ့် ဆင်ခြင်ရမှာကလူပအေး၊ လူဖြစ်တော့ မပစ်သင့်တာ မပစ်ရပ'

'ဟုတ်တာပ၊ ခုတွေ့နေရတဲ့ ချေနှစ်ကောင်ဆို နောင်ကြီးတို့ပစ်ရင်ရတာပနော့'

'ရော… ရတာပ၊ ကျားကြီးလည်း ပစ်လို့ရတာပအေး'

'နောင်ကြီးပ'

'ဟုတ်'

'စကားကျန်သေးတာပ၊ ဒီကျောက်ဂူကစပြီး အကောင်မပစ်ရဘူး၊ မသတ်ရဘူးဆိုတာ သိချင်သေးတာပ'

'ဟား… ဟား… ဟား… ဟား… ကိုယ့်ဆရာတို့ကတော့ ကျုပ်ကို ပုံပြောခိုင်းနေတာပ၊ ဟား… ဟား… ဟား… ဟား…'

'ရော်… ပုံမဟုတ်ပ၊ လက်တွေ့ကိုယ်တွေ့တွေ ကြားချင်တာပအေး'



www.burmeseclassic.com

www.burmeseclassic.com



'ပြောပြမှာပေါ့'

'ဒီလိုပ'

ဦးကျောင်းရွက်အား ဆရာဖြစ်သူ ဦးအောင်ပန်း ခေါ်၍သွားပါသည်။ မိုင်းပေရွာရောက်တော့ ဆရာဖြစ်သူမှ သူ လာခဲ့မယ်၊ တောပစ်ရန်နှင့် တောပစ်ထွက်ရာတွင် လွယ်မားတောင်ကြီးပေါ် တက်လိုကြောင်း နောက် ညအိပ်ပြီး ကျားရှာလိုကြောင်းအပြင် သူနှင့်သူ့တပည့်တစ်ယောက်ပါမယ်။ ဦးကျောင်းရွက်မှလည်း ရွာသားနှစ်ယောက်ခေါ်ထားရ၏။ ထိုရွာသားနှစ်ယောက်အား အခကြေးငွေပေးမည်ဖြစ်ကြောင်း မှာကြားလိုက်သည်တွင် ဦးကျောင်းရွက် စိတ်မကောင်းဖြစ်ရပါပြီ။

သူနှင့်အတူ တောမလည်ချင်ပါ။ သူ့စိတ်ထဲမှ ဆုံးဖြတ်ထားသော ကျားအား လုံးဝမပစ်လို၍ တောမလည်ချင်သော်လည်း မတတ်သာသည့်အဆုံး ဆရာဖြစ်သူ၏ဆန္ဒမို့ လိုက်ရတော့မည်ဖြစ်သည့်အတွက် ရွာပြန်ရောက်ပြီးသောအခါ ရွာသားနှစ်ယောက်ကိုပါ အခကြေးငွေပေးရန် ခေါ်ထားရသည်။ ရွာသားနှစ်ယောက် ခေါ်၍ရပါသော်လည်း ဦးကျောင်းရွက် လွယ်မားတောင်တန်းကြီး ကြည့်ပြီး စိတ်ပျက်နေမိသည်။

သူ့ဆရာမလာခင် မနက်စောစော ဦးကျောင်းရွက် အိမ်မှထွက်ပြီး လွယ်မားတောင်ကြီးပေါ် ရောက်သောအခါ တောင်တန်းကြီးအား ကြည့်ပြီး သစ္စာဆိုပါတော့မယ်။

'အို... လွယ်မားတောင်တန်းကြီး ထိုတောင်တန်းကြီးပေါ်ဝယ် စောင့်ရှောက်နေကြသော ပုဂ္ဂိုလ်အပေါင်းတို့ ကျွန်ုပ် သစ္စာဆိုပါ၏။ ကျွန်ုပ်၏ ဆရာအား မလွန်ဆန်ရဲတာပအေး'

'သို့ပါ၍ ဤတောအတွင်းဝယ် ကျားသတ္တဝါကြီးများအား ဖုံးကွယ်ပေးထားပါ၊ အကောင်မမြင် အသံမကြားရအောင် စောင့်ရှောက်ကာကွယ်တော်မူပါ'

'ကျွန်ုပ်သည် သစ္စာထပ်မံပြုပါ၏၊ သစ္စာဆိုပါ၏။ ကျွန်ုပ်တစ်သက် ဘယ်တော့မှ ကျားနှင့်မဆုံပါစေနှင့် ဆုံခဲ့ပါကလည်း သူလည်းရန်မမူ ကျွန်ုပ်လည်း ရန်မမူလိုပါ၊ သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွား





ရပါလို၏၊ တောစောင့် တောင်စောင့်တွေ စောင့်ရှောက်တော်မူပါ'

ဦးကျောင်းရွက် ဆုတောင်းခြင်း၊ မေတ္တာပို့ခြင်း၊ သစ္စာဆိုခြင်းပြုပြီး ရွာသို့ပြန်ခဲ့ပါသည်။ ဦးကျောင်းရွက်မှာ စိတ်ထဲတွင် စိုးရိမ်နေမိသည်။ သို့နှင့် နောက်နေ့မနက်စောစော သူ့ဆရာကြီး မှာကြားသည့်အတိုင်း ရွာသားနှစ်ယောက်နှင့်အသင့် စောင့်နေစဉ်မှာပင် မိုင်းပေရွာသားဦးအောင်ပန်းဆိုသည့် မုဆိုးကျော်ကြီးနှင့် တပည့်တစ်ယောက် ရောက်လာပါပြီ။

'ကဲ... တောင်ပေါ်တက်ကြတာပအေး'

'ဟုတ်... ဟုတ်... အသင့်ပါ၊ ကဲ... သွားကြတာ'

ငါးယောက်သား လွယ်မားတောင်တန်းကြီးပေါ်သို့ စတင်တက်ခဲ့ပါသည်။ မုဆိုးကြီး ဦးအောင်ပန်းသည် ကျားပစ်လိုသောဇောဖြင့် မနားတမ်း လျှိုမြောင်တွေအား ရှာဖွေပါသော်လည်း ကျားမပြောပါနှင့်၊ ချေ၊ ဒရယ်မှအစ တောမျောက်အဆုံး တစ်ကောင်မျှ မတွေ့၊ တစ်ခါတစ်ခါတော့ ကြက်တူရွေးအုပ်နှင့်အတူ တောကြက်တွန်သံမှအပ အခြားသတ္တဝါတွေ၏ အသံလည်းမကြားရ၊ အကောင်လည်း လုံးဝ မမြင်ရသဖြင့် ဦးအောင်ပန်း ဒေါသထွက်နေသည်။

'ရော... ကျောင်းရွက်ပ'

'ဟုတ်... ဟုတ်...'

'ဘာကောင်မှ မတွေ့ပ'

'ဟုတ်တာပ'

'ရော်... မင်း ဒီတောမှာ ချေရတာပအေး'

'ဟုတ်တာပ၊ ကျွန်တော်လည်း မပြောတတ်ပအေး'

'တောက်... ကျား၊ ကျားသံမကြား၊ မတွေ့တာပ၊ မတွေ့ တွေ့အောင်သွားရမှာပအေး၊ ဘယ်မှာ စခန်းမှာပ'

'ဆရာကြီးပ အပေါ်တက်ရင် ကျောက်ဂူရှိတာပ၊ ကျွန်တော် စခန်းချခဲ့ဖူးတာပ'

'ရော်... ဒါဆို ဆက်သွားကြတာပ'

တောင်ကြီးအောက်ရှိ တောအတွင်းနှင့် လျှိုမြောင်တွေအား ရှာ



www.burmeseclassic.com

www.burmeseclassic.com



နောက်ရှာရင်း ဦးကျောင်းရွက် ကျားကြီးတွေ့ခဲ့သော နေရာသို့အရောက် စိတ်ထဲဝယ် နိုးရိမ်သွားမိသည်။ သို့သော် ဆုတောင်းပြည့်ပါသည်၊ ဘာ ကောင်မျှမတွေ့။

'ကွက်… ကွက်… ကွက်…'

'ကွက်… ကွက်…'

'ကွက်… ကွက်… ကွက်…'

'ရော… ဘာသံပအေး'

'အင်း… ချောက်လျှိုထဲက ဖားအော်သံပအေး'

'ရော… မဖြစ်တာပ၊ ရှာကြည့်ချင်တာပ'

ဖားသံဟုဆိုသော်လည်း မုဆိုးကြီး ဦးအောင်ပန်း မကျေနပ်၊ မယုံကြည်သဖြင့် ဖားသံကြားရာဘက်သို့ ရောက်လာပြီး မျက်စီဆယ်လုံးဖြင့် ရှာဖွေသောအခါ ဖားကြီးတစ်ကောင် အော်နေသည်ကို တွေ့ရပါပြီ။ ဖားကြီးသည် ကျောက်တုံးကြီးဘေးမှာ မျက်လုံးကြီးအပြူးသားဖြင့် တကွက်ကွက် အော်နေသည်ကို ဦးအောင်ပန်း တွေ့ရပါပြီ။

'ရော… ဒီအချိန် ဖားအော်တာ ဒီတစ်ခါပဲ ကြားတာပ၊ ဖားရအောင် ဖမ်းတာပ'

'ငေ်… ဆရာကြီးပ ဖားမဖမ်းရတာပ'

'ဘာဖြစ်တာပအေး'

'ဖားဖမ်းရင် ပင်ပန်းတတ်တာပ'

'မလိုပအေး၊ တော်တော်အတဲ့မုဆိုး ပြောပြောဆိုဆို ဦးအောင်ပန်းသည် ဖားရှိရာသို့ ကပ်သွားစဉ်…

'ကွက်… ကွက်…'

'ကွက်… ဖောက်'

'ပလုံ'

'ရော်… ရေထဲဆင်းသွားတာပအေး'

ဦးကျောင်းရွက် ဘာမျှမပြောတော့ ဝမ်းတော့ ဝမ်းသာမိသည်မှာ အမှန်ပင်။ အဘယ့်ကြောင့်ဆိုသော် ဘာကောင်မျှ မရလေ ပိုကောင်း





လေ။ ချေ၊ ဒရယ်၊ တောဝက်မှအစ ဆတ်အထိ ရခဲ့ပါက မကြာခဏ လာရောက် တောလည်မည်သာ။ တောလည်ပါက မတော်တဆ ကျားကြီးတွေနှင့် တိုးမှာကြောက်၍ သားကောင်မရပါက ပိုကောင်းမယ်ဟူသော အတွေးတွေဖြင့် တောစောင့်တောင်စောင့်တွေအား စိတ်ထဲမှ တိုင်တည်နေရာသည်မှာ အခါခါပင် ဖြစ်ပါသည်။ သူဆုတောင်းမှုသည် ယခုအချိန်ထိ သူ့ဘက်မှာ ရပ်တည်နေသဖြင့် ဆက်လက် ဆုတောင်းရပြန်ပါ၏။ မတွေ့ပါစေနှင့်။

ဦးကျောင်းရွက်တို့အဖွဲ့သည် တောင်ခြေမှတစ်ဆင့် တောင်ပေါ်သို့တက်ခဲ့ပါပြီ။ တောင်ပေါ်ရောက်တော့ တောင်ထိပ်ဝယ် နှင်းမြူတွေနှင့် လေတော်တော် တိုက်နေသည်မှာ မြင်ရသူများ အံ့သြစရာ ကောင်းနေ၏။ အကြောင်းမှာ မြင်နေရသည့် နှင်းမုန်တိုင်းအကြားမှ ထင်းရှူးပင်တွေမှာ လှပစွာ ကွေးသွားလိုက်၊ ပြန်ထောင်လာလိုက် တစ်ခါတစ်ခါတော့လည်း ကျိုးကြေမတတ် ကြောက်မက်ဖွယ်ရာ ကွေးညွတ်သွားပုံများကြောင့် ဆရာကြီးဦးအောင်ပန်းပင် စိုးရွံ့နေ၏။ ကြည့်ရင်း ကြက်သီးထနေသည်။

'ကျောင်းရွက်ပအေး'

'ဟုတ်… ဟုတ်…'

'အဲဒီတောင်ပေါ် မင်းရောက်ဖူးသလားပ'

'ရော်… ရောက်ဖူးတာပအေး၊ နွေဆိုတာတောင် တော်တော် လေကြမ်းတာပ၊ နှင်းကလည်း ရောက်လာတတ်တာပ'

'ဘာကောင်တွေရှိတာပ'

'တောင်ထိပ်မှာ ကျောက်ဂူပဲရှိတာပ၊ အပင်ဆို အဲဒီထင်းရှူးပင် နည်းနည်းပဲရှိတာပအေး၊ ဘာကောင်မှမရှိ၊ ရော်… လူတစ်ယောက်တော့ ရှိတာပ၊ သူတော်ကောင်းကြီးပ'

'ဘာလုပ်နေတာပအေး'

'ရော… တရားအားထုတ်တာပ၊ သူတော်ကောင်းအလုပ်ပဲ လုပ်တာပ'

ဦးအောင်ပန်း ဘာမျှမပြောတော့၊ သူတို့၏ ကျောက်ဂူထံသို့ရှေ့



www.burmeseclassic.com

www.burmeseclassic.com



[illegible] ပြီး ဦးကျောင်းရွက်နှင့် သူ့တပည့်ခေါ်ခါ တော [illegible] ချောင်းတွေရှိနေကြောင်း၊ ဦးကျောင်းရွက် [illegible] တောင်ထိပ်တက်လှည့်ပြီး ဆုတောင်းလိုက်သည်။

'တောင်ထိပ်ပေါ်မှ အဘဦးခန္တီခင်ဗျား၊ ဘာကောင်မျှ မတွေ့အောင်လှည့်ပါ'

'ရော်… တောစောင့် တောင်စောင့်ကြီးတွေ၊ ကျွန်ုပ်ပင်ပန်းပါ [illegible] တစ်ကောင်မှမတွေ့အောင် သားကောင်တွေဖြောက်ထားပေးတာပ'

'ရော်… ကျောင်းရွက် ဘာလုပ်နေတာပအေး'

'အပေါ်သွားနေတာမှ'

မှဆိုးကြီး ဦးအောင်ပန်း မသိအောင် ကျောက်ဂူဘေးမှနေ၍ လက်အုပ်ချီကာ ဆုတောင်းနေသော ဦးကျောင်းရွက်သည် သူ့ဆရာကိုလည်း ကြောက်၏။ သို့အတွက် ကပျာကသီပြေးလာရင်း ပတ်ဝန်းကျင်တောလည်ထွက်ခဲ့ပါ၏။

တောင်ပေါ်မှာ လေကြမ်းသော်လည်း တောင်အရွက်နှင့် တောင်အလယ် သူတို့ရောက်နေသည့်နေရာအထိ လေလုံးဝမတိုက်၊ ပုံမှန်သာဖြစ်နေ၍ ရွာသားတွေသည် ထမင်းချက်စားကြသည်။ ဟင်းလျာမှာတော့ အမဲအူတွေ၊ ဝက်သားခြောက်၊ ဝက်အူချောင်းပါလာသည်ကို တွေ့ရသဖြင့် ဟင်းလျာအတွက် မလိုပါ။ ရွာသားနှစ်ယောက်မှာ ဦးကျောင်းရွက်မှာထားသည့်အတိုင်း အေးအေးဆေးဆေးပင်။

'ရော်… ပြန်ကြတာပအေး'

'ဆရာကြီး ဘယ်ပြန်မှာပ'

'စခန်းမှတဲ့ ကျောက်ဂူမှာပအေး'

'ဟုတ်… ဟုတ်'

ဦးကျောင်းရွက်တို့ ကျောက်ဂူသို့ပြန်ရောက်သောအခါ ထမင်းအသင့်ဖြစ်နေ၍ ထမင်းစားကြသည်။ ထမင်းစားနေစဉ်မှာပင် တောင်ပေါ်မှ လေတွေတိုက်ခတ်ရာမှ အောက်ဘက်သို့ ဆင်းလာလေပြီ၊ တော်တော်လေး တိုက်လာသည်တွင်…





'ရော်… လေတွေ တိုက်လာတာပ'

'ဟုတ်တာပ'

'ဒီကိုလည်း တိုက်တာပနော'

'ရော… တိုက်တာပ၊ တစ်ခါတလေ တစ်နေ့လုံးတိုက်တာပ'

'ရော်… ဒုက္ခ၊ ဒါဆို အောက်ပြန်ဆင်းတာပအေး'

'ဟုတ်… ဟုတ်'

ထိုသို့ အောက်ပြန်ဆင်းရန် စီစဉ်နေစဉ်မှာပင် သူတို့ကျောက်ဂူဘက်သို့ ဆရာကြီး ဦးခန္တီရောက်လာပါသည်။ ဆရာကြီးသည် တောင်ပေါ်ဘက်မှ ဆင်းလာပါ၏။ ကျောက်ဂူဝသို့ရောက်တော့ ဦးကျောင်းရွက်မှာ ထိုင်ရှိခိုးစဉ် ဦးအောင်ပန်းမှာတော့ ဘာမျှမပြောဘဲ ဆရာကြီးဦးခန္တီအား တစ်ချက်ကြည့်ပြီး တွေဝေသွားသည်။

'ရော်… ဆရာကြီးကြွတာပ'

'အေး… မင်းလာမယ်ဆိုတာ သိတာပ'

'ဟုတ်… ဟုတ်…'

'ညှိသည့်တွေလည်းပါတာပအေး'

'ဟုတ်တာပ၊ နယ်စပ်မိုင်းပေရွာကပ'

'အင်း… ကျောင်းရွက်ပအေး'

'အမိန့်ရှိတာပ'

'ဒီအချိန်ကစပြီး ဒီကျောက်ဂူရောက်ရင် အသားမစားရ၊ အကောင်မပစ်ရ၊ သားကောင်တွေကို စေတနာထားရမှာပအေး'

ဦးအောင်ပန်းသည် သူတော်ကောင်းပြီး ဦးခန္တီ၏စကား ကြားရင်း ထိုဆရာကြီးသည် လေထုထဲမှလာသူ၊ ဆီးနှင်းဆီးခဲများအကြား တိုးလာသူဖြစ်ပါလျက် ဘယ်မျှပင် မသိသလိုလို၊ အဝတ်အစားတွေလည်း ရေမစို၊ နှင်းမရွဲ၊ ဆံပင်ထုံးထားသည့်ပင်လျှင် ဆံပင်များဖွာလံနေခြင်းလုံးဝမရှိပါ၊ ထူးတော့ထူးသည်ဟု တွေးနေသော်လည်း သူ့အား အမိန့်ပေးသလိုလိုဖြစ်နေ၍ မကျေနပ်၊ မကြည်ဖြူသော်လည်း ထူးဆန်းသောလူကြီးဟု တွေးနေစဉ်…



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့.... မောင်ကျားနဲ့ မောက်တင် ကျောက်ဂူထဲဝင်ခဲ့တာပ'

'ရော်... ငါ့ခေါ်တာ မကြားတာပ'

'ဟဲ့... ကလေးတွေ ဝင်ခဲ့တာပ၊ မောက်တင်ရှေ့ကလာ မောင်ကျား နောက်ကလာခဲ့ကြ'

သူတော်စင်ကြီး ဦးခန္တီ၏စကားအဆုံးဝယ် ကျောက်ဂူအဝမှ မောက်တင်ဆိုသည့် မောက်တင်ချေအထီး ဓာစ်ကောင်သည် ဘယ်သူ့ကိုမျှ မကြောက် အေးအေးဆေးဆေး ဝင်လာ၏။ ထိုချေနောက်မှာတော့ မုဆိုးကြီး ဦးအောင်ပန်း ပစ်လိုသော၊ အလိုရှိ၍ ရှာဖွေနေသော ကျားကြီးတစ်ကောင်သည်လည်း ဘယ်သူ့ကိုမျှမကြည့်ဘဲ ဝင်လာသည်တွင် ဦးအောင်ပန်းသည် သူ၏သေနတ်အား ကောက်ကိုင်လိုက်သည်။

'ရော... အောင်ပန်းက မောင်ကျားကို ပစ်ချင်တာပ၊ ပစ်လေ၊ ပစ်တာပအေး'

'ရော်... ဆရာကြီး မွေးထားတာဖြစ်မှာပအေး'

'ရော... ဒီတော့ ဒီတောင်မှာရှိတဲ့ သားကောင်အားလုံး ငါမွေးထားတာပအေး၊ ငါ့သားသမီးတွေပ'

'မဟုတ်တာပ၊ ဆရာကြီး မွေးလည်းတစ်ကောင်တလေပအေး'

'အင်း... ကျောင်းရွက်ပ၊ ငါမှာကြားချင်တာ ကြားတာပ'

'ကြားပါတယ် ဆရာကြီး'

'အေး... ကောင်းတာပအေး၊ သာဓု... သာဓု... သာဓု'

သူတော်ကောင်းကြီး ဦးခန္တီသည် ဘာမျှမပြော အားလုံးတစ်ချက်စေ့ကြည့်ရင်းမှ သူ့ဘေးမှာဝင်ကပ်ပြီးရပ်နေသော ကျားကြီးအား ဦးခေါင်းပွတ်ပေးရင်းမှ ဦးကျောင်းရွက်ဘက်လှည့်ကာ...

'ကျောင်းရွက်ပ'

'ဟုတ်'

'ငါ့သားကောင်တွေဟာ အသားမစားကြ၊ နင်တို့ ဒီနယ်မြေရောက်ရင် အသားမစားရ၊ မှတ်သားထားတာပ'

'ဟုတ်ပ၊ မှတ်ထားတာပ'





'အေး... မင်းက ကတိတည်ပါတယ်'

'ဆရာကြီး၊ ကျွန်တော်က အသားမှမကြိုက်တာပ၊ ဒီမှာ အသားတွေစုံတာပအေး၊ ဆရာကြီးစားချင်ရင် စားတာပ၊ ဟော့... ရှာသားတွေ ပေးလိုက်ပါ'

သူတော်ကောင်းကြီး ဦးခန္တီသည် သီလ၊ သမာဓိ၊ သီးခံတတ်သော ခန္တီပါရမီနှင့် ပြည့်စုံသူပီပီ ဘာမျှမပြော ပြုံးနေ၏။ တစ်ဖန် မုဆိုးကြီး ဦးအောင်ပန်းဘက်လှည့်ကြည့်ရင်း ထပ်မံပြုံး၍ ကျားကြီးသည် ဦးအောင်ပန်းဘက်လှည့်ပြီး ဒေါသထွက်နေပုံရသည်တွင်...

'ကလေး နေပါစေကွယ်'

'အောင်ပန်းပ၊ နင်စားတာတွေအားလုံး ပါလာတာတွေအားလုံးဟာ အသီးအရွက်တွေ ဖြစ်တာပ၊ ပြန်ကြည့်တာပ'

'ဟား... ဟား... ဟား... ဟား... မဟုတ်တာပအေး'

'ကြည့်တာပ'

မုဆိုးကြီးဦးအောင်ပန်းသည် ထိုင်နေရာမှ ထပြီးနောက် သူတို့ပါလာသော ဝက်သားခြောက်၊ ဝက်အူချောင်းနှင့် အမဲခြောက်များအားလုံးကို ကြည့်လိုက်ရာဝယ် ဂေါ်ရခါးသီး၊ ဆလပ်ရွက်၊ မုံညင်းရွက်တွေ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ထိုသို့တွေ့လိုက်ရ၍ စိတ်တိုသွားပြီး လက်ထဲမှ သေနတ်အား အပေါ်သို့ မ,ယူလိုက်သည်တွင် နှစ်လုံးပြူးသေနတ်ကြီးမှာ ဖြောင့်တန်းနေသော သစ်သားတုံးကြီးဖြစ်နေသည်။ တစ်ဖက်ခါးကြားမှာ ချိတ်ဆွဲထားသော ဓားမြှောင်မှာလည်း ဓားမဟုတ်တော့ဘဲ တုတ်တစ်ချောင်းကို ချိတ်ဆွဲထားသည်ကို မြင်တွေ့ရပြီးနောက်...

'ရော်... ခင်ဗျား ဘာလုပ်တာပအေး'

'ငါ ဘာမျှမလုပ်ပ၊ ဒီနယ်မြေဟာ သူတော်ကောင်း သူတော်စင်ကြီးတွေနေတာပအေး၊ အောင်ပန်းလည်း သူတော်ကောင်း လုပ်ချင်ရင် နှုန်လွှတ်ပါ၊ ငွေမက်နေရင် ဒီတောင်ပေါ်မပြောနှင့် တောက်ခြေအောင် မလာရ'



www.burmeseclassic.com

www.burmeseclassic.com



'ကျောင်းရွက်ပ'

'ဟုတ်'

'နောက် ခေါ်မလာနဲ့ပအေး၊ အေး··· သူတော်ကောင်းတွေကို လမ်းပြပေး၊ မင်း သေနတ်ကို ငါ့ထံလာရင် ဒီကျောက်ဂူမှာထားခဲ့တာပ၊ သူတော်ကောင်းတွေအတွက် ကျောင်းရွက်ဟာ လမ်းပြဖြစ်စေရမှာပ'

'ဆရာကြီးစကား နားထောင်ရမှာပအေး'

'သာဓု··· သာဓု··· သာဓု··· ကဲ··· ငါတောင်ပေါ်ပြန်တက်မှာပ'

'ဆရာကြီးပ၊ နှင်းမုန်တိုင်းတွေကျသေးတာပ၊ ဖြည်းဖြည်းပအေး'

'ရတာပ၊ ဘယ်လိုသဘာဝပဲဖြစ်ဖြစ် တရားဒေသနာနဲ့ ပတ်သက်ရင် ကူညီတာပ'

'ကဲ··· မောင်ကျားနဲ့ မောက်ချေတို့ ပြန်ကြတာပအေး'

'ဆရာကြီး ကျွန်တော် ကန်တော့တာပ'

'သာဓုဗျာ၊ သာဓု··· သာဓု'

သူတော်ကောင်း သူတော်စင်ကြီး ဦးခန္တီသည် ထိုကျောက်ဂူထဲမှ ပြန်ထွက်လိုက်သည်တွင် တိုက်ခတ်နေသော လေတွေမှာ ချက်ချင်း တိတ်ဆိတ်သွား၏။ နှင်းမုန်တိုင်းလည်း မကျတော့၊ ဆရာကြီး ပြန်သွားသည်ကို ကြည့်နေသော ရှာသားနှစ်ယောက်တို့ ကျောက်ဂူထဲမှထွက်ပြီး ကြည့်လိုက်သောအခါ ဆရာကြီးဦးခန္တီ၏ ဘေးနှင့်နောက်ဝယ် ကျားနှင့် ချေများ တော်တော်များများ အကောင်နှစ်ဆယ်ခန့် တွေ့ရပါသည်။

အားလုံး ဆရာကြီးနှင့် ကပ်ပါပြီး၊ တောင်ပေါ်သို့ ဆက်တက်နေကြ၏။ ကျားသည် ချေအား မကိုက်မသတ် ရောနှောပြီး ဆရာကြီး ဘေးနှင့် နောက်တို့ဝယ် အေးအေးဆေးဆေး တက်နေကြပါ၏။

'ရော်··· ဆရာကြီး ဦးခန္တီဟာ သူတော်ကောင်းကြီးပ'

'ရော··· ခက်တာပ၊ ကျားရှာတော့မတွေ့၊ ခုတော့ ကျားတွေ ချေတွေ ဒီရောက်နေတာပအေး'

'တောက်··· ငါ့သေနတ်ဘာဖြစ်တာပ'





'ရော်··· ဆရာကြီးသေနတ် ဘာဖြစ်တာပအေး'

'ဒီမှာလေ··· ဒီမှာ တုတ်၊ ရော်··· စောစောက တုတ်ဖြစ်တာပ၊ ခုတော့ ခုတော့ သေနတ်ပြန်ဖြစ်တာပ'

'ရော်··· ဒါ··· ဒါဆို ခါးက ဓား··· ဓား··· အယ်·· ဓားလည်း··· ဓား ဘာတွေဖြစ်တာပအေး'

'ဒါဆို ငါသေနတ်ပစ်ကြည့်တာပ'

'ရော်··· ဆရာကြီး မပစ်ရလို့ မှာသွားတာပ'

'ရော·· အပေါ်တောင်ပစ်မှာပအေး'

အပြောရခက်သော မုဆိုးကြီးဦးအောင်ပန်းသည် သူ၏သေနတ်ကြီး မိုးပေါ်ထောင်၍ ပစ်လိုက်သည်၊ မပစ်ပါနှင့် အတန်တန်တားနေသည့် ဦးကျောင်းရွက်ကိုပင် ဂရုမစိုက်ဘဲ ပစ်ခတ်လိုက်သည်တွင် သေနတ်ကြီးထဲမှ ကျည်ဆံမထွက်···

'ချောက်'

'ရော်··· ဘာဖြစ်လို့ မထွက်တာပ'

'ချောက်'

နှစ်လုံးပြူးသေနတ်ဖြစ်၍ တစ်ဖက်မှာရှိသော ကျည်ဆံမထွက်၍ နောက်တစ်ဖက်ပြောင်းရင်းဝယ် နေရာယူနေသည့် ကိုးလုံးကျည်ဆံအား ဒုတိယပစ်ဖောက်သော်လည်း မထွက်၊ သူ ဘာလုပ်ရမှန်းမသိတော့ပါ။ ဒေါသထွက်ပြီး သေနတ်ကြီးအား အောက်သို့ချထားလိုက်သည်။

'ဒုက္ခပအေး၊ အသားတွေက အသီးအရွက်ဖြစ်တာပ၊ သေနတ်ကလည်းမထွက်၊ ဘာအသုံးကျတာပ၊ ပြန်တာကောင်းတာပ'

'ဆရာကြီး ပြန်ရင်ခုနေပြန်တာ အကောင်းဆုံးပ၊ နှင်းမုန်တိုင်း မလာသေးတော့ လွယ်တာပအေး'

'ကဲ··· အားလုံးပြန်ကြတာပ'

'ဆရာကြီး ပစ္စည်းတွေသိမ်းရမှာပအေး'

'ရော်·· သိမ်းတာပ၊ ပြန်တာအကောင်းဆုံးပ'

'တောက်··· ကျောင်းရွက်ပအေး၊ ဒီတောကို ဘယ်တော့မှလော



www.burmeseclassic.com

www.burmeseclassic.com



တာ အကောင်းဆုံးပ၊ လွယ်မားတောင်တန်းကြီးရေ၊ ငါ ဘယ်တော့မှ မလာတော့ပအေး၊ မလာတော့ပ’

ဦးအောင်ပန်းတစ်ယောက် သေနတ်ကြီးကိုင်ပြီး ကျောက်ဂူထဲမှ ဒေါသထွက်ထွက်ဖြင့် တောင်အောက်ဘက်ပြန်ဆင်းချိန်ဝယ် တောင်ပေါ်၌ စောစောက နှင်းမှုန်တိုင်းကျနေခြင်းကို တွေ့ရပါသော်လည်း သူတို့ထွက်လိုက်သောအခါ ဘာနှင်းမှုန်တိုင်းမှ မမြင်ရတော့ပါ။ ထိုသို့မမြင်ရသည့်အပြင် တောင်ထိပ်ပေါ်မှာ အလွန်သာသာယာယာ တွေ့ရပါ၏။

‘ရော… စောစောကတော့ ကြောက်စရာနှင်းမှုန်တိုင်းပအေး၊ အခုတော့ အံ့စရာပ’

‘ဆရာကြီး သူတော်စင်များနေထိုင်ရာဟာ အမြဲအေးချမ်းတာပ၊ အေး… သာယာတာပ’

‘ကျောင်းရွှက်ပ’

‘ဟုတ်ကဲ့’

‘ဟောဒီ လွယ်မားတောင်တန်းကို ဘယ်တော့မှမလာတော့၊ ဒီတောမှာ ဘာကောင်မှမရှိ၊ ရှိသမျှ သားကောင်တွေ သူတို့မယ် အဲဒီသူတော်ကောင်းကြီး ခေါ်ထားတာပ’

ဦးကျောင်းရွှက် တစ်ခွန်းမျှမပြော၊ နားထောင်နေလိုက်သည့်အပြင် သူ့ဆုတောင်းတွေ ပြည့်ဝသည့်အတွက်လည်း ကြည်နူးနေမိသည်။ ဝမ်းသာနေမိသည်။ ဦးကျောင်းရွှက် စိတ်ထဲဝယ် ငါ တစ်ခါတစ်ရံ လာပစ်လည်း တောင်အောက်မှာပဲ ပစ်တယ်၊ အကောင်သေးလောက်ပဲ ပစ်တယ်၊ တောမပစ်တဲ့နေ့ ဆရာကြီး ဦးခန္တီထံ သွားမယ်ဟု ဆုံးဖြတ်ချက်ခိုင်ခိုင်ချလိုက်သည်။

‘ရော်… ဦးကျောင်းရွှက်ပအေး၊ ခု ဒီနေရာကို သေနတ်ကြီးနဲ့ ရောက်လာတာပအေး’

‘ဟုတ်တာပ၊ ဆရာကြီးမှာထားတာပ၊ သူတော်ကောင်းတွေ လမ်းပြရမယ်ဆိုတာ သိတာပ၊ ဒါကြောင့် ခင်ဗျားတို့ ပို့ပေးမှာပအေး’

‘ဒါကို ဟောဟိုကျားနဲ့ ချေဟာ သူတော်ကောင်းကြီးရဲ့သားတွေ





ဖြစ်မှာပအေး’

‘မှန်တာပ၊ ခုလောက်ဆို တောင်ပေါ်က ဆရာကြီး ဦးခန္တီသိနေမှာပအေး’

‘သိတာပ၊ ကျုပ်တို့တောင်သိတာ သူတော်ကောင်းကြီး ပိုသိတာပ၊ ဟော… ချေနှစ်ကောင်နဲ့ ကျားကြီး ပြန်ကြပြီ၊ တောင်ပေါ်ထင်တာပ’

‘ကောင်းတာပ၊ သေနတ် ဒီမှာထားခဲ့တာပ’

နောင်ပုံရွာသား ဦးစိုင်းဖနှင့် ဦးစိုင်းလုံတို့နှစ်ယောက်သည် မုဆိုးမဟုတ်သော မုဆိုးလားမသိ၊ မိုင်းပေရွာမှ မုဆိုးကြီး ဦးအောင်ပန်းအကြောင်း ပြောပြနေသော မံလာရွာသားကြီး ဦးကျောင်းရွှက်၏ အပြောအဆို ပုံပြင်မဟုတ်၊ ကိုယ်တွေ့စကား ကြားရသည့်အဖြစ်၊ ယခုတစ်ဖန် သူ၏သေနတ်နှင့် သူ့တပည့် လောစံ၏သေနတ်အား ကျောက်ဂူထဲဝယ် လှဲချထားရင်း ကျောက်ဂူအပြင်သို့ ထွက်လိုက်ပါသည်။

‘ကဲ… ဆရာကြီးတို့ တောင်ပေါ်ကြည့်တာပ’

‘ရော်… တောင်ပေါ်မှာ ရှင်းလင်းနေတာပအေး’

‘ဟုတ်တာပ၊ ရာသီဥတုဟာ သူတော်ကောင်းတွေအတွက် ရပ်တည်ပေးတာပ’

သူတို့လေးယောက်အနက် ဦးကျောင်းရွှက်မှ ဦးဆောင်ပြီး စောစောက ကျားနှင့်ချေလေးတို့ တက်သွားသည့် နှင်းမှုန်ထဲမှ ခြေရာလေးတွေကြည့်ရင်း ခြေရာခံလိုက်နိုင်အောင်များ ဖန်တီးလေသလားမသိပါ။

ဦးစိုင်းဖနှင့်ဦးစိုင်းလုံတို့တွင်အတွေးဝယ် မံလာရွာသားဦးကျောင်းရွှက်သည် မုဆိုးဘဝကို နှစ်သက်သော်လည်း သူ့ဆုတောင်းတွေမှာ တစ်မျိုးပင်။ သားကောင်တွေဘက်မှာ ရပ်တည်ပြီးနောက် သားကောင်ငယ်နှင့်ချိုးကျိုးနားရွက်ပဲ့မှသာ တောင်းယူတတ်သော မုဆိုးကြီးဦးကျောင်းရွှက်၏ နောက်ကျောကိုကြည့်ရင်း…

‘သြော်… မုဆိုးကြီး ဦးကျောင်းရွှက်သည် တစ်ဖက်က မုဆိုးတစ်ဖက်က သူတော်ကောင်း၊ မကြာမီ မုဆိုးဆုတောင်း သူတော်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးတော့ ဖြစ်ပေတော့မယ်'

ဟူသော အတွေးတွေဖြင့် ကျေနပ်သောအပြုံး နှုတ်အေးမြစွာဖြင့် တွေ့ရသော 'အဘသူတော်ကောင်းကြီး ဦးခန္တီ၏ကျောက်ဖြူတောင်ခေါ် လွယ်မားတောင်တန်း တောင်ထွတ်လမ်းသို့ တက်ရင်း ကြည်နူးနေမိပါတော့သည်။

○ ○ ○



# တောင်ဆိတ်ထမ်းသော အပြန်လမ်း

ကိုဇော်တူးနှင့် ကိုဇော်တန်တို့ ညီအစ်ကိုနှစ်ယောက် တူမီးတစ်လက်ဖြင့် တောပစ်ထွက်ခဲ့ကြသည်။ သူတို့နှစ်ယောက်နေထိုင်ရာ လှံကျာရွာသည် ကားလမ်းမကြီးနှင့် သုံးမိုင်ခန့်ဝေးသည့် တောင်ထိပ်မရောက်တရောက် တောင်စောင်းကျေးရွာ၊ ထုံးစံအတိုင်း အိမ်ခြေဆယ့်နှစ်လုံးသာရှိသည်။ တချို့ရွာဆိုလျှင် အိမ်ခုနစ်လုံးနှင့် ရွာသည်လည်းရှိတတ်ပါ၏။

ကိုဇော်တူးနှင့် ကိုဇော်တန်တို့ ညီအစ်ကိုနှစ်ယောက်အား ယော်စဉ်ကပင် ဖခင်ဖြစ်သူ ဦးဇော်ဘောက်သည် တောပစ်ထွက်တိုင်းလိုလို ခေါ်တတ်၏။ တောကောင်အကြောင်း၊ တောအကြောင်း၊ တောလမ်းနှင့်အတူ အမှတ်အသားတွေကအစ သင်ကြားပေးခဲ့သော ထိုကျေးဇူးတွေကြောင့် ညီအစ်ကိုနှစ်ယောက်စလုံးသည် တောထဲရှိ တောင်စောင်းရွာသား၊ တစ်ဖန် ဖခင်နှင့်အတူ တောပစ်ထွက်သောအခါ တောနက်ကြီးအတွင်းဝယ် လျှို့တွေကို ဆင်းရ၏။ ချောက်ကမ်းပါးတွေထဲမှာ ချေ၊ ဒရယ်၊ တောဆိတ်ပစ်ရသည်။ သို့အတွက်ကြောင့် တောထဲက တောသားတွေ တောကျွမ်းကျင်ပြီးသား သားကောင်၏စရိုက်လက္ခဏာမှအစ အထူးပြောစရာမလိုတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ဖော်ထူးနှင့် ဖော်တန့်အဘွား (အဖေ)ပြောမယ်၊ တောပစ်ထွက်ရင် စိတ်ကောင်းကောင်းထား၊ စိတ်မတိုနဲ့၊ မလောနဲ့၊ ဟိုးတောင်ထိပ်မှာ မိုးညို့လာပြီဆိုရင် ယောဒီစမ်းချောင်းကို မဖြတ်နဲ့၊ ချောင်းမှန်သမျှ မကျော်နဲ့နောက်ပြီး၊ အမြန်ဆုံး တောင်စောင်းပေါ်အရောက် တက်နေကြနော့'

'အေး··· သိပါတယ်'

'သိတယ်မလုပ်နဲ့၊ တောင်ကျရေဟာ သိပ်ကြောက်စရာကောင်းတာ၊ ချောင်းဖြတ်လို့ ဘယ်တော့မှ မလွတ်ဘူး၊ သေဖို့သာပြင်ပေတော့'

'နောက်ပြီး ကျားမပစ်နဲ့ ကြားလား'

'အဘွားပြော့ထားသားပဲ၊ ကျားဆိုတာ မုဆိုးလေ၊ ဘယ်ပစ်မလဲ အဘွားရဲ့'

'အေး··· ဒါပေမဲ့ လူကို အန္တရာယ်ပြုရင်တော့ ခွင့်မလွှတ်နဲ့ ဦးအောင်သာ ပစ်ပေတော့'

'စိတ်ချပါ အဘွား၊ သူက စတင်စည်းဖောက်တော့ ပစ်ရမှာပေါ့'

'အေး··· မြဲမြဲမှတ်ထား၊ သူစည်းမဖောက်ရင် လူကပိုပြီး သစ္စာရှိရမယ်၊ နောက်ပြီး သားကောင်တိုင်းမပစ်နဲ့၊ မွေးကာစချေမ၊ ဒရယ်မိတွေ၊ တောဝက်မတွေ၊ ဖီးနဲ့အမတွေဆိုရင် လုံးဝမပစ်နဲ့'

'အဘွားကလည်း ပစ်ရမယ့်အကောင် မရှိတော့ဘူး'

'ခက်တာပ၊ မင်းတို့ကို ငါသင်ပေးတာလေ၊ လိုက်နာရမှာပေါ့ ဟ၊ တောပစ်ထွက်ရင် စိတ်ကောင်းကောင်းထားဆိုတာ ဒါကိုပြောတာ၊ တွေ့တိုင်းပစ်လို့ ဘယ်ဖြစ်ပါ့မလဲကွ'

ဖော်တူးနှင့် ဖော်တန့်တို့ သူတို့၏ဖခင် ဦးဖော်ဘောက် သင်ကြားပြသမှုမှန်သမျှ တသွေမတိမ်း လိုက်နာကြသည်။ ဖခင်ကြီး အသက်ကြီး၍ နားနေစဉ်ကာလဝယ် ညီအစ်ကိုနှစ်ယောက် အခါအားလျော်စွာ တောပစ်ထွက်၏။ တောပစ်လည်းဝါသနာပါကြသဖြင့် ညီအစ်ကို နှစ်ယောက်စလုံး ဖခင်၏ခြေရာကို မီကြသည့်အပြင် ဟိုတုန်းက လုံဂျာရွာဝယ် မုဆိုးဦးဖော်ဘောက်တစ်ယောက်တည်း၊ ယခုတော့ လုံဂျာရွာလေးဝယ် မုဆိုးညီနောင်သည် ဘယ်တော့မှ မခွဲအမြဲပင် အတူနေကြသည်သာ။





ယခုလည်း တောင်ယာသို့မသွားဘဲ တောပစ်ထွက်ရခြင်းမှာ စားစရာ အတော်ရှားပါးပြီး ဖခင်ကြီးသည်လည်း ကျန်းမာရေးမကောင်းသည့်အတွက် အသားကောင်းကောင်း ရှာကျွေးရန်အတွက် ထွက်လာခဲ့ကြခြင်း ဖြစ် ါ ာည်။

'ဖော်တန့်တို့ တောင်ထိပ်တက်ရအောင်'

'တောင်အောက်မှာ ချေပစ်မယ်လေ'

'ချေထက် တောင်ဆိတ်ပစ်ရအောင်ကွာ'

'တောင်ဆိတ်က ရှားတယ်၊ နောက်ပြီး တောင်ထိပ်အထိ တက်ရမှာကွ'

'မင်းကလည်း တောင်ဆိတ်ရှိတဲ့နေရာဟာ ကျောက်တောင်ထိပ်လေ၊ ငါသိတာပေါ့'

'ဟာကွာ··· အပင်ပန်းမခံချင်ပါနဲ့'

'မင်းကလည်း ပင်ပန်းတော့ကော ဘာဖြစ်သလဲကွ၊ တောပစ်ထွက်မှတော့ ပင်ပန်းမှာပေါ့'

'မဟုတ်ဘူးလေ၊ တောင်ဆိတ်နဲ့ချေ ဘာကွာလို့လဲ၊ အလေးချိန်အတူတူလောက်ပဲရှိတာ၊ ချေပဲပစ်ကြတာပေါ့'

'မင်းကလည်း မစဉ်းစားဘူး'

'ဘာစဉ်းစားရမှာလဲကွ'

'ခက်တာပဲ၊ အဘွားအတွက် တောင်ဆိတ်ပစ်ချင်တာကွ၊ အဘွားအတွက် တောင်ဆိတ်လိုအပ်တယ်'

'ဟင် ဘာဖြစ်လို့လဲ'

'တောင်ဆိတ်အဆီရဲ့ တန်ဖိုးဟာ လူအတွက် အင်မတန်အရေးကြီးတယ်၊ အဘွားမှာ အကြောတွေကပ်တယ်၊ ကိုက်တယ်လို့ ပြောတာ မင်းကြားမှာပေါ့'

'အင်း··· ကြားတာပေါ့၊ ဒါကြောင့် နှိပ်ပေးတာပေါ့'

'အေး··· နှိပ်ရုံနဲ့မရဘူး၊ တောင်ဆိတ်အဆီရရင် အဘွားအကြော လိမ်းပေးလို့ရတယ်၊ နောက်ပြီး တောင်ဆိတ်သားက အဘွားနဲ့ပိုတည့်တယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ အနူး(မိခင်)ပြောဖူးတယ်'

'ဟာ… ဒါဆိုရင်တော့ ပင်ပန်းလည်း တောင်ပေါ်တက်ကြတာပေါ့ကွာ'

ဇော်တူးနှင့် ဇော်တန်တို့ ညီအစ်ကိုနှစ်ယောက်သည် ရောက်ရှိနေရာမှ လဘုံကထောင် တောင်ထိပ်ဘက်သို့ ခပ်သွက်သွက်ပင် တက်ကြပါပြီ၊ လဘုံကထောင် တောင်ထိပ်သည် ကျောက်တောင်ထိပ်၏။ လဘုံကထောင် တောင်ကြီးမှာ မြေနှင့်ကျောက် ရောနှောနေသော တောင်ကြီး။ ပေအားဖြင့် လေးတောင်ကျော် ငါးထောင်ခန့်ရှိပြီး ထိုတောင်ထိပ်ဝယ် တောင်ဆိတ်များရှိသည်ကို သူတို့နှစ်ယောက် ကောင်းစွာသိ၏။ ဖခင်ကြီးနှင့်လည်း လေးငါးခေါက်ရောက်ဖူးသည်။

ဖခင်ကြီးနှင့်ရောက်လာသည့်အခါ တောင်ဆိတ်တွေ တွေ့ရသော်လည်း တစ်ခါမျှ မပစ်ခဲ့ပါ။ ဖခင်ကြီးသည် သူတို့ညီအစ်ကိုနှစ်ယောက်အား ရောက်ဖူးစေရန်နှင့် လမ်းတွင်တွေ့ခဲ့သော သားကောင် ချေနှင့်ဒရယ်တော့ ပစ်၏။

သူတို့ညီအစ်ကိုနှစ်ယောက် တောင်ထိပ်ပေါ် မရောက်ခင် နှစ်ခါမျှနားရသည်။ သူတို့သိထားသည်မှာ ကျောက်တောင်ကြီးတွေရှိသကဲ့သို့ ထိုကျောက်တောင်ကြီးဝယ်၊ ပျားအုံတွေပေါ၏။ ထိုပျားအုံတွေကြောင့် မြင်းဝံခေါ် ဝက်ဝံကြီးတွေသည် တော်တော်ကြီးပြီး ရင်ဘတ်တွင် လခြမ်းပုံသဏ္ဍာန်အဖြူကွက်ပါရှိသည်ကိုလည်း တွေ့ရသည်။

ထိုဝက်ဝံကြီးတွေသည် အနံ့ခံလည်းကောင်း၍ အနံ့ခံသည့်အခါ မတ်တတ်ရပ်၍လည်း အနံ့ခံတတ်၏။ တစ်ဖန် သစ်ပင်တွေပေါ် အသိုက်လုပ်ပြီး အိပ်တတ်သည့် သတ္တဝါမျိုးဖြစ်၍ သစ်ပင်တက်ကျွမ်းကျင်ကြ၏။ ရေကူးခြင်း၊ ရေစိမ်ခြင်းလည်း လုပ်နိုင်သောသတ္တဝါကြီးတွေ…

ထိုဝက်ဝံကြီးတွေသည် တစ်ညလုံးလှည့်လည်သွားလာ ကျက်စားတတ်သည့်အပြင် ဝက်များကဲ့သို့ တအိအိ အော်မည်ရင်း အသီးအရွက်လည်းစားသည်။ အသားလည်း ကြိုက်သည်သာ။ လူကိုတွေ့လည်း ရှောင်၏။ သို့သော် လူကိုတွေ့၍ ကိုက်ပြီဆိုပါက အင်မတန် ကြောက်စရာ





ကောင်းသော အကောင်ကြီးမျိုးပင်။ အသားလည်းစား၏။ နေ့အိပ်၊ ညထွက်တတ်သော်လည်း နေ့ဘက်တွင် ပျားအုံ၊ ပျားရည် နှစ်သက်၍ ရအောင်ရှာဖွေစားတတ်ကြသည်။ အိမ်မွေး ကျွဲ၊ နွား၊ ခွေးကအစ သတ်ဖြတ်စားသောက်တတ်သောကြောင့် ဇော်တူးနှင့်ဇော်တန်တို့ ဝက်ဝံနှင့်ကျားတော့ သတိထားကြရသည်။

ဝက်ဝံကြီးတွေ ပစ်ခတ်သည့်အခါ လည်ပင်းအောက်တွင်ရှိနေသော လခြမ်းပုံပါသော အဖြူကွက်ကို ထိမှန်ပါက တစ်ချက်တည်းသေသည်ကို ဖခင်ကြီးပြောပြ၍မှတ်ထားသည်။ သို့သော် သူတို့နှစ်ယောက်မှာ နေ့ဘက်ဖြစ်၍ ဝက်ဝံအတွက် လွဲနေမည်ဟု တွေးကာ သိပ်တော့မပူပါ။

နှစ်ယောက်သား တောင်ထိပ်ရောက်သည်အထိ သိပ်စကားမပြောမိ၊ တောင်ထိပ်ရောက်ရန်နှင့် တောင်ဆိတ်ပစ်ရန်ကိုသာ အဓိကထားနေသဖြင့် အထွေအထူးမပြောမိပါ။

'ဇော်တူး'

'အေး…'

'ဝက်ဝံတွေ နေ့ဘက်အိပ်တော့ တို့အတွက် အန္တရာယ်ကင်းတာပေါ့နော်'

'အင်း… ဒါပေမဲ့ ဂရုတော့စိုက်ရမယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုမှာတွေ့လား'

'ဘာလဲကွ၊ ဘာကိုပြတာလဲ'

'မင်းကလည်း ဟိုကျောက်တောင်ဘေးမှာ တွေ့လား'

'ဟင်'

ဇော်တူး ညွှန်ပြသည်ကို ဇော်တန် ကောင်းစွာမသိ။ ဘာပြနေမှန်းမသိသည့်အတွက် ဟိုကြည့် သည်ကြည့် ကြည့်ရင်းဝေခွဲမရဖြစ်နေ၍ လက်ညှိုးညွှန်ရာကိုသာ ကြည့်နေရသည်။ ဘာမှန်းမသိသောကြောင့် ဇော်တူး သဘောပေါက်ပြီး သူ့ညီအား ဒေါသလည်းဖြစ်သွားသည်။

'တော်တော် အ,တဲ့ကောင်၊ ကျောက်တောင်ဘေးမှာ တွေ့လား ပျားအုံကြီးတွေ'



www.burmeseclassic.com

www.burmeseclassic.com



'အို… ပျားအုံတော့တွေ့ကာပေါ့'

'အေး… ပျားအုံပေါတယ်ဆိုတော့ ဒီတောင်ပေါ်မှာ ဝက်ဝံလည်း ပေါမယ်ဆိုတာ ပြောတာပေါ့ကွ၊ အဓွားပြောတာ မှတ်ထား၊ ပတ်ဝန်းကျင်ကို အမြဲသတိထားကွ'

'အေးပါ'

ဇော်တန် ခုမှ သဘောပေါက်သွားပါတယ်။ ဟုတ်ပါတယ်၊ ပျားအုံတွေမှာ တော်တော်များတယ်၊ တချို့ပျားအုံကြီးတွေအား ကြည့်လိုက်သောအခါဝယ် လူနေအိမ်၊ တဲတစ်လုံးစာလောက်ပင် ကြီးမားနေပါတယ်။ နှစ်ချီသော ပျားအုံကြီးတွေ ဖြစ်ပါတယ်။

တောင်စောင်းဖြစ်၍ ပျားဖွတ်၍လည်းမရ။ ဝက်ဝံတွေသွားရောက်ရန်လည်း လမ်းမရှိ။ ကျောက်တောင်ကြီးတွေ မတ်စောက်ပြီး ချိုင့်ဝင်နေသည့်တက်တွင် ပျားစွဲနေကြ၍ သွားလာမှုမရသည်ကို အခွင့်ကောင်းယူတတ်သော ပျားတွေ၊ ပျားအုံတွေ တော်တော်များပါတယ်။

တောင်ထိပ်ပေါ်ရောက်သည်အထိ ဘာကောင်မျှမတွေ့။ မျောက်တစ်အုပ် ဆယ်ကောင်ခန့်တွေ့သော်လည်း ကျောက်တောင်ဘေးသို့ ပြေးဆင်းသွားကြသည်။ အပင်တွေပေါ် တက်မသွားကြဘဲ တောင်ဘေးမှတစ်ဆင့် လျှိုချောက်ကြီးဘက် ပြေးသွားခြင်းသာ တွေ့လိုက်ရသည်မို့ ဇော်တူး ကျေနပ်သွားတယ်။

'ဇော်တန်'

'အေး'

'တောင်ဆိတ်ရှာကြစို့'

'ဘယ်ဆက်သွားမလဲ'

'အရှေ့ဘက်မသွားနဲ့၊ အစွန်ဖြစ်မယ်၊ စောစောက တွေ့ခဲ့တဲ့ ပျားအုံတွေ စွဲတဲ့ဘက်ရှိတော့ ကျောက်တောင်ဆုံးနေပြီထင်တယ်'

'ဒါဆို ဒီအနောက်ဘက်ပဲ သွားကြတာပေါ့'

'အေး… ကောင်းတယ်'

'ဇော်တန်'





'ဘာတုန်း'

'အခြေအနေကြည့်ရင်း နားကြသေးတာပေါ့'

'အေး… နားလေ၊ စောလည်းစောပါသေးတယ်'

'ဟိုမှာ ဘာတွေလဲ တောင်ဆိတ်ချေးတွေ'

'အေး… ဟုတ်တယ်ကွ'

'ဟာ… သိပ်တော့မကြာသေးဘူးကွ၊ အငွေ့တောင်ထွက်နေသေးတယ်ဆိုတော့ ဒီအနီးတစ်ဝိုက်မှာပဲ ရှိမယ်ထင်တယ်'

'အေး… သေချာပြီ၊ ဟောဟိုတောင်စောင်းဘေးကြည့်ရအောင်'

ဇော်တူးသည်ပြောပြောဆိုဆို တောင်ဆိတ်အုပ်ရှိမယ်ထင်ရသော ကျောက်တောင်၏အနီး…ပိုင်းဘက်သို့ သူတို့နေရာယူထားရာမှ တစ်ဆင့် ကျောက်တုံးပေါ် ဝမ်းလျားမှောက်ကာ တိုးသွားပြီးကြည့်၏။

သို့သော် ကြည့်သာကြည့်သည်။ ဘာကောင်မျှ မတွေ့ပါ။ မြက်ပင်တွေရှိသကဲ့သို့ အပင်ငယ်တွေ ချုံငယ်လေးတွေ ဟိုတစ်စုဒီတစ်စု ချုံဘေးတွေနှင့် မြက်ခင်းတွေအကြားဝယ် တောင်ဆိတ် တွေရှိနေကြမယ်ဟု တွေးရင်း ဂရုစိုက်ကြည့်နေ၏။

တောင်ဆိတ်သည် တစ်ကောင် နှစ်ကောင်တည်း မနေတတ်ပါ။ မနေကြ၊ အုပ်ဖွဲ့နေကြသည်သာ၊ အနည်းဆုံးလေးငါးခြောက်ကောင်အထိ နေကြသည်။ စားအတူ သွားအတူနေသော တောင်ဆိတ်အုပ် ရှာရသည်မှာ မခက်လှ၊ သို့သော် အပြေးမြန်ပြီး အကင်းပါးသောကြောင့် သတိထား ရှာရ၏။

'ဇော်တူး… ငါ ဟောဟိုကျောက်တုံးပေါ် တက်ကြမယ်'

'အေး… တက်ကြမယ်၊ သတိထားနော်'

'အေးပါ'

'ဇော်တန် ပတ်ဝန်းကျင်ကို အရင်ကြည့်ပြီးမှတက်'

'အေး… အေး'

ဇော်တန်သည် သူ့အစ်ကို ပြောသည့်အတိုင်း ပတ်ဝန်းကျင်ကို အသေအချာကြည့်ရှုပြီးနောက် ဆယ့်လေးငါးပေမျှ ချွန်ထနေသော



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တောင်ထိပ်သို့ တွယ်ကပ်ကာ ရအောင်တက်နေသည်။ ကိုဇော်တူး လှမ်းကြည့်ရင်း ဝက်ဝံနှင့်ကျားရန် သတိထားနေသည်ကိုလည်း ဇော်တန်သိပါသည်။

ဇော်တန်သည် အပင်ငယ်တွေ တွယ်ကပ်ပေါက်နေသည့်ကျောက်တောင်ထိပ်ရောက်သည်တွင် ဇော်တူးကြည့်သည့် အောက်ဘက်သို့ အပေါ်မှစီးကြည့်ရင်း တောင်ဆိတ်ရှာပုံတော် ဖွင့်ပါသည်။ တောင်ဆိတ်တစ်ကောင်မျှ မတွေ့သဖြင့် သူ့အစ်ကိုထံ ပြန်ဆင်းခဲ့ပြီးနောက် ဇော်တူး စဉ်းစားမိသွားသည်။

'ဇော်တန်'

'အေး'

'အခုအချိန် တောင်ဆိတ်ဘယ်တော့မလဲကွ'

'ဘာဖြစ်လို့လဲ ဇော်တူး'

'ဟာ... နေ့လယ်ပိုင်းကွ၊ နေ့လယ်ပိုင်းဆိုတော့ တောင်ဆိတ်တွေနားနေကြ၊ အိပ်နေကြပြီပေါ့ကွာ'

'အယ်... ဟုတ်တာပေါ့၊ ဒီတော့ ဘယ်လိုရှာကြမလဲ'

'လွယ်ပါတယ်၊ အဘွားပြောတာ မှတ်မိတယ်ကွ'

'ဘာလဲပြောင်'

'တောင်ဆိတ်တွေဟာ ကျောက်တောင်တွေရဲ့ ကျောက်ဂူတို့ ကျောက်တုံးကြီးတွေရဲ့ ဘေးတွေမှာ ခိုကပ်အိပ်တယ်လို့ အဘွား ပြောဖူးတယ်'

'ဒါဆို ငါစောစောက ဟောဟို ကျောက်တုံးကြီးပေါ်ကကြည့်တော့ ဟိုမှာတွေ့လား၊ ကျောက်ပြားကြီးပြားနေတာလေ'

'ဟိုပြားနေတဲ့ ကျောက်ပြားကြီးလား'

'အေးလေ... အဲဒီကျောက်ပြားကြီးဘေးမှာ ကျောက်ဂူတစ်ခုတွေ့တယ်ကွ၊ အဲဒီဘက် ဆင်းကြည့်ရအောင်'

'အေး... ဆင်းမယ်ကွ'

ကျောက်တောင်အမြင့်ပိုင်းတွင် နေရာယူထားသည့် သူတို့နှစ်





ယောက် အောက်ဘက်သို့ အသာအယာ ဆင်းခဲ့ကြသည်။ ခြေသံမကြားရန်နှင့် ကျောက်တုံး ကျောက်ခဲ အစအနတွေ လိမ့်မကျစေရန်လည်း သတိထားရပါသည်။ အောက်ဘက်ဆိုရာတွင် သိပ်တော့မနိမ့်လှပါ၊ ပေနှစ်ဆယ်မျှဖြစ်ပြီး ခပ်ပြေပြေဆင်ခြေလျှော နိမ့်သွား၍ လွယ်ကူပါ၏။ အပင်ကြီးတွေတော့မရှိ၊ မြွက်ပင်နှင့် ချုံငယ်လေးတွေလောက်သာ တွေ့ရသည့်အတွက် ထိုချုံနှင့်မြက်ပင်တွေအား အကာအကွယ်ယူရင်း ဆင်းနေပါသည်။

ဇော်တန်ပြောသည့် ကျောက်ဂူဘက်သို့လည်း အထူးသတိထားရင်း ပတ်ဝန်းကျင်ကိုလည်း ဂရုပြုနားစွင့်လျက် မျက်စိရှင်ရှင်ဖြင့် ဆင်းခဲ့ကြရာ အောက်ခြေအနိမ့် ဆုံးသွားပါပြီ၊ အောက်ဘက်ရောက်သည်နှင့် အနံ့၊ ထိုအနံ့မှာ သိုးနံ့ဖြစ်ကြောင်း ကောင်းကောင်းသိလိုက်ပါ၏။ ထိုသိုးနံ့မှာ တောင်ဆိတ်အထီးတွေထံမှထွက်သော သိုးနံ့ဖြစ်မည်ဟု ဇော်တူးနှင့် ဇော်တန် ကောင်းစွာသတိထားလိုက်မိသည်နှင့် တစ်ပြိုင်တည်း အတတ်နိုင်ဆုံး ခြေလုံလက်လုံဖြစ်အောင် သတိပိုမိုထားရင်း ဇော်တန်မြင်ခဲ့သော ကျောက်ဂူဘက်သို့ ချုံငယ်လေးတွေ အကာအကွယ်ဖြင့် တိုးခဲ့ပါသည်။

'ရှူး... ရှူး'

'ဟာ... မြွေကြီး'

'ဇော်တန် နောက်ပြန်ဆုတ်၊ ဒီဘက်လာ ဒီဘက်လာ'

မြွေကြီးမှာ တော်တော်ကြီး၏။ ငန်းမြွေကြီးတစ်ကောင်တည်းမို့ မြွေသိုက်တော့ ဒီအနားမရှိနိုင်၊ သို့သော် ထိုကျောက်ဆောင်တွေ ကျောက်ဂူတွေမှာတော့ မြွေသိုက်ရှိမှန်းသိရှိနိုင်သည်ဟု ဇော်တူးတွေးမိသဖြင့် သူ့ညီ ဇော်တန်အား အတင့်မရဲရန်နှင့် သတိထားရန် ခေါ်ယူကာ တိုးတိုးလေး ပြောလာသည်မှာ...

'မြွေသိုက်တွေ ရှိနိုင်တယ်ကွ၊ ဟိုဘက်ကနေ ကွေ့သွားရအောင်'

'အေး... ဒါ ငန်းမြွေနော်'

'ဟုတ်တယ်... ရိုးရိုးငန်းမြွေပါ၊ တောကြီးငန်းမြွေမဟုတ်ပါဘူး'

'ဒီမြွေလည်း အဆိပ်ပြင်းတာပဲ မဟုတ်လား'

'မင်းကလည်း ပြင်းတာပေါ့၊ တို့ကချင်ပြည်နယ်ဟာ အအေး



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းဒေသကွ၊ အအေးပိုင်းဒေသမှာရှိတဲ့ မြွေဆိုးတွေဟာ သိပ်အဆိပ်ပြင်းတာကွ၊ သတိထား'

'အေး… သွားစို့'

နှစ်ယောက်သား နောက်ပြန်ဆုတ်ပြီးကွင်းရှောင်ကာ ကျောက်တုံးတွေအား မကပ်တော့ဘဲ၊ အလယ်လောက်တွင်ရှိသော ချုံငယ်ကွေ့ဘက်သို့ ရွှေ့ပြောင်းကာ တောင်ဆိတ်တွေရှိမယ်ထင်ရသော ကျောက်ဂူဟုထင်သည့် ကျောက်တုံးတွေထပ်နေရာ ဂူလိုလိုဘက်သို့ကြည့်ရင်း ဆက်တိုးသွားကြ၏။

သူတို့ တိုးသွားရင်း ထိုကျောက်ဂူဘက်သို့ အထူးသတိထားနေစဉ်မှာပင် အသံတစ်သံကြောင့် သူတို့ညီအစ်ကိုနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်မိသည်။ သူတို့ထင်ထားသည့်အတိုင်း ထိုအသံမှာ နောက်ထပ် ထပ်မံပေါ်လာပြန်၏။

'ပဲ… ဟဲ… ဟဲ… ဟဲ'

'ပဲ… ဟဲ… ဟဲ… ဟဲ'

ဆိတ်ပေါက်ကလေးတစ်ကောင် အသံနှင့်အတူ ခုန်ပေါက်ပြေးထွက်လာပါသည်။ ထိုတောင်ဆိတ်ပေါက်ကလေးမှာ ပြေးနိုင်လွှားနိုင်သောအရွယ်ဖြစ်ပါသည်။ ဆိတ်အကောင်ပေါက်တို့မည်သည် အင်မတန်ခုန်ပေါက်ဆော့တတ်ကြသည့်အပြင် မျောက်ကဲ့သို့ အငြိမ်မနေကြ၊ မိခင်ဆိတ်မကြီး အိပ်နေသော်လည်း ဆိတ်ပေါက်ကလေး ပြေးထွက်လာစဉ် ဆိတ်မကြီးထံမှ

'ပဲ… ပဲ… ပဲ'

'ဖူး… ပဲ'

ဆိတ်မကြီးအသံနှင့် ထပ်တူထပ်မျှ ထွက်ပေါ်လာသော နောက်ထပ်ဆိတ်တစ်ကောင်အသံကြောင့် ဆိတ်တွေရှိနေသည်မှာ သေချာပါပြီ။ သို့အတွက် ဆိတ်ကြီးတစ်ကောင်ပစ်ရန်အတွက် အကွက်ဆင်ရတော့မည်။ မိမိတို့နှစ်ယောက် လုပ်ချင်သလို လုပ်၍မရပါ။ အဘယ်ကြောင့်ဆိုသော် စောစောက ငန်းမြွေကြီးကိုလည်း ထည့်စဉ်းစားရပြန်ပါသည်။ ထိုငန်းမြွေကြီး ဘယ်မှာနေပါလိမ့်။





'ဇော်တူး'

'အေး'

'ငါ တောင်ဆိတ်တွေရှိတဲ့ ကျောက်ဂူဘက်ကို ခဲနဲ့ပေါက်မယ်ကွာ၊ မင်းက ထွက်လာရင်ပစ်ပါလား'

'အေး… ကောင်းသားပဲ'

'ကဲ… ဒါဆို မင်းပစ်ဖို့အသင့်ပြင်'

ထိုသို့ စကားပြောရင်း ပစ်ခတ်ရန်စီစဉ်နေစဉ် တောင်ဆိတ်ငယ်လေးသည် ခုန်ပေါက်နေရာမှ ဇော်တူးတို့ဘက် ရောက်လာပြီးနောက် လူတော့မတွေ့ပါ။ သူတွေ့နေသည်မှာ ဇော်တူးတို့ညီအစ်ကိုတွေ့ခဲ့သော ငန်းမြွေကြီးကြောင့် ဆိတ်ကလေး ခြေစုံရပ်ကြည့်ရင်းမှ မြွေကြီး၏အသံကြောင့်…

'ရှူး… ရှူး'

'ပဲ… ပဲ… ပဲ'

ဆိတ်ကလေး အလန့်တကြားအော်သံကြောင့် အိပ်စက်နားနေကြသော တောင်ဆိတ်များ လန့်နိုးလာသကဲ့သို့ ဆိတ်မကြီးပြေးထွက်လာပြီးနောက် ထိုဆိတ်မကြီးနောက်မှာ ဆိတ်ထီးတစ်ကောင်လည်း ပါလာသည်။ တောင်ဆိတ်ကြီးမှာ ဦးချိုနှစ်ချောင်း နောက်သို့လန်နေ၏။ နားရွက်တွေ ရှေ့ဆန့်ပြီး အသံနှင့်အနံ့ခံနေသော်လည်း လောလောဆယ် မြွေကြီးကိုတွေ့နေ၍ သူ၏အမွေးအမျှင်တွေပင်လျှင် ထောင်သွားသည်။

'ဇော်တူး ပစ်တော့လေ'

'အေး… ဆိတ်မကြီးနဲ့လွတ်အောင်ကြည့်နေတာကွ'

'ဆိတ်မကြီး လွတ်ပြီလေ၊ မြန်မြန်ပစ်'

ဆိတ်မကြီးက ရှေ့တိုးလိုက်၏။ ကျောက်ဂူဝတွင် တောင်ဆိတ်အထီးကြီးတစ်ကောင်သာ ခြေစုံရပ်နေသဖြင့် ပစ်ကွင်းအကောင်းဆုံးဖြစ်သွားပါပြီ။ ပစ်ခတ်ရမယ့် အကွာအဝေးမှာ ဝါးတစ်ပြန်ပင် ရှိမယ်မထင်ပါ။ ဤမျှ အကွာအဝေးသည် အလွန်ပစ်ခတ်မှု ထိရောက်နိုင်သည်နှင့် ဇော်တူး အသေအချာ ချိန်ရွယ်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ဒုန်း…'

'ဖြောက်… ဖြောက်… ဖြောက်…'

'ပဲ… ပဲ… ပဲ… ပဲ… ရှူး… ရှူး'

'ပူး… ပဲ … ပူး…'

'ဝုန်း… ဝုန်း…'

'ဖြောက်… ဖြောက်… ဖြောက်'

'ရှူး… ရှူး… ရှူး'

တောင်ထိပ်အနိမ့်ပိုင်း ကျောက်ဂူသဖွယ်ဖြစ်နေသော နေရာ ကျောက်တုံးကျောက်ပြားနှင့် ဂလိုင်ကြီးအတွင်း တူမီး၏ဒုန်းဟူသော ယမ်းပေါက်ကွဲသံသည် ရိုးရိုးသေနတ်သံကဲ့သို့ ဒိုင်းခနဲမကြားရ၊ အဝေးကဆိုရင်လျှင်တော့ ကြားနိုင်ပါ၏။ အနီးမှာတော့ ဒိုင်းဟူသော အသံထက် ဒုန်းဟူသော အသံက ပိုမိုပီပြင်စွာ ကြားရသည်သာ။

တစ်ဖန် ပြောင်းထဲတွင် ထောင်းထည့်ထားသော သံတိုသံစတွေနှင့်အတူ ခဲသီးများ၏ ပြန့်ကြဲထွက်လာသော အသံတွေမှာ တစ်ဖြောက်ဖြောက် တစ်ဖောက်ဖောက် ထွက်ပေါ်လာကြသည်မှာ ဆူညံသွားစေပါ၏။

ထိုတူမီးသေနတ်သံကြောင့် တောင်ဆိတ်တွေ ထွက်ပြေးသည်။ သို့ဖော်တူးပစ်ခတ်လိုက်သော တောင်ဆိတ်ထီးကြီးသည် ကောင်းစွာထိမှန်သွားသော်လည်း ကြောက်လန့်ပြီး ထခုန်ရင်း အပြင်သို့ သုံးကြိမ်မျှခုန်ပေါက်နေသဖြင့် ဖော်တန်သည် သူ၏တူမီးနှင့် ချိန်ပြီးကြည့်နေလိုက်သည်။ တောင်ဆိတ်ကြီး ယခုမှပင် လဲသွားသလို ကျန်တောင်ဆိတ်တွေသည် အောက်ဘက် ကျောက်တောင်တွေပေါ်သို့ အလွန်လျင်လျင်မြန်မြန် ပြေးထွက်သွားကြပါပြီ။

စောစောက တွေ့ရသော ငန်းမြွေကြီးပင်လျှင် သေနတ်သံနှင့်အတူ အူသွားသော မီးခိုးများ သူ့အပေါ်ဖြတ်ကျော်သွားသဖြင့် ကြောက်၍လားကာ ဘယ်သို့ပြေးသွားလေပြီ မသိတော့၊ ဒီပတ်ဝန်းကျင်တွင် ဖော်တူးနှင့်ဖော်တန် ညီအစ်ကိုနှစ်ယောက်နှင့်အတူ သေသွားသော တောင်ဆိတ်ထီးကြီးတစ်ကောင်သာ ကျန်ခဲ့ပါပြီ။





တူမီး၏ ထွက်ပေါ်လာသော ယမ်းခိုးယမ်းငွေ့တွေမှာလည်း မှောင်နေပါသည်။ မသိရင်တော့ အဝေးကကြည့်ပါက မြူခိုးမည်းမည်းတွေပင်ထင်ရသော တူမီးသေနတ်၏ ယမ်းခိုးများကို တွေ့ရသည့်အပြင် ယမ်းနံ့တွေပါ မွှန်နေသည်။

'ဖော်တူး'

'အေး'

'ယမ်းထောင်းထားလေ'

'အေးပါ'

'ဖော်တန် ယမ်းထောင်းပြီးတာနဲ့ ဆင်းမယ်'

'အေး… ငါတောင်ဆိတ်ကြီး ထမ်းမယ်လေ'

'အေး'

ဖော်တူးသည် သူ၏ရေသေနတ်ပြောင်းထဲသို့ ခဲသီးနှင့်အတူ သံတိုသံစလေးတွေထည့်ပြီး ပြောင်းထုသည့်သံကြောင်းအစွယ်ဖြင့် ထုထောင်းနေပါ၏။

တူမီးသေနတ်၏ ပြောင်းထဲသို့ ခဲသီးတွေနှင့်အတူ သံတိုသံစတွေ ထောင်းထည့်ရသည်မှာ လွယ်သော်လည်း ပွပွထောင်းလျှက် ထိုသံတိုသံစနှင့် ခဲသီးများ များများမပြေးသည့်အတွက် ထိရောက်မှု အားပျော့သည်။ အသေအချာထောင်းသည့်အပြင် ပြောင်းကျယ်ကျယ်နှင့် ပြောင်းတူတူဆိုပါက တူမီးသေနတ်တစ်ချက်တည်းဖြင့် တောင်ဆင်ရိုင်းကြီးတစ်ကောင်ပင် ဖင်ထိုင်သွားတတ်သည်။ ကျည်ဆံနှင့်ပစ်သောသားကောင်အား ထိုကျည်ဆံမှ တစ်ချက်တည်း ထိုးဖောက်သွားသော်လည်း တူမီးနှင့်ပစ်ခတ်မှုခံရသော သားကောင်၏ ကိုယ်ခန္ဓာထဲသို့ ခဲသီးတွေ၊ သံတိုသံစ သံခဲတွေမှာ အစုလိုက်၊ အပြုံလိုက်ဝင်သွားသကဲ့သို့ ဇကာပေါက်ဖြစ်သွားစေ၏။

နှစ်လုံးပြူးကျည်ဆံဆိုသည်မှာလည်း ထိပ်ဖူးမပါသော ခဲသီးများ ခဲသီးများသည် ကျည်ဆံတစ်တောင့်ဝယ် ခဲသီးကိုးလုံး၊ ကိုးစေ့ပါသည့်အတွက် တောကြက်အုပ်ထဲသို့ ပစ်ပါက တစ်ချက်တည်းဖြင့် ငါးကောင် သေစေနိုင်ပါ၏။ ထို့အတူပင် တူမီး၏ပြောင်းထဲမှ ထွက်လာသော ခဲသီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သံတိုသံစ သံခဲတွေမှာ နှစ်လုံးပြူးကျည်ဆံထက် ပိုများ၏။

ပြောင်းထဲထိုးထည့်ရာတွင်လည်း သတိတော့ထားရသည်။ သိပ်ပိုသွားလျှင်တော့ ပစ်ခတ်သူအတွက်လည်း အင်မတန် အန္တရာယ်ဖြစ်တတ်သည်သာ။ အကြောင်းမှာ ယမ်းတောင့်ထည့်သည်ဆိုသော ခဲသီးနှင့်သံတိုသံစတွေ အပြင်သို့ကန်မထွက်နိုင်ဘဲ ပြောင်းရင်းကွဲပြီး ပစ်ခတ်သူအန္တရာယ်ဆိုးသွားမည်သာဖြစ်ပါ၏။

ဇော်တူးသည် ယမ်းမီးနှင့် ခဲသီး၊ သံတို သံစ သံခဲလေးတွေ ထောင်းပြီးသည်နှင့် ပြောင်းထဲမှ ယမ်းထောင်းသည့် ထုတန်ဆွဲထုတ်ပြီးသည်နှင့် အသင့်ဖြစ်သွားပါပြီ။ ရိုက်တံထိပ်တွင်လည်း ကက်ကလေး စွပ်ထားလိုက်ပါပြီ။

'ဇော်တန် ပြီးပြီ'

'အေး··· ပြန်ကြစို့'

'သွားမယ်'

ဇော်တန်သည် သေနေပြီးသော တောင်ဆိတ်အထီးကြီးအား ခြေနှင့် လက်ကိုဆွဲမပြီး သူ၏လည်ပင်းဝယ် ခွထမ်းလိုက်ပါသည်။

တောင်ဆိတ်ကြီးမှာ တော်တော်ကြီးသည့်အတွက် အချိန်တစ်ဆယ့်ငါးပိဿာမျှ ရှိမယ်ဟုထင်မိသည်။ သူ၏အစ်ကို ဇော်တူးနောက်မှ ထပ်ချပ်မကွာ အပေါ်သို့ ပြန်တက်ရင်း အပေါ်ရောက်သည်နှင့် ညီအစ်ကိုနှစ်ယောက် တောင်အောက်သို့ ဆက်ဆင်းကြရပါပြီ။ သူတို့လိုချင်သော တောင်ဆိတ်၊ ဖခင်အတွက် ဆေးလည်းဖြစ် အစာလည်းဖြစ်သည့်အပြင် တောင်ဆိတ်အသားသည် ဆေးဘက်အလွန်ဝင်ကြောင်း ဖခင်ကြီးပြောဖူးသည်ကိုလည်း သတိရနေသည်။ သူတို့အား ဖခင်ကြီးမှ တောင်ဆိတ်မပစ်ရန် မှာဖူးပါသော်လည်း ဖခင်အတွက်မို့ ပစ်ရပါပြီ။ ဖခင်ကြီး၏ အသက်ရှင် ကျန်းမာရေးကို ဦးစားပေးရမည်။ သူတို့ပင်ပန်းမှုကို အလေးမထားနိုင်ပါ။

•

ထိုစိတ်ဓာတ်ကြောင့် တောင်ဆိတ်ပစ်ရန် တက်ခဲ့ကြခြင်းဖြစ်ပြီး လိုချင်သော တောင်ဆိတ်ရသောအခါမှ ညီအစ်ကိုနှစ်ယောက် ဝမ်းသာ





မဆုံး၊ ကြည်နူးမှုတွေ ရင်ဝယ်အပြည့်ဖြင့် တောင်ဇောင်းအား ပြန်ဆင်းခဲ့ခြင်းဖြစ်ပါသည်။

'ဇော်တန်'

'အေး··· သတိထားနော်၊ ခြေချော်သွားမယ်'

'အင်းပါ'

'ငါ ထမ်းမယ်လေ'

'သွားပါ၊ ရပါသေးတယ်'

'အေး··· အောက်က ဟောဟိုကျောက်တုံးဘေးရောက်ရင် နားမယ်နော်'

'နားလေ'

'ဒီတစ်ခါ ငါထမ်း'

'အေး··· အေး'

ညီအစ်ကိုနှစ်ယောက် စကားပြောရင်း ဆင်းခဲ့ပါသည်။ အတက်အဆင်းမတူပါ။ အဆင်းသည် တော်တော် ဒူးချောင်၏။ နောက်တစ်ခု ကျောက်တောင်ဖြစ်၍လည်း သတိထားရသည်။ အကြောင်းမှာ ခြေချော်ကျလို့ကတော့ မတွေးရဲ၊ ခေါင်းကွဲမလား၊ ခြေလက်ကျိုးမည်လား၊ တစ်ခုခုတော့ ရှိရမည်သာ။

ဇော်တူးပြောသည့် ကျောက်တုံးကြီးထံ ရောက်သည်တွင် နားကြပါပြီ။ ပါလာသော ရေကိုသောက်ရင်း ဇော်တန်မှာ ကျောက်တုံးကြီးမှီလိုက်ပြီး တောင်ဆိတ်ကိုကြည့်ကာ ဝမ်းသာနေသည်။ သူ့အဖေအတွက်ဆိုသော အသိကြောင့် အားတက်သွားသည်။ နေသည် စောင်းစပြုပါပြီ။ သူ့အတွက် ပါလာသော ခေါပုပ်စားကြပြီးနောက် ဆက်ထွက်ပြန်ပါပြီ။

'ဇော်တန် မင်းအရင်ဆင်း'

'အေး··· ဆင်းမယ်'

'ဆင်း··· ဆင်း'

'ဩော်··· ဂရုစိုက်နော်'

'ဘာကိုလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီဘက်မှာ ဝက်ဝံပေါ်တယ်ကွ'

'ဒီအချိန် ငမည်းတွေ အိပ်နေမှာပေါ့'

'ဟုတ်တော့ ဟုတ်တာပေါ့၊ ပြောနိုင်ဖူးကွ'

'စိတ်ချပါ'

ဖော်တန် ရှေ့ကဆင်းသည်နှင့် ဖော်တူးသည် တောင်ဆိတ်ကြီး ကောက်ထမ်းခဲ့ပါပြီ။ သူ့စိတ်ထဲမှာလည်း တောင်ဆိတ်၏အလေးချိန်သည် ဆယ့်လေးငါးပိဿာရှိမည်ဟု တွေးပြီး ပီတိဖြစ်ရ၏။

တကယ်တော့ တောလည်ရသည်မှာ တစ်ခါတစ်ရံ လွယ်လွယ်ကူကူ ပစ်ခတ်ရပါသော်လည်း တစ်ခါတစ်ရံ လူလည်းပင်ပန်း၏။ သားကောင်လည်း မတွေ့မပစ်ရ၊ ပစ်ရပြန်တော့လည်း ထိချက်မကောင်း၍ လွတ်သွားတတ်သည်လည်း ရှိသည်။ ထိုသို့ သားကောင်ပစ်ပြီး လွတ်သွားမည်ဆိုပါက ဖခင်သည် စိတ်ဆိုး၏။

'မင်းတို့ ညံ့တာပေါ့၊ တူမီးနဲ့ ပစ်တာမရရင် ရိုင်ဖယ်သာဆို ပိုဝေးပေါ့'

'အေး… မှတ်ထား၊ မပိုင်ရင် မပစ်နဲ့၊ လွှတ်ပေးလိုက်၊ ပစ်ပြီဆိုရင် သားကောင်ရကို ရစေရမယ်'

'ဘယ့်နှယ်ကွာ၊ မုဆိုးတစ်ယောက်ဟာ တူမီးသေနတ်နဲ့ သားကောင်ကို ပစ်ရပါလျက် လွတ်သွားတယ်ဆိုတာ ဘယ်လိုမှမဖြစ်သင့်ဘူးကွ၊ အဲဒါ သိလား၊ မုဆိုးမပီသဘူး၊ မှတ်ထားကြ'

ထိုသို့ ဆူခံရဖူးသည့်အတွက် ညီအစ်ကိုနှစ်ယောက်၏ လက်သည် ပိုမိုဖြောင့်၏။ ပစ်တိုင်းမှန်သည့်အပြင် မှန်တိုင်းရရှိသော မုဆိုးဘဝသို့ ရောက်ခဲ့ကြသည်သာ။ ကျည်လည်း မဖြုန်းဆိုသည့် သဘောဖြစ်ပါ၏။

ဖော်တူးတစ်ယောက် ရှေ့ကသွားသည်။ ညီဖြစ်သူ ဖော်တန်အပေါ် ယုံကြည် စိတ်ချသကဲ့သို့ သူ၏ဖခင် သင်ကြားပေးမှုတွေကြောင့် မုဆိုးဘဝယ် သူမတူသော ညီအစ်ကိုနှစ်ယောက်ဖြစ်ရသည်ကို ကျေနပ်ပြီး ဖခင်ကြီး၏ စိတ်နေစိတ်ထား သင်ကြားပြသမှုတွေ တွေးရင်း မောပန်းမှန်းမသိအောင် အတွေးတွေဖြင့် နောက်မှသားကောင်ထမ်းရင်း လိုက်ခဲ့သည်။





ထမ်းထားရမှုကို မတွေးသည့်အတွက် မပင်ပန်းတော့ပါ။

တောင်တက် တောင်ဆင်း ကချင်တိုင်းရင်းသူများသည် အတက်ဆိုလည်း တောင်ပေါ်မော့မကြည့်၊ အဆင်းဆိုလည်း အောက်သို့ ငုံ့မကြည့်ပါ။ နောက်မှာ ပိဿာချိန်များများ ဆန်၊ စပါး၊ သစ်သီး သစ်ဥတွေအား ပုလိုင်းဖြင့် ပိုးထား၍ နဖူးနှင့်လွယ်ပြီး လက်နှစ်ဖက်ပါ ဝါပွင့်ဝါပွမ်းတွေကို ကြိုးကျစ်ရင်း ပါးစပ်မှတေးသံဆိုပြီး ဆင်းကြတတ်သည်သာ။

ထိုသို့ အတက်အဆင်းဝယ် ဘယ်အရာမျှ သတိမထားသည့်အခါ တစ်ခါတစ်ရံ တောကောင်နှင့်ပက်ပင်းတိုးတတ်သည့်အပြင် ခရီးသွားလာသူများနှင့် ရင်ဆိုင်တိုးပါက လန့်ပြီးအော်ကြရယ်ကြသည်မှလွဲ၍ ပုံမပျက်ဆက်ပြီး အတက်အဆင်း လုပ်ကြစမြဲပင်။

ပင်ပန်းမှုအတွက် အာရုံပြောင်းထားသည်ဟု ဆိုပါက အမှန်ကန်ဆုံးပင်၊ သို့သော်လည်း သားကောင်ကြီးတွေဆိုပါက ကြောက်စရာ လန့်စရာ၊ သို့ပါသော်လည်း လေးငါးခြောက်ယောက် သွားလာကြသည့်အတွက် တစ်ယောက်ယောက်၏ လန့်အော်မှုနှင့် ထပ်တူထပ်မျှ ဝိုင်းအော်လိုက်သော အသံတွေကြောင့် တချို့သားကောင်ကြီးတွေ ကြောက်ရွံ့ထိတ်လန့် ထွက်ပြေးကြသည်ကို သူတို့တစ်တွေ မြင်လိုက်ရလျှင် အားရပါးရ ရယ်ကြ၏။ ပျော်သွားသကဲ့သို့ ပင်ပန်းမှုတွေ ပျောက်သွားကြပြန်သည်။

ဤသည်မှာ တောင်ပေါ်သူ တောင်ပေါ်သားတို့၏ ဓလေ့သဖွယ် ဖြစ်နေသည်ကိုလည်း တွေ့ရသည်။ ယခုလည်း ဖော်တူးတစ်ယောက် အတွေးတွေနှင့် ပင်ပန်းမှုကို ဂရုမပြု ဆင်းနေတဲ့ ကျောက်တောင်၏ ကျောက်သား ကျောက်တုံးများနင်းလာသည်နှင့်အမျှ တောကထူလာပါပြီ။ တောထူပါသော်လည်း သူတို့ညီနောင်အဖို့ ဂရုမစိုက်ပါ။ နယ်မြေကျွမ်းပြီးသားတွေ ဖြစ်သည့်အတွက် တောကိုဖောက်ဆင်းနေစဉ်မှာပင်

ဖော်တူး သားကောင်ထမ်း၍ နောက်ကလိုက်နေရာ သူ၏ဘေးသို့ ကျောက်ခဲတစ်တုံး လိမ့်ကျသည့်အတွက် သားကောင်ထမ်းရင်းမှ နောက်ပိုင်းလှည့်အကြည့်၊ သူတွေ့လိုက်ရသည်မှာ ကျားကြီးတစ်ကောင်၏အရိပ်သို့ လှစ်ခနဲ တွေ့လိုက်ရသည့်အတွက် တောင်ဆိတ်အား အောက်သို့ပစ်ချပြီး–



www.burmeseclassic.com

www.burmeseclassic.com



'ဘုန်း'

'ဇော်တန် နေရာယူထား'

'ဟင်… ဘာလဲ ဘာလဲ'

'နေရာယူထားဆိုမှ'

ဇော်တူးသည် အပင်ကြီးတစ်ပင်ဘေး ပြေးကပ်ရင်း နောက်ဘက်သို့ ကြည့်နေ၏။ ဇော်တန်သည်လည်း သူ့ဘေးတွင်ရှိသော ကျောက်တုံးကြီးအား အကာအကွယ်ယူလျက် သူ့အစ်ကိုကြည့်နေသည့်ဘက် စိုက်ကြည့်ရင်း ရန်သူကိုရှာနေသည်သာ။

ဇော်တန် သတိထားလိုက်၏။ အကြောင်းမှာ မှုဆိုးပီပီ သူ၏အစ်ကို မပြောသော်လည်း သတိထားမိ စဉ်းစားမိသည်မှာ ဝက်ဝံလား၊ ဒါမှမဟုတ် ကျား၊ ကျားသစ်တစ်ကောင်ကောင်တော့ ဖြစ်မည်ဟု သဘောပေါက်လျက် တိတ်တိတ်ဆိတ်ဆိတ်ကြည့်နေစဉ် ဇော်တူးသည် သူတွေ့လိုက်ရသော ချုံဘက်သို့ သေနတ်ပြောင်းလှည့်ထားရင်းမှ

'ဇော်တန်'

'အေး'

'ဟောဟို ချုံထဲ ကျားဝင်သွားတယ်'

'ဟုတ်လား ပစ်မလား'

'မပစ်ပါဘူး'

'ဘာလုပ်ရမလဲ'

'ခဲနဲ့ထုကြမယ်ကွာ'

'အေး'

ဇော်တန်သည် ပြောပြောဆိုဆို သူ၏ကျောက်တုံးကြီးဘေးမှ ကျောက်ခဲတစ်လုံးကောက်ကာ သူ့အစ်ကိုပြောသည့် ချုံကြီးဘက်သို့ ချိန်ရွယ်ပစ်ပေါက်လိုက်သည်။

'ဗွီ…'

'ဘုန်း'

'ဒုန်း'





ဘာကောင်မျှ မထွက်၊ မထူး၊ ဇော်တူးပင် အံ့ဩသွားသည်။ သို့အတွက် သူကပ်နေသော အပင်ကြီးဘေးမှပင် အပင်ကြီးကိုကာ ကာ ထရပ်ကြည့်လိုက်သည်။ ဘာကောင်မျှ မရှိတော့ပါ။ စိတ်ထဲမှာ အရိပ်ဆိုသော်လည်း ကျားမှ ကျားအစစ်မို့ မကျေမနပ်ဖြစ်ရင်း သူ့ခြေထောက်အောက်ရှိ ကျောက်ခဲတစ်လုံးကောက်ပြီး ထပ်မံပစ်လိုက်ပြန်သည်။

'ဘုန်း'

'ဝုန်း'

'ဝေါင်း… ဝေါင်း'

'ဝုတ်'

'ဖြောက် ဖြောက် ဖြောက်'

ကျားကြီးသည် ဇော်တူးပစ်လိုက်သော ကျောက်ခဲကြီး သူ၏နောက်ပိုင်းသို့ ကောင်းစွာထိမှန်သွားသည်တွင် လန့်ပြီးထခုန်ရင်း အသံပါထွက်အောင် ဟိန်းဟောက်မာန်ဖီ၏။ တစ်ဖန် ချုံထဲမှပြေးထွက်သည်မှာ ဇော်တူးတို့ဘက်တော့ မဟုတ်ပါ။ တောင်စောင်းဘေးသို့ ခုန်ပေါက်ပြေးဝင်သွားပါသည်။

'ဇော်တူး'

'အေး'

'မြန်မြန်ဆင်းကြစို့'

'အေး…. ဆက်ဆင်းမယ်'

ဇော်တန် ဆက်ဆင်းပါပြီ။ ဇော်တူးလည်း တောင်ဆိတ်ထမ်းရင်း ဇော်တန်နှင့် သိပ်မကွာအောင် ကပ်လိုက်ခဲ့ပါပြီ။ တောင်ကြီး၏တစ်ဖက် ကျောက်ကမ်းပါးကြီးရှိ၍ ဇော်တန်မှာ ယာဘက်ကွေ့လိုက်စဉ် စောစောက တွေ့ရသော ကျားကြီးသည် လမ်းပိတ်လျက် သူတို့အလှော့ကို စောင့်နေပုံရပါ၏။

'ဇော်တူး'

'ဟေ'

'ကျားကြီးရှေ့မှာရောက်နေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ.. စောစောက အကောင်ကြီးပဲဖြစ်မယ်'

'ဟုတ်တယ်ကွ၊ လမ်းမဖယ်ဘူး'

'အင်း… သွေးနံ့ရလို့ထင်တယ်'

'သွေးနံ့ရလည်း သူကိုက်လို့ရတာမှ မဟုတ်တာကွ'

'အေးလေ.. သူကည့ သတ္တဝါပဲဟာ'

'တို့ကွင်းဖို့ မလွယ်ဘူး'

'အေး… တို့ကို စောင့်နေတာ သေချာပြီ'

'ဖော်တူး'

'ဘာလဲ'

'အဖွားပြောထားတယ်၊ ကျားကို မပစ်ရဘူးလေ'

'ဒါပေမဲ့ တို့ကို ရန်မူနေတယ်ဆိုတာလည်း မင်းအသိပဲ'

'မင်းကျောက်ခဲနဲ့ ပေါက်ကွာ'

'အေး… မင်းသေနတ်ချိန်ထားကွာ'

'အေးပါ'

ဖော်တူးသည် သူ၏သေနတ်ဖြင့် အပင်ကြီးကိုအကာအကွယ်ပြု ပြီး ချိန်လိုက်၏။ ဖော်တန်မှာလည်း ကျောက်ခဲကြီးတစ်လုံးကောက်ကိုင် လိုက်၍ သူ့အစ်ကိုနေရာယူပြီးကြောင်း ခေါင်းအညိတ်တွင် ကျားကြီးထံသို့ ပစ်ပေါက်ပြန်ပါပြီ။

'ဘုန်း'

'ဝုန်း'

'ဝေါင်း'

'ဝုန်း'

'ဝေါင်း… ဝေါင်း… ဝေါင်း'

ကျားကြီးဘေးသို့ ကျောက်တုံးကြီး ကျရောက်သွားသည်တွင် ကျားကြီးမှာ ဒေါသထွက်လျက် ဝုန်းခနဲနေအောင် မြောက်တက်သွားသည် အထိ ထခုန်၏။ ထို့နောက် ကြောက်ခမန်းလိလိအသံကြီးဖြင့် ဟိန်းဟောက် နေပါသည်။





ဖော်တူးနှင့် ဖော်တန်မှာ အပေါ်ကဖြစ်၍ အခြေအနေမဆိုးပါ။ ကျားကြီးက အောက်ဘက်မှာ ဒေါသထွက်ရင်း သူတို့နှစ်ယောက်အား ရန်ပြုပါပြီ။ ခွင့်လွှတ်၍မရတော့။ သို့သော် သူတို့နှစ်ယောက် ခြောက်လှန့်ပစ် ရန် ဆုံးဖြတ်လိုက်သည်။ အကယ်၍ ခြောက်လှန့်မရရင်တော့ အဆုံးသတ် ရပေမည်။

'ဖော်တူး'

'အေး'

'ငါ ခြောက်လှန့်မယ်လေ'

'အေး… ထိအောင်တော့မပစ်နဲ့ကွာ'

'အေးပါ၊ ငါပစ်လို့မရရင်တော့ မင်းကြည့်စီစဉ်တော့၊ ဘယ်လို လဲ'

'အေးလေ… ခြောက်လို့ လှန့်လို့မှမရတော့ဘူးဆိုရင်တော့ တို့ အပြစ်မဟုတ်တော့ပါဘူး၊ သူ့ထိုက်နဲ့သူ့ကံပေါ့ကွာ'

'ငါပစ်မယ်'

'ပစ်… ငါလည်းအသင့်ပဲ'

ဖော်တူးသည် ကျားကြီး၏ ညာဘက်ဘေး သူတို့ဆင်းရမည့် လမ်းဘက်တွင်ရှိနေသော ကျားကြီးနှင့် ဆယ်ပေခန့်အကွာဝယ် ကျောက်တုံး ကြီးရှိ၏။ ထိုကျောက်တုံးကြီးကို ပစ်ရန် ဆုံးဖြတ်လိုက်သည်။ သူ ကျောက် တုံးကြီးအား ပစ်ခတ်လိုက်ပါက ကျောက်တုံးကြီး ထိမှန်သွားသော အသံ တွေ နောက်ထပ် ကျောက်စကျောက်နတွေ လွင့်စင်ကာ အပင်ချုံယ်တွေ ထိပါက ကျားကြီးသည် သူဦးတည်ထားသည့် တောင်စောင်းချောက်ကမ်း ပါးဘက် ခုန်ချမည်ဟုတွေးကာ ပစ်လိုက်ပါပြီ။

'ဒုန်း'

'ဝုန်း'

'ဖောက်… ဖောက်… ဖောက်'

'ဖြောက်… ဖြောက်… ဖြောက်'

'ဝေါင်း… ဝေါင်း'



www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

တောကြီးတစ်တောလုံး တုမ်းသေနတ်သံ၊ တန်ပြန်ထွက်ပေါ်လာသော ပဲ့တင်သံများ၊ ကျားဟိန်းသံ၊ ကျောက်တုံး ထိမှန်သံတွေ ရောထွေးသွားပါပြီ။ ကျားကြီးသည်လည်း ဇော်တန်၏ အတွေးမှန်ကန်ပြီး ချောက်ဘက်သို့ လွှားခနဲနေအောင် ခုန်ဆင်းသွားလေပြီ။

'ဇော်တူး'

'ပြော ဇော်တန်'

'ငါတွက်တာ မှန်သွားတယ်'

'ဘာ… မှန်သွားတယ်'

'ဩော်… ဒီလိုပါ၊ ကျားကြီးလန့်ပြီး ချောက်ဘက်ခုန်ဆင်းအောင်လို့ ဟိုကျောက်တုံးကြီးကို ပစ်လိုက်တာကွ၊ ကျားကြီး ခေါင်းလှည့်ထားတာကလည်း ချောက်ဘက်ဆိုတော့ အဆင်ပြေသွားတယ်'

'အင်း… မင်းတွက်ချက်တာ ကောင်းတယ်၊ ဒါမှ တို့ရဲ့လမ်းကြောင်း ရှင်းသွားမှာ… ဒါပေမဲ့'

'ဘာလဲ'

'ဩော်… ကျားကြီး ချောက်ထဲကျသွားတာ တော်တော်နက်တဲ့ချောက်ဆိုရင်တော့ မလွယ်ဘူးကွ'

'မတတ်နိုင်ဘူး၊ သူ့စရိတ်နဲ့ သူပေါ့ကွာ'

'ကဲ…ဆက်ထွက်ကွာ'

'အေး… မြန်မြန်ဆင်းစို့၊ ညနေစောင်းလာပြီ'

'အေး… ဆင်းတော့'

မှန်ပါသည်။ တောကြီး တောင်ကြီးဖြစ်၍ ညနေစောင်းပါက သစ်ရိပ်တောရိပ်များက အမှောင်ဘက်သို့ လုလာကြပါပြီ။ သိပ်မိုးချုပ်သွားပါက သူတို့အတွက် လမ်းကြောင်းသိပါသော်လည်း စောစောက ကျားကြီးကဲ့သို့ ကျားသစ်တွေ တွေ့နိုင်မည်ဖြစ်၍ အမြန်ဆုံးဆင်းရပေတော့သည်။

'ဇော်တူး နေဦး'





'ဘာတုန်း'

'ငါ ယမ်းထောင်လိုက်ဦးမယ်'

'အေး… မြန်မြန်ထောင်'

'အေးပါ'

ဇော်တန်သည် ယမ်းတွေ၊ ခဲသီးတွေနှင့် သံခဲတွေအား တုမ်းသေနတ်ပြောင်းဝမှ ထောင်ထည့်ရင်း ယမ်းထောင်းသည့်သံချောင်းဖြင့် ထောင်းနေသည်။ ယမ်းထောင်သည့်သံချောင်းမှာ သုံးပေခွဲမျှရှည်ပါသည်။ ဇော်တန် ယမ်းတောင့်ထောင်းနေစဉ်မှာပင် ဇော်တူးမှ အသင့်စောင့်ရင်း

'ဟာ… ဝက်ဝံကြီး ဝက်ဝံကြီး…'

'ဒိုင်း'

'ဂီး… ဂီး… ဂီး…'

'ဂီး… ဝူး… ဝူး'

'ဇော်တန်… ဇော်တန် မြန်မြန်ပစ်… မြန်မြန်ပစ်ဟေ့'

'ဟာ… ငါယမ်းထောင်းလို့မပြီးသေးဘူး'

'ပစ်… ပစ်'

'အေး'

အကြောင်းမှာ ဇော်တူး၏အထက် အပင်ပေါ်မှဆင်းလာသော ဝက်ဝံကြီးသည် ဇော်တူးနှင့် ဆယ်ပေခန့်အရောက် ဇော်တူးမြင်၍ ပစ်လိုက်ပါသည်။ ဝက်ဝံကြီးအား မှန်သွားပါသော်လည်း ဝက်ဝံကြီး၏ ရင်ဘတ်တွင်ရှိသော လခြမ်းအဖြူရစ်အား မထိမှန်ဘဲ ဝမ်းဗိုက်နှင့်လက်တွေ ဆားတွေတော့ မှန်သွားပါသည်။

ဇော်တန်သည်လည်း သူ၏အစ်ကို ဇော်တူး၏လျှပ်တစ်ပြက်ဝစ်ခတ်မှုမှန်းသိလိုက်သည်။ ထိရောက်မှုမရှိသောကြောင့် သူ၏တုမ်းသေနတ်ထိုးချိန်ရင်း သူ့အစ်ကိုဘက် အတင်းပြေးဝင်လာရာမှ ဝက်ဝံကြီးနှင့် လေးငါးပေခန့်အရောက် ပစ်လိုက်ပါပြီ။

ဇော်တန်၏ပစ်ခတ်မှုသည် သူ့အစ်ကိုအား ကိုက်တော့မည့်ဝက်ဝံကြီးမှာ ပြေးလာရာမှ မတ်တတ်ရပ်လိုက်သည်တွင် သူ၏ပစ်ကွင်းသည်



www.burmeseclassic.com

www.burmeseclassic.com



အလွန်တောင်းသွားပေါ်ပြီး ဝက်ဝံကြီး၏ ရင်ဘတ်တွင်ရှိသော လခြမ်းအဖြူရောင်တည့်တည့်သို့ ချိန်ရွယ်ပစ်ခတ်လိုက်သည်။

'ဒုန်း'

'ဂါး… ဂီး… ဂါး'

'ဝူး… ဂါး'

'ဝုန်း… ဝေါ… ဝေါ'

'ဂါး … ဂါး… ဂီး… ဂီး'

ဇော်တန်၏ပစ်ခတ်မှုနှင့်အတူ ဇော်တန် သတိလစ်သွားသည်မှာ ယမ်းထောင်းသည့် ထောင်းတံသံချောင်းအား ဆွဲမနုတ်မိပါ။ သူ့အစ်ကိုအတွက် သေရေးရှင်ရေးဖြစ်နေသဖြင့် လျင်လျင်မြန်မြန် ထိုးချိန်ပြီး ပစ်ခတ်လိုက်ရာ ဝက်ဝံကြီး၏ အဖြူရစ်ဖြစ်သော ရင်ညွန့်အား ခဲသီးများမှ ကောင်းစွာထိမှန် ထိုးဖောက်သည်ထက် ပိုဆိုးသော ဇော်တူး၏ ယမ်းထောင်းသည့် သံချောင်းကြီးမှာ ယမ်းတွေ၏ကန်အားဖြင့် ခဲသီး၊ သံခဲတွေနှင့် ရောနှောပြီး ဝက်ဝံကြီး၏ ထိုအဖြူရောင် အရစ်စက်ဝိုင်းသို့ တိုးဝင်ထိုးဖောက်ကာ တန်းလန်းကြီးဖြစ်သွားသည်။

ဝက်ဝံကြီးသည် ငယ်သံပါအောင် တဂါးဂါး တဂီးဂီး တဝူးဝူး အော်ရင်း နောက်ဆုံးအဆင့် ဒေါသထွက်ထွက်၊ စိတ်တိုတိုဖြင့် သူ၏အစ်ကို ဇော်တူထံ ပြေးဝင်ရာမှ ဇော်တူးသည်လည်း ဝက်ဝံကြီး၏လှုပ်ရှားမှုကို သတိထားရင်း ဘေးတွင်ရှိသော သစ်ငုတ်ကြီးထံ ပြေးဖက်လိုက်သည်တွင် ဝက်ဝံကြီးမှာလည်း အရှိန်မထိန်းနိုင်ဖြစ်ကာ ထိုသစ်ငုတ်ဘေးမှာ ပေါ်နေသော သစ်မြစ်အား ဝင်တိုက်ပြီး လဲအကျ တောင်စောင်းချောက်ထဲသို့ ဆက်ပြီး အရှိန်လွန်ကျသွားပါတော့သည်။

'ဂါး… ဂီး… ဂီး'

'ဝေါ… ဝေါ… ဝေါ… ဝေါ'

'ဝုန်း… ဝုန်း… ဝုန်း'

'ဘုန်း… ဝုန်း'

'ဝူး… ဝုန်း… ဘုန်း'





ကျသွားသောအသံတွေ ဆူညံသကဲ့သို့ နောက်ဆုံးအော်ဟစ်နေသည့် ဝက်ဝံကြီး၏အသံတွေ ရောနှောပြီးနောက် လေထဲမှာ တဝေါဝေါကျရင်း ချုံနွယ်တွေဖြင့် ထိတွေ့ရိုက်ခတ်ရာမှ ထပ်မံပေါ်ထွက်လာလေသော အောက်ရောက်ရန် မြေသားလား၊ ကျောက်သားလားမသိတို့ဖြင့် ထိတွေ့ရိုက်ခတ်သံကြီးမှာ နောက်ဆုံးကြားလိုက်ရလေပြီ။

'ဝုန်း… ဘုန်း'

အသံတွေ တိတ်သွားပါပြီ။ အားလုံးကိစ္စပြီးသွားသောအခါ ဇော်တူးနှင့် ဇော်တန်တို့ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်းမှ…

'ဟူး…'

'အင်း'

သက်ပြင်းလည်းချ၊ လေလည်း မှုတ်ထုတ်နိုင်တော့သည်။ တွေ့ကြုံရသော အဖြစ်တွေအတွက် ရင်မောစရာတွေပင်။ ကျားနှင့်လည်းတွေ့၏။ ကျားသည် ရန်မူ၏။ တစ်ဖန် ဝက်ဝံကြီးမှာတော့ အလွန်အမင်းကြောက်စရာကောင်းနေသည်။

ဝက်ဝံကြီးနှင့် တွေ့ရပုံသည် အသက်လုပွဲတစ်ပွဲ၊ သည်ပွဲသည် ဇော်တူး သို့မဟုတ် ဇော်တန်တစ်ယောက်တည်းသာ ဖြစ်ပါမူ မတွေးရဲပါ။ ကျားသည် လူကို အန္တရာယ်ပြုသည်ထက် သွေးညှီနံ့ရသောကြောင့် သားကောင်ကို အချောင်ရချင်၏။ ဝက်ဝံမှာမူကား တွေ့သမျှမရှောင်သောကြောင့် နှစ်ယောက်သား ပစ်ခတ်ဗိုလ်ယူလိုက်ရခြင်း ဖြစ်ပါသည်။

ချောက်ထဲကျသွားသော ကျားမှာ သေလား ရှင်လားတော့မသိ။ မသေသော်လည်း ဒဏ်ရာတော့ ရကောင်းရရှိနိုင်မည်သာ။ ဝက်ဝံကြီးမှာတော့ ဘယ်လိုပဲတွေးတွေး မှန်ထားသောဒဏ်ရာဖြင့်ပင် သေပါမည်။ တစ်ဖန် ကျသွားသောအရှိန်ထက် ကြီးမားလွန်းသော ကိုယ်ခန္ဓာပိုင်ရှင်ကြီးသည် ကျားကဲ့သို့ ခုန်ပျံနိုင်စွမ်းအားရှင် မဟုတ်သည့်အတွက် ကျတာနှင့်ပင် သေစေနိုင်၏။ သို့သော်လည်း ရင်ဘတ်ရှိလခြမ်းပုံအဖြူကွက်ထဲမှ တိုးဝင်ဖောက်ထွက်သွားသော မြားပမာ ယမ်းထိုးသံချောင်းကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



အနောက်ကျောသို့ပင် ပေါက်လျက် တန်းလန်းကြီးကြောင့် အသက်သေသွားပါပြီ။ ဝက်ဝံကြီး၏ အသက်မှာ အောက်သို့မရောက်မီမှာပင် သေချင်သေနေမည်။

'ဇော်တန်'

'အေး'

'ရော့… ယမ်းထောင်း၊ မြန်မြန်ထောင်း'

'အေးပါ… မင်းထောင်းပြီးပြီလား'

'အေး… ထောင်းပြီးပြီ'

ဇော်တန်သည် ဇော်တူးထံမှ ပြောင်းထည့်ယမ်းနှင့် ခဲသီး၊ သံခဲသံလုံးများ ထည့်သွင်းထောင်းနေပါသည်။ မြန်မြန်ထောင်းရင်း ဇော်တူးအား လှမ်းကြည့်လိုက်သောအခါ ဇော်တူး ဘာတွေစဉ်းစားနေသည်မသိ။ ဘာတွေ တွေးနေသည် မသိတော့။

'ရော့ ပြီးပြီ၊ သွားစို့'

'ဇော်တန်'

'အေး'

'တို့ ရွာအရောက်ပြန်လို့မဖြစ်တော့ဘူးကွ'

'အေး… ဟုတ်တယ်၊ တောင်ယာဘက် လှည့်ဆင်းရအောင်လေ'

'အေး… ကောင်းသားပဲ'

'ကဲ… သွားစို့ကွာ'

'ဇော်တူ… ငါထမ်းမယ်'

'အေး… အေး'

ညီအစ်ကိုနှစ်ယောက် ရွာသို့အရောက်ပြန်ရန် မဖြစ်တော့ပါ။ သားကောင်မပါလျှင်တော့ ဖြစ်သည်။ သားကောင်နှင့်ဆိုပါက လမ်းတွင် မတွေ့ရပါ။ ယခုကဲ့သို့ ကျားနှင့်တွေ့ပါက ပိုဆိုးတော့မည်ဖြစ်၍ ညီအစ်ကိုနှစ်ယောက် စိတ်တူသဘောတူဖြင့် တောင်ယာရှိသည့် ရွာပြန်လမ်းမဟုတ်သော တောင်ယာလမ်းဘက်သို့ ကွေ့ဆင်းခဲ့ပါသည်။

ကချင်တောင်ယာတဲဝိုင်းလိုလို ညအိပ်သော တောင်ယာဟူ၍မရှိ





ပါ။ မိုးချုပ်သည်နှင့် ပြန်ကြသည်။ ရွာသို့ရောက်သည်နှင့် မိုးချုပ်ပါပြီ။ သို့အတွက် ဇော်တူးနှင့် ဇော်တန်သည် သူတို့ရွာသားမာဂမ်၏ တောင်ယာတဲသို့ ဝင်လိုက်သည်။

တောင်ယာတဲဝယ် စားစရာရှာသောအခါ ပိန်းဥတွေတွေ့၍ ပိန်းဥတွေမီးဖုတ်ပြီး ဆားနှင့် စားလိုက်သည်။ ကချင်တောင်ယာတွေဝယ် ပိန်းဥ၊ ဖရုံသီးတွေရှိသလို ကြပ်စင်ပေါ်ဝယ် အမြဲရှိနေသည်မှာ ဆားထုပ်၊ နှစ်ယောက်သား ဆာဆာနှင့် ပိန်းဥတွေ တော်တော်များများ မီးဖုတ်စားပြီးနောက် မောမောနှင့်အိပ်မည်အပြု။

'ဇော်တန် မင်း အရင်အိပ်လေ'

'မင်း အိပ်ပါ'

'အိပ်… အိပ်… ငါစောင့်မယ်၊ ငါအိပ်ချင်ရင် နှိုးမယ်နော်'

'အေး'

ဇော်တန်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါပြီ။ ဇော်တန်အိပ်၍ တစ်နာရီခန့်အကြာတွင် ဇော်တူး မျက်လုံးပြူးသွားသည်။ အကြောင်းမှာ တဲပေါက်ဝယ် အကောင်ကြီးတစ်ကောင်သည် သူတို့အားစိုက်ကြည့်နေ၏။

'ဇော်တန်… ဇော်တန်'

'ဟင်'

'ထ… ထစမ်း… ဟိုမှာ ဘာကောင်ကြီးလဲမသိဘူး'

'ဟင် ဘယ်မှာလဲ'

'ဟိုမှာ… ဟိုမှာ'

'အေး… ဘာကောင်ကြီးလဲ'

ဇော်တူးသည် ထိုအကောင်ကြီးအား သူ၏တူမီးသေနတ်ပြောင်းကြီးဖြင့် ချိန်ထားလိုက်သည်။ ထိုအကောင်ကြီးသည်လည်း တဲထဲသို့မဝင်ဘဲ သူတို့အား စိုက်ကြည့်နေသည်။ ဘာသံမျှလည်း မကြားရ။ အသံမကြားဘဲနေရာမှ နောက်သို့ပြန်ဆုတ်ရင်း နောက်လှည့်လိုက်သည်တွင်

'ဟာ… ဝက်ဝံကြီးကွ'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ဝက်ဝံကြီးအစစ်ပဲ'

'မင်းပစ်ထားတဲ့ ဝက်ဝံကြီးကွ'

ထိုဝက်ဝံကြီးသည် တစ်လှမ်းချင်း မတ်တတ်ရပ်၍ အောက်ဘက်သို့ ဆင်းသွားနေပါ၏။ ဇော်တူးနှင့် ဇော်တန်လည်း မပစ်ပါ။ သူတို့ပစ်ခဲ့သော ဝက်ဝံကြီးမသေဘဲ သူတို့ထံသို့ရောက်လာသည့်အတွက် အံ့ဩရင်းကျန်ခဲ့ပါပြီ။

ဇော်တူးနှင့်ဇော်တန် ညီအစ်ကိုနှစ်ယောက် မျက်စိကြောင်သွားပါပြီ။ ဒါမဖြစ်နိုင်ဟုလည်း တွေးမိသည်။ ဝက်ဝံကြီး သေကိုသေနေပြီးသားမို့ ဆက်စပ်မတွေးတတ်အောင် ဖြစ်နေစဉ်မှာပင် နောက်ထပ် ထူးခြားချက်တစ်ရပ်…

'ဝေါင်း… ဝေါင်း… ဝေါင်း'

'ဝေါင်း'

'ဟာ… ကျားကြီး ဇော်တူး'

'အေး… ကျားတော့ကျားပဲ'

'ဝေါင်း… ဝေါင်း'

ကျားကြီးသည် တဲထဲသို့တော့ မဝင်။ သို့သော် တဲကိုပတ်ပြီး ဟိန်းဟောက်နေသည်မှာ ကြောက်စရာ၊ ဇော်တူးသည် မီးကိုအရှိန်မြှင့်ပြီး မီးတောက်၏ အောက်မီးဖိုရာမှ မီးကျီးခဲကောင်းသော ထင်းစကြီးကောက်ကိုင်ပြီး…

'ဇော်တန် ငါ ကျားကြီးကို မီးတုတ်နဲ့ပစ်မယ်ကွာ'

'ဒါဆို ငါက သေနတ်နဲ့ချိန်ထားမယ်လေ'

'ကောင်းတယ်'

ဇော်တူးသည် ပြောပြောဆိုဆို မီးတုတ်ယူပြီး တဲဝအရောက် ကျားကြီးသည်လည်း တဲပေါက်ဘက်အလှည့် ဇော်တူး၏ ပစ်ခတ်မှု မီးကျီးခဲကြီးနှင့် ထင်းစကြီးမှာ ကျားနှင့်တစ်ပေမျှ အကွာသို့ရောက်သည်တွင်

'ဝေါင်း'

'ဝုန်း'





'ဝေါင်း'

'ဝေါင်း'

ကျားကြီး ကြောက်အားလန့်အားဖြင့် အခင်းတဲ၏အနောက်ဘက် တောင်စောင်းပေါ်သို့ ပြေးတက်သွားလေပြီ။ ဇော်တူးနှင့်ဇော်တန် ညီအစ်ကိုနှစ်ယောက်အဖို့ ထူးခြားသော ကျားကြီးနှင့် ထူးဆန်းသော ဝက်ဝံကြီးတွေ၏ အဖြစ်ကို မိုးလင်းသည်အထိ တွေးမရတော့။

'ဇော်တူး မိုးလင်းပြီ၊ ပြန်ကြစို့'

'အေး… ပြန်တာပေါ့'

ဇော်တူး ညက ပစ်ပေါက်ခဲ့သော ထင်းစမှာ ပြာကျနေပါပြီ။ ကျားခြေရာတွ တွေ့သကဲ့သို့ ဝက်ဝံကြီး၏ခြေရာအပြင် သွေးစက်တွေပါ တွေ့ရသည်။ သို့သော် သွေးအစစ်လား၊ ဝက်ဝံအစစ်လားတော့ မသိပါ။ ဆက်လည်း မတွေးချင်တော့။

'ဇော်တူး… ပြန်မယ်'

'အေး'

ဇော်တန် တောင်ဆိတ်အား ထမ်းပြီး ဇော်တူးနောက်သို့ ထပ်ချပ်မကွာလိုက်ရင်း သူ့စိတ်ထဲမှာ ဇော်တူးကဲ့သို့ပင် အမြင်မကြည်သည့် တောထဲက ကျားနှင့်ဝက်ဝံကြီး၊ ကျားသည် နောက်တစ်ကောင်ဖြစ်မည်ဟု တွေးမိပါသော်လည်း သူပစ်ရန် သူ၏တူမီးပြောင်းထိုးတံ တန်းလန်းနှင့် ဝက်ဝံကြီးအား မျက်စိထဲမှ မထွက်ပါ။ မြင်ယောင်နေဆဲပင်။

'ဇော်တူး'

'ဟင်'

'ဝက်ဝံကြီး'

'ဘယ်မှာလဲ'

'မဟုတ်ပါဘူး၊ ညကတွေ့တဲ့ ဝက်ဝံကြီးဟာ ဝက်ဝံအစစ်ပါနော်'

'မသိပါဘူးကွာ၊ မှဆိုးပစ်တဲ့ဝက်ဝံလို့ပဲ သဘောထားလိုက်တော့'

'အေးလေ… တို့ဘယ်လောက်ဒုက္ခရောက်ရောက်၊ အဘွား(အမေ)အတွက် တောင်ဆိတ်ရတာ ကျေနပ်တယ်ကွာ'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်… ဟုတ်တယ်… မိဘအတွက်မို့ ဘယ်အခက်အခဲမဆို ကျော်လွှားနိုင်တယ်ဆိုတာ လက်တွေ့ပဲ ဇော်တန်'

'အင်း…'

ဇော်တန်သည် လေးလေးပင်ပင်အင်းချရင်း စိတ်ထဲမှာ တွေးလိုက်မိသည်။ မုဆိုးပစ်တဲ့ ဝက်ဝံလား၊ ဒါမှမဟုတ် အသက်လုပွဲလား၊ တကယ်တော့ အသက်လုပွဲပင်ဖြစ်ကြောင်းနှင့် တောင်ဆိတ်ထမ်းပြီး အဝှားထဲ အရောက်လှမ်းနေသော ခြေတို့ ပိုမို သွက်လက်လျက်ဖြစ်နေပါတော့သည်။

○ ○ ○



# ငှက်သတ်မုဆိုး

'ဟော့… ညီလေးကျော်မင်း'

'ဗျာ… အစ်ကို ကိုစိုးတင့်ကြီး၊ ကားသိမ်းခဲ့ပြီလား'

'အေး… ဒီနေ့ စောစောသိမ်းတယ်လေ'

'မှန်လာပြီလား'

ကိုစိုးတင့်သည် (၈)လမ်းတွင်နေသူ၊ ကျွန်တော်က သုံးလမ်း၊ တစ်ရပ်ကွက်တည်းနေသောကြောင့် ခင်မင်နေသည့်အပြင် ကျွန်တော်တို့ ဘောလုံးကန်သည့်အခါ အမြဲလိုလို လိုက်ပါအားပေးတတ်၏။ ကျွန်တော် ရုံးပိတ်ရက်၊ ကိုစိုးတင့် ကားမထွက်သည့်ရက်နှင့် အမြဲတိုက်ဆိုင်ပါသည်။ ကိုစိုးတင့်တွင် ဇနီးသည် မကျင်မေနှင့် သမီးငယ်နှစ်ယောက် ရှိပါ၏။ သမီးလေး မမေတင့်နှင့် မဆွေတင့်တို့မှာ မအေကညို့ပြီးချော၏။ သမီးတလေးတွေက ဖအေတူ၍ ဖြူ၍ချော၏။ နှစ်ယောက်စလုံး ကျောင်းနေကြပြီ။ မကျင်မေမှာလည်း ကျောင်းနှင့်အိမ် ကပ်နေသည့်အတွက် ကျောင်းရှေ့ အိမ်ရှေ့တွင် အသုပ်ရောင်း၏။ လက်ရာကောင်းကောင်း သန့်သန့်ပြန့်ပြန့် ရှိသည့်အပြင် အပြောလည်း ကောင်းသဖြင့် လက်မလည်အောင် ရောင်းရသော ဆိုင်ကလေး။


www.burmeseclassic.com

www.burmeseclassic.com

သို့သော် အခြတ်အစွန်းတွက်ပါက အိမ်စရိတ်ပင် အနိုင်နိုင်၊ ဝိုဝိုသာသာဆေးဖာတ်၊ သနားတတ်သောကြောင့် ကလေးတွေ၏ မိခင်ကျောင်းသား ကျောင်းသူလေးတွေ၏ ချစ်ခင်သော၊ တချို့ဆိုလျှင် မေမေဟု ခေါ်ကြသည်အထိ ညာစားခြင်းမဟုတ်သော်လည်း အပျော့ဆွဲတတ်သော ကလေးတွေလည်းရှိကြ၏။

ကိုစိုးတင့်မှာ ကားနောက်လိုက်ဖြစ်သလို အတန်းပညာလည်း အလွန်နည်း၍ ရေးတတ်ဖတ်တတ်ရုံပင် အနိုင်နိုင်၊ သဘောကတော့ကောင်း၏။ သို့သော် မိုးချုပ် ကားသိမ်းသည်နှင့် အရက်ဆိုင်ကို ယာဉ်မောင်းတွေ နောက်လိုက်တွေနှင့် စားကြ၊ သောက်ကြ၊ အိမ်အတွက်ဝယ်ကြပြီးမှ ပြန်ကြ၊ လမ်းခွဲကြခြင်းအလုပ်သည် နေ့စဉ်အလုပ်ဖြစ်သဖြင့် ကားနားရက်တနင်္ဂနွေ၊ တစ်ခါတစ်ရံ စနေနေ့ပါနားသည့်အခါ ကိုစိုးတင့် အရက်ဆိုင်ရောက်လာတတ်ပါသည်။ တစ်ခါတလေလည်း အိမ်သို့ဝယ်ပြီး သောက်လေ့သောက်ထရှိတယ်။

ကိုစိုးတင့်မှာ အရက်သောက်သော်လည်း စကားမများပါ။ စိတ်ရှည်၏၊ သီးခံ၏၊ တစ်လမ်းလုံး တစ်ရပ်ကွက်လုံးနှင့် ခင်မင်သူ။

'ပုံမှန်ပေါ့ ညီလေးရဲ့၊ မင်း မနက်ဖြန်စောစော လိုက်ခဲ့ပါလား'

'ဗျာ...'

'ငါနဲ့လိုက်ခဲ့ပါကွ၊ တစ်ခါမှမလိုက်ဘူး၊ ခေါ်ရတဲ့သူတောင် အားမနာဘူးပေါ့'

'မဟုတ်ပါဘူးဗျာ၊ ဘောလုံးကန်သွားမလို့'

'အိုကွာ... ညနေပိုင်းမှသွားပါ၊ ငါလိုက်ခဲ့မှာပေါ့၊ ဒီတစ်ခါတော့ ဆတ်ဆက်လာခဲ့ပါကွ၊ ငါ အိမ်က စောင့်နေမယ်'

ကျွန်တော် စဉ်းစားနေမိသည်။ ကိုစိုးတင့်မှာ ကျွန်တော့်ကို တော်တော်ခင်သည်။ သူ၏ငှက်ထောင်တတ်သည့်ပညာကို ပြချင်သည်ဟုလည်း ပြောပြဖူးပါသည်။ ကျွန်တော့်မှာ ငယ်ငယ်ကတည်းက မုဆိုးအကြောင်း ဝါသနာပါသူ၊ မုဆိုးဝတ္ထုတွေကို နှစ်သက်သူဖြစ်သော်လည်း ကိုစိုးတင့် လုပ်ငန်းကိုတော့ သိပ်ဝါသနာမပါလှ။ မလိုက်ချင်ပါ။ သို့ပါသော်လည်း





အတင်းအကြပ် ခေါ်နေသည့်အတွက် မြန်မာလူမျိုးပီပီ အားနာတတ်သော လူမှုရေးတစ်ခုကြောင့်ပင် ခေါင်းညိတ်လိုက်ပါသည်။

'ကောင်းပါပြီ အစ်ကိုရာ၊ ကျွန်တော် လိုက်ပါ့မယ်'

'ဝမ်းသာတယ်ကွာ'

'ကျွန်တော် ဘယ်အချိန်လာခဲ့ရမလဲ'

'ငါ့အိမ်ကို ငါးနာရီအရောက်လာခဲ့၊ ဒါမှ ငါ့ရဲ့လုပ်ငန်းလေးတွေ လက်တွေ့ပြမယ်၊ ညီလေး သိသွားတာပေါ့'

'ဟုတ်ကဲ့ပါ'

'ဝမ်းသာလိုက်တာကွာ၊ ကဲ... အစ်ကိုပြန်မယ်၊ ကလေးတွေ အတွက် ခေါက်ဆွဲဝယ်လာတယ်၊ ဟော်.... ဟော့.. ကလေး လက်ဖက် ရည်ဖိုးရော့'

'ဟာ... အစ်ကို နေပါစေ၊ နေပါစေ'

'မရဘူး၊ ဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့ အစ်ကိုပဲပေးပါရစေ၊ ဟော်... ညီလေး မောင်ကျော်မင်း လာခဲ့နော်၊ အစ်ကို စောင့်နေမယ်'

'စိတ်ချပါ အစ်ကို၊ ကျွန်တော် လာခဲ့ပါ့မယ်'

'သွားပြီ ညီလေး'

'ဟုတ်ကဲ့... ဟုတ်ကဲ့ပါ အစ်ကို'

ကျွန်တော်သည် ကိုစိုးတင့်၏ နောက်ကျောအား ကြည့်ရင်း ကျန်ခဲ့ပါပြီ။ ကိုစိုးတင့်မှာ ငှက်ထောင်သည့်အလုပ်ကို အခါခါခေါ်ဖူးသော်လည်း ကျွန်တော် မလိုက်ခဲ့။ ဒီတစ်ခါတော့ မလိုက်ချင်လည်း လိုက်ပါ့မယ်ဟု ကတိပေးလိုက်သည့်အတွက် ဝမ်းသာသော အပြုံးတွေဖြင့် သွက်သွက်လက်လက် ပြန်သွားရှာပါပြီ။

နောက်နေ့မနက် စောစော အိပ်ရာထပြီး ကိုစိုးတင့်တို့ အိမ်သို့ ရောက်တော့ ကိုစိုးတင့် အသင့်စောင့်နေသည်။ ကျွန်တော့်အား မြင်သည်နှင့် ဝမ်းသာအားရ ကြိုဆိုပြီးနောက်

'လာ... ညီလေး၊ ငှက်ထောင်တဲ့အလုပ်ရဲ့၊ ပထမပြင်ဆင်မှုတွေ လက်တွေ့ပြရမယ်။ ငါ့ညီလေး သိရတာပေါ့'


www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

'ကိုစိုးတင့်သည် ငါးခုံးမအကောင်သေးသေးလေးတွေအား သူ၏ ဧနီးမကျင်မေမှ ဝယ်ပေးထားသဖြင့် မနေ့ညနေ ငါးဖြစ်၍ အနည်းငယ် အနံ့ထွက်နေ၏။ ထိုငါးလေးတွေအား ငှက်ပျောဖက်ပေါ်တွင်ချပြီးနောက်

'ညီလေး… ဒါက ပေါ်တက်လို့ခေါ်တယ်'

'ဗျာ… ပေါ်တက်'

'ဟုတ်တယ်'

ကိုစိုးတင့် ပြောရင်း ပြသသည့်အတွက် ဆားကြမ်းခဲပမာ ပေါ်တက်အတုံးကို ခွဲထားသည့် အခဲငယ်ငယ်လေးတွေအား ဓာဂနာလေး ဖြင့် တစ်တုံးစီယူကာ စောစောကချထားသည့် ငါးခုံးမလေးတွေ၏ ပါး ဟက်ကိုဟပြီး ထိုပေါ်တက်အတုံးငယ်ငယ်လေးတွ ထည့်နေပါပြီ။ ထည့် ပြီးသော ငါးလေးတွေသပ်သပ်ထားရင်း မထည့်ရသေးသောငါးလေးတွေ ထဲသို့ ထည့်ပြန်သည်။ အားလုံးပြီးတော့ ကျွန်တော်က မေးလိုက်သည်။

'အစ်ကို ဒီပေါ်တက်ဆိုတာ ဘာလဲဟင်'

'ဩော်… ပေါ်တက်ဆုတာ ပေါ်တက်ပေါ့ကွ၊ သူ့ကို ရွှေယန်းတိမ် တို့ ကြေးပန်းတိမ်တို့မှာသုံးတယ်၊ ငါသိသလောက်ကတော့ ရျေးချွတ်တဲ့ နေရာမှာသုံးတာပေါ့၊ သူက ပြင်းတယ်ကွ၊ အဆိပ်ပေါ့ညီလေးရာ၊ စားမိရင် သေတာပဲ'

'မလွယ်ပါလား အစ်ကို'

'အေး… မလွယ်တဲ့အရာကို လွယ်အောင်သုံးတတ်ရင် လွယ်ပါ တယ် ညီလေးရ၊ ဒါဟာ ပညာပဲ'

'ကဲ… သွားကြစို့'

ကျွန်တော်တို့နှစ်ယောက် သူတို့အိမ်မှထွက်ပြီး လမ်းထိပ်လက် ဖက်ရည်ဆိုင်တွင် အီကြာကွေးနှင့် လက်ဖက်ရည်သောက်ပြီး ခပ်သွက် သွက်ကလေး ထွက်ခဲ့ပါသည်။

ကျွန်တော်တို့သွားသည့်နေရာမှာ ယခု ဝေဘာဂီမြို့သစ်နေရာ ထိုအချိန်မှာ ၁၉၆၀ ခုနှစ်ခန့်ကဖြစ်ပြီး ဝေဘာဂီမြို့သစ်မဖြစ်မီ လယ်ကွင်း





တွေအပြင် ထိန်ပင်တန်းနားတွင်ရှိသော ချောင်းရိုးကလေးတွင် ကိုစိုးတင့် ၏လုပ်ငန်း စပါပြီ။

'ညီလေး အပေါ်ကနေသာကြည့်၊ အစ်ကို လုပ်ငန်းစတော့မယ်၊ ရွှံ့ထဲဆင်းမယ်'

'ကျွန်တော်ပါလိုက်မယ်လေ'

'မလိုက်ပါနဲ့ကွ'

'အစ်ကိုရာ ဒါမှလက်တွေ့သိရမှာပေါ့'

'ဟား… ဟား… ဟား… ဟား… ဟုတ်သားပဲ၊ ကဲ… လာ'

နှစ်ယောက်သား ချောင်းရိုးရေစပ်သို့ရောက်သောအခါဝယ် ကိုစိုး တင့်သည် ငှက်ပျောဖက်နှင့်ထုပ်ထားသော ပေါ်တက်ထည့်ထားသည့် ငါးပုတ်ကလေးတွေ တစ်ကောင်စီအား ချောင်းရိုးလေးဘေးတွင်ရှိသော ရွှံ့မမာတမာဝယ် တန်းစီပြီး အကောင်နှစ်ဆယ်ခန့်ချပြီးနောက် ကုန်းပေါ် ပြန်တက်ရင်း ဟိုဟိုဒီဒီ ကြည့်လိုက်ရာ ဖျိုင်းအုပ်တစ်အုပ်သည် ကျွန်တော် တို့နှင့် ပေငါးရာခြောက်ရာခန့် ချောင်းရိုးဘေးမှာ တွေ့ရပါသည်။

'ညီလေး'

'ဗျာ'

'ဟော ဟိုမှာ ဖျိုင်းအုပ်တွေ့လား'

'တွေ့တယ် အစ်ကို'

'လာ… အဲဒီဖျိုင်းတွေကို နောက်ဘက်ကနေ သွားခြောက် မယ်၊ လာ သွားစို့'

'ဟုတ်ကဲ့'

ကျွန်တော့်မှာ ကိုစိုးတင့် ဘာတွေလုပ်နေမှန်းမသိ။ သူပြောတော့ ပညာတဲ့၊ သူ့ပညာအတွက် သူပြောသမျှ သူပြသမျှ လိုက်လုပ်နေရပါသည်။

နှစ်ယောက်သား ဖျိုင်းအုပ်မတွေ့ရန် ချောင်းရိုးဘေးရှိ မြက်ရိုင်း နှင့် အပင်ချုံငယ်တွေဘေး ခါးကုန်းလျက် သွားရပါသည်။ ကိုစိုးတင့် သည် ဖျိုင်းအုပ်များအရောက် ချုံလေးတွေနှင့် မြက်ရိုင်းပင်တွေအကြားမှ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းမြောင်းကြည့်လိုက်သည်။

'ညီလေး… လာ၊ နည်းနည်းအောက်ဘက် ဆက်သွားမယ်'

'ဟုတ်ကဲ့'

ပေလေးဆယ်ခန့်အရောက်တွင် ကဲ…၊ ဖျိုင်းခြောက်မယ်ဆိုကာ ကိုစိုးတင့် မတ်တတ်ရပ်ကာ လက်ခုပ်တီးလိုက်သည်တွင် စောစောက ရေစပ်တွင် အစာရှာနေသော ဖျိုင်းအုပ်သည် လန့်ပြီးထပျံကာလူရိပ်တွေ့၍ အထက်ဘက်သို့ ထပျံကြသည်။ ထိုဖျိုင်းအုပ်မှာ ချောင်းလေးတွေ တွေ့သွားကြသည်ထွင် လူနှင့်လည်းဝေး၍ သူတို့၏အစာအတွက် အငမ်းမရ အုပ်လိုက်ဆင်းကြပါပြီ။

'ညီလေး… ဟိုမှာ ဟိုမှာ အုပ်လိုက်ဆင်းသွားပြီကွ'

'ဒီကနေလာကြည့်၊ ဒါမှမြင်ရမှာ'

'ဟုတ်ကဲ့'

မှန်ပါသည်။ ဖျိုင်းအုပ်မှာ အကောင်သုံးဆယ်မျှဖြစ်ပြီးနောက် သူတို့၏အစာ ငါးတွေတွေ့သောကြောင့် အလုအယက်ဆင်းကာ ငါးတွေ ကောက်စားကြပါပြီ။ ကျွန်တော်တို့နှစ်ယောက် ကောင်းစွာတွေ့မြင်နေ သလိုမျိုး အုပ်လိုက် တစ်ကောင်နှင့်တစ်ကောင် အလုအယက်ပင် လုစားနေကြစဉ် ကျွန်တော်လည်း ငေးကြည့်နေမိ၏။

'ကဲ…၊ လာ ညီလေး သွားစို့'

'ဗျာ'

'လာ…၊ ဖျိုင်းသွားကောက်မယ်'

ကျွန်တော် ဘာမျှမပြောတတ်၊ ကျွန်တော် မြင်တွေ့ရသည်မှာ ဖျိုင်းငှက်အုပ်သည် ငါးတွေအလုအယက် ကောက်ကြကာ မျိုချကြ၊ မျိုချပြီး ရေစပ်ဆင်း၍ ရေသောက်သည်ကို တွေ့ရပြီးနောက်ဝယ် ရေစပ်ရှိနံ့တွေမှာပင် တဖြတ်ဖြတ် လူးလိမ့်ခုန်ပေါက်ကာ သေကြပါပြီ။ ငါးအကောင်နှစ်ဆယ်အနက် ဖျိုင်းလေးကောင် သေသွားပါပြီ။ ကျွန်တော် တအံ့တသြဖြစ်ရင်း စိတ်ထဲမကောင်းပါ၊ သနားနေမိသည်။

'တွေ့တယ် မဟုတ်လား၊ လွယ်လွယ်လေးပါကွ၊ အဲဒါ ပညာရပ်





တစ်ခုလေ၊ လာ… လာ ညီလေး'

ကျွန်တော်သည် ကြောက်လန့်တုန်လှုပ်သွားမိသော်လည်း ဘာမျှ မပြောတော့ပါ။ သူ၏နောက်လိုက်ပီပီ နောက်ကပဲလိုက်ခဲ့ပါ၏။ သူလုပ်သမျှ သူ့ပညာတဲ့၊ ပညာရပ်တစ်ခုတဲ့၊ အမှန်တော့ ထိုပညာရပ်အား ကျွန်တော်မသင်လိုပါ၊ မတတ်ချင်ပါ၊ ဒီပညာမျိုးတော့ ကျွန်တော် မကြိုက် မနှစ်သက်သည်မှာ အမှန်ပင်ဖြစ်ပါ၏။ ထိုပညာအား ကျွန်တော့်တစ်သက် ဘယ်သောအခါမျှ မကြံရွယ်ဟု ဆုတောင်းရင်း သစ္စာဆိုမိပါသည်။

မုဆိုးဝတ္ထုတွေထဲတွင် ပစ်ခတ်ဖမ်းဆီးရမှုကိုတော့ ဝါသနာအလျောက် လုပ်ကြသည်။ ဖတ်ရသည်၊ ဝါသနာပါမိသော်လည်း ဤမျှ ရက်စက်မှုအလုပ်တော့ ကျွန်တော် အကြောက်ရွံ့ဆုံးဟုလည်း ကိုယ့်စိတ်ကိုယ်တွေးပြီး စိတ်ထဲလည်းမသန့်၊ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လိုက်ခဲ့ရသည်။

'ညီလေး'

'ဗျာ'

'တွေ့လား… ဘယ်နှစ်ကောင်လဲ'

'အင်း… တစ်၊ နှစ်၊ သုံး… အားလုံးဆယ့်လေးကောင်ပါ အစ်ကို'

ကျွန်တော် မရေတွက်ချင်ပါ။ သူ့အလိုလိုက် သူ့အကြိုက်ဆောင်ရသော်လည်း ကျွန်တော် စိတ်မပါတော့။ နောက် ဘယ်တော့မှ မလိုက်တော့ပါ။ ကြိုက်သလောက်ခေါ်လည်း မလိုက်ရေးချ မလိုက်ဟု ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာချနေစဉ် ကိုစိုးတင့်သည် ဖျိုင်းဆယ့်လေးကောင်အား လိုက်ကောက်ရင်းမှ ကုန်းပေါ်အရောက်တွင်…

'ဒီမှာကြည့် ညီလေး၊ ဟောဒီလို လုပ်ရတယ်'

'ဟုတ်ကဲ့'

ကျွန်တော် ဘာကြောင့်မှန်းမသိ၊ ဟုတ်ကဲ့ဟု အလိုက်သင့်ထွက်ရင်း သူလုပ်သမျှ ကြည့်နေစဉ် ကိုစိုးတင့်မှာ လွယ်အိတ်ကြီးထဲမှ [illegible] ထက်သော ဓားမြှောင်ထုတ်၍ ဖျိုင်းတွေဗိုက်ခွဲ၏။ ထိုဗိုက်ထဲမှ [illegible]



www.burmeseclassic.com

www.burmeseclassic.com



နှင့်အူတွေ၊ ဖျိုင်း၏စလုပ်အပြင် လည်ချောင်းတို့ကိုပါ လျှင်လျှင်မြန်မြန် ခွဲ၍ အကုန်နှုတ်လိုက်၏။ ဖျိုင်းတစ်ကောင်လုံး အသည်းမှ လွဲ၍ ဝမ်းတွင်း သားတွေမရှိတော့။

'ဒါတွေ ဘာဖြစ်လို့ နှုတ်ရတာလဲ သိလား'

'မသိဘူးလေ'

'ဒီအူတွေထဲမှာ စာစာေက ပေါ်တက်၊ အဆိပ်တွေရှိနေတယ်လေ၊ ရေသောက်တော့ ပိုဆိုးတာပေါ့၊ ပေါ်တက်က ရေနဲ့ပျံ့နှံ့ပြီး အစာအိမ်အထိ ပျံ့သွားတတ်တယ်၊ ဒါကြောင့် အူတွေအားလုံး နှုတ်ပစ်တော့ စားတဲ့လူအတွက် အန္တရာယ်ကင်းတာပေါ့ ညီလေးရဲ့'

ကျွန်တော် မျက်လုံးပြူးသွားမိပါသည်။ ကိုစိုးတင့်သည် အသားဖြူ၏၊ ရုပ်ဖြောင့်၏၊ သဘောလည်းကောင်းကာ လူမှုဆက်ဆံရေးတွင် သိမ်ခံစိတ်ဓာတ်ပြည့်ဝသူဟု ကျွန်တော်တို့ သိထားရပါသော်လည်း ယခုလို ဖျိုင်းငှက်တွေအတွက် အဆိပ်နှင့်ငါးမျှားပြီး သတ်ဖြတ်မှု၊ တစ်နည်းပြောရပါသော် ငှက်သတ်မုဆိုးကြီး၏ ရက်စက်မှုတွေ မြင်ရသည့် ကျွန်တော့်နှလုံးတွေ တုန်လှုပ်စေသည့်အပြင် ကျွန်တော့်အတွေးထဲသို့ တိုးဝင်လာသည့် အဖြစ်မှာ...

'ဩော်... ကိုစိုးတင့်၊ အစ်ကို စိုးတင့်၊ ရက်စက်လိုက်တာဗျာ၊ ငှက်တွေကိုအစာပြပြီး အဆိပ်နဲ့သတ်ရက်တယ်၊ အကောင်နှစ်ဆယ်ခန့်အုပ်မှာ ဆယ့်လေးကောင်သေတော့ သူ ပြုံးနေတယ်၊ ပျော်နေတယ်၊ သူ၏လုပ်ရပ် အောင်တယ်ဆိုပြီး အစ်ကိုစိုးတင့် ခင်ဗျား ဂုဏ်ယူနေတယ်ပေါ့နော်'

'အင်း... အဲဒီငှက်တွေသတ်ပြီး အစာစားမယ်လုပ်တော့ သူတို့တစ်တွေရဲ့ ဝမ်းဗိုက်ထဲမှာ အူထဲမှာရှိနိုင်တဲ့ အဆိပ်ပေါ်တက်တွေကျတော့ ထုတ်ပစ်တယ်၊ အစ်ကိုစိုးတင့်နဲ့ မိသားစု စားမိမှာစိုးလို့တဲ့လားဗျာ၊ ကိုယ့်ကျတော့ သေရမှာကြောက်လိုက်တာ အစ်ကိုရယ်'

ဟု စိတ်ထဲမှရေရွတ်ရင်း ရင်တွေတုန်လှုပ်၊ နှလုံးတွေခုန်နေပါသော်လည်း ကျွန်တော် ဘာမျှမတတ်နိုင်၊ လိုက်လာမိခဲ့သည်မှာ အမှားလား၊ မှားတာတော့ မှားပါတယ်။ သို့မဟုတ် ဤမျှရက်စက်မှုကို မသိနိုင်၊





သိရပြန်တော့လည်း စိတ်မကောင်း၊ စိတ်ကောင်းစရာလည်းမရှိ။

'ကဲ... ညီလေးတို့ထွက်လာတဲ့ အချိန်ဟာ ဘာမှမကြာဘူးနော်၊ အင်း... ခုကိုးနာရီဆိုတော့ သုံးနာရီလောက်ပဲ ကြာတယ်ကွ'

'ဟုတ်ကဲ့'

'ဟော... ဖျိုင်းဆယ့်လေးကောင်ရတယ် ညီလေး၊ ကုန်ကျစရိတ်လည်း မများပါဘူးကွ'

'ဟုတ်ကဲ့'

'ဟောဒီ ဖျိုင်အဖြူကိုးကောင်ဟာ ကျွဲစီးဖျိုင်းခေါ်တယ်။ ဒီဖျိုင်းတွေက အစားသိပ်ကြမ်းတာ ညီလေးရဲ့၊ ကျွဲတွေပေါ်စီးလို့ တချို့က ကျွဲစီးဖျိုင်းလို့ခေါ်ကြတယ်လေ'

'နောက်ပြီး ကျွဲတွေမှာတွယ်ထားတဲ့ မွှော့တွေ တွေ့လည်းဆွဲစားတာပဲ၊ ပိုးမွှားတွေလည်း စားတယ်ကွ၊ အစားကြမ်းတဲ့ဖျိုင်းပေါ့'

'ဒီကျောကုန်းမှာ အညိုရောင်တွေပါတဲ့ ဖျိုင်းကျတော့ ဖျိုင်းအောက်လို့ခေါ်တယ်၊ ဒီဖျိုင်းအောက်က မွှော့တွေတော့ မစားဘူး၊ သူက အသီးပေါ်တယ်၊ ဆူတယ်ပေါ့ ညီလေးရဲ့၊ ဖျိုင်းအောက်သားက ကျွဲစီးဖျိုင်းထက် ပိုစားလို့ကောင်းတယ်'

ကျွန်တော့်စိတ်တွေ မတည်မငြိမ်ဖြစ်နေရသည့်အထဲ ဖျိုင်းဋ္ဌိကာ လာဖွဲ့နေပြန်ပါပြီ။ သို့သော်လည်း ကျွန်တော် မှတ်သားထားပါ၏။ သူပြောသည့် ကျွဲစီးဖျိုင်းတွေနှင့် ဖျိုင်းအောက်တွေကြည့်ပြီး စိတ်မကောင်းလျက်နှင့် ကျွန်တော့်တစ်သက် ဖျိုင်းအမျိုးအစား ခွဲခြားသိရသော အသိတစ်ခုတော့ တိုးခဲ့ပါသည်။

ကျွန်တော်တို့ ပြန်ခဲ့ပါပြီ။ ကိုစိုးတင့်ကြီးက ရှေ့မှခြေသွက်နေသော်လည်း ကျွန်တော့်ခြေတွေ နွေယိုင်နေပါတယ်။ တောကိုလမ်းကြောင်းပေါ်ရောက်၍ ဖျိုင်းအုပ်တွေပေါ်သည့် ထိန်ပင်တန်းဘက်သို့ တစ်ချက်လှမ်းကြည့်ရင်း သက်မတစ်ချက် ချခဲ့မိသော ကျွန်တော့်အား

'ကဲ... ညီလေး ၊ အိမ်ဝင်ဦးမလား'

'မဝင်တော့ဘူး အစ်ကို၊ ပြန်တော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ရော့၊ ဒီဖျိုင်းအောက်သုံးကောင် ယူသွား၊ ကျွဲစီးဖျိုင်းကောယူမလား'

'အစ်ကို ကျွန်တော် မယူပါဘူး၊ အစ်ကိုပဲယူပါ၊ ကျွန်တော်သွားတော့မယ်'

'ဩော်… ဒါဆို ညနေအိမ်လာခဲ့၊ ဖျိုင်းကြော်နဲ့ အရက်မော့ကြတာပေါ့'

'အစ်ကိုကလည်း ကျွန်တော်မှ အရက်မသောက်တာ၊ ညနေကျွန်တော် နာဂလှိုဏ်ဂူသွားစရာရှိတယ်၊ ဦးလေးတစ်ယောက် နေမကောင်းတာ သွားကြည့်မလို့ပါ'

'ဩော်… အေး… အေး၊ မင်းအတွက် ပညာတစ်ခု တိုးသွားပြီပေါ့'

'ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်တော် သွားမယ် အစ်ကို'

'အေး… အေး… နောက်တစ်ပက် လိုက်ခဲ့ဦးပေါ့'

'ဟုတ်ကဲ့ပါ အစ်ကို'

ဟုတ်ကဲ့ဟု ပြောရသည်ကိုပင် ကျွန်တော် ဝန်လေးမိပါသည်။ နောက်တစ်ပတ်မပြောပါနှင့် ဘယ်တော့ ဘယ်တော့မှ မလိုက်လိုတော့။ စိတ်လည်းမကူးတော့ပါ။ ထိုတွေ့ရှိခဲ့ရသော စိတ်မကောင်းစရာ ဝေဒနာတွေကို ကျွန်တော် ကိုစိုးတင့်တို့ခြံထဲဝယ် အမြဲချိတ်ဆွဲထားခဲ့ပါပြီ။

ဤသို့ဖြင့် ကျွန်တော် အစ်ကို ကိုစိုးတင့်အား ရှောင်ရှားခဲ့ရင်း ကျွန်တော်လည်း တပ်မတော်ထဲရောက်ရှိပြီး ကချင်ပြည်နယ်ဝယ် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ သုံးနှစ်ခန့် ဗန်းမော်တွင်နေထိုင်ပြီး မင်္ဂလာဒုံသင်တန်းတစ်ခု လာရောက်တက်စဉ် ကျွန်တော် ကြားသိရသလောက်သတင်းဆိုးကြီးမှာ ကျွန်တော့်အစ်ကိုကြီးပြော၍ မယုံနိုင်စရာဖြစ်ရပါသည်။

ကိုစိုးတင့်တို့မိသားစုသည် ပုံမှန်ပင် စားသောက်နေထိုင်ရင်း ကိုစိုးတင့်သည် ဖျိုင်းထောင်၍ ရောင်းစားသည်အထိ ပိုဆိုးလာသည်။ ကားလည်း မလိုက်ရသောအခါ ဖျိုင်းထောင်သည့်အလုပ်ကို နေ့စဉ်လုပ်ရင်း ဖျိုင်းသားကြော်နှင့် အရက်နေ့စဉ် ဆက်နေသည်။





ကြာလာသောအခါ ကိုစိုးတင့်၏အသားအရေသည် မကောင်းတော့။ ဇနီးနှင့်သမီးလည်း ဖျိုင်းသားမုန်း၍ မစားကြသည်မှာ နှစ်ချီနေပါပြီ။ သို့အတွက် ဇနီးနှင့် ကိုစိုးတင့်တို့ သိပ်အဆင်မပြေကြတော့။ မကျင်မေသည် နောက်ဆုံးအဆင့် လင်တော်မောင်အား ပြောမရသည့်အဆုံး ကိုစိုးတင့်၏မိခင်ကြီး ဒေါ်လှမယ်နေထိုင်သည့် တွံတေးမြို့နယ်မလွှာသို့ အကြောင်းကြားရပါပြီ။

'ဟော… အမေပါလား'

'အေး… ဟဲ့… ကိုစိုး၊ ဘာလုပ်နေတာလဲ'

'ဟို… ဖျိုင်းထောင်မလို့ အမေ'

'ဘာ… ဖျိုင်းထောင်မလို့ ဟုတ်လား၊ ဒါဘာတွေလဲ'

'ဒါ ငါးလေးတွေနဲ့ ဆေးဝါးပေါ့'

'ကိုစိုး'

'ဟုတ်ကဲ့ အမေ'

'အမေ အသားမစားဘူး၊ နောက်ပြီး သီလဆောက်တည်နေလို့ ဒီနေ့ကစပြီး သား အမေရှိနေတုန်း လုံးဝ ရှောင်ရှားပေးပါနော်'

'ဗျာ'

'အမေ သားထံက အလှူခံတာပါသား'

'ဩော်… ဟုတ်… ဟုတ်ကဲ့ပါ အမေ'

'ဟော… သမီး၊ ဈေးရောင်းက ပြန်လာပြီပေါ့'

'မဟုတ်ဘူး အမေ၊ ဈေးသွားတာပါ၊ မနက်ဖြန်အတွက် လိုတာလေးတွေ သွားဝယ်တာ အမေ၊ အမေရောက်တာ ကြာပြီလား'

'အမေ ခုပဲရောက်တယ်'

မိခင်ကြီးအား ချစ်သော၊ ကြောက်သော ကိုစိုးတင့်သည် အမေရှိသည့်ရက် ငှက်မသတ်ရတော့ပါ။ ငှက်သတ်မှုဆိုး အရက်တော့ခိုးသောက်၏။ မိခင်ကြီးမှာ သိသော်လည်း မသိဟန်ဆောင်နေရာမှ နှစ်ရက်ခန့်အကြာတွင်

'ကိုစိုး'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ အမေ'

'အမေ့သားရဲ့ အသားအရေတွေ မကောင်းပါလား၊ ညိုညိုလာတယ်ထင်တယ်၊ အရက်ကြောင့်လား သားရယ်'

'ကျွန်တော့်အသားက ဒီလိုပါပဲ အမေ၊ အရက်လည်း ကျွန်တော် အရင်ကလို မသောက်တော့ပါဘူး'

'အမေတွေ့ဖူးတာ ပြောရဦးမယ်'

'ဟုတ်ကဲ့ အမေ'

'ရွာမှာ သောင်းစိန်တို့ ဗျိုင်းပစ်လာကြတယ်၊ သူတို့ ဗျိုင်းကို အမွေးနှုတ်နေတာ အမေမြင်တော့ ဗျိုင်းအသားအရောင်ဟာ ညိုတိုတို တွေ့ရတယ်၊ အင်း... အမေ့သားရဲ့ အသားအရောင် မြင်လို့ အမေ သတိရသွားတာ သားရဲ့'

'ဟုတ်ကဲ့၊ ကျွန်တော် နောက် ဗျိုင်းမထောင်တော့ပါဘူး'

'ဝမ်းသာလိုက်တာ သားရယ်'

မိခင်ကြီး ဒေါ်လှမယ် ရောက်သည့်နေ့မှစ၍ ဗျိုင်းထောင်သည့် ငှက်သတ်မှုဆိုး မလုပ်ဖြစ်တော့ပါ။ မိခင်ကြီးကို ကတိပေးခဲ့ပြီးမှတော့ ကတိတည်အောင် လုပ်ရမယ်၊ နေရမည်ဟု ဆုံးဖြတ်ခဲ့ပါသော်လည်း အရက်ကိုတော့ မသောက်၍မရ၊ အရင်ကလို တစ်နေကုန်တော့ မသောက်ပါ။ လျှော့သောက်ပါသော်လည်း မိခင်ကြီးက မကြိုက်သည့်အဆုံး မိခင်ကြီးပြန်စေချင်ပါပြီ။

'အမေ...'

'ပြော ကိုစိုး'

'အမေ ဘယ်တော့လောက်ပြန်မလဲ'

'သြော်... အမေ့သားက အမေ ပြန်စေချင်ပြီလား'

'မဟုတ်ပါဘူး အမေရယ်'

'အင်း... အိမ်ရှင်မနှင်ခင် ဧည့်သည်ဆိုတာ ပြန်ရမှာပေါ့သားရယ်၊ ငါ့သားလေး အမေ့ရှိနေလို့ အနေအထိုင် ခက်နေတာ အမေသိပါတယ်'





'ဟာ... အမေကလည်း မဟုတ်တာ၊ ကျွန်တော်က အမေပြန်ရင် ရွာလိုက်လည်မလားလို့ မေးမိတာပါ အမေရယ်'

ကိုစိုးတင့်တစ်ယောက် မှသားမပါ လက်ဘမချောဆိုသည့်အတိုင်း လိမ္မာပါးနပ်စွာ ပြောပါသော်လည်း မိခင်ကြီး မသိမဟုတ်၊ အကင်းလည်းပါး၊ တရားလည်းရှိနေသော မိခင်ကြီးသည် သားဖြစ်သူအား ကြည့်ပြီး စိတ်မကောင်း၊ မတတ်သာ၍ ခပ်ခွာခွာနေရပေဦးတော့မည် ဆုံးဖြတ်ကာ ရွာသို့ ပြန်ခဲ့ပါသည်။

သားဖြစ်သူ ကိုစိုးတင့်အား ဗျိုင်းဆိုသောငှက်တွေ မသတ်ပါနဲ့တော့၊ ဗျိုင်းသားတွေလည်း မစားပါနဲ့တော့၊ ဘယ်ငှက်ကိုမဆို ဘေးမဲ့လွှတ်ပေးပါ၊ သနားညှာတာပါ၊ စာနာစိတ်မွေးပါ၊ အရက်လည်း အရင်လို မသောက်ဘဲ အမေရှိနေသည့်ကာလကဲ့သို့ လျှော့သောက်ပါဟုသာ ဆုံးမ၏။ လုံးဝမသောက်ပါနှင့်ဟု မပြောတော့၊ သူ့သား၏မျက်နှာနှင့် အသားအရေအနေအထား သိရှိထားပြီးဖြစ်သောကြောင့် ဖွဲ့ညှာထောက်ထား သနားကြင်နာစွာဖြင့် နောက်ဆုံးအချိန်ကို စောင့်ရတော့မည်ဟူသော အသိတွေကြောင့် ခွင့်လွှတ်ခဲ့ရပါသည်။

ကိုစိုးတင့်တစ်ယောက် မိခင်ကြီးပြန်သွားသောအခါ အရက်ကို လုံးဝမသောက်တော့ဟု ဆုံးဖြတ်လိုက်ပါသော်လည်း ...နေဆိုနေနိုင်သည့် ကိုစိုးတင့် ညနေစောင်းလျှင် အရက်ကို သတိရသည်။ မိုက်ကျိုက် နေပါ၏။ တော်တော့ကို အခံရခက်လာသည်။ မတတ်နိုင် အနည်းငယ် သောက်မိတော့ သက်သာသလိုလို ဖြစ်ရသဖြင့် ဇနီးမကျင်မေသည် အရက်ဝယ်ပြီး အိမ်တွင် သောက်စေ၏။ ကိုစိုးတင့်သည် ဇနီးနှင့် သမီးလေးတွေ၏ သံယောဇဉ်ကို သိရလေ ပိုပြီးစိတ်မကောင်းဖြစ်ရသည့်အတွက် တစ်နေ့တွင် ဇနီးသည်မှ အရက်ဝယ်ရန်အတွက်

'မကျင်မေ ဘယ်သွားမလို့လဲ'

'ရှင့်အတွက် သွားပေးမလို့ပါ'

'ငါမသောက်ချင်ပါဘူးကွာ၊ မဝယ်ပါနဲ့'

'အို... ရှင်မသောက်ဘဲ မနေနိုင်တော့ နည်းနည်းပဲသောက်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com


သွားဝယ်မယ်လေ။

'မဝယ်နဲ့ကွာ'

မကျင်မေသည် စိတ်မကောင်းစွာဖြင့် လင်သားစကား အမြဲနားထောင်သူပီပီ မဝယ်တော့၊ နောက်နေ့ ဈေးရောင်းရန်အတွက် လုပ်ရပြန်သည်။ သမီးလေးတွေရောက်တော့ ဝိုင်းကူကြသည်ကို ကိုစိုးတင့်ကြည့်ရင်း စိတ်မကောင်း၊ သူ ဝိုင်းလုပ်ပေးသည်ကို မိသားစု ကျေကျေနပ်နပ် ရွှေရွှင်နေကြသည်။

ကိုစိုးတင့်သည် အိမ်ရှိအမှိုက်များ ရှင်းနေရာမှ သူဝယ်ထားသော ပေါ်တက်တွေ သွားတွေ့သည်။ ပေါ်တက်တွေတွေ့တော့ ဗျိုင်းထောင်ခဲ့သည့် ငှက်သတ်မုဆိုးဘဝကို သတိရမိကာ ပေါ်တက်တွေအား စိုက်ကြည့်နေစဉ် သူ၏အိမ်နောက်ဘက် မကျည်းပင်လေးပေါ်ဝယ် ငှက်တစ်ကောင်ကို တွေ့လိုက်ရသည်။

'ကွက်'

'ကွက်'

'ကွက်'

'ဟင်.. ဗျိုင်းသံပဲ'

ကိုစိုးတင့် အိမ်နောက်ဘက်ရှိဆယ်ပေမျှသာရှိသေးသော မကျည်းပင်ပေါ်ဝယ် ကျွဲစီးဗျိုင်းတစ်ကောင်သည် ထိုမကျည်းပင်ပေါ်မှ တကွက်ကွက်အော်နေသည်ကို တွေ့လိုက်ရသည်တွင် စဉ်းစားမိသည်မှာ ထိုကျွဲစီးဗျိုင်းသည် ဘယ့်အတွက်ကြောင့် လာအော်နေသနည်းဟု တွေးလိုက်ရင်းမှ...

'ကွက်'

'ကွက်'

'ကွက်'

ဗျိုင်းအော်သံမှာ တကွက်ကွက်ပင် ဖြစ်ပါသော်လည်း ကိုစိုးတင့်၏နားထဲဝယ် ထူးခြားလွန်းသော အသံဖြစ်နေသည့်အတွက် ထိုကျွဲစီးဗျိုင်းအား ထွက်ကြည့်လိုက်သည်။ သူထွက်ကြည့်နေသည်ကို မြင်တွေ့သော





ထိုဗျိုင်းသည် ထမပြန်ဘဲ သူ့ကိုကြည့်ရင်းမှပင်

'ကွက်... ကွက်'

'ကွက်'

'ကွက်'

ဟူ၍ ထပ်မံအော်ဟစ်နေပြန်ပါသည်။ ကိုစိုးတင့် စိတ်ထဲဝယ် တစ်မျိုးကြီးဖြစ်နေသော်လည်း သူကြားနေသော အသံမှာ ဗျိုင်းသံမဟုတ်တော့ပါ။ သူ့အကြားဝယ်

'ငစိုး'

'ငစိုး'

'လိုက်ခဲ့... လိုက်ခဲ့'

'ထိန်ပင်ကို ထိန်ပင်ကို'

'ဟာ... ငါ့ကို ခေါ်နေပါကလား။ ထိန်ပင်ကိုတဲ့... ထိန်ပင်... ထိန်ပင်'

ကိုစိုးတင့် ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်နေပါပြီ။ သူ၏လက်ထဲမှာ စက္ကူဖြင့်ထုတ်ထားသော ပေါ်တက်တွေအားကြည့်ရင်း ငါဘာလုပ်ရလေ၊ ဘာလုပ်ရမှာတုန်း'

'အို... လွှင့်ပစ်လိုက်၊ လွှင့်ပစ်မယ်'

ဟူသောအသံတွေ ထွက်ပြီး ပေါ်တက်ထုပ်အား အိမ်သာကျင်းထဲသို့ ပစ်ချလိုက်သည်။

ကိုစိုးတင့်လုပ်နေမှု၊ မကျည်းပင်ပေါ်မှ ဗျိုင်းတို့ကိုမြင်တွေ့နေရသော မကျင်မေသည် သူ့ခင်ပွန်း ကိုစိုးတင့် စိတ်ဖောက်လေပြီလားဟုတွေးပြီး စိုးရိမ်စိတ်တွေ ဖြစ်လာ၏။ သို့အတွက် အိမ်ပေါ်မှဆင်းကာ ကိုစိုးတင့်အနားရောက်တော့မှ မကျည်းပင်ပေါ်မှ ဗျိုင်းကလေးသည် ထပျံရင်း အသံထွက်ကာ အော်မြည်သွားရှာသည်ကို မကျင်မေနားနှင့် ဆတ်ဆတ်ကြားရသည်မှာ

'ငစိုး'

'ငစိုး'



www.burmeseclassic.com

www.burmeseclassic.com



'လိုက်ခဲ့… လိုက်ခဲ့'

'ထိန်ပင်ကို… ထိန်ပင်ကို'

မကျင်မေ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကိုစိုးတင့်အား လက်ဆောင်းကလေးဆွဲပြီးနောက် အိမ်ပေါ်တက်ရန် ခေါ်နေပါသည်။ ကိုစိုးတင့်သည် ထိုဖျိုင်းကလေး ပျံသွားမှုအား လိုက်လံကြည့်ရှုနေစဉ် မကျင်မေပါ ဖျိုင်းကိုကြည့်လိုက်သောအခါ ဖျိုင်းသည် သူ့အော်သွားသည့်အတိုင်းပင် ထိန်ပင်တန်းဘက်သို့ မှန်မှန်ပင် ပျံသွားနေကြောင်း နှစ်ယောက်စလုံးတွေ့လိုက်ရပါ၏။

'ကိုစိုးရယ်၊ အိမ်ပေါ်တက်ကြစို့'

'လာပါရှင်၊ အိမ်ပေါ်တက်မယ်'

'အင်း… ထိန်ပင်တဲ့ ထိန်ပင်'

'ဘာတွေပြောနေတာလဲ'

မကျင်မေ အိမ်ပေါ်သို့ ဆွဲတင်လိုက်၏။ အိမ်ပေါ်ရောက်သည်တွင် ကိုစိုးတင့်သည် ငူငူကြီးထိုင်နေရာမှ မောသလိုလို ရင်တွေကြပ်သလိုလိုဖြစ်နေရင်း အန်ချင်လာသည့်အတွက်

'မကျင်မေရယ်၊ ရင်တွေပူလိုက်တာကွာ၊ အန်လည်း အန်ချင်တယ်… ဟော့… ဟော့… ဟော့…'

'အို… ဟယ်… သွေးတွေ… သွေးတွေပါလား'

'ဟော… ဟော့… ဟူး… ဟူး… ဟူး'

'ကိုစိုး… ကိုစိုး… ဘယ်လိုနေလဲ၊ ဆေးရုံသွားရအောင်'

'မသွား… မသွားဘူး… ဆေးရုံမသွားဘူး'

'ရေ… ရေ… ရေပေးပါ၊ ရင်တွေပူလိုက်တာ အား'

'ရော့… ရော့… ရေသောက်လိုက်'

ကိုစိုးတင့် ရေတွေသောက်ပါသည်။ တစ်ခွက်လုံး ကုန်သွားအောင် မနားတမ်းသောက်နေသည်ကို တွေ့ရသော မကျင်မေ စိုးရိမ်မိသည်မှာ နောက်ထပ်သွေးတွေ အန်မည်ကို တွေးယူမိသည်။

'မကျင်မေ… ငါ… ငါ့ရင်တွေ ပူလိုက်တာ၊ အူတွေပြတ်ကျန်





ပြီထင်ပါရဲ့'

'အို… ဆေးရုံသွားရအောင် ကိုစိုးရယ်'

'ငါ… ငါသွားရမှာ ဆေးရုံမဟုတ်ဘူး၊ ထိန်… ထိန်ပင်'

'ရှင်…'

'အေး… ငါ… ငါ ထိန်ပင်… ထိန်ပင်ကိုသွားရတော့မယ်… ဟူး'

ကိုစိုးတင့်၏ နောက်ဆုံးစကားသည် ထိန်ပင်ဟု ပြောပြောဆိုဆို 'ဟူး'ဟူသော တစ်ချက်သောလေပူတွေနှင့် ထွက်ပေါ်လာသော ရင်ထဲမှ လှိုင်းပုတ်အန်ထွက်သံအဆုံး အသက်ပါ ပျောက်သွားရှာလေပြီ။

ကိုစိုးတင့်အဖြစ်ကို ပြောပြနေသော အစ်ကိုကြီးထံမှစကားတွေ ကြားရပြီး ကျွန်တော် စိတ်မကောင်းနိုင်ပါ။ ကိုစိုးတင့် စကားအတိုင်းပင် ထိန်ပင်တွင် ရောက်ရှိနေပြီလားဟုတွေးရင်း ငှက်သတ်မုဆိုးတစ်ယောက်၏ နိဂုံးကို တွေးနေမိပါတော့သည်။ ။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

# ကျိန်စာသင့်ကျား တောခွေးစား

'အဘ'

'ဘာလဲပအေး'

'ဘာရိုးတွေယူလာတာလဲ'

'ရော… ကျားရိုး၊ ကျားဆွယ်ပအေး'

'ရော်… အဘ ကျားရတာပ'

'မဟုတ်ပ၊ ကျားကို တောခွေးတွေ စားတာပ'

'ရော… မဖြစ်နိုင်တာပ'

'ဖြစ်တာပ၊ အေး… အဲ့ ကိုယ်တွေ့မြင်ရတာပ၊ တောခွေးတွေစားပြီးကျန်တဲ့ ကျားကြီးအရိုးတွေနဲ့ ကျားဆွယ်တွေယူလာတာပ'

'ရော်… ကျားရိုးတို့ ကျားဆွယ်တို့ဆိုတာ ဆေးဘက်ဝင်တာပအေး'

'ကြားဖူးတာပ အဘ'

'ဘာလဲပ'

'အဲဒီကျားကို တောခွေးတွေ ဘယ်လိုစားတာပ'

'ရော… ပါးစပ်ကြီးနဲ့ သွားတွေနဲ့ ကိုက်စားတာပ၊ ဟား… ဟား… ဟား… ဟား'

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ရော်… အဘ နောက်တာပ၊ ကျားကို တောခွေးတွေ ဘယ်လို လိုက်သတ်တယ်ဆိုတာ သိချင်တာပအေး'

'သိတာပ၊ အစိုင်းကို နောက်နေတာပ၊ ပြောပြမှာပအေး… ဒီလို ပ'

ဦးကျားအိုက်နှင့် ခြံစောင့်ငှားထားသော အိုက်ပေါင်တို့နှစ်ယောက်သည် မနက်မိုးလင်းသည်နှင့် ခြံစည်းရိုးများ လိုက်လံကြည့်ရှုစစ်ဆေးသည်မှာ နေ့စဉ်အလုပ်ပင်၊ တောကောင်တွေ တိုးပါက ထိုအပေါက်အားကာရသည်။ ပိတ်ဆို့သည်မှာ လုပ်နေကျတာဝန်တစ်ခု ဖြစ်ပါ၏။ ဒီနေ့မနက်လည်း နှစ်ယောက်သား အပေါက်တွေရှာ၏။ မတွေ့ပါခြံတစ်ပတ်ပြည့်သွားသည်အထိ မထူးခြားသဖြင့်…

'အိုက်ပေါင်ရေ… ဒီနေ့ မပင်ပန်းပအေး'

'ရော်… ဟုတ်တာပ၊ လေးလေးကျား ရောက်နေပြီပ'

'ဟုတ်တာပ၊ မိုးလင်းပိုင်းရောက်နေပြီပ'

'လေးလေးကျား ဘယ်လိုကြားတာပ'

'ရော်… ကျားအော်သံတွေ၊ ရော်… ကျားဟိန်းသံနဲ့ တောခူနေတာပ'

'ရော… လေးလေးကျား၊ ကျွန်တော်လည်း ကြားတာပ'

'ရော… ဘာထူးတာပ၊ ကျားသံပဲ မဆန်းပ'

'ဆန်းတာပ လေးလေးကျား၊ ကျားတစ်ကောင် ပထမဟိန်းသံပအေး'

'ဆက်ပြောပါ'

ကျားအိုက်တစ်ယောက် အိပ်ပျော်နေသည်။ လူငယ်ပီပီ ခေါင်းချလျှင် အိပ်ပျော်မြဲ၊ အခုလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ ကြောက်မက်ဖွယ်သော အသံဆိုးကြီးကြောင့် လန့်နိုးလေပြီ။ သူနိုးတော့ သူ့အလုပ်ရှင် ဦးကျားအိုက်အား ကြည့်လိုက်သည်တွင် ဦးကျားအိုက် အိပ်ပျော်နေသဖြင့် မနှိုးတော့ဘဲ အိပ်ရာထဲမှ နားစွင့်နေစဉ်…

'ဝေါင်း'





'ဝေါင်း'

'ဝေါင်း'

'အုရှ… အုရှ… အုရှ'

'အု… ရှ… ရှ… ရှ…'

'အု… အု… အု'

'ရော်… ကျားဟိန်းသံနီးတာပ၊ တောခွေးအုပ်နဲ့အတူ ဆင်းလာတာပထင်တာပ'

ဟုတွေးနေစဉ်မှာပင် နောက်ထပ်ထွက်ပေးလာသော ကျားဟိန်းသံတွေကြောင့် ကြောက်လန့်စိတ်ဝင်လာပြီးနောက် သူ၏တဲထောင့်တွင် ထောင်ထားသည့် မှိန်းအား ဆွဲကိုင်ကာ တဲပေါက်တံခါးအနားကပ်ပြီး အပြင်သို့ ကြည့်လိုက်သည်။

တဲအပြင်မှာတော့ ငွေလသော်တာက ထိန်ထိန်သာနေပါသည်။ သူ့စိတ်ထဲဝယ် မိုးလင်းပိုင်းဟုတော့ ထင်ပါသည်။ ကျားကြီးနှင့် တောခွေးသံတွေမှာတော့ စာစာကထက် ပိုမိုကျယ်လောင်လာသည်။ ညဥ့်အခါ တိတ်ဆိတ်မှုတွေ ကြီးစိုးနေချိန်ဝယ် တောကောင်နင်းသည့်အသံပင်လျှင် ကြားနိုင်သော အနိုက်သမယဖြစ်နေ၍ အိုက်ပေါင်စိတ်ထဲဝယ် ကျားနှင့် တောခွေးအုပ် သူတို့၏အခင်းခြံထဲမှာပဲ ရောက်နေကြပြီလား၊ သို့မဟုတ် အခင်းခြံထဲရောက်နေသော သားကောင် တောဝက်၊ ချေစသည့်သားကောင်တွေသဖြင့် ပိုင်းလိုက်နေသည်ဟု တွေးနေရာမှ ပိုမိုကြောက်လန့်လာသည်။

တဲပေါ်ပြန်တက်တော့လည်း အိပ်မရ၊ သူတို့အခင်းတဲမှာ အမြင့်ဆောက်ထားသည့်တဲ မဟုတ်ပါ။ အခင်းအလယ် ခပ်ကျကျ ကုန်းမို့မို့လေးပေါ် ဆောက်ထားသည့်အတွက် လေဒဏ်မိုးဒဏ် သက်သာစေရန် အနိမ့်ဆောက်ထားပါ၏။ တဲတံခါးမှာတော့ ခိုင်ခိုင်မာမာ တံခါးနှင့်အတားအရံတွေကြောင့် စိုးရိမ်စရာတော့မလိုလှပါ။ သို့သော်လည်း အိုက်ပေါင်တစ်ယောက် ကြောက်လန့်နေသည်က အမှန်ပင်။ ဦးကျားအိုက်မှာ မနိုးသည့်အတွက် မနှိုးရဲ၍ တစ်ယောက်တည်း ထိုင်နေသည်။

'ဝေါင်း… ဝေါင်း… ရှုး'



www.burmeseclassic.com

www.burmeseclassic.com



'အုဂူ… အု… အု… အု'

'အုဂူ… အုဂူ'

'ဂူ… ဝုန်း… ဝေါင်း… ဂူး'

တောခွေးအုပ်သည် ဆယ်ကောင်ခန့်ရှိမည်ဟု ထင်ရသည်။ ကျားမှာတော့ တစ်ကောင်တည်းပင် ဖြစ်မည်။ သားကောင်ကိုက်သတ်နေကြသည်က အမှန်ပင်ဖြစ်မည်။ ဘာကောင်ပါလိမ့်၊ အိုက်ပေါင် ဒုတိယမိထကြည့်ပါသော်လည်း မမြင်ရပါ။ သို့သော် သူဂရုတစိုက် နားထောင်ရာ သူတို့ခြံအပြင် ကပ်လျက်ရှိသော တော်စပ်မှာပင် ဖြစ်တော့မည်ဟု တွေးလိုက်သော်လည်း အနည်းငယ်တော့ စိတ်သက်သာသွားသည်မို့ အိပ်မရသော်လည်း ပြန်လှဲနေလိုက်သည်။

သူ့နားထဲ ကြားနေရသော အသံများမှာတော့ ကြောက်မက်ဖွယ်နှင့် ညည်းအခါ၏အသံဆိုး အသံကြောင်တွေ မကောင်းဆိုးဝါးအသံတွေဟု တွေးရင်း မိုးလင်းသည်အထိ အိပ်မရတော့ပါ။

ထိုအကြောင်းတွေ ပြောပြစဉ်မှာပင် ဦးကျားအိုက်သည် ရယ်ရယ်မောမောနှင့် ပြောလာသည်မှာ အိုက်ပေါင်စိတ်တိုစရာကောင်းနေပါ၏။ သို့သော် ပြန်တော့မပြောရဲပါ၊ ပြန်တော့မပြော သို့သော် လှုငယ်ပီပီ စိတ်ထဲမှ ခုနေရာမှ…

'ရော… ကျွန်တော်ကတော့ လေးလေးကျား အိပ်ပျော်တာထင်တာပအေး၊ မနိုးရက်ပါဘူး'

'ဟား… ဟား… ဟား… ဟား… ငါကြားတာပ၊ မင်းနှစ်ခါတောင် ထကြည့်တာတွေ့တာပအေး'

ဟူသော စကားကြောင့် တော်တော်လေး အခံရခက်သွားပြီး ဖြန့်မပြောချင်တော့ပါ။ ထပ်ပြောရင် စိတ်တိုတော့မယ်ဟု တွေးပြီးနေလိုက်သည်ကို ဦးကျားအိုက်က စလာပါသည်။

'အိုက်ပေါင်'

'ဟုတ်'

'ငါထင်တာပအေး'





'ဘာလဲပ'

'တို့ခြံအပြင်ထွက်ရှာကြည့်ရအောင်'

'ရော်… ဘာရှာမှာပအေး'

'ဘာရယ်တော့မသိ၊ တစ်ခုခု ရှိမယ်ထင်တာပ'

'သွားစို့'

နှစ်ယောက်သား ခြံအပြင်သို့ထွက်လိုက်ပါသည်။ အပြင်ဘက်ရောက်တော့ ကျားဟောက်ဟိန်းသံတွေ ကြားရသည်။ တောစပ်ဘက်သို့ အိုက်ပေါင် ပြောပြ၍ နှစ်ယောက်သား သွားကြည့်ရင်း တောစပ်ထဲ ရှာဖွေနေကြသည်။

တကယ်တော့ ဘာရယ်လို့ အတိအကျမသိရ၍ ရှာရသည့်ဦးတည်ချက်မရှိသယောင် ထင်နေရသော်လည်း ဦးကျားအိုက်စိတ်ထဲဝယ် ထူးခြားမှုတစ်ခုတော့ ရှိကိုရှိရမည်ဟု ထင်နေသည်။ ကျားစားထားသော တောဝက်လား၊ ချေ သို့မဟုတ် ဒရယ်၊ ကုသိုလ်ကောင်းပါက ဆတ်ပင်ရနိုင်ပါသည်။ ဆတ်ဆိုရင်တော့ အများကြီး ကျန်ရှိရမည်သာဟု တွေးမိသည်နှင့်အမျှ အန္တရာယ်လည်း သတိထားရသည်။

တောမှုဆိုး ကျားတို့ မည်သည် သူတို့စားထားသော သားကောင်အနီးတစ်ဝိုက်တွင် ရှိတတ်သည်။ တစ်ဝစားပြီးသော်လည်း နောက်ထပ်ထပ်စားလေသည်။ တောခွေးတွေလည်း အရိုးအရင်းကိုက်စားရင် တောမုဆိုး ကျားကြီး၏အလစ်အငိုက် ခိုးဝှက်စားတတ်သဖြင့် တောခွေးတွေလည်း ရှိနေတတ်သည့်အတွက် သတိထားရသည်။

'ရော်… လေးလေးကျား လေးလေးကျားပ'

'ဘာလဲပ'

'ဟိုမှာ ပအေး ဟိုမှာပ'

'ရော်… ကျားသေကြီးအေး အဲ့တာပ'

'ဟုတ်တာပ'

'ရော်… ကျားသေဆိုတော့ ဘယ်လိုဖြစ်တာပ၊ လေးလေးကျား'

'ရှေ့… ငါဘာသိမှာပ၊ ကျားသေကြီးမေးကြည့်တာပအေး'



www.burmeseclassic.com

www.burmeseclassic.com



'ရော်… လေးလေးကျား ဘာတွေပြောတာပ'

'ကဲ… သွားကြည့်တာပ'

'ရော်… ဖြစ်မလားပ'

'ရော်… မိုးလင်းမှာ ဘာကောင်မှမရှိဘဲ တောခွေးဆိုတာ မိုးချုပ်မှထွက်တာပအေး'

'ရော်… ကျားဆိုရင် ဘယ်လိုပ'

'ရော… ခွေးကလေးပ၊ ဒီမှာ ကျားသေနေမှ ဘယ်ကကျားရှိမှာပအေး၊ သေနေတာ ကျားပ'

'ရော်… ဟုတ်… ဟုတ်တာပနော့'

ဦးကျားအိုက်သည် သူ့ဓားကြီး ကျစ်ကျစ်ပါအောင် ဆုတ်လျက် ရှေ့မှတိုးသွားနေသကဲ့သို့ အိုက်ပေါင်သည် ထိတ်ထိတ်လန့်လန့်ဖြင့် ဦးကျားအိုက်နောက်မှ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် လိုက်နေသော်လည်း မျက်စိက ပတ်ဝန်းကျင်ကို အလစ်မပေးရဲ၊ ကျီးကန်းတောင်းမှောက်ဆိုသကဲ့သို့ ထိတ်ထိတ်ပျာပျာ ကြည့်ပါသော်လည်း ဘာမျှမတွေ့။

ဦးကျားအိုက်မှာ ကျားသေအား တောခွေးတွေ စားထားသည်ကို ကောင်းစွာ တွေ့ရသည့်အပြင် တောခွေးတစ်ကောင်လည်း သေနေသည်။ ထိုတောခွေးသေအား အသာလေးခွကျော်လိုက်သည်ကိုတော့ အိုက်ပေါင် မသိလိုက်ရှာဘဲ အိုက်ပေါင်သည် ခြေထောက်နှင့်လှမ်းအနင်း တောခွေးပေါ်သို့ နင်းမိသဖြင့် ဘာပါလိမ့်ဟု ဆိုကာငုံ့အကြည့်…

'ရော်… ကျား… ကျား… ကျား'

'ရော… အိုက်ပေါင်ပ၊ အိုက်ပေါင် ခွေးသေပါဟ ခွေးသေ… ခွေးသေ'

'ရော်… လေးလေးကျား မကောင်းတာပ၊ လန့်တာပအေး၊ ဟူး… မောသွားတာပ၊ တောက်… ဒီခွေး လမ်းမှာလာသေတာပအေး'

'အိုက်ပေါင် ခွေးသေတာ သေချင်ရာသေမှာပအေး၊ နင့်မျက်စိက ဘာကြည့်နေတာပ'

'ဟုတ်တော့ ဟုတ်တာပ၊ မျက်စိက ဟိုသည်ရှာကြည့်တာပ'





ဦးကျားအိုက်သည် ကျားသေနှင့် ခွေးသေတို့အနား ရောက်သွားသည်။ ခွေးသေတစ်ကောင်မှာ တောခွေးမကြီးဖြစ်ပြီး သားပေါက်ထားသည်မှာ မကြာသေး။ သူ၏နို့တွေကြည့်ခြင်းအားဖြင့် သိသာပါ၏။ အိုက်ပေါင် နင်းမိသည့်တောခွေးမှာ အထီးကြီး၊ နောက်ထပ် ကျားကြီးနားမှာတွေ့သည့်ခွေးမကြီး၏ ပါးစပ်တွေ သွားတွေမှာ သွေးတွေရဲနေသည့်အပြင် ကျားကြီး၏ လည်ပင်းအောက် မေးအောက်သို့ အသေအလဲ ခဲထားသကဲ့သို့ သူ၏ဝမ်းဗိုက်နံရိုးတွေအား ကျားကြီး ကုပ်ဖဲ့ထားသော ဒဏ်ရာတွေကြောင့် နံရိုးများကျိုးပဲ့သည့်အပြင် အူတွေ၊ အသည်းတွေထွက်နေပါ၏။ သို့သော် သေသွားသည်အထိ ထိုတောမှုဆိုး ကျားကြီးလည်မျိုအား ခဲထားသော သူ၏သွားတွေက ပြုတ်မထွက်၊ အသေခံ ခဲထားဆဲပင်။

ကျားကြီးကို ကြည့်လိုက်သောအခါ ပေါင်သားတွေလည်းမရှိတော့။ ဝမ်းဗိုက်ကြီးပေါက်ပြီး အူတွေအသည်းတွေအား တောခွေးတွေစားထားသည့်အပြင် လက်ပြင်သား၊ ကျောကုန်သားတွေလည်း မရှိတော့ပါ။ တောခွေးတွေ စားထား၍ တချို့ဆိုလျှင် အရိုးတွေသာ ကျန်တော့သည်မို့ ဦးကျားအိုက်နှင့် အိုက်ပေါင်တို့ ကျားကြီး၏အရိုးတွေယူရန် ဆုံးဖြတ်ကာ ကျားကြီး၏အစွယ်တွေနှင့် အရိုးအချို့ကို ဓားဖြင့်ခုတ်ယူခဲ့သည်။

တဲပြန်ရောက်တော့ အရိုးတွေအား ရေနှင့်ပြုတ်လိုက်၏။ ပြုတ်ပြီးသောအခါ နေလှမ်းရန် စီစဉ်ထားလိုက်သည်။ အိုက်ပေါင် အခြေအနေ သိချင်သည်။ ဆက်စပ်ပြီး မတွေးတတ်၊ ဦးကျားအိုက်မှာတော့ လူကြီးလည်းဖြစ်၏။ တောတောင်တွေလည်း နှံ့အောင်ရောက်ဖူးသည့်အပြင် သားကောင်တွေအကြောင်း ကောင်းကောင်းသိထားသည်တွင် အိုက်ပေါင်မေး၍ ပြောပြသည်မှာ ဦးကျားအိုက် လွှန်ခဲ့သော နှစ်ရက်ခန့်က ဦးကျားအိုက်နှင့် ဦးအိုက်လှျံတို့ အထက်ကျောက်တောင်ဘက်သို့ လှေထွင်းရန်သစ်ရှာထွက်စဉ်က ဖြစ်ပါသည်။

မံတုံရွာမှထွက်တော့ ရှမ်းတို့၏ထုံးစံတိုင်းပင် ဗမာစောစော မှုန်းတောပြန်ဆိုသကဲ့သို့ နှစ်ယောက်သား ရွာမှထွက်တော့ လေးနာရီကျော်ခန့် ကျွန်းပေါ်သော တောင်စောင်းပေါ်ရောက်တော့ ငါးနာရီခွဲပြီး



www.burmeseclassic.com

www.burmeseclassic.com


ဦးကျားအိုက်နှင့် ဦးအိုက်လျှံတို့တွေ့သော ကျွန်းပင်ကြီးတွေမှာ အလွန်ကြီး
သောကြောင့် မကြိုက်ကြ၊ သူတို့လိုချင်သည့် အရွယ်အစား မတွေ့သေး၍
အနေတော် ကျွန်းပင်ရှာဖွေစဉ်မှာပင်

'ဝေါင်း'

'ဝေါင်း'

'ဝေါင်း'

'အုဂ္ဂ... အုဂ္ဂ... အုဂ္ဂဂ္ဂ... အုဂ္ဂ'

'အီ... အီ... အိုင်... အုအု'

'ရော်... ကျားအိုက်ပ၊ ကျားလည်းရှိတာပ၊ တောခွေးတွေထင်
တာပ၊ အေး... ဘာလဲမသိ'

'အိုက်လျှံ အပေါ်တက်ကြတာပ'

နှစ်ယောက်သား အနားတွင်ရှိသော ကြို့ပင်ပေါ်သို့ အလုအယက်
တက်ကာ ရှာကြည့်ကြသည့်တွင် တွေ့ရပါပြီ။ ကြောက်စရာမြင်ကွင်းတစ်ခု
ကြောင့် နှစ်ယောက်သား စကားပြန်မပြောနိုင်၊ ကြက်သေသေ၍ဆိုသကဲ့သို့
ကျားကြီးနှင့် တောခွေးတွေ၏ တိုက်ပွဲငယ်တစ်ခုအား စောစောစီးစီးကြည့်
မကောင်း၊ ရှုမကောင်း စိတ်မချမ်းမြေ့စရာ မြင်တွေ့လိုက်ရသည်မှာ...

တောမုဆိုးကြီးဆိုသော ကျားကြီးတစ်ကောင်သည် တောခွေးတွေ
နေသော ကျောက်ဂူထဲ ဝင်ရောက်ပြီး တောခွေးသားပေါက်ကလေးတွေ
ကိုက်သတ်စားသောက်နေသဖြင့် တောခွေးတွေ ထွက်ပြေးကြသည့်အပြင်
ခွေးလေးတွေ၏ မိခင်တောခွေးမကြီးမှာ သူ့ကလေးတွေအား အတင်းလိုက်
ကိုက်သတ်နေသဖြင့် ကျားကြီးအား အတင်းပြေးကိုက်ပါသော်လည်း ကျား
ကြီး၏ခြောက်လန့်မှုတွေကြောင့် ရှေ့မတိုးရဲဖြစ်နေသည်။

တောခွေးမကြီးသည် သူ၏သားငယ်ကလေးနှစ်ကောင် သူ့ထံ
ပြေးအလာတွင် ကျားကြီးသည် ရှေ့မှအကောင်လေးထံ ခုန်အုပ်ကိုက်သတ်
လိုက်ပြန်၏။ တောခွေးမကြီးလည်း ကျားကြီးထံ အတင်းဝင်ရောက်ကိုက်
မည်ပြုရာ ကျားကြီး၏လက်နှင့် ပုတ်လိုက်သည့်တွင် တောခွေးမကြီး
ကျောက်ဂူအဝမှ အနိမ့်ချောက်ထဲ လိမ့်ကျသွားသည်ကို မြင်လိုက်ရသဖြင့်





ကျားကြီးသည် နောက်ထပ် ခွေးငယ်ကလေးကို လိုက်ကိုက်ပြန်ပါပြီ။

'အု... အု... အု'

'အု... အု... အု'

'ဝေါင်း'

'ဝုန်း'

ခွေးကလေးမှာ ကြောက်ကြောက်လန့်လန့်ဖြင့် ကျောက်တုံး
အကြား တိုးဝင်နေသော်လည်း ခွေးကလေး၏နောက်ပိုင်းမှာ ထွက်နေသည်
ကို မြင်တွေ့ရပါသည်။ ကျားကြီးသည် သေနေသော ခွေးကလေးအား
စိတ်ကြိုက် ဝါးစားနေသော်လည်း ကျောက်တုံးအကြား တိုးခွေ့နေရှာသည့်
တောခွေးပေါက်ကလေးကိုလည်း မျက်စိက စူးစိုက်ကြည့်နေသေးသည်ကို
ဦးကျားအိုက်နှင့် ဦးအိုက်လျှံ တွေ့နေရသည်။ စိတ်မကောင်းစရာမြင်ကွင်း
ဖြစ်သော်လည်း သူတို့နှစ်ယောက် ဘာမျှမတတ်နိုင်။ သူတို့နှစ်ယောက်
ပြန်ဆင်းရမည်ကိုပင် မဝံ့မရဲဖြစ်နေ၏။

ထိုအချိန်တွင် အောက်ဘက်ကျသွားသော တောခွေးမကြီးသည်
ကျောက်တုံးကျောက်ခဲများအား ကုတ်ခြစ်တက်နေသည်ကိုလည်း တွေ့ရပါ
၏။ ခွေးမကြီးအား ကြည့်လိုက်သောအခါ ခွေးမကြီး လက်ပြင်တွင်သွေး
တွေ တွေ့ရပါ၏။ ဒဏ်ရာက အများကြီးတော့ မဟုတ်ပါ။ သွေးတွေစီး
တော့ ကျနေပါသည်။

'ကျားအိုက်'

'အေး'

'ကျားကုတ်လို့ ဒဏ်ရာရထားတယ်ကွ'

'ဟုတ်တာပအေး၊ သနားတာပ'

'ရော်... အပေါ်ရောက်တော့မှာပ၊ ဟိုမှာ ခွေးမကြီးပအေး'

'ရော်... ခွေးကလေး ကုန်သွားပြီပအေး'

'တောက်'

ကျားကြီးသည် ခွေးပေါက်လေးအား စားလိုက်သည်မှာ ကုန်သွား
ပါပြီ။ တောမုဆိုး ကျားကြီးသည်လည်း အစာဝတ်နေပုံရသည့်အပြင်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သတွေလည်း ထွက်နေသည်လားမသိ။ လည်ပင်းမွေးတွေ ထောင်နေသည့်အပြင် မျက်လုံးကြီးတွေ ရဲရဲတောက်နေပုံရပါ၏။ နားရွက်နှစ်ဖက်မှာလည်း ကျောက်တုံးအကြားမှ ခွေးကလေးအားကြည့်ရင်း သူ၏ပါးစပ်တွင် ပေကျံနေသော သွေးစများ၊ အသားစများအား လျှာနှင့်လျက်ရင်း ထလိုက်သည်တွင် သူ၏လက်သည်းနှင့် ငြိနေသော ခွေးပေါက်ကလေး၏ အရေပြားနှင့် အသားစများကို လျှာနှင့်လျက်ဝါးစားရာမှ…

'ဝေါင်း'

'ဝေါင်း'

'အု… အု… အု'

ကျားကြီးကား ဟိန်းဟောက်၏။ ခွေးကလေးက ကြောက်ရွံ့ပြီး အသားတဆတ်ဆတ် တုန်နေရှာသည်အထိ ကြောက်ရွံ့ရှာ၍ ရှေ့ဘက်တိုး၍လည်းမရ၊ သူ့ခမျာ တိုး၏။ တိုး၍လည်းမရတော့သည်တွင် ကျားကြီးသည် ထိုခွေးကလေး နောက်သို့ရောက်လာပြီး သူ၏လက်တစ်ဖက်ဖြင့် ထိုခွေးကလေးနောက်ပိုင်း၏ ကျောပေါ်သို့ ချွန်ထက်သော လက်သည်းတွေဖြင့် ခါးပေါ်သို့လက်သည်းတွေ နစ်မြုပ်သွားအောင် ကုတ်ခြစ်ဆွဲယူလိုက်ပါသည့်တွင် ခွေးပေါက်ကလေးမှ

'အု… အု… အု'

'အီ… အီ… အီ'

'အိုင်… အိုင်… အု… အီး'

'အီ… အိုင်… အိုင်'

သနားစရာ ခွေးပေါက်ကလေးမှာ တောမုဆိုး ကျားကြီးမဟုတ်တော့သည့် ကျားဆိုးကြီး၏ လက်ထဲသို့ပါသွား၍ အသံလေးထွက်သည်မှာ မဆုံးမီအတွင်း ကျားဆိုးကြီး၏ ပါးစပ်ထဲသို့ တစ်ကောင်လုံးဝင်ရောက်သွားပါပြီ။

'ဝူး… ဝူး… ဝူး'

'ဝူး… ဟူး… ဝူး'

'အိုင်… အိုင်… အီ'





ကျားဆိုးကြီး၏အသံတွေမှာ မာန်ဖီထားပါသော်လည်း ပါးစပ်ထဲမှာရှိနေသော ခွေးပေါက်ကလေးအတွက် အသံတွေ ထွက်မလာနိုင်တော့ပါ။ အသံတွေမှ ဝမ်းခေါင်းသံနှင့် ထပ်တူထပ်မျှ ထွက်ပေါ်နေသကဲ့သို့ ခွေးပေါက်ကလေး၏ တအိုင်အိုင်တအီအီမြည်ရင်း သေသွားပါပြီ။ ကျားဆိုးကြီးသည် ရက်ရက်စက်စက် ကိုက်စားရင်း လက်ကျန်အပိုင်းလေးကိုပင် ပါးစပ်ဖြင့် ကိုက်ချီယူသွားလေပြီ။ တောခွေးပေါက်ကလေး ဘယ်နှစ်ကောင်မှန်းမသိတော့ပါ။ ဦးကျားအိုက်တို့ တွေ့လိုက်သည်မှာ ခွေးပေါက်ကလေး သုံးကောင်သာ မြင်လိုက်ရသည်။ ပထမက ဘယ်နှစ်ကောင်စားထားပြီးသည်မသိတော့ပါ။ ကျားဆိုးကြီးသည်လည်း တောင်စောင်းအောက်ဘက်သို့ ဆင်းသွားပါပြီ။ တောခွေးမကြီးမှာ ကျောက်ဂူသို့ပြန်ရောက်လာပြီး သူ့သားလေးတွေအား လိုက်ရှာ။ အနံ့ခံ၏၊ မတွေ့တော့သည့်အဆုံး ကျားဆိုးကြီး ဆင်းသွားသည့်ဘက်သို့ ပြေးသွားလိုက် ပြန်တက်လာလိုက်

'အု… ဝူ… ဝူ… ဝူ… ဝူ'

'အုဝူ… အုဝူ… အုဝူဝူဝူ'

မိခင် မေတ္တာရင်ထဲမှာ နာကျင်လွန်းသော ဝေဒနာတွေနှင့် တောခွေးမခမျာ ရူးရလေပြီ။ တောခွေးမသည် ကျောက်တောင်အောက်ဘက်သို့ ပြေးဆင်းသွားစဉ်မှာပင် ဦးကျားအိုက်နှင့် ဦးအိုက်လှုံတို့နှစ်ယောက် ကြို့ပင်ပေါ်မှပြေးဆင်းကာ ရွာသို့ပြန်ခဲ့ရသည်။

ထိုအဖြစ်တွေအား ပြန်ပြောပြနေသော ဦးကျားအိုက်၏ပုံပြင်ကို နားထောင်နေသော အိုက်ပေါင်းသည် ယခုတွေ့ခဲ့ရသော ကျားသေနှင့် တောခွေးတို့အား ဆက်စပ်၍မသိတော့၊ မတွေးတောတတ်ဖြစ်နေ၍ ဦးကျားအိုက်အား…

'လေးလေးကျား'

'ရော်… ဘာလဲပ'

'လေးလေး ပြောတာပ၊ ကျားသေနဲ့တောခွေးသေနေတာ ဘာဆိုင်ပအေး'

'ရော… တော်တော်အ,တာပအေး'



www.burmeseclassic.com

www.burmeseclassic.com



'ရော်… ဘာအ,တာပ၊ လေးလေးကျား'

'ရော… မင်း စဉ်းစားကြည့်ပ၊ ကျားကြီးလည်မျိုကို ကိုက်ထားတဲ့ တောခွေးမရဲ့လက်ပြင်မှာ တွေ့တာပ'

'ရော… ဘာတွေ့တာပအေး'

'ခက်တာပ… ကျားကုတ်ထားတာပအေး၊ သူ့သားတွေစားသွားတဲ့ ဟောဒီကျားကြီးကို သူမှတ်ထားတာပ၊ တောခွေးတို့၊ တောဝက်တို့၊ သောကြီးငန်းမြွေတို့ပ အားလုံးဟာ အနံ့အသက် အမှတ်အသားတွေ သိပ်ကောင်းတာပ၊ ခုတော့ သူ့သားတွေ ကိုက်စားသွားတဲ့ ကျားကြီးကိုအုပ်စုဖွဲ့ပြီး ပြန်ကိုက်တာပအေး'

'ရော်… ဟုတ်တာပ'

'အေး… တွေ့ပြီမဟုတ်လား၊ သူလည်း အသေခံတာပအေး၊ သူလည်းသေ၊ ကျားလည်းသေတာပ'

အိုက်ပေါင်း စဉ်းစား၏။ အားလုံးဆက်စပ်မိပါသည်။ ကျားကြီး၏ ရက်စက်မှုအား တောခွေးအုပ်က တန်ပြန်အနိုင်ယူခဲ့ပါပြီ။ တောခွေးသည် ကျားကြီးအား အမြဲဆရာတင်ထား၏။ သို့သော် သူ့သားသမီးတွေအတွက် သူ့အမျိုးအတွက် တန်ပြန်ကလဲ့စားချေသည်လားတော့ မသိ၊ အမျိုးအတွက် တိုက်ပွဲဝင်ကြသည်လားဟုလည်း တွေးမိပါသည်။

နောက်တစ်ခု ဟသ်ာကိုးသောင်းကဲ့သို့ ဇာတ်တူသားစား၍ အမျိုးပျက်ရသော အမျိုးပြုတ်ရတဲ့သဘောတွေ၊ တောခွေးနှင့် တောကျားသည် တစ်မျိုးတည်းဟု ထင်ရပါသော်လည်း ခုတော့ တောခွေး၏ကျိန်စာသင့်သည်လား၊ ကလဲ့စားလား၊ အမျိုးမျိုးတွေးနေသည်။

'အိုက်ပေါင်ပ'

'ဟုတ်'

'မင်း ဘယ်လိုထင်သလဲကွ'

'ရော်… မတွေးတတ်ပ၊ တောခွေးက မကျေနပ်လို့ ပြန်နှက်တာ ဖြစ်မှာပအေး'

'ရော်… ဒါကတော့ မှန်တာပအေး၊ ငါလည်းတွေးပြီးပြောပြတာပ၊ မင်းအမြင်ပအေး'

'ရော်… ကျွန်တော် မတွေးတတ်ပ၊ လေးလေးကျား ပြောပြတာပ၊ လေးလေးကျားက အားလုံးမြင်ထားတာပအေး'

'လောကကြီးမှာ ဇာတ်တူသား မစားကောင်းဘူးဆိုတာလည်း ဒါမျိုးပအေး'

'လေးလေးကျားပအေး၊ ကျားကြီးလည်း အစာငတ်နေတာဖြစ်မှာအေး၊ ဆာလောင်မွတ်သိပ်လို့ စားတာလည်း ဖြစ်မှာပ'

ဦးကျားအိုက်သည် အိုက်ပေါင်းပြောသည်ကို တွေးပြီး ဦးခေါင်းညိတ်ပါသည်။ သို့သော် သူလိုချင်သော အဖြေတော့မရပါ။ သူနှင့်ဦးအိုက်လျှံတို့ တောမှဆိုးကြီး ခွေးသေတစ်ပိုင်း ချီပြီးဆင်းသွားစဉ် တောခွေးမကြီး၏ အူသံတွေ၊ ခေါင်းမော့ပြီး အနံ့ခံရင်း ဆုတောင်းနေသည်လား၊ သို့မဟုတ် ကျိန်စာတိုက်နေသည်လား၊ ကလဲ့စားချေမည်ဟု သစ္စာဆိုနေသည်လားဟု သူတို့နှစ်ယောက် ပြောခဲ့မိသည်။

တကယ်တော့ မိသားစုအတွက် စော်ကားသော မိမိထက်အင်အားကြီးမားသော ကျားကြီး၏ရက်စက်မှုကြောင့် တောခွေးမသည် သူ၏ ဆွေမျိုးမွေးချင်း တောခွေးတွေနှင့် ဝိုင်းဝန်းတိုက်ခိုက်မှ ထိုကျားဆိုးကြီး ကောင်းစွာ ခံစားလိုက်ရပါပြီ။

'ရော်… အိုက်ပေါင်းပအေး'

'ဟုတ်'

'အေး… ကျိန်စာသင့်ကျား တောခွေးစားတာပ'

'ဗျာ'

'ရော်… တောခွေးမကြီးရဲ့ ကျိန်စာသင့်တဲ့ ဟောဒီကျားကြီးကို တောခွေးတွေက ဝိုင်းစားကြတာပ၊ အေး… ဒါကြောင့် ကျိန်စာသင့်ကျား တောခွေးစားလို့ ပြောရတာပ'

'ရော်… ဟုတ်တာပ၊ ဟုတ်တာပ ကြောက်စရာပ'

ဦးကျားအိုက်သည် တောခွေးသေနှင့်အတူ ကျားဆိုးကြီး၏ ရက်စက်မှုများအား အိုက်ပေါင်းသို့ပြောပြသည့်အတိုင်း သားဖြစ်သူ အနိုင်အား







www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ပြောပြရင်း ပုံပြင်မဟုတ်သော ကိုယ်တွေ့ကြုံခဲ့ရမှုတွေအား နား ထောင်ကောင်းရန် ပြောပြနေသည်မဟုတ်ပါ။ မိတို့ရွာ အနောက်ကြောဘ ပင်လုံဆွမ်တောင်တန်းပေါ်မှ အဖြစ်ဆန်းတစ်ခုအား 'မေးသူရှိတိုင်းပြောပြ နေသည့် ကျိန်စာသင့်ကျား တောခွေးစားခဲ့မှု၏သက်သေ ကျားရိုးတွေ ဝေပေးနေခဲ့သည်ကို ကြုံခဲ့ဖူးပါကြောင်း ပြန်ပြောင်းသတိရနေမိပါတော့ သည်။

○ ○ ○



# မဆိုးကိုကျားကိုက် ကျားမိုက်သေနတ်မှန်

အုရာဆွမ်တောင်တန်းတစ်လျှောက် ဆီးနှင်းများ ပိတ်ဖုံးနေပုံမှာ ဖြူဖြူဖွေးဖွေး အဆုပ်လိုက်အခဲလိုက် တောနက်ကြီးကို ဖုံးအုပ်ထားသည် သာ။ ထိုဆီးနှင်းထုကြီးကြောင့် အပေါ်လေတို့ပင် ဝင်မတိုးနိုင်၊ တော်ပါ သေးသည်။ ထိုဆီးနှင်းတွေကြောင့် လေမတိုက်ခြင်းအတွက် မကော့တို့ သုံးယောက် ဆီးနှင်းနှင့် အအေးဒဏ်ကို အံတုထိုးဖောက် တောတိုးနိုင် ခြင်းဖြစ်ပါ၏။ အကယ်၍များ ပေငါးထောင်ကျော်တောင်ထိပ် ဆီးနှင်း များအေးခဲမှု အပြင်လေတွေပါ တိုက်ပါက လိုအပ်သောခရီးအတွက် အတိုင်းအတာအတိုင်း မပေါက်ရောက်နိုင်ပါ။

မကော့တို့ရွာ လဘာန်ကထောင်နှင့် အုရာဆွမ်တောင်ထိပ်ရှိ ငါး ရက်ဈေးဖြစ်သည့် လုံဂျာရွာသည် ဝေးလှသည်တော့မဟုတ်၊ အလွန်ဆုံး သွားပါက မနက်စောစော လေးနာရီ ရွာမှထွက်လျှင် လုံဂျာရွာသို့ ငါးနာရီ ခွဲ ခြောက်နာရီဆို ရောက်လေသည်။ တစ်နာရီခွဲ နှစ်နာရီသာ သွားရပေ သော်လည်း အမှောင်ထုနှင့် ဆီးနှင်းတွေကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းပြီး ခြေထောက်တွေ ထုံကျဉ်နေသဖြင့် အသွားရခက်နေခြင်းဖြစ်သည်။ ဘယ်လောက်ပဲ အေးအေးချမ်းချမ်း ငါးရက်တစ်ကြိမ် သွားနေကျဖြစ်၍ ဈေးရောင်းပြီးအပြန် ဈေးဝယ်ရသည်သာ။



www.burmeseclassic.com

www.burmeseclassic.com



မကျော့၏ညီမ မလုအပြင် တစ်ရွာတည်းနေ ဖော်ရမ်ကျော့တို့သုံးယောက် လုံဂျာရွာ ငါးရက်ဈေးရောက်တော့ ဈေးသည်တော်တော်များများ ရောက်နေကြပါပြီ။ မကျော့တို့သုံးယောက်သာ ပါလာသော ရောင်းချမည့် ကြက်ဥ၊ ပျားရည်၊ ပိန်းဥနှင့် ရွှေဖရုံသီးတွေကို လမ်းမှဆွတ်ယူလာသော တောင့်ကပ်ပျော့ရွက်တွေနှင့်ခင်းကာ ရောင်းစရာပစ္စည်းလေးတွေ စီစီရီရီချလိုက်သည်။

'ဟော့… မကျော့'

'အေး… မရစ်နော်၊ ဘာသားရောင်းတာလဲ'

'ချေသားရောင်းတယ်'

'ချန်ထားပေးနော့'

'အေး… အေး'

မကျော့ အော်ပြောနေသော မရစ်နော်မှာမုဆိုးတစ်ယောက်၊ ဖခင်ဦးမရစ်ဂမ်သည် မုဆိုးကျော်ကြီး။ ဤလုံဂျာရွာ ငါးရက်ဈေးတွင် ချေသား၊ ဆတ်သား၊ ဒရယ်သား၊ တောဝက်သားအစရှိသည့် တောကောင်သားများ အမြဲရှာဖွေပစ်ခတ်ရောင်းစားနေကြသော မုဆိုးကြီးမရစ်ဂမ်နှင့် သားမရစ်နော်ဆိုပါက ရွာသားတွေအားလုံး သိရှိကြသည်သာ။

မရစ်နော်သည် မကျော့တို့နှင့် တစ်ရွာတည်းသားတွေ တူမီးတစ်လက်ဖြင့် တောပစ်ထွက်၏။ တစ်ခါတစ်ရံ နှစ်ညအိပ်ပြီးလည်း ပစ်တတ်သည်။ ဖခင်ကြီး ဦးမရစ်ဂမ်မှာ အသက်ကြီး၍ တောမပစ်တော့ပါ။ သားဖြစ်သူအား တူမီးလွှဲ၏။ မုဆိုးအဖြစ် စိတ်ချယုံကြည်၍ မုဆိုးဘွဲ့ပေးထားသောသားပင်။

'မကျော့'

'အေး'

'ဟိုမှာ မရစ်နော် လောပန်းကြီးနဲ့ ဘာတွေပြောနေကြလဲမသိဘူး'

'အေး… ဟုတ်တယ်၊ ဟုတ်တယ်၊ ဘာတွေ မှာနေကြတာလဲ မသိဘူး၊ သားကောင်မှာတာ ဖြစ်မှာပေါ့'

'အဲဒီ လောပန်းကြီးက စီးပွားရေးသမားကြီးဆိုတာ မရစ်နော်





သိမှသိပါ့မလားပဲ'

'အောင်မယ်လေး မာရွယ်ရာ မစိုးရိမ်ပါနဲ့၊ မရစ်နော်ကလည်း လူပါးပါဟ၊ အင်း… ဘယ်သူခံရမလဲတော့ မသိဘူးနော့'

'အေးလေ… တို့ကတော့ ဘေးကကြည့်ရမှာပေါ့'

မကျော့၊ မလုနှင့် မာရွယ်တို့သုံးယောက် မြင်တွေ့နေရသည်မှာ တောင်ခြေမံပတိန်းရွာကြီးတွင် ကုန်စုံဆိုင်ကြီး ဖွင့်ထား၏။ ပတ်ဝန်းကျင် ငါးရက်ဈေးတွေတွင် ဈေးလိုက်ရောင်း၏။ တစ်ဖန် ဒီဘက်မှကုန်အချို့ကို တစ်ဖက်နိုင်ငံသို့ သွားရောင်းပြန်သည့်အပြင် တစ်ဖက်နိုင်ငံမှ ကုန်များကိုလည်း သယ်ယူရောင်းချပြန်ပါသည်။

သူ့တွင် ကုန်တင်ကားနှင့် မြင်း(၁၀)ကောင်ခန့်နှင့် အလုပ်သမားငါးဦးလည်း ငှားထားသည်။ လူတစ်ယောက် မြင်းသို့မဟုတ်လား နှစ်ကောင်လိုက်စေ၏။ ကုန်သည်လူလည်ကြီးဖြစ်သလို မြင်း၊ လားအကြောင်းလည်း ကောင်းကောင်းသိထားသည်။ မြင်းထက် လားက တစ်ခုပိုသည်မှာ လားသည် အထီးတစ်ကောင်၊ အမတစ်ကောင် နှစ်ကောင်တွဲပေးထားပါ၏။ လားအထီးသည် သူနှင့်တွဲထားသော လားမအား အခြားလားထီးများ အကပ်မခံ၊ သို့အတွက် လောပန်းကြီးသည် နှစ်ကောင်တစ်တွဲ တစ်တွဲတစ်ယောက်ထားသည်။

လောပန်းကြီးသည် အဓိကထား ရောင်းဝယ်သည်မှာ သကြားအား တစ်ဖက်နိုင်ငံသို့ ပို့၏။ သကြားမရလျှင် ကြံသကာ အခဲကြီးတွေအား ပို့သည်။ တစ်ခါတစ်ရံ အသားတွေ၊ အသားဆိုရာဝယ် တောသားကောင်တွေလည်း ပို့တတ်သည်။ တောပက်ဆို ပိုကြိုက်သည်ကိုလည်း လောပန်းကြီး သိသည်။

'ကောင်လေး… ငါလိုချင်တာ ကျားနော်'

'ဟုတ်တယ် လောပန်းကြီး၊ ရအောင် လုပ်မှာပေါ့'

'အေး… ကျားရရင် ဈေးအကောင်းဆုံးပေးမယ်၊ ဟိုတွာ အသားရေ အပေါက်အပြဲနဲ့ရင် ပိုကောင်းတယ်'

'လောပန်းကြီး၊ ကျွန်တော်က တူမီးနဲ့ပစ်ရမှာဆိုတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တော့ များချင်များမယ်၊ ဒါပေမဲ့ အပေါက်မကြီးပါဘူး၊ သေးသေးလေး တွေပါ'

'အေး‥ အေး… ယူမယ်၊ အရိုးအားလုံးပါယူမယ်'

'ဪ… လော်ပန်းကြီးကလည်း ကျွန်တော် ရတာနဲ့ အကောင်လိုက်ပို့မှာပေါ့'

'အေး… အေး… ငါကလည်း အကောင်လိုက်ပိုကြိုက်တယ်'

'မင်း စရံငွေယူထားမလား၊ ကောင်လေး'

'မယူပါဘူး'

'ယူပါကွာ၊ ငါက ကျားကို မြန်မြန်လိုချင်နေတယ်ကွ၊ ဟိုဘက်လမ်းက ဆေးဆရာကြီးတစ်ယောက် ဆေးဖော်ဖို့ အမြန်လိုနေတယ်၊ ရတာနဲ့ ငါ ချက်ချင်းသွားပို့ရမယ် ကောင်လေးရဲ့'

'ဟုတ်ပါပြီ၊ ကျွန်တော် အမြန်ဆုံး ဒီသုံးရက်အတွင်း ရအောင်ရှာပေးပါ့မယ်'

'အေး… ကောင်လေးက ကျားရှိတဲ့နေရာ သိတာပဲ၊ မြန်မြန်လိုချင်တယ်၊ ရော့‥ ရော့… ငွေယူထား ငါသွားမယ်'

'စိတ်ချ… စိတ်ချ… လောပန်းကြီး'

လောပန်းကြီးသည် မုဆိုးလေးမရစ်နော်အား တစ်ရာတန်အထပ်လိုက် အတင်းပေးလိုက်ပြီးနောက် ပြန်သွားပါပြီ။ ရာတန်အထပ်လိုက်မြင်ရသော် မုဆိုးမရစ်နော် ဝမ်းသာမဆုံးဖြစ်ရတယ်။ ဤမျှသောငွေတွေ သူ မကိုင်ဖူးပါ။ တောဝက်တစ်ကောင်ရ၍ ရောင်းပါက အလွန်ဆုံးနှစ်ရာသုံးရာ၊ ချေတစ်ကောင်ဆို တစ်ရာလောက်သာရသော မုဆိုးလေးသည် ယခုလို ငွေတစ်ရာတန်အထပ်လိုက် ရသောအခါ ငွေအတွက် မက်လုံးတွေသည် သူ၏နှလုံးသားသို့ ထိုးဖောက်သွားပါပြီ။ ငွေကိုမြင်သော မုဆိုးလေး ဘယ်အရာမျှ မတွေးမိတော့ပါ။

မရစ်နော်သည် သူရောင်းချနေသော ချေသားအား အမြန်ကုန်စေချင်ပါပြီ။ သို့အတွက် လက်ကျန်ချေသားအား မကော့တို့ လာပို့သည်ကို မကော့မြင်၍ မအံ့သြသော်လည်း မိန်းမပီပီ သိချင်စိတ်နှင့် စီးပွားရေးသမား





လောပန်းကြီးကို မကျေနပ်သောစိတ် အကြိတ်အခဲလေးဖြင့် မရစ်နော်အား မေးလိုက်သည်။

'မရစ်နော်၊ ငါလိုချင်တာ နည်းနည်းပါးပါး၊ အခု အများကြီးပါလား'

'အေး… နင်ရောင်းပေး၊ ရောင်းမရလည်း နင်ပဲရှာယူသွားတော့'

'နေဦး… နင့်ကို လောပန်းကြီး ဘာပစ်ခိုင်းတာလဲ'

'ဟင်'

'မဟင်နဲ့၊ ငွေတွေပေးနေတာ ငါတို့မြင်တယ်'

'သားကောင် ပစ်ခိုင်းတာပ၊ အကောင်လိုက်လိုချင်လို့'

'နင်နော် အေးအေးဆေးဆေးပဲလုပ်၊ မရိုးမသားမလုပ်နဲ့ ငွေသိပ်မမက်မောနဲ့နော့'

'အေးပါဟ… ငါ အချိန်မရှိတော့ဘူး၊ ဪ‥ ရွာရောက်ရင် အဝှား(အဖေ)နဲ့ အနူး(အမေ)တို့ကို ပြောပေးနော့၊ ငါဒီနေ့မိုးချုပ်ရင်ချုပ်မယ်၊ ဒါမှမဟုတ် နောက်နေ့မှပြန်ခဲ့မယ်လို့'

'အေး… အေး… နင်မှန်တာပဲလုပ်နော်'

'အေးပါဟ၊ ငါတောပစ်ထွက်မှာပါ'

မရစ်နော်သည် လောဘဇောတိုက်ကာ ချေသားတွေအားလုံး မကော့၏ငှက်ပျောရွက်အခင်းပေါ်သို့ ပုံချထားခဲ့ပြီးနောက် သူ၏တူမီးသေနတ်ကိုထမ်းကာ လုံကျာရွာ ငါးရက်ဈေးလမ်းလေးအား ကျော်ပေးလျက် တောင်ခြေ လျှိုဘက်သို့ ဆင်းသွားပါပြီ။ မရစ်နော်၏ ငွေမက်မောမှုနှင့် လောပန်းကြီး၏ ငွေတွေပေးပြီး ဘာပစ်ခိုင်းသည် မသိသော်လည်း မကော့တို့အားလုံး ဘာမျှမတတ်နိုင်တော့ပါ။ ကြည့်ရင်း ကြည့်ရင်း မရစ်နော် တစ်ယောက် နှင်းမှုန်များအကြားမှတစ်ဆင့် လမ်းကလေးအတိုင်း ပျောက်ကွယ်သွားပါပြီ။ မကော့သည် ပျောက်ကွယ်သွားသည်အထိ ကြည့်ရင်း စိတ်မောသွားရ၏။ အကြောင်းမှာ မရစ်နော့နှင့် မကော့တို့သည် တစ်ရွာတည်းသားတွေဖြစ်၍ မရစ်နော်အတွက် စိတ်မချချင်ပါ။

မရစ်နော်၏စိတ်ထဲဝယ် အတွေးတွေနှင့်အတူ ငွေတွေ၏[illegible]



www.burmeseclassic.com

www.burmeseclassic.com

တွေ့ ရောတွေးနေသည့်အပြင် သူ့ပစ်ခတ်ရမည့် သားကောင်ကို သတိရပါပြီ။ ထိုသားကောင် ယခုအချိန်ဆိုပါက ဘယ်မှာရှိတတ်သည်။ သို့အတွက် ထိုသားကောင်ရှိသည့်နေရာအား သွားရန် စိတ်စောနေသည်။

'ဟော… ငါ့စားစရာ ဘာမှမရှိပါလား၊ မဖြစ်ဘူး၊ ခေါပုတ် ပြန်ဝယ်မှပဲ'

မရစ်နော် ခပ်သုတ်သုတ်ပြာပြာ ဈေးဘက် အပြေးရောက်လာသည်ကို မကော့မြင်၏။ ခေါပုတ်တွေဝယ်၏၊ အမဲခြောက်လည်းဝယ်ရင်း အရက်တစ်လုံးပါ ဝယ်ယူ၍ သူ၏လွယ်အိတ်ကြီးထဲ အတင်းထိုးထည့်နေသည်ကို နောက်ဆုံတွေ့လိုက်ရသည်။

ဈေးအဆင်းလမ်းမှတစ်ဆင့် သူ့အစီအစဉ်အတိုင်း လမ်းခွဲ၍လျှိုအစပ်ဘက်သို့ အပြေးဆင်းခဲ့ပါသည်။ လျှိုနှင့်စမ်းချောင်း၊ ရေတံခွန်ကျောက်ဆောင်၊ ဝါးတော စသည့် နေရာဒေသ၊ ဘယ်လျှိုမှဘယ်သို့ထွက်သွားပါလျှင် အဘယ်နေရာရောက်မယ်၊ ထိုပတ်ဝန်းကျင်သို့မဟုတ် အဘယ်သို့သော ကျောက်တောင်တွင် သူ့ပစ်မည့်သားကောင်ရှိမည်ကို ကောင်းစွာသိထားသည့်အတွက် တောတိုးရင်း ခရီးဆက်နေသော တောကျွမ်းသည့် တောထဲမှ လူသားမုဆိုး မရစ်နော်၊ ပျော်လည်းပျော်၏။ သူ့ အင်္ကျီကြီး၏ အိတ်ထဲမှ ငွေတွေလည်း ရောင်ရမ်းစမ်းသပ်မိကာ ပျော်ရွှင်နေ၏။

အနည်းငယ် ဆာလာသဖြင့် ကျောက်တောင် အငူတစ်ခုဘေးတွင် ထိုင်ရင်း သူ့ဗိုက်အလွန်ဆာလာ၍ မီးမွေးလိုက်၏။ မီးမွေးပြီးနောက် ကျွဲသားခြောက်တွေ မီးဖုတ်လိုက်၏။ အားလုံးမီးဖုတ်၍ ကျက်သွားသောအခါ ကျွန်းရွက်ခူးကာ နှစ်တိုသာစားပြီး အားလုံးထုပ်ရင်း အိတ်ကြီးထဲပြန်ထည့်၍ ခေါပုတ်နှစ်ပြားကင်စားရင်း အရက်လည်း သုံးလေးငုံမျှသောက်ပစ်လိုက်သည်။ ဝမ်းပြည့်အောင်ဖြည့်သည့်အပြင် ကျွဲသားခြောက်အားလုံး မီးဖုတ်ထားသည့်အတွက် အလုပ်မရှုပ်တော့ပါ။ နောက်ထပ် မီးမွေးစရာမလိုတော့။ ခေါပုတ်ဆိုသည်မှာ ကျက်ပြီးသား သိပ်မာလျှင်တော့ မီးကင်စားရမည်။ မမာလျှင် စားလို့ရနေသည်သာ။

အချိန်မှာ မနက်ရှစ်နာရီခန့်သာ ရှိသေးသည့်မို့ စောစောပစ်ခတ်





ရန်အတွက် တောတိုးရပေဦးတော့မည်။ ဤတော၏ အောက်နားတွင် စမ်းချောင်းရှိ၏၊ ထိုစမ်းချောင်းဘေးဝယ် ဝါးရုံများနှင့်အတူ သစ်ဆိမ့်ပင်ကြီးနှစ်ပင်မှာ ရေစပ်တွင် တစ်ပင်အပေါ် တောင်စောင်းတွင်တစ်ပင် ရှိပါ၏။ ထိုနှစ်ပင်အောက်ဝယ် ချေ၊ ဒရယ်နှင့် တောဝက်တွေ ထွက်လေ့ထွက်စရှိသည်ကိုလည်း သူသိရှိပြီးသား၊ ထိုနေရာတစ်ဝိုက်မှ စောင့်ရန်စဉ်းစားမိပြီးနောက် သူ၏တူမီးသေနတ်အား ပစ်ခတ်မှုအသင့်ဖြစ်စေရန် ယမ်းထောင်းလိုက်ပြန်၍ ဒီတစ်ခါ ယမ်းထောင်းမှုသည် ခါတိုင်းထက် ပိုမိုထောင်းရသည်။

အကြောင်းမှာ တစ်ချက်တည်းနှင့် ပစ်ခတ်မှု ထိမှန်ပြီးထမပြေးနိုင်အောင် အပိုင်ပစ်ခတ်နိုင်ရေး စီစဉ်ကာ ကြိုတင်ပြင်ဆင်ရင်း နောက်ထပ် ခဲသီးများဖြည့်ရန် ပြောင်းဝသို့ လက်အရောက်

'အို… သိပ်များရင် မဖြစ်တော့ဘူး၊ တော်တော်ကြာ ယမ်းအားလုံးနဲ့ နောက်ပြန်ကျမှဖြင့်'

'တော်ပြီ တော်ပြီ'

ခဲသီးလေးတွေကို ခဲဘူးထဲပြန်ထည့်၏။ ယမ်းထောင်းမှုတွေလျှင်းပြီးပါပြီ။ အသင့်ဖြစ်သည့်နောက်ဝယ် လွယ်အိတ်ကို ကော်ကျိုက်လွယ်စဉ်မှာပင်…

'ဝေါက်… ဝေါက်… ဝေါက်'

'ဟောဗျ… ချေပါလား'

'အို… ချေပေါက်ကြီး၊ တော်တော်ကြီးတယ်'

မရစ်နော် သူ၏တူမီးကို ကောက်ကိုင်ပါသော်လည်း တွေ့နေရသည့်ချေအား မပစ်ခတ်၊ မချိန်ရွယ်ဘဲ သူလိုချင်သည့် သားကောင်မဟုတ်၍ ဘေးမဲ့လွှတ်ပေးလိုက်သည်။

'အေး… မင်းကို ငါမပစ်ဘူး၊ လွှတ်လိုက်တယ်၊ ချေပေါက်ရေ… သွားတော့'

'မင်း ကုသိုလ်ကောင်းတယ်နော်'

ပါးစပ်မှပြောရင်း ပြုံးနေသော်လည်း ချေပေါက်မှာ ခြေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေကြည့်နေမှန်းမသိ၊ သူ့မျက်စိထဲဝယ် ကြားဖူးနားဝရှိသော သမင်လည်ပြန်ဆိုဘိသကဲ့သို့ ချေပေါက်ကြီးမှာ လည်ပြန်၍ကြည့်နေပါသော်လည်း မရစ်နော်မပစ်ပါ။ မချိန်ပါ၊ အသာလေး စောင့်ကြည့်နေလိုက်သည်တွင် ထိုချေပေါက်ကြီးသည် စမ်းချောင်းဘက်သို့ အေးအေးဆေးဆေး ဆင်းသွားပါပြီ။

မရစ်နော် ပတ်ဝန်းကျင် အခြေအနေကြည့်ရင်း သူ မီးမွှေးထားသည့်မီးအား ငြိမ်းသတ်လိုက်သည်။ မီးငြိမ်သတ်ရခြင်းမှာ မတော်တဆ မီးမငြိမ်းပါက သစ်ရွက်ခြောက်တွေမှတစ်ဆင့် မီးစွဲပြီး တောမီးလောင်မည်ကိုတော့ မရစ်နော် စိုးရိမ်မိသည်။ သို့အတွက် မီးကိုသေသည်အထိ ငြိမ်းသတ်လိုက်ရပါသည်။

'ဖျောက်'

'ဖျောက်'

'ဖျောက်'

'ဟင်… ဘာသံလဲ'

'ဖျောက်… ဖျောက်'

'ဟာ… ချေလား၊ ဒရယ်လားပဲ၊ အသံက တော်တော်မည်နေတယ်၊ ဘယ်မှာပါလိမ့်'

မရစ်နော် ခြေသံကြားရာဘက်သို့ လိုက်လံနားစွင့်ရင်း ရှာဖွေနေပါသည်။ ခြေသံတော့ ကြားရသည်။ အသေအချာ နေရာမသိသေး၍ မျက်စိလျှင်လျှင်ဖြင့် ချုံတွေဘက် ရှာဖွေစဉ် ခြေသံပြန်ပျောက်သွားသည့်အတွက် အရှူးသတိထားရင်း မလှုပ်မယှက်အသာ ပုနေလိုက်ပါသည်။

'ဖျောက်'

'ဖျောက်'

'အယ်… ဟိုချုံဘေးမှာ'

'ဟင်… ဒရယ်ကြီးပါလား'

'တောက်… မပစ်ပါဘူးဆိုကာမှ ချေတွေ့လိုက်၊ ဒရယ်တွေ့လိုက်နဲ့၊ အင်း… ဒီအကောင်ကြီး အရင်ပစ်ရရင် ကောင်းမှာပဲ'





ဟုတွေးကာ ဒရယ်ကြီးအား ပစ်ခတ်ရန် သူ၏တူမီးသေနတ်ပြောင်းဖြင့် တည့်တည့်မတ်မတ် ချိန်လိုက်၏။ ဒရယ်နှင့် မရစ်နော်တို့၏ အကွာအဝေးမှာ ပေလေးဆယ်မျှသာ ဝေးကွာသည့်အပြင် ဒရယ်ကြီးသည် သစ်ဆိမ့်သီးတွေ ကောက်ဝါးနေပုံမှာ ဘာမျှမသိတော့ ဝါးလို့ကောင်းနေသည်။

'အင်း… ငါမတော်တဆပစ်လိုက်ရင် အသံဆူသွားမှာပဲ၊ မဖြစ်သေးပါဘူးလေ၊ မပစ်တာပဲ ကောင်းပါတယ်'

'ဟူး… ဘယ်လိုလုပ်ရပါလိမ့်၊ ခက်လိုက်တာ၊ ပစ်ချင်ရင်ဘာကောင်မှ မတွေ့ဘူး၊ မပစ်ချင်ပါဘူးဆိုမှ ချေတွေ့လိုက်၊ ဒရယ်တွေ့လိုက်နဲ့ဟုတွေးရင်း မပစ်တော့ပါ'

မရစ်နော် မပစ်သည်မှာ အလွန်ကောင်းပါသည်။ အကြောင်းမှာ သစ်ဆိမ့်သီးစားနေသည့် ဒရယ်ကြီး၏ အောက်နားဘက် ချုံပုတ်ကလေး၊ ထိုချုံမှာ နဖူးပင်အချို့နှင့် ရောနှောနေသော သက်ငယ်ပင်တွေအကြားဝယ် ကျားကြီးသည် ဒရယ်အား အပိုင်တိုက်ခိုက် ဖမ်းဆီးကိုက်ခဲနိုင်ရန် ချောင်းမြောင်းနေပါ၏။ ထိုကျားကြီးကိုတော့ဖြင့် မရစ်နော် မမြင်။ သို့သော်သူ့နှာခေါင်းဝဝယ် အောက်ဘက်လေအငွေ့မှ ပါလာသော အနံ့ဆိုးကျားနံ့ရသည်တွင် ဒရယ်ထက် ကျားအား ရှာလေပြီ။ မရစ်နော်သည် ဒရယ်ထက်ကျားကို ပိုရှာနေသဖြင့် လှုပ်ရှားမှုကို တွေ့သွားသော ဒရယ်သည် ဦးခေါင်းထောင်အကြည့်

မရစ်နော်ကို မြင်တွေ့သွားသည်ထက် ချုံပုတ်ကလေးဘက်မှ အရှိန်ယူလိုက်သော ကျားဆိုးကြီးကိုပါ တွေ့လိုက်သည်တွင် ဒရယ်ကြီးလန့်ပြီး သူဦးခေါင်းလှည့်ထားသော တောင်စောင်းပေါ်သို့ ပြေးတက်ပါပြီ။ ဒရယ်ကြီး ပြေးတက်သည့်တောင်စောင်းမှာ ကျွန်းပင်တွေမှုပါသဖြင့် အရှင်းသားတွေ့နေရသကဲ့သို့ ကျားဆိုးကြီးသည်လည်း မျက်ခြေပြတ်မခံ အရှိန်နှင့် ခုန်ပေါက်အလိုက်။

'ဟာ… ဒုက္ခပါပဲ၊ လိုက်မှဖြစ်မယ်'

'ဟိုချုံကွယ်တွေကနေလိုက်မှ'



www.burmeseclassic.com

www.burmeseclassic.com



မရစ်နော်သည် သူ့ဘက်တွင်ရှိနေသော ချုံပုတ်ငယ်တွေဘေးမှ ပြေးလိုက်ပါသည်။ တောကျွမ်းသော မရစ်နော်တစ်ယောက်သည်လည်း ကျားကြီးနှင့် ဒရယ်တို့အား အမီမလိုက်နိုင်သော်လည်း အစွမ်းကုန်ပြေးလိုက်နေသည်ကို ကျားဆိုးကြီးမမြင်ပါ။ ကျားကြီး အမဲလိုက်နေသည်က ဒရယ်၊ ဒရယ်ကြောက်လန့်နေသည်က ကျားကြီး။ ဒရယ်ကိုမပစ်လို၊ ကျားကိုသာပစ်လိုသော မရစ်နော်ကတော့ ကျားကြီးနောက်မှ မျက်ခြည်ပြတ်မခံလိုသောကြောင့် ပြေးလိုက်နေသည်ကို မသိရှာသော ကျားကြီးသည် သူ၏သားကောင်ဒရယ်ကိုသာ သည်းသည်းမည်းမည်း လိုက်နေကြသည်မှာ ပြေးသံ ခွာတိုးသောအသံတွေနှင့်အတူ သစ်ရွက်သစ်ကိုင်းခြောက်အသံတွေ ကြားနေရလေ၏။

မရစ်နော် လိုက်နေသော ကျားကြီးသည် လူလမ်း၊ လားလမ်းဖြစ်သည့် အူရာခွမ်တောင်တန်း၏ လုံဂျာရွာ ငါးရက်ဈေးနှင့် တောင်ခြေသွားလမ်းသို့ ဒရယ်ကြီးကျော်ဖြတ်သကဲ့သို့ ကျားကြီးလည်း ထိုလမ်းကို ဖြတ်ကျော်လိုက်သည်တွင် ကျားကြီးသည် သူ၏နောက်ဘက်မှ လိုက်နေသော ခြေသံ ချုံတိုးသံကြောင့် လှည့်အရပ် ဒရယ်သည်လည်း အပေါ်သို့ မတိုးတော့ဘဲ အပေါ်ဘက်မှ လှသံကြား၍လားမသိ၊ ချုံတစ်ခုအတွင်းသို့ တန်းဝင်လိုက်သည်။ သားကောင်တွေသည် သူတို့အား ရန်သူလိုက်သည့်အခါ လုံခြုံသော ချုံနွယ်အကာအကွယ်တွင် ဝင်ရောက်ပုန်းခို၍ ကိုယ်ရောင်ဖျောက်တတ်သည့်အပြင် တစ်ခါတစ်ရံ နောက်ကြောင်းပြန်ပြေးတတ်သလို ပြန်လန်သွားသည်ဟု ခေါ်ကြသည်။

ကျားကြီး မသက်ာ၍ ချုံဘေးတွင်ပုန်းပြီး နောက်မှလိုက်လာသည့် သားကောင်လားမသိသဖြင့် ချောင်းမြောင်းနေသည်ကို အကင်းပါးသော တောမုဆိုး မရစ်နော် ရိပ်မိပြီးနောက် ကျားကြီးပုန်းခိုနေသော ချုံအား မျက်စိလျင်လျင် အသံကို နားစွင့်ပြီး စောင့်နေပါသည်။

တောမုဆိုးဟုခေါ်သော ကျားဆိုးကြီးနှင့် လူမုဆိုးမရစ်နော်တို့၏ အလှည့်အပတ် အတိမ်းအစောင်းနှင့်အတူ ကျားကိုလူကချောင်း၍ လူကိုတော့ လူမှန်းမသိသေးသောကျားကြီးက ချောင်းနေရာမှ လူထက်လျင်သော





ကျားကြီးသည် မတ်တတ်ရပ်ခြင်းမပြုဘဲ ချုံတန်းအကာအကွယ်ဖြင့် သူတွေ့လိုက်သည့် ချုံဘက်နီးအောင် သူ့ရှေ့ချုံနှင့် အပင်တွေအားတွင်းပြီး လမ်းဘေးရောက်အောင် အသံမပြည့်၊ လုံခြုံစွာ တိုးသွားနေသည်။

မရစ်နော်သည်လည်း လူပါး၊ ကျားကြီးငြိမ်နေမှန်းသိ၍ သူမလှုပ်ရှားဘဲ စဉ်းစားရင်း သေနတ်ကို အသင့်ပြင်ထားရင်း ခေတ္တငြိမ်နေရာမှ တစ်ဖန် သူ၏ဘယ်ဘက်တွင်ရှိသော သက်ငယ်ချုံဘေးသို့ လေးဘက်ထောက်ပမာ ခါးကိုင်းလျက် တဖြည်းဖြည်းရွှေ့ရင်း ကျားကြီးအား အပိုင်ပစ်ခတ်ရန် ပျောက်နေသော ကျားကြီးအားရှာဖွေလိုက်သည်။ ကျားထက်လျင်သော လူလား၊ လူထက်လျင်သော ကျားကြီးလား၊ ဒီပွဲတွင် ဘယ်သူနိုင်မည်မသိ။

ကျားကြီး၏ရွှေ့လျားမှု တရွှေ့ရွှေ့ဆုံးလုဆုံးခင် ဖြစ်သကဲ့သို့ မရစ်နော်၏ သက်ငယ်တောချုံကလေးကွေ့ပြီး လမ်းဘက်သို့ တရွှေ့ရွှေ့ချဉ်းကပ်ရင်း ကျားသံလည်းမကြား၊ ခြေသံလည်း လုံနေသည်တွင် စိတ်ထဲမသက်ာဖြစ်သွား၏။ သို့အတွက် သက်ငယ်ပင်ဘေးနားမှ လမ်းပေါ်သို့တက်ရန် ချောင်းအကြည့်၊ ကျားကြီးသည်လည်း သူ၏ရန်သူအားငြိမ်သက်စွာ ထပ်မံစောင့်ဆိုင်းစဉ်မှ ဦးခေါင်းအထောင် ကျားနှင့်မုဆိုး မျက်နှာချင်းဆိုင်တည့်တည့်ကြီး မြင်တွေ့သည်မှာ အလွန်ဆုံးကွာမှ ဆယ်ပေမျှပင်မရှိတော့။ သည်တွင် ကျားကြီးသည် မရစ်နော်အား အပိုင်ခုန်အုပ်တိုက်ခိုက်ပါပြီ။

'ဝေါင်း'

'ဝုန်း'

'ဟာ'

'ဒိုး'

'ဖောက်… ဖောက်… ဖောက်… ဖောက်'

'ဘုန်း'

'ဝုန်း'

'အား'



www.burmeseclassic.com

www.burmeseclassic.com

'ဝေါင်း… ဝေါင်း… ဝူး… ဝုန်း'

'ဘုန်း… အား… အား'

မရစ်နော်သည် သူ့အပေါ်သို့ ခုန်ဝင်လာသော ကျားကြီးအား ရှောင်တိမ်းချိန်မရသော်လည်း သူ၏သတိအလစ်မခံ။ ကျားပစ်ရန်စိတ်စောနေသည့်အပြင် အသင့်ကိုင်ရွယ်ချိန်တွယ်ထားသည့် တူမီးသေနတ်ကြီး၏ လျှပ်တစ်ပြက် ပစ်ခတ်လိုက်ပါပြီ။

မရစ်နော်၏ ပစ်ချက်မှာ တော်တော့်ကို ကောင်းမွန်ပြီးအပေါ်ရောက်လာတော့မည့် ကျားကြီး၏ရင်အုံတည့်တည့်သို့ သုံးတောင်ခန့်အကွာမှ တည့်မတ်စွာ ပစ်ခတ်လိုက်သည်တွင် သူထည့်ထားသော ယမ်းများသည် ခါတိုင်းထက် များပြားနေသဖြင့် ယမ်း၏ကန်အားသည် သူ၏ပခုံးအား အရှိန်နှင့် ဆောင့်လိုက်သည်တွင် ပက်လက်လန်အလဲ ကျားကြီးသည်လည်း အရှိန်နှင့် ခုန်အုပ်လိုက်စဉ် သူ၏ဝမ်းဗိုက်ထဲသို့ ပွန်းလွန်းသော ခဲသီးများ၊ အစုလိုက် အပြုံလိုက် တိုးဝင်ထိုးဖောက်ခြင်းကြောင့် နာကျင်မှုဝေဒနာ၊ ဒေါသမီးခိုးများဖြင့် မရစ်နော်ပေါ်သို့အကျ မရစ်နော်၏ရင်ဘတ်ပေါ် လက်တစ်ဖက်ဖိမိပြီး နောက်ဆုံးရှိသမျှ ခွန်အားဖြင့် မရစ်နော်၏လည်ပင်းပေါ်သို့ သူ၏ထက်မြက်လွန်းသော အစွယ်တွေဖြင့် ကိုက်လိုက်ပါသည်။ ကျားကြီး၏ကိုက်ခဲမှုသည် ကျားနာခဲဆိုပါကလည်း မမှား၊ သူ၏အသက်ကို သတ်ဖြတ်သူအတွက် အခဲမကျေ၊ တစ်ချက်တည်းအသေကိုက်လိုက်ပါပြီ။

ထိုကျားဆိုးကြီးအား တန်ပြန်တွန်းနေပါသော်လည်း သေနေပြီဖြစ်သော ကျားကြီး၏ ကျိတ်ခံထားမှုသည် မလွတ်တော့ပါ။ မရစ်နော်သည်လည်း သွေးရူးသွေးတမ်းဖြင့် တွန်းကန်ရုန်းရင်း ကျားပါးစပ်မှ သူလည်မျို လွတ်သွ ပါသော်လည်း သူ့ဘဝ၏နောက်ဆုံးအချိန်သို့ ရောက်သွားပါပြီ။

မရစ်နော်သည် မုဆိုးတစ်ယောက်၊ မုဆိုးတစ်ယောက်သည် မိမိကဲ့သို့သော တောမုဆိုးအား မပစ်ခတ်၊ မသတ်ဖြတ်ရန် သူ၏ဖခင်ကြီး မုဆိုးကျော် ဦးမရစ်ဂမ် အတန်တန်မှာဖူးသည်။ ဘဝတူမို့ မပစ်ရန်၊ ရှောင်ရှားရန်နှင့်အတူ တတ်နိုင်ပါက တောမုဆိုးကျားကြီးတွေ စားသောက်နေသောအစာကိုလည်း မလုရ၊ တစ်ဖန် ကျားချောင်းနေသော သားကောင်မှန်း





သိပါကလည်း မပစ်ခတ်ရန် မှာကြားထားသည်ကို သူ ပြန်လည်သတိရနေသည်။

သို့သော် အားလုံးနောက်ကျသွားပါပြီ။ သူ့အသိစိတ်ထဲဝယ် ငွေဖြင့် မုဆိုးဘဝကို မြှူဆွယ်လိုက်သည့် လောပန်းကြီးနှင့်အတူ သူရလာသော ငွေတွေ၊ ထိုငွေတွေအတွက် မုဆိုးကြီးလည်းဖြစ်၊ ဖခင်လည်းဖြစ်သူ၏ အမှာအကြားတွေ မေ့ပျောက်သွားသည့်အပြင် ဘဝတူမုဆိုး၊ တောမုဆိုးကျားကိုသာ သတ်ဖြတ်ရန်၊ ပစ်ခတ်ရန် ဆန္ဒတွေကြောင့် စည်းမစောင့်၊ စည်းဖောက်သောလူမုဆိုးနှင့် မိမိ၏အစားအစာအတွက် ဝင်လုလေသောလူမုဆိုးအား အခဲမကျေ ကိုက်လိုက်သော ကျားကြီးတို့၏ တိုက်ပွဲကား ပြီးဆုံးသွားပါပြီ။

'ဟေ့… ဟိုမှာ… ဟိုမှာ… ကျားကြီးနဲ့လူ'

'အေး… ကျားကြီးသေနေပြီ၊ လူမသေသေးဘူး'

'အို… မကော့ အရမ်းမတိုးနဲ့လေ၊ မရဲနဲ့'

လုံကျာရွာမှ ဈေးရောင်းပြီးပြန်လာကြသည့် မကော့၊ မလု၊ မာရွယ်တို့သုံးယောက်သည် တောင်စောင်းအထက်တွင်ရှိစဉ် တူမီးသေနတ်သံကြားမိသည်။ ဒုန်းဆိုသော အသံကြီးမှာ သူတို့သိပြီးသား တူမီးသေနတ်သံ၊ ဟူမီးသံသည် ဒိုင်းဟူသော မြည်သံထက် ဒုန်းဟူသော အသံဘက်များနေသဖြင့် အပေါ်မှနေကြသူတွေအဖို့ တူမီးဖြစ်ကြောင်း ကောင်းကောင်းသိကြပါသည်။ သူတို့သုံးယောက်အနက် မကော့သည် အတင့်ရဲသည်တော့မဟုတ်ပါ။ လက်ကလေးလှုပ်နေသူမှာ မနက်စောစောက သူတို့နှင့် စကားပြောခဲ့သော သူတို့ရွာသားမုဆိုးလေး မရစ်နော်ဟုတွေးကာ စိုးရိမ်စိတ်တွေဖြင့် ရှေ့တိုးသွားစဉ်

'မာရွယ်… မာလု… လာကြ၊ လာကြဟေ့၊ မရစ်ဟေ့ မရစ်နော်'

'မရစ်နော်'

'မရစ်နော်'

မရစ်နော်မှာရှိသမျှ ခွန်အားလေးဖြင့် သူ၏သတိယူနေသော


www.burmeseclassic.com

www.burmeseclassic.com



သွေးမရှိတော့သော မျက်နှာဖြူဖြူကြီးမှ မှေးမှိန်နေသော မျက်လုံးတွေအားယူကာ ဖွင့်ကြည့်ရင်း မကော့အား တွေ့သွားပါပြီ။ သို့သော်လည်း စကားပြောရှ်မရတော့၊ သူ၏လည်ပင်းကြီးမှ စကားပြောရန် အားယူလိုက်စဉ်မှာပင် သွေးတွေ တစ်ဗွက်ဗွက်ထွက်လာနေသည်။

ထိုအချိန်တွင် တောင်ပေါ်မှ လားတွေနှင့်ဆင်းလာသော လောပန်းကြီးတို့နှင့် တွေ့ရပါပြီ။ မကော့ ဒေါသတွေမွှန်နေသော်လည်း မထူးတော့ပါ။

'အို… ကောင်လေး… ကောင်လေး'

မရစ်နော် လောပန်းကြီးအား ထပ်မံအားယူကြည့်ရင်းမှ တုန်ယင်နေသော လက်ဖျားများဖြင့် ကျားသေကြီးအား လက်ညှိုးထိုးပြလိုက်အည်။

မရစ်နော်သည် လောပန်းကြီးလိုချင်သော ကျားကြီး၊ ငွေလိုချင်သော မရစ်နော်။ ဖခင်မှဆိုးကျော်ကြီးမှ မပစ်ခတ်ရန်အတွက် တားသည့် တောမုဆိုး ကျားကြီးအား သူ၏ဘဝနှင့်လဲလိုက်ရသည်ကို နောင်တရသည် မရသည်တော့မသိပါ။ လက်ညှိုးထိုးပြရင်း မပွင့်တပွင့်မျက်လုံးများ မလှုပ်ရှားတော့။

မရစ်နော်တစ်ယောက် သေဆုံးသွားပါပြီ။ မရစ်နော်၏အမှားကြောင့် တောမုဆိုးကျားကြီးလည်း သေဆုံးသွားရပါပြီ။ ဤသေဆုံးမှုအသက်နှစ်ချောင်းအားကြည့်ပြီး လောပန်းကြီးတစ်ယောက် စိတ်မကောင်း၊ သူ့ကြောင့် လူငယ်မုဆိုးကလေး သေရသကဲ့သို့ တောထဲမှ တောမုဆိုးကျားကြီးလည်း သေဆုံးရပါပြီဟု တွေးကာ အလွန်စိတ်မကောင်းဖြစ်သွားပါပြီ။

'အင်း… မုဆိုးကို ကျားကိုက်၊ ကျားဗိုက်ကိုသေနတ်မှန်ပြီး အားလုံးသေဆုံးသွားကြပြီ'ဟုတွေးနေမိပါတော့သည်။

○ ○ ○



# ကျွန်းပင်တန်းနှင့် နတ်နန်းတွေ

လှည်းကူးမြို့ ဈေးကြီးရှေ့တွင် ကားကရပ်လိုက်ပါပြီ။ ကျွန်တော် ကားပေါ်မှဆင်းရန် နာရီကြည့်လိုက်ရာ ဆယ့်တစ်နာရီဆယ်မိနစ်ဖြစ်နေ၍ ဈေးရုံများဖြတ်ကျော်ရင်း မော်တော်ဆိပ်အရောက် မော်တော်တစ်စီး စက်နှိုးနေသည့်အတွက် ထိုမော်တော်အား မေးလိုက်ရာ ဆိုးရင်ကလေးရွာသွားမည့် မော်တော်ဟု သိလိုက်သဖြင့် ကျွန်တော် မော်တော်ပေါ်တက်လိုက်၏။

ဤလမ်းခရီးသို့ ကျွန်တော် မရောက်ခဲ့သည်မှာ ဆယ့်ရှစ်နှစ်ခန့်ရှိပါပြီ။ သို့သော်လည်း မွေးရပ်မြေဒေသဖြစ်ခဲ့၍ သွားတတ်လာတတ်သည့်အပြင် နယ်မြေဒေသနှင့် မစိမ်းပါ။ ကိုယ့်ရေမြေကိုယ့်ဒေသဖြစ်၍လည်း မသွားရဲ၊ မလာရဲစရာမရှိဟု ကျွန်တော် ထင်မိပါသည်။ တစ်ခုတော့ရှိသည်။ ဤဒေသနှင့် လုံးဝအဆက်အသွယ်ပြတ်သည်က ဆယ့်ရှစ်နှစ်၊ တစ်နှစ်တစ်ခေါက်၊ နှစ်နှစ်တစ်ခေါက် ရောက်ခဲ့သည်က ဆယ်နှစ်ကျော်ကျော် စုစုပေါင်း နှစ်သုံးဆယ်ကျော် လေးဆယ်နီးပါး၊ ကျွန်တော်တို့မိသားစု ကျွန်တော်၏ကျေးရွာမှ ပြောင်းခဲ့သည့်နှစ် လေးဆယ်ကျော်ခဲ့ပါပြီ။ ကျွန်တော် ငယ်ငယ်လေး သုံးတန်းကျောင်းသားဘဝကပင် ဖြစ်ပါ၏။

'အစ်ကိုကြီး… မော်တော်ခ'

'ဩော်…'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်မှာဆင်းမှာလဲ'

'ရှမ်းရွာ၊ ဦးသန်းရေဆိပ်မှာ ဆင်းမယ် ညီလေး'

'ဟုတ်ကဲ့··· ဟုတ်ကဲ့·· ကိုသိန်းထွန်းတို့ ဆိပ်ပေါ့'

'ကိုသိန်းထွန်း'

'ဩော်··· ဟို ဦးလေးသန်းရဲ့သားလေ'

'အုန်းသီးလား'

'ဟုတ်တယ်··· ဟုတ်တယ်'

'ကျေးဇူးပဲ ညီလေး၊ အုန်းသီးတို့ဆိပ်မှာ ဆင်းမယ်'

'ဟုတ်ကဲ့'

ကျွန်တော့်တူတော်သူ အစ်ကိုသန်း၊ မမသောင်းတို့၏သား၊ ငယ်ငယ်တုန်းက အုန်းသီးဟု ကျွန်တော်တို့က ချစ်စနိုးခေါ်ခဲ့ကြသော အုန်းသီးခေါ် သိန်းထွန်း ဟုတ်ပါသည်။ ကျွန်တော် ရန်ကုန်မှ တစ်ခေါက်တစ်ခေါက် ရွာရောက်တော့ မောင်သိန်းထွန်း ငယ်ငယ်ကလေးမို့ ကျွန်တော်သိထားသည်မှာ အုန်းသီး၊ ခုတော့ မောင်သိန်းထွန်း။

ကျွန်တော် တွေးရင်း မော်တော်ပေါ်မှ ကျွန်တော်ချစ်သော ငမိုးရိပ်ချောင်းရိုးလေးအား ငေးမောကြည့်လိုက်မိသည်။ ကျွန်တော်တို့ငယ်ငယ်ကတည်းက ရေတက်ရေကျလိုက်ပြီး ဟိုတုန်းကသမ္ဗန် နောက်ပိုင်းတော့ မော်တော်လေးတွေမှာ လှည်းကူးမြို့နယ်နှင့် ကျွန်တော်တို့ရွာတွေအတွက် ရှုံ့ဆန့်နေကြ။

ငမိုးရိပ်ချောင်းသည် ယခင်အတိုင်း ရေကနောက်မြဲ၊ ဘယ်သောအခါမှ မကြည်သော ရွှံ့နွံပေါသည့် ကျွန်တော်တို့ငမိုးရိပ်ချောင်းလေးကား စီးမြဲဆင်းမြဲ အားကိုးအားထားရာ ငမိုးရိပ်ချောင်းရိုး၏ ရေအန်နှင့် ကမ်းနှစ်ဖက်ရှိ ကိုင်းပင်တွေ၊ ကျေးရွာနှင့် ဘုန်းတော်ကြီးကျောင်းတွေ၊ အခင်းတွေ စသည်စသည်ဖြင့် သဘာဝနှင့် ဖန်တီးအလှအပလေးတွေကြောင့် ကျွန်တော့်ရင်မှာ အေးမြကြည်လင်နေပါသည်။

မော်တော်ပေါ်ပါလာသူ လူနှစ်ဆယ်ကျော်ကျော်အား ကျွန်တော်မသိပါ။ သူတို့လည်း ကျွန်တော့်အား သိမည်မထင်။ မသိသူတွေနှင့်ခရီး





သွားရသော ကျွန်တော့်အဖို့ အတွေးတွေကိုသာ မိတ်ဖွဲ့သွားရသည်မှာလည်း တစ်မျိုးခံစားရပါ၏။

'မုဆိုးညောင်ပင်ပါတယ်ပေါ့'

'အသက်ခြောက်ဆယ်ကျော်ကြီး မအော်နဲ့သိတယ်'

'ဟင်း··· ခြောက်ဆယ်ကျော်မှာ ပါးစပ်ကြီးပါတယ်ပေါ့၊ ဟိုနေ့တလို မော်တော်ငနဲ့တွေ မေ့သွားလို့ တောင်ဖျားရောက်မှ ရပ်ပေးတာနင်တို့မှ မသိတာဟာ'

'ဟား··· ဟား··· ဟား··· ဟား··· အဘညို ကျွန်တော်တို့မေ့သွားလို့ပါ အဘရဲ့၊ ဟား··· ဟား··· ဟား··· ဟား···'

'အင်း··· မုဆိုးညောင်ပင်ဆိုတော့ ရှမ်းရွာရောက်တော့မှာပဲ'

ကျွန်တော် ဝမ်းသာသွားမိသည်။ ကျွန်တော့်ချက်မြှုပ်ကျေးရွာရောက်တော့မည်ဖြစ်၍ ဝမ်းသာမဆုံးပါ။ မုဆိုးညောင်ပင်ကျော်၍ ကမ်းစပ်ပေါ်ဝယ် စေတီတစ်ဆူတွေ့လိုက်ရပါပြီ။ ဩော်··· ရွာနှစ်ရွာကြားက ဘုရားပါလားဆိုသောအသိ၊ ထိုဘုရားနှင့် တန်ဆောင်းအတွင်းဝယ် ရုပ်ပွားတော်ကြီးများအား မှန်း၍လည်း ဦးတိုက်လိုပါ၏။

အလွန်ကြီးမားသော အရိပ်အာဝသ ကောင်းသော ကုက္ကိုပင်ကြီးမြင်လိုက်သည်နှင့် ကျွန်တော်ချစ်သော ကျွန်တော့်ရွာ၊ ရှမ်းရွာမြောက်ပိုင်းဆိုသည့်အသိကြောင့် ကျွန်တော် ပျော်ရွှင်သွားမိပါသည်။ ခါတိုင်းဆိုထိုကုက္ကိုပင်ကြီးတွင် ဆင်းသူတွေရှိပါက မော်တော်ဆိုက်ပေးပါသော်လည်း ယခုတော့ ဆင်းသူတွေမရှိသဖြင့် ဦးသန်း၏သားမောင်သိန်းထွန်းတို့ ရွာလယ်ဆိပ်ရောက်မှ မော်တော်ဆိုက်ပါပြီ။

'ကျေးဇူးပါပဲညီလေး'

'ဟုတ်ကဲ့'

ကျွန်တော် မော်တော်ကုန်းဘောင်ပေါ်မှ ဖြတ်လျှောက်ရင်း ကမ်းပါးပေါ်ကြည့်ပါသော်လည်း သိသူမတွေ့၊ လူငယ်နှစ်ဦးနှင့် အသက်ငါးဆယ်အရွယ်အမျိုးသမီးကြီးတစ်ဦးသာ တွေ့သည်။ ထိုအမျိုးသမီးကြီးလည်းကျွန်တော် မသိသည့်အတွက် ကျွန်တော် မောင်ထွန်းသိန်းတို့ခြံမှာသာ၍



www.burmeseclassic.com

www.burmeseclassic.com



ရွာလယ်လမ်းမကို ကျော်လိုက်သည့်တွင် ကျွန်တော်ငယ်ငယ်က နေခဲ့သော ကျွန်တော်တို့အိမ်၊ ခြံဝင်းအဝအရောက်တွင်…

'ဟယ်… အကျော်… မောင်လေး၊ အကျော်'

'မမအုန်း…'

ကျွန်တော့်အစ်မ တစ်ဝမ်းကွဲ၊ ကျွန်တော် အချစ်ရဆုံးအစ်မသည် အိမ်ပေါ်မှ ပြေးဆင်းပြီး ကျွန်တော့်အား အတင်းပွေ့ဖက်ကြိုဆိုပါသည်။ မမအုန်းသည် အဝမပျက်ပါ၊ မမအုန်း၏ခင်ပွန်းသည် ကိုလှအေးသည် အိမ်ပေါ်မှပင် အောက်ဆင်းကြိုကြသည်။

'အကျော် နင်ဘယ်တုန်းက ရန်ကုန်ပြန်ရောက်တာလဲ၊ တပ်က ထွက်မယ်ဆိုတာ ဟုတ်လား'

'ဟုတ်တယ် မမအုန်း၊ ကျွန်တော် ထွက်လိုက်ပြီ၊ ရန်ကုန်ရောက်တာ လေးငါးရက်ပဲရှိသေးတယ်'

'မအုန်း… ထမင်းပွဲပြင်ဟာ၊ အကျော် ထမင်းမစားရသေးဘူး ထင်တယ်'

'ဘာဟင်းချက်လဲ မမအုန်း'

'ငါးရှူစင်းကောချက်ထားတယ်၊ ကြက်ဥကြော်လိုက်ဦးမယ်၊ မောင်လေးအပေါ်တက်'

'ဒီအောက်အဆင့်က အေးတယ်၊ မမအုန်း ဒီအထုပ်တွေသာ အပေါ်တင်ပေးပါ'

'အေး… အေး'

'ကိုလှအေး ဖျာခင်းလေ'

ကျွန်တော် ထမင်းစားပြီးနောက် ပါလာသော ဆတ်သားခြောက်တွေအား အမျိုးတွေနှင့် ခင်မင်သူတွေအား မျှမျှတတပေးရန် မမအုန်းနှင့် တိုင်ပင်ပြီး မမအုန်းသည် အားလုံအတွက်ညီညီမျှမျှ ခွဲဝေပေးရန် အပုံတွေ ပုံပြီး နီးနှင့်စီးသည်။ ကျွန်တော် နှစ်ပိသာခန့်ပါလာသော ဆတ်သားခြောက်များမှာ တစ်အိမ်လျှင် နှစ်ကိုသုံးတိုမျှသာ ပေးဝေနိုင်ခဲ့ပါသည်။

ညနေပိုင်း ကျွန်တော်၏ အစ်ကိုတစ်ဝမ်းကွဲ ဦးမြလှိုင်အိမ်နှင့် မဖွားဆင် (ဒေါ်ဖွားဆင်)တို့အိမ်တွေ ရောက်ခဲ့ပြီးနောက် ညနေငါးနာရီ နေ့တွင် ကျွန်တော်တို့ငယ်ငယ်က ဆော့ကစားခဲ့သော ကန်လေးသို့ရောက်ခဲ့စဉ်…





'ဟေ့ကောင် ဖိုးကျော်'

'ဟာ… ကြီးမောင်'

'အေး… မင်း ဘယ်တုန်းကရောက်လဲ ဖိုးကျော်'

'ရွာကို တစ်နာရီလောက်က ရောက်တယ်၊ မင်းက ထောက်ကြံမှာနေတယ်ဆို'

'ဟုတ်တယ် မနေ့က ရွာကိုပြန်ခဲ့တာကွ၊ လာကွာ… ထန်းရည်သောက်ရအောင်'

ကြီးမောင်မှာ ကျွန်တော်၏ အချစ်ဆုံးညီအစ်ကို နှစ်ယောက်ဖြစ်သော၊ ကိုကြည်နှင့် ကြီးမောင်၊ ကိုကြည်မှာ ထောက်ကြံ့တွင် နာရီပြင်ဆိုင်ဖွင့်ပြီး နေထိုင်ကြောင်း၊ ကြီးမောင်မှာတော့ ကားထောင်၍ သူကိုယ်တိုင်လည်း ကားမောင်းနေကြောင်း ကျွန်တော်သိထားရပါ၏။

ကျွန်တော်တို့နှစ်ယောက် ကြီးမောင်၏ သားကန်လေးဘေးတွင်ရှိသော နေအိမ်တွင်ထန်းရည်သောက်ကြပြီး ကျွန်တော် မမအုန်းတို့အိမ်တွင် ညစာစားပြီး အိပ်လိုက်ပါသည်။

နောက်နေ့မနက် အစ်ကိုမြလှိုင်အိမ်တွင် မနက်စောစောကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်အပြင် နွားနို့သောက်နေစဉ် ကိုကျော်ညွန့်ရောက်လာသည်။ ကိုကျော်ညွန့်မှာ ကျွန်တော်တို့နှင့် ဆွေမျိုးတော်စပ်သူဖြစ်ပြီး ကျွန်တော့်ထက် ဆယ့်ငါးနှစ်ခန့် ကြီးပါသည်။

'အကျော် ဘယ်တုန်းက ရောက်လဲ'

'မနေ့က ရောက်တယ် အစ်ကို'

'ကိုကျော်ညွန့်'

'ဟင်… ဘာလဲ မြလှိုင်'

'ခင်ဖျားမနေ့ညက ကွင်းပိုင်တင်ပြီးပြီလား'

'အေး… ညက တင်ပြီးပြီကွ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ စပါးရိတ်ဖြစ်လား'

'မရိတ်ဖြစ်ပါဘူးကွာ၊ မနက်ဖြန်မှ ရိတ်မယ်လို့ပြောကြတာပဲ'

'ကျွန်တော် ပြောသားပဲ၊ စောစောစီးစီးတင်ပါဆိုတာ နှမြောနေတာကိုမှ၊ တွေ့တယ်မဟုတ်လား'

'အင်း...'

အစ်ကိုမြလှိုင်မှာ ရှမ်းရွာတွင် လယ်ပိုင်ရှင်တွေအထဲဝယ် တော်တော်အရေးပါ အရာရောက်နေသူဖြစ်ပါသည်။ လယ်ဧကလည်း တော်တော်များ၍ သားလေးယောက် သမီးလေးယောက်၏ လုပ်အားကလည်း အားကောင်းမောင်းသန်တွေ၊ စစ်စီတဲ့နေရာတွင် သူများနှင့်မတူသော်လည်း တင်ရမြှောက်ရမယ်ဆိုပါက ဝန်မလေး၊ သူ့အိမ်တွင် ဝက်၊ ကြက်၊ ဘဲ၊ မန်ဒါလီ စုံအောင် မွေးထား၏။ လယ်တဲတွင်လည်း ကြက်၊ ဘဲ၊ မန်ဒါလီတွေ စားမကုန်။ မြေကွက်လပ်တွင် စိုက်ပျိုးထားသည့်အပင်တွေလည်း စုံနေသည့်အပြင် ကျွဲအုပ်၊ နွားအုပ်တွေအပြည့်အဝ ငှားပင်စားရသည်။

'အစ်ကို ကွင်းပိုင်တင်တယ် ဟုတ်လား'

'အေးလေ... ကိုကျော်ညွန့် စပါးတွေမှည့်တာ ကွင်းပိုင်မတင်ဘဲ ရိတ်မယ်လည်းလုပ်ရော ပိုးနဲ့တိုးတော့တာပဲ'

'ဗျာ... ပိုးဟုတ်လား'

'ဩော်... ပိုးဆိုတာ မြွေဆိုးပေါ့ကွာ၊ မြွေပွေး၊ မြွေဟောက်တွေလေ၊ တို့ကွင်းမှာရှိတယ် အကျော်ရ၊ ကွင်းပိုင်ကို ကြက်တစ်ကောင်ချက်ပြီး အရက်တစ်လုံးနဲ့ ကိုယ်ပိုင်တဲ့လယ်ကွက် ကန်သင်းမှာပေါ့ကွာ၊ ရေဝင်တာနဲ့ တင်ရတယ်၊ မြှောက်ရတယ်ကွ။ ကိုကျော်ညွန့်က သူ့ကြက်နှမြောပြီး မတင်လို့ သူကိုယ်တိုင်တွေ့တာယ်။ စပါးရိတ်မယ့်သူတွေတွေ့လို့ ဘယ်သူမှ မရိတ်မိကြဘူး၊ အေး... မနေ့ကမှ တင်တယ်တဲ့လေ၊ နှမြောတာကွ နှမြောတော့ မတင်ဘဲနေလို့ရတာမှ မဟုတ်တာကွာ'

'ဟုတ်တယ် အကျော်ရ၊ ငါနှမြောတာနဲ့ နှစ်ရက် သုံးရက်နောက်ကျသွားပြီကွ'

'တကယ်ပဲလား အစ်ကိုမြလှိုင်'





'အေး... တကယ်ပဲ အကျော်ရေ၊ စပါးရိတ်မယ်ဆိုရင် ကွင်းပိုင်တင်မြှောက်ပြီး အဲဒီအရက်၊ အဲဒီကြက်သားဟင်း နည်းနည်းပါးပါး စွန့်ပြီး ပြန်စားကြတာပေါ့ကွ၊ ကွင်းပိုင်သာတင်လိုက်၊ ပိုးတွေဘယ်လောက်ပေါပေါ တင်ပြီးတာနဲ့ တစ်ကောင်တစ်မြီးမှ မရှိတော့ဘူးသာမှတ်၊ မယုံမရှိနဲ့၊ တင်တဲ့မြှောက်တဲ့ကြားက ထပ်တွေ့ရင် စပါးဆက်မရိတ်နဲ့၊ ချက်ချင်းသာထပ်တင်လိုက်ပြီး နောက်နေ့ဆက်သာရိတ်၊ ဘယ်တော့မှ အန္တရာယ်မရှိတော့ဘူး'

'အံ့စရာပဲနော်'

'မအံ့နဲ့ညီလေးရ၊ တို့ကွင်းပိုင်တွေဟာ တကယ် စောင့်ရှောက်တာကွ၊ မယုံမရှိနဲ့ လက်တွေ့ပဲကွ၊ တို့ဒီကွင်းတွေမှာ မြွေပွေး၊ မြွေဟောက် ဘယ်လောက်ပေါသလဲ၊ ပိုးထိလို့သေတယ်ဆိုတာ မကြားဖူးလောက်အောင်ပဲ အကျော်ရေ၊ ကျွဲနွားလည်း ဒီအတိုင်းပဲ တင်ကြမြှောက်ကြတာပေါ့၊ အင်း... ငါ့အမှားပေါ့ကွာ၊ ကပ်စီးနည်းတဲ့ မြလှိုင်က ဒါမျိုးကျတော့ လက်မနှေးဘူး၊ ငါလက်နှေးမိလို့ စပါးရိတ်ဖို့ သုံးရက်နောက်ကျသွားပြီ အကျော်ရေ'

ကျွန်တော် အစ်ကိုမြလှိုင်နှင့်ကိုကျော်ညွန့်တို့စကားများ နားထောင်ရင်း ကျွန်တော်နေထိုင်လှုပ်ရှားခဲ့သည့် ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ ရှမ်းရွာတွေဆီသို့ စိတ်က ပြန်ရောက်သွားမိသည်။ သူတို့ကျေးရွာတွေ၏ ရွာဦးဝယ် နတ်ကြီးစင်တွေရှိကြ၏။ နတ်ကြီးစင်ဝယ် ဝါဝင်ဝါထွက် တင်ကြမြှောက်ကြ ဆုတောင်းကြ၏။ ရွာပတ်ဝန်းကျင်သော်လည်းကောင်း၊ ရွာနှင့်မနီးမဝေးမှသော်လည်းကောင်း၊ ကျားဟိန်းသံ၊ ချေဟောက်သံ၊ တောခွေးအူသံ ကြားရပါက ချက်ချင်း နတ်ကြီးစင်ဝယ် တင်ကြမြှောက်ကြပသကြ၊ တောင်းပန်ကြနှင့် ဒေသရေမြေအလိုက် လုပ်ကြသည့်ကို သတိရပြီး အစ်ကိုမြလှိုင်နှင့် ကိုကျော်ညွန့်တို့အား ပြောပြသည်ကို နားထောင်ကြရင်း မသိတာတွေမေး သိတာလေးတွေ ထောက်ခံကြနှင့် စကားကောင်းနေစဉ် အစ်ကိုမြလှိုင်မှ ကျွန်တော့်အား

'အကျော် မင်းဒီနေ့ဘယ်သွားဦးမလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ဆိုးရင်ရွာသွားမလို့'

'ဘယ်သူနဲ့သွားမှာလဲ'

'မမအုန်းနဲ့သွားမယ်'

'အေး·· နောက်နေ့ကွင်းထဲသွားကြတာပေါ့'

'ဟုတ်ကဲ့'

'ဩော်··· အကျော်၊ ကျွန်းပင်တန်းရောက်ရင် နတ်နန်းတွေ ကန်တော့သွားနော်'

'ဗျာ··· ဩော်··· ဟုတ်ကဲ့··· ဟုတ်ကဲ့'

ကျွန်တော် သတိရမိပါပြီ။ ကျွန်းပင်တန်းနှင့် နတ်နန်းတွေပြန် သတိရမိပါသည်။ ကျွန်တော့်အမေက ဒီရှမ်းရွာ၊ ကျွန်တော့်အဖေရွာက ဆိုးရင်ကလေးရွာ၊ ဒီနှစ်ရွာအကြားမှာ ကျွန်းပင်တန်းနှင့် နတ်နန်းရှိသည်ကို ကျွန်တော် မှတ်မိပါပြီ။

'ဟုတ်တယ် အကျော်၊ ကျွန်းပင်တန်းမှာ အမှားအယွင်းမရှိစေနဲ့၊ ဦးတိုက်ပြီးသွားပါ၊ မအုန်းပါမယ်ဆိုတော့ ပိုကောင်းတာပေါ့ကွာ'

'အကျော်ရေ၊ ကျွန်းပင်တန်းဟာ ငါတို့ရွာအတွက် အင်မတန် အားကိုးရတယ်ကွ၊ မင်းက ငယ်ငယ်ကလေးနဲ့ ရန်ကုန်ရောက်၊ နောက်ထပ် တဲရောက်သွားတော့ အဆက်ပြတ်သွားတာပေါ့ကွာ'

'ဟုတ်တယ် အစ်ကို၊ ကျွန်တော် အဆက်ပြတ်နေတာ အမှန်ပဲ၊ နှစ်ပါင်းမနည်းတော့ဘူး'

'အေး··· အဲဒီကျွန်းပင်တန်းဆိုတာ အိမ်တွင်းဖခင်ကြီးမောင်နှမ စောင့်ရှောက်တယ်၊ အဲဒီနတ်ကြီးတွေရဲ့ နတ်နန်းတွေနဲ့မို့ တို့ရွာသားတွေ အတွက် ရွာကိုလည်း စောင့်ရှောက်၊ ရောဂါဘယတွေကင်းဝေးပြီး နောက် ဆုံး ခိုးသားဓားပြတောင် ရွာထဲဝင်လို့မရဘူးကွ'

'ဟုတ်တယ် အကျော်၊ မြလှိုင်ပြောတဲ့အတိုင်းပဲ၊ မင်း ငယ်ငယ် လေးပေါ့၊ တို့ရွာတစ်ရွာလုံး ဓားပြတိုက်ခံရတာဟာ၊ အဲဒီဓားပြအဖွဲ့ရဲ့ တောင်းပန်မှုတွေကြောင့် ခွင့်လွှတ်ရတယ်လို့ ဝင်ပူးပြီးပြောတယ်၊ ဓားပြတွေ တိုက်ပေမယ့် တို့တစ်ရွာလုံး ဘာမှမပါသွားဘူးလေ၊ ရှင်းရှင်းပြောရရင်





ဓားပြတွေကိုယ်တိုင် ကျွန်းပင်တန်းမှာ သစ္စာဆိုရတယ်တဲ့၊ ရွာကိုဝင်တိုက် ပေမယ့် ဘာပစ္စည်းမှမယူပါဘူး၊ လူမသတ်ပါဘူး၊ ရွာလူကြီးလုပ်သူကို မကျေနပ်လို့ အင်အားသုံးဆယ်တိတိ သေနတ်ကိုယ်စီပစ်ဖောက်တိုက်ခိုက် တာပါလို့ ကတိခံပြီး အဲဒီကတိအတိုင်း လုပ်သွားတာပဲ၊ ရွာမနာပါဘူး။ ဓားပြတိုက်မယ့်အကြောင်း ရွာကိုသတိပေးလိုက်တယ်။ ပူးပြီးပြောတယ် မယုံကြဘူးကွ'

ကျွန်တော် မှတ်မိပါသည်။ ခြောက်နှစ်သားအရွယ်က ဖြစ်ပါ သည်။ ညရှစ်နာရီတွင် တစ်ရွာလုံးသေနတ်သံတွေ ဆူညံသွားပါသည်။ သေနတ်သံတွေနှင့်အတူ၊ လူသံတွေ၊ အမျိုးသမီးတွေအော်သံ၊ ကြောက်ရွံ့ ထိတ်လန့်သံတွေ၊ ဓားပြတွေ၏ အော်ဟစ်အမိန့်ပေးသံတို့ တစ်ဖွဲ့လုံးဆူညံ ပြီးနောက် ဆယ့်နှစ်နာရီခန့်တွင် ဓားပြတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြ၏။

အဖေတို့ပြောကြသည်မှာ ဓားပြတွေသည် သန့်ဝန်တွေနှင့်လည်း လာကြကြောင်း၊ ခြေလျင်လည်းလာကြပြီး အင်အားသုံးဆယ်ကျော်မျှပင် ရှိကြောင်း၊ သို့သော် တစ်ရွာလုံးဝင်တိုက်ခိုက်ကြပါသော်လည်း ပစ္စည်းတွေ ယူဆောင်သွားသည် သိပ်မရှိ။ ဓားပြဆိုသည့်အတိုင်း ပိုက်ဆံရှိသောအိမ် အချို့မှပစ္စည်းရွှေငွေအနည်းငယ်တော့ ပါသွားကြောင်း။

ဖမ်းဆီးရမိသူများအား ပြန်လွှတ်ခဲ့ကြောင်း၊ သူတို့ကို မြင်သော ရွာလူကြီးအား ရှာမတွေ့သည့်အတွက် စိတ်တိုကြသည်ဟု ကြားခဲ့ပါသည်။ ထွေထွေထူးထူးမရှိကြောင်းနှင့် ကျွန်းပင်တန်းအကြောင်း ကျွန်တော်ငယ်၍ မသိခဲ့ပါ။

'ကျွန်းပင်တန်းအကြောင်း မင်းသိလား'

'မသိဘူး၊ အစ်ကိုကျော်ညွန့်'

'အေး··· တို့ဘက်ကျမ်းမှာ ညီမနှစ်ဖော်နတ်နန်းကွ၊ ဟိုဘက် ကောက်ကွေ့ရွာဘက်ကမ်းမှာက အစ်ကိုကြီးအိမ်တွင်းဖခင်ကြီးရှိတယ်လို့ သိရတယ်'

'အင်း··· အဲဒီနတ်နန်းတွေရှိတဲ့ ကျွန်းပင်တန်းမှာပေါ့ကွာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



က ကွန်ပစ်တဲ့ကွန်သမားဟာ ကွန်ပစ်လိုက်တော့ ကွန်ဆွဲမရဘူး၊ ရေထဲမှာ ရှိတဲ့ ငှတ်နဲ့ညှိမှာပေါ့၊ အဲဒီမှာ ရေထဲဆင်းတော့ သူ့ပုဆိုးရေစိုမှာစိုးလို့ ကိုယ်လုံးတီးဆင်းလိုက်တာ ရေစပ်မှာ ပိုးထိပြီးသေတယ်ကွ’

‘နောက်နေ့မှာ ဘယ်ပုဂ္ဂိုလ်မှန်းတော့ မသိဘူး၊ ဝင်စီးပြီး ပြောပြလို့ အဲဒီလူရဲ့အလောင်းရတယ်ဆိုတာ သိရတယ်’

‘အေး… အဲဒီထက်ထူးတာ ရှိသေးတယ်၊ တို့ငယ်ငယ်ကဂျပန်ခေတ်ပေါ့ကွာ၊ အဲဒီဂျပန်ခေတ်မှာ တို့ရွာဘက်အစွန်ဆုံးက ကျွန်းပင်ကြီးတွေ လှဲကြတာပေါ့၊ ပထမအပင်လှဲတာမရလို့ စိတ်တိုပြီး ဂျပန်တွေပေါက်ဆိန်တွေနဲ့ခုတ်ကြ၊ လွှနဲ့လှည့်ပတ်ဖြတ်ကြတော့ ပထမကျွန်းပင်တစ်ပင်လဲသွားတယ်တဲ့။ နောက်ထပ်တစ်ပင်လှဲတော့ လှဲလို့မရတာနဲ့ ဂျပန်တွေထားခဲ့တယ်၊ ညဘက်ရောက်၍ အဲဒီဂျပန်လေးငါးယောက်ဟာ ချေးပန်းပြီးသေကုန်တယ်လို့ ကြားဖူးတယ်’

ကျွန်တော်သည် ရှမ်းရွာသား၊ ဒီရွာက အစ်ကိုတွေ၊ အစ်မတွေ၊ ရွာသားတွေ ယုံကြည်သော ကျွန်းပင်တန်း၊ ကျွန်တော့်မိဘတွေဘိုးဘွားတွေ တလေးတစား လေးစားရှိသေခဲ့သော နတ်နန်းနှင့်နတ်ကြီးများအကြောင်း ပြောပြနေကြပါ၏။ ကျွန်တော့်သည် မုဆိုးဘဝ တောတောင်အစုံ၊ အမျိုးမျိုးကြုံခဲ့ဖူးပါသည်။ တောခြောက်ခြင်းသည် တောကပါ၏၊ တောမှောက်ခြင်းသည် သက်ရှိသားကောင်အား တောကပူးကပ်ပြီး လူယောင်ဆောင်၏၊ လူပင်ဖြစ်ပါသော်လည်း အမြင်လွဲမှားပြီး သားကောင်ထင်မှတ်ကာ ပစ်ခတ်သတ်ဖြတ်မိသည်အထိတော့ မှောက်ခြင်းတွေကြုံရဖူးသော်လည်း ယခုလို ကျွန်တော့်ရွာ၊ ကျွန်တော့်ဒေသနှင့် မိရိုးဖလာ အားကိုး ကိုးကွယ်မှုအပေါ် ကျွန်တော် လေးစားယုံကြည်မှုရှိရမည်သာ။

‘အေး… ငါ့ညီ မယုံမရှိနဲ့နော်၊ တို့ရွာအတွက်ကော ဘိုးရင်ကလေးရွာနဲ့ ကောက်ကွေ့ရွာတွေအတွက် ကျွန်းပင်တန်းနဲ့ နတ်နန်းတွေမှာ စောင့်ရှောက်တဲ့ နတ်ကြီးတွေပေါ့ကွာ၊ ရွာသူ ရွာသားတွေကလည်းလေးစားကြည်ညိုကြတယ်၊ အဲဒီနတ်ကြီးတွေကလည်း လေးစားကြည်ညိုကြတယ်၊ အဲဒီ နတ်ကြီးတွေကလည်း စောင့်ရှောက်တာ အမှန်ပဲကွ’





‘ငါ့ညီရေ… ထူးခြားတဲ့ ကျွန်းပင်တွေက ကျွန်းရွက်တွေအကြောင်း ပြောရဦးမယ်’

စကားမပြောတော့ဘဲ အစ်ကိုမြလှိုင်ပြောသမျှ နားထောင်နေသော ကိုကျော်ညွန့်သည် သူ့အလှည့်ရောက်ပြီဟု သဘောထားရင်း ထူးဆန်းသော ကျွန်းပင်တန်းမှ ကျွန်းပင်တွေ၏ ကျွန်းရွက်တွေအကြောင်း စတင်ပြောပြပါတော့သည်။

ကျွန်းပင်တန်းရှိ ကျွန်းပင်မှာ ကောက်ကွေ့ဘက်ကမ်းတွင် ဆက်ပင်ခန့်နှင့် ရှမ်းရွာဘက်ကမ်းတွင် ကျွန်းပင်ဆယ်ပင်ခန့်ရှိပါသည်။ ထိုကျွန်းပင်တွေ၏ ကျွန်းရွက်ကြီးများသည် ရင့်၍ခြောက်၍ကြွေကျသည့်အခါ အပင်ခြေနှင့် နတ်နန်းတွေဘေး လယ်ကွက်အချို့ပေါ်သို့ လွင့်စင်ကျသကဲ့သို့ ငမိုးရိပ်ချောင်းရေထဲသို့လည်း ကျခဲ့ပါသည်။

ထိုနတ်နန်းတွေရှိသော ကျွန်းပင်တန်းသည် ချောင်းဟိုဘက်ကမ်း ဒီဘက်ကမ်း စီတန်းပေါက်ရောက်နေသည့်အပြင် ထိုနတ်နန်းတွေရှိသော ကျွန်းပင်တန်း နှစ်ဖက်ကမ်း၏အလယ် ငမိုးရိပ်ချောင်းသည် အကွေ့အကောက်မရှိ ဖြောင့်တန်းနေသည်မှာလည်း ထူးဆန်းဖွယ်ပင်။ တစ်ဖန် ထိုဖြောင့်တန်းနေသော ငမိုးရိပ်ချောင်းသည် ဘိုးရင်ရွာနှင့် ရှမ်းရွာခြားသည့် လျှိုချောင်းကလေးသည် ဘိုးရင်ကလေးရွာ အစတွင်ရှိပြီး ကုက္ကိုပင်ကြီးတွေအောက်ဝယ် တံတားတစ်ခု လူများနားခိုရန် သွပ်မိုးထားသည့်ဇရပ်ငယ်လေးတစ်လုံးရှေ့တည့်တည့်တွင် ငမိုးရိပ်ချောင်းသည် တံတောင်ဆစ်ကွေးကွေ့သွားပါ၏။ ထိုအကွေ့မှစ၍ ကျွန်းပင်တန်းနှင့် နတ်နန်းတွေကျော်ဖြတ်ပြီး ရှမ်းရွာဦးကျောင်းသစ်နှင့် ကျောင်းကြီးဆိုသည့် ကျောင်းနှစ်ကျောင်းဘေးဝယ် ဖြောင့်ဖြောင့်တန်းတန်း ဖြစ်နေပါသည်။

ထိုကျောင်းနှစ်ကျောင်းအစပ် အလယ်လောက်တွင် ကျောင်းကြီးကျောင်းခြံစည်းရိုး ဝါးနက်ရုံကြီးဘေးဝယ် ဝဲအနည်းငယ်ရှိသည်။ ဝဲဆိုသော်လည်း အကြီးအကျယ်ဝဲလယ်နေခြင်းမဟုတ်။ ထိုဝဲအား လှေငယ်တွေပင် ဖြတ်ကျော်၍ရပါသည်။

ဝါးနက်ရုံကြီးမှ အချို့သော ဝါးပင်ကြီးတွေသည် ငမိုးရိပ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ကိုင်းနေသည့်လည်း ရှိပါ၍ ထိုဝဲဝဲယ်မှနေ၍ ကျွန်းပင်တန်းသို့ လှမ်းမျှော်ကြည့်ပါက ကျွန်းပင်တန်းနှင့်နတ်နန်းတွေကျော်ပြီး ဘိုးရင်ကလေးရွာထိပ်အစတွင်ရှိသည့် တံတားနှင့်ကုက္ကိုပင်ကြီးတွေအောက်မှ ဇရပ်ကိုပင် မြင်ရအောင် ဖြောင့်တန်းနေသော ငမိုးရိပ်ချောင်းစပ် ထူးခြားချက်တစ်ခု။

ထိုငမိုးရိပ်ချောင်း၏ ထူးခြားချက်နှင့် ထပ်တူထပ်မျှထူးခြားနေသည်ကို ကိုကျော်ညွန့်ကဲ့သို့ ရွာသူရွာသားတွေအားလုံး သိထားကြသည်မှာ ကျွန်းပင်တန်း နတ်နန်းမှ ကျွန်းပင်တွေ၏ ကျွန်းရွက်ခြောက်တွေ ငမိုးရိပ်ချောင်းထဲကျပြီး ရေတက်ရေကျ ထာဝရရှိသော ငမိုးရိပ်ချောင်းရေနှင့်အတူ ရေတက်ဆိုပါက ထိုကျွန်းပင်တန်းမှ ကျွန်းရွက်တွေရေစီးနှင့် လိုက်ပါလာရာမှ ကျောင်းကြီးခြံစည်းရိုးအစပ် ထိုဝဲရောက်လျှင် ကျွန်းရွက်တွေအထက်သို့ ဆက်မပါတော့၊ မျောပါတော့ ထိုဝဲထဲတွင် မသိမသာ ဝဲလယ်မှုအတိုင်းအတာအတိုင်း ရပ်ပြီး ဝဲလယ်နေရာမှရေကျသည့်အခါ ထိုဝဲထဲမှပြန်ပြီး ရေစီးနှင့်မျောပါခဲ့ကြပြန်ပါသည်။ ထိုသို့မျောပါလာသော ကျွန်းရွက်များသည် ကျွန်းပင်တန်း၊ နတ်နန်းတို့ကို ကျော်ဖြတ်ပြီးနောက် ဘိုးရင်ကလေးရွာဦးဖြစ်သည့် ချောင်းလိုလို လျှိုပေါက်ကလေးနှင့် လူတွေနားခိုရာဇရပ်ကို ရောက်သည်နှင့် ချောင်းအကောက်အောက်ဘက်သို့ မျောပါခြင်းမရှိတော့ဘဲ ဝဲလယ်သလိုလိုနှင့် ရေအတက်ကိုစောင့်ရင်း အထက်သို့ပြန်ပါရာမှ ရေအောက်သို့ နစ်မြုပ်ပျောက်ကွယ်ကြသည်ကို တွေ့ရကြောင်း။

ကျွန်းရွက်တွေ အထက်အောက်မျောပါသည်ကို မတွေ့ရသည်မှာ အလွန်ပင် ထူးခြားကြောင်းကို ကိုကျော်ညွန့်မှ ပြောပြပြန်ပါသည်။ ကိုကျော်ညွန့်ပြောပြသော အဖြစ်အပျက်တွေသည် တိတိကျကျ ပြောလာသည့်အတွက် ကျွန်တော် အံ့ဩရပြန်ပါပြီ။ ကျွန်တော် တွေ့ဖူးခဲ့သော ကြုံခဲ့ဆုံခဲ့ တာဏာယ်ဖြစ်စေခဲ့ဖူးသော တော၊ ထီးလင်းတောဝယ် ဒရယ်ပစ်စဉ် ဒရယ်အားမှန်ပါသော်လည်း ပစ်ခတ်မှုများပြား၍ ဒရယ်မရခဲ့မှုသည်လည်း အံ့ဩဖွယ်ရာပဟေဠိဆန်ခဲ့မှုများအား ပြန်လည်တွေးတောမိခဲ့ပါသည်။





ကျွန်တော့် မမအုန်းနှင့်အတူ ရွာမှထွက်ခဲ့ပြီးနောက် ကျောင်းသင်ကျော်ခဲ့သည့်တွင် ကျွန်းပင်တန်းနှင့် နတ်နန်းတွေတွေ့ရပါပြီ။ ကျွန်တော်မှတ်မိသလောက်မှာ ဟိုတုန်းက ကျွန်းပင်တန်းတွင် နတ်နန်းနှစ်ဆောင်သုံးဆောင်တွေ့ရပြီး ယခု နတ်နန်းတွေစီစီရီရီ အုပ်တိုက်ကလေးတွေအပြင် ကျွန်းပင်တန်းအစ၊ ကျောင်းဝင်းအပြင်ဝယ် စေတီငယ်တစ်ဆူ၏ ဆည်းလည်းသံလေးတွေမှာ ကြည်ညိုဖွယ်နာပျော်ဖွယ်ရာပင်။

'အကျော်ရေ… ဖိနပ်ချွတ်'

'သြော်… ဟုတ်ကဲ့'

မမအုန်းမှ ဖိနပ်ချွတ်ရင်း ကျွန်တော့်အား ဖိနပ်ချွတ်ခိုင်းပါသည်။ ရေကန်မရောက်မီ ဖိနပ်ချွတ်နေစဉ် ဘိုးရင်ကလေးရွာဘက်မှလာသူတွေလည်း ဖိနပ်ကလေးတွေ လက်မှာကိုင်ကြပြီးနောက် ကြာဖြူ၊ ကြာနီ ရေကန်အလယ်ရောက်သောအခါ ငှောင်ပင်တစ်ပင်အနီးအရောက် ထိုနတ်နန်းသို့ ဦးတိုက်နေကြသည်ကို ကျွန်တော် မြင်တွေ့လိုက်ရသည့်တွင် ကျွန်တော့် ရင်ထဲဝယ်–

'သြော်… အဘိုးအဘွား အဖေအမေတို့ရဲ့ လေးစားမှုတွေနဲ့အတူ ရှိသေထိုက်သောသူကို ရှိသေရမှာပဲ၊ နောက်ပြီး ထူးဆန်းအံ့ဩဖွယ်ရာ ဂမ္ဘီရဆန်တဲ့အဖြစ်မို့ မှတ်တမ်းတင်ထားရမှာပဲဟု ကျွန်တော်တွေးတောရင်း…'

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲခလောက်သံလား လက်ခုပ်သံလား

ဆီးနှင်းတွေ ကြွေကျနေသော ဆောင်း၏နံနက်၊ အေးလိုက်သည်မှာ ခိုက်ခိုက်တုန်မျှ ဖြစ်ပါသော်လည်း ကျွန်တော်တို့ငါးယောက်ဝယ် ဇောချွေးတွေပြန်နေသည့်အပြင် အလွန်မောဟိုက်နေသည်။ ထိုဇောချွေးနှင့် ထပ်တူထပ်မျှ တဖွဲဖွဲကျနေသော ဆီးနှင်းများအပြင် ချုံနွယ်တွေထူထပ်သော လျှိုဘေးအပင်တွေမှ ကပ်နေသော ဆီးနှင်းများအပြင် မြေပြင်မှာကျနေသော နှင်းခံများ၊ မြက်ပင်တွေပေါ်မှ နှင်းခဲများကြောင့် အထက်တွေ ရွှဲရွှဲစိုနေပါ၏။ အေးသည်ကား မှန်ပါ၏။ သို့သော် ပြေးလွှား၍လှုပ်ရှားမှု ဒဏ်ကြောင့် မောလည်းမောနေရာ ထိုအအေးဒဏ်ကိုပင် ဂရုမစိုက်နိုင်တော့။

ကျွန်တော်တို့ငါးယောက် အပြေးအလွှား လိုက်နေရသည့်ခရီး အကွာအဝေးအား ဆန့်တန်းတိုင်းထွာလိုက်ပါက တစ်မိုင်မကဟု ထင်ပါ၏။ ချောတစ်ကောင် သို့မဟုတ် ဒရယ်တစ်ကောင်သာဆိုပါက ဤမျှအပင်ပန်းမခံတော့သည်မှာ အမှန်ပင်။ ဤမျှအပင်ပန်းမခံဘဲ နောက်ထပ်တစ်ကောင်ရှာဖွေပစ်ခတ်မည်သာ။ အခုလို နံနက်ပိုင်းမရပါက ညနေစောင်းရာ မခက်မှာမလွဲ၊ ခုတော့ ရှားရှားပါးပါး တင်မြတ် ပစ်ခတ်လိုက်ရသော သားကောင်ကြီးမှာ ဆောင်းကာလဝယ် လယ်ထနေသော ဆတ်ကုလားကြီး။ ဆတ်ထီးကြီးမှ ဆတ်ထီးအကြီးကြီး။

www.burmeseclassic.com



ဆတ်တို့သည် အုပ်စုလိုက်သိပ်မနေကြ၊ တစ်ကောင်တည်း နေတတ်ကြ၏။ သို့သော် မိတ်လိုက်ချိန်ဆိုပါက နှစ်ကောင်တွဲတွေတွေ့ရသည့်အပြင် တစ်ခါတစ်ရံဝယ် နေ့လယ်နေခင်းများတွင် လျှိုနှင့်မြိုင်ကြီးတွေအရိပ်ကောင်းကောင်း တောင်စောင်းနှင့်ရေအိုင်တွေဝယ် လေး၊ငါးကောင်အထိ နားနေကြရေစိမ်ကြနှင့် နေခဲ့သည်ကိုလည်း ကောင်းစွာတွေ့ရဖူးပါ၏။

ယခုလည်း ရှားရှားပါးပါး ဆတ်ကြီးအားပစ်ခတ်စဉ် စိတ်ကြိုက်ပစ်ခတ်ရသည့်အတွက် အလွန်ဆုံးပြေးပါက ပေသုံးလေးရာဟုထင်ပြီး လိုက်ခဲ့ကြသည်။ ဆတ်ကြီးအားမှန်သွားသော ဒဏ်ရာမှ သွေးတွေသည် ဆီးနှင်းခဲနေသော မြက်နုနုတွေ အပင်ငယ်တွေပေါ်ဝယ် တွေ့ရှိရသည့်အပြင် ဆတ်ကြီး၏ခြေရာတွေမှာ အထင်းသား၊ ချုံတိုးပြေးနေသည့်လမ်းကြောင်းအတိုင်း ကျွန်တော်တို့ လိုက်ခဲ့ပါသော်လည်း ဆတ်ကြီး၏သွေးစက်တွေနှင့် အကောင်ကြီး၍ တိုးသွားသော ခြေရာနှင့်လမ်းကြောင်းကောင်းကောင်း ရှင်းရှင်းလင်းလင်းမို့ ခြေရာလမ်းမပျောက်၊ လမ်းကြောင်းလည်းမပျောက်၊ သို့သော် အကောင်တော့မတွေ့ရသေး။ လူတွေလည်း အမောဆို့ချင်နေပြီ။

'တင်မြတ်ရေ'

ကျွန်တော်၏ရှေ့မှပြေးနေသော တင်မြတ်အား လှမ်းအော်လိုက်သည်။ တင်မြတ် အပြေးရပ်ပြီး သူ၏နဖူးမှ ချွေးသီးများ လက်နှင့်သပ်ချရင်း ကျွန်တော့်ကိုလှည့်အကြည့်

'နားကြမယ်ကွာ'

'ဟုတ်ကဲ့… ခြေရာနှင့်သွေးစက်တွေ ရှိနေတယ် ဆရာကျော်၊ နား… နားပြီးမှ ဆက်လိုက်မယ်'

'အေး… ကဲ… အားလုံးနားကြတာပေါ့၊ သတိတော့ထားကြဟေ့'

တင်မြတ် တော်တော်လေး မောနေပုံရသည်။ သူသည် လဲနေသော အပင်လုံးကြီးပေါ်ထိုင်ရင်း ရေဘူးဖြုတ်ကာ မော့လိုက်သည်။ သူ့ရေဘူးထဲမှာ ရေတော့မဟုတ်ပါ။ အရက်အာမီရမ်တွေပင်။ အမောပြေ အား





ဆေးအဖြစ် နှစ်ငုံ၊ကိုက်မော့သကဲ့သို့ ကျွန်တော်တို့အားလုံးလည်း တစ်ငုံနှစ်ငုံ ငုံလိုက်ကြ၍ငြားမှ အမောဖြေလိုက်၏။

'ရော်… ဆရာကြီးပအေး'

'ပြောပါ ကိုရှောက်ပန်'

'ကျွန်တော်တို့ ဟောဒီသဖန်းမြိုင်ဆိုတာပ'

'ရော်… ဟောဒီသဖန်းမြိုင်မှာ ဒရယ်တစ်ကောင်မှ မတွေ့သလို ဆတ်ဆို ဝေးတာပ၊ ချေနဲ့တောဝက်ပေါတာပ၊ ခုတော့ ဆတ်ပစ်ရတယ်ဆိုတာ အံ့စရာပအေး'

'ရှောက်ပန်ပြောတာ မှန်တာပ၊ ဆတ်ဆိုတာ လုံးဝမရှိတာပ၊ ခုပစ်ရတာ အံ့ဩတာအမှန်ပ'

'အေးဗျ၊ ခင်ဗျားတို့နှစ်ယောက် ပြောသလိုပဲဗျ၊ ဆရာကျော်ရေ ကျွန်တော့်လက် ကျွန်တော် ယုံပါတယ်၊ မယုံတာက ဆတ်ပဲဗျ ဆတ်ပဲ'

'ဘာမယုံတာလဲ တင်မြတ်ရဲ့'

'မယုံဘူးဆိုတာ တွေ့တဲ့အတိုင်းပဲလေ၊ အခုလိုက်လာခဲ့တာ တစ်မိုင်ကျော်ပြီ ထင်တယ်၊ ဒီလောက်သွေးထွက်နေမှတော့ ဆတ်မလည်းပဲ ဘယ်နေပါ့မလဲ၊ အဲဒီအကြောင်း တွေးပြီးမယုံကြည်စရာဖြစ်နေတာကို ပြောတာပါ'

'တင်မြတ်'

'ဘာလဲ မိုးကျော်'

'မင်းနောက်က တာဝန်ယူ၊ ငါရှေ့က တက်ရှာမယ်'

'ရှာလေ'

'ကဲ… ဆရာကျော်၊ ကျွန်တော် ရှေ့က သွေးစက်ခံလိုက်မယ်'

'အေး… သွားလေ၊ ကဲ… ထွက်ကြမယ်'

မိုးကျော်အောင်သည် စိတ်မြန်လက်မြန်ပင် တင်မြတ် ရှေ့သို့ တက်ခဲ့သည်။ ကျွန်တော်လည်း မိုးကျော်အောင်နှင့် ကပ်လိုက်ရန် စိတ်ထဲမှာ ဖြစ်ပေါ်သည့်အတွက် ဆက်ထွက်လိုက်သည်တွင် ကိုရှောက်ပန်နှင့် ကိုလောလုတို့မှာ ကျွန်တော်တို့နှစ်ယောက်နှင့် ခပ်ကွာကွာလိုက်ခဲ့သော သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်နောက်မှာတော့ တင်မြတ်လိုက်လာခဲ့ပါ၏။

သွေးစက်နှင့် ခြေရာလမ်းကြောင်းအတိုင်း မိုးကျော်အောင်သည် မတိမ်းမစောင်း ခြေသွက်သွက် လှမ်းနေ၏။ မိုးကျော်အောင် လှမ်းနေသော ခြေလှမ်းကြဲကြဲနောက်မှ ကျွန်တော်ကပ်ပါနေသဖြင့် မိုးကျော်အောင်လည်း အားရှိနေသည်သာ။

သွေးစက်နှင့် ခြေရာအတိုင်းလိုက်ခဲ့ရာမှ ချုံနှင့်သက်ငယ်ပင်များ မရှိတော့ဘဲ သဲသောင်ပြင်သို့ ရောက်ရှိသောအခါ ခြေရာနှင့်သွေးစက်တွေမှာ အထင်းသား ဆတ်ကြီးဒဏ်ရာဖြင့် ချောင်းမဟုတ်သော်လည်း စမ်းချောင်းထက်ကြီးသော ကျောက်တုံးကျောက်ခဲတွေပေါ်များပြီး ရေစီးနေသော လျှိုချောင်းသို့ ဦးတည်နေသဖြင့် ဆက်လိုက်ခဲ့ရာ ရေစပ်အရောက်ဝယ်...။

'ရှူး...'

'အေး...'

မိုးကျော်အောင် သောင်ပြင်ရှိ ကျောက်တုံးတစ်တုံးအား ကွယ်၍ နေရာယူသဖြင့် ကျွန်တော်လည်း သူ့ဘေးတွင်ပင် နေရာယူရင်း နောက်က အဖွဲ့တွေကိုပါ နေရာယူကြရန် ကျွန်တော် လက်ပြလိုက်သည့်အတွက် အားလုံးနေရယူထားကြ၏။

ကျွန်တော်နှင့် တင်မြတ် အလှမ်းကွာသေး၍ သူကတော့ မမြင်။ မိုးကျော်အောင်ပြ၍ ကျွန်တော်မြင်ရသည်မှာ ရေသောက်နေသော ချေတစ်ကောင်သည် ရေစီးသံကြောင့် ကျွန်တော်တို့အသံတွေ မကြားပါ။ ချေသည် နီရဲနေသော်လည်း ကြည့်ရသည်မှာ ချမ်းနေပုံရပါ၏။ စောစောစီးစီးလည်း ဖြစ် ဆီးနှင်းတွေလည်း ကျနေ၍ ချမ်းနေသည်ကိုကြည့်ရပြီး မိုးကျော်အောင် မပစ်ခတ်ပါ။ ကျွန်တော်၏ စိတ်ထဲဝယ် ဘာကြောင့်ပါလိမ့်ဟုတွေးနေစဉ် ထိုချေ၏နောက်ဘက် ကျောက်တုံးအကြားမှ ခုန်ပေါက်ထွက်လာသော ချေငယ်လေးတစ်ကောင်ကြောင့် သဘောပေါက်လိုက်ပါသည်။ ချေသားအမိမို့ မိုးကျော်အောင် မပစ်ပါ။ သို့သော် ကျွန်တော်တို့၏ လမ်းကြောင်းမှာ ထိုချေမသားအမိအတိုင်း သွေးစက်နှင့် ခြေရာတွေကြောင့် ကျွန်တော်





တို့ ဆက်ထွက်ရမည်သာ။

'ကဲ... မိုးကျော် ဆက်သာသွားကွာ'

'ဟုတ်ကဲ့'

'ဟော... ပြေးကြပြီ'

'ချေပေါက်ကလေးပြေးပုံက တော်တော်လှ တယ်ဆရာကျော် ကြည့်စမ်းပါဦး၊ လေထဲခုန်ပြေးပုံလေးတွေ ကြည့်လို့ကောင်းလိုက်တာဗျာ'

'အေး... ဟာ... မိုးကျော်... မိုးကျော်'

'ဗျာ... အို... ဘယ်လိုပါလိမ့်'

မိုးကျော်အောင်နှင့် ကျွန်တော် မြင်တွေ့နေရသည်မှာ တင်မြတ်ပစ်လိုက်သော ဆတ်ကြီးသည် စောစောက ထွက်ပြေးသွားသည့် ချေသားအမိနှစ်ကောင်၏ အထက်နားရေစပ် ကျောက်တုံးကြီးဘေးဝယ် သေနေပြီ ထင်ရပါ၏။ ထိုဆတ်ကြီးနားတွင် ဆံပင်ဖားလျားနှင့် အင်္ကျီအစုတ်၊ ဘောင်းဘီအပြဲ ဝတ်ဆင်ထားလေသော အဘိုးအိုကြီးတစ်ဦးသည် ကျောက်တုံးငယ်တစ်တုံးပေါ်ထိုင်ပြီး ဆတ်သေကြီးအား စူးစူးစိုက်စိုက်ကြည့်နေသည်။

ကျွန်တော်တို့ တစ်ဦးတစ်ယောက်တည်း သို့မဟုတ် တစ်ယောက်နှစ်ယောက်ဖြစ်၍ အချိန်မတော် မှောင်ရီသန်းစ ဒါမှမဟုတ် ညဉ့်ကာလ အခါမျိုးဝယ် အဘိုးအိုကြီးအား တွေ့ရပါက ဘယ်သူမှ လူဟုမပြော၊ သရဲတစ္ဆေဟုဆိုကာ ကြောက်ရွံ့ထိတ်လန့်နိုင်သောပုံစံမျိုးဖြစ်နေသည်သာ။

'ရော်... ဆရာကြီးပ၊ ဆရာကြီးမပစ်နဲ့၊ မပစ်နဲ့ပအေး'

'ကိုလောလှ မပစ်ပါဘူး၊ လူမဟုတ်လား'

'ဟုတ်တာပအေး၊ လူမှလူအစစ်ပ'

'ရော်... လောလှ ပြောတာမှန်တာပ၊ ဘဒွေးကျောင်းရှက်ပအေး... ကျွန်တော်တို့ရွာက စိတ်နောက်ပြီးပျောက်သွားတဲ့ ဘဒွေးကျောင်းရှက်ပ၊ သူတော်ကောင်းကြီးပ'

'ကဲ... ဒါဆို ကိုလောလှနဲ့ ရှောက်ပန်ရေ၊ အဲဒီဘဒွေးကျောင်းရှက်ကို သွားတွေ့ဗျာ၊ ကျွန်တော်တို့ သိပ်ချမ်းနေပြီ၊ ဆတ်သယ်ဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



'ကျောင်းရွက်ပ'

'ဟုတ်'

'နောက် ခေါ်မလာနဲ့ပအေး၊ အေး… သူတော်ကောင်းတွေကို လမ်းပြပေး၊ မင်း သေနတ်ကို ငါ့ထံလာရင် ဒီကျောက်ဂူမှာထားခဲ့တာပ၊ သူတော်ကောင်းတွေအတွက် ကျောင်းရွက်ဟာ လမ်းပြဖြစ်စေရမှာပ'

'ဆရာကြီးစကား နားထောင်ရမှာပအေး'

'သာဓု… သာဓု… သာဓု… ကဲ… ငါတောင်ပေါ်ပြန်တက်မှာပ'

'ဆရာကြီးပ၊ နှင်းမှုန်တိုင်းတွေကျသေးတာပ၊ ဖြည်းဖြည်းပအေး'

'ရတာပ၊ ဘယ်လိုသဘာဝပဲဖြစ်ဖြစ် တရားဒေသနာနဲ့ ပတ်သက်ရင် ကူညီတာပ'

'ကဲ… မောင်ကျားနဲ့ မောက်ချေတို့ ပြန်ကြတာပအေး'

'ဆရာကြီး ကျွန်တော် ကန်တော့တာပ'

'သာဓုဗျာ၊ သာဓု… သာဓု'

သူတော်ကောင်း သူတော်စင်ကြီး ဦးခန္တီသည် ထိုကျောက်ဂူထဲမှ ပြန်ထွက်လိုက်သည်တွင် တိုက်ခတ်နေသော လေတွေမှာ ချက်ချင်းတိတ်ဆိတ်သွား၏။ နှင်းမုန်တိုင်းလည်း မကျတော့၊ ဆရာကြီး ပြန်သွားသည်ကို ကြည့်နေသော ရွာသားနှစ်ယောက်တို့ ကျောက်ဂူထဲမှထွက်ပြီး ကြည့်လိုက်သောအခါ ဆရာကြီးဦးခန္တီ၏ ဘေးနှင့်နောက်ဝယ် ကျားနှင့်ချေများ တော်တော်များများ အကောင်နှစ်ဆယ်ခန့် တွေ့ရပါသည်။

အားလုံး ဆရာကြီးနှင့် ကပ်ပါပြီး၊ တောင်ပေါ်သို့ ဆက်တက်နေကြ၏။ ကျားသည် ချေအား မကိုက်မသတ် ရောနှောပြီး ဆရာကြီးဘေးနှင့် နောက်တို့ဝယ် အေးအေးဆေးဆေး တက်နေကြပါ၏။

'ရော်… ဆရာကြီး ဦးခန္တီဟာ သူတော်ကောင်းကြီးပ'

'ရော… ခက်တာပ၊ ကျားရှာတော့မတွေ့၊ ခုတော့ ကျားတွေချေတွေ ဒီရောက်နေတာပအေး'

'တောက်… ငါ့သေနတ်ဘာဖြစ်တာပ'





'ရော်… ဆရာကြီးသေနတ် ဘာဖြစ်တာပအေး'

'ဒီမှာလေ… ဒီမှာ တုတ်၊ ရော်… စောစောက တုတ်ဖြစ်တာပ၊ ခုတော့ ခုတော့ သေနတ်ပြန်ဖြစ်တာပ'

'ရော်… ဒါ… ဒါဆို ခါးက ဓား… ဓား… အယ်… ဓားလည်း… ဓား ဘာတွေဖြစ်တာပအေး'

'ဒါဆို ငါသေနတ်ပစ်ကြည့်တာပ'

'ရော်… ဆရာကြီး မပစ်ရလို့ မှာသွားတာပ'

'ရော… အပေါ်ထောင်ပစ်မှာပအေး'

အပြောရခက်သော မုဆိုးကြီးဦးအောင်ပန်းသည် သူ၏သေနတ်ကြီး မိုးပေါ်ထောင်၍ ပစ်လိုက်သည်၊ မပစ်ပါနှင့် အတန်တန်တားနေသည့် ဦးကျောင်းရွက်ကိုပင် ဂရုမစိုက်ဘဲ ပစ်ခတ်လိုက်သည်တွင် သေနတ်ကြီးထံမှ ကျည်ဆံမထွက်…

'ချောက်'

'ရော်… ဘာဖြစ်လို့ မထွက်တာပ'

'ချောက်'

နှစ်လုံးပြူးသေနတ်ဖြစ်၍ တစ်ဖက်မှာရှိသော ကျည်ဆံမထွက်၍ နောက်တစ်ဖက်ပြောင်းရင်းဝယ် နေရာယူနေသည့် ကိုးလုံးကျည်ဆံအား ဒုတိယပစ်ဖောက်သော်လည်း မထွက်၊ သူ ဘာလုပ်ရမှန်းမသိတော့ပါ။ ဒေါသထွက်ပြီး သေနတ်ကြီးအား အောက်သို့ချထားလိုက်သည်။

'ဒုက္ခပအေး၊ အသားတွေက အသီးအရွက်ဖြစ်တာပ၊ သေနတ်ကလည်းမထွက်၊ ဘာအသုံးကျတာပ၊ ပြန်တာကောင်းတာပ'

'ဆရာကြီး ပြန်ရင်ခုနေပြန်တာ အကောင်းဆုံးပ၊ နှင်းမုန်တိုင်းမလာသေးတော့ လွယ်တာပအေး'

'ကဲ… အားလုံးပြန်ကြတာပ'

'ဆရာကြီး ပစ္စည်းတွေသိမ်းရမှာပအေး'

'ရော်… သိမ်းတာပ၊ ပြန်တာအကောင်းဆုံးပ'

'တောက်… ကျောင်းရွက်ပအေး၊ ဒီတောကို ဘယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

လုပ်တာပ၊ အဘက ဟဲ့… ဝေမိုက်ကြီးဆိုပြီး လက်ခုပ်တီးလိုက်တော့'

အဘဦးကျောင်းရွက်သည် သူနှင့်ဆတ်ကြီးတို့အကြောင်းပြောနေရင်းမှ စိတ်ပါလက်ပါ အဖြစ်အပျက်အပျက်ကလေးကို အေးအေးဆေးဆေး အသိပေးကာ စိတ်ထဲမှ လက်ခုပ်တီးလိုက်တာဟု ပြောလိုက်သကဲ့သို့ အဘဦးကျောင်းရွက် လက်ခုပ်တီးလိုက်မိပါသည်။

'ဖြောင်း… ဖြောင်း… ဖြောင်း'

'ဝုန်း… ဝုန်း… ဝုန်း'

'ဝေါ… ဝေါ… ဝေါ'

'ဂူး… ဂူး… ဂူး'

'ဝေါင်း… ဝေါင်း… ဝေါင်း'

လက်ခုပ်သံသုံးချက်အဆုံး တောကြီးတစ်ခုလုံး တဝုန်းဝုန်းမြည်ဟီးလာသည့်အပြင် လေတွေပါတဝေါဝေါ တိုက်ခတ်လာပါပြီ။ ထိုလေတွေ တဂူးဂူးတိုက်ခတ်နေသည့်အကြား တောင်စောင်းဘက်မှ ကြားလိုက်ရသော ကျားဟိန်းသံတွေကြောင့် ကျွန်တော်တို့ပင်လျှင် အံ့သြသွားမိသည်။

'ရော်… အဘ စိတ်ပါသွားတာပအေး'

'အင်း… အဲဒီလိုအသံတွေ ကြားတော့မှ ဒီသတ္တဝါကြီးဟာ ကြောက်လန့်ထွက်ပြေးသွားတာပ'

'အဘ…'

'ပြော လူကလေး'

အမြဲစကားရှည်ရှင်း နောက်တတ်လေသော တင်မြတ်၏ စကားကြောင့် ကျွန်တော် စိုးရိမ်သွားမိသည်။ သူတော်ကောင်းကြီးအား နောက်တောက်တောက်ပြောလေမလားဟုတွေးပြီး ပူပင်မိသည့်အတွက် တင်မြတ်အား ကြည့်လိုက်သောအခါ တင်မြတ်သည် ပြုံးပြီး ကျွန်တော့်အားပြန်ကြည့်ရင်းမှ ဆက်ပြောလာပါသည်။

'အဘက ဒီဆတ်ကြီးကို မှတ်မိနေတယ်ဆိုတော့ ဒီတောထဲမှာ ဒီဆတ်ကြီးတစ်ကောင်တည်းရှိလို့လား'

'ရော်… ဆတ်တွေရှိတာပ၊ ရှိတဲ့နေရာပြောလိုက်ရင် လူကလေး





တို့ သွားပစ်ကြမှာပအေး'

'မဟုတ်ပါဘူးအဘ၊ အဘက ဒီဆတ်ကြီးကို မှတ်မိတယ်ဆိုလို့ ဘယ်လိုများ မှတ်ထားသလဲဆိုတာ သိချင်လို့ပါ အဘ'

'လွယ်တာပအေး၊ သူ့မျက်နှာမှာဒဏ်ရာဗလပွ၊ ခြေလက်တွေမှာလည်း ဒဏ်ရာတွေရှိတာပ၊ အဘတို့က လူကလေးတို့သုံးယောက်ကို မကြည့်ဘဲ သိတာပ၊ တနင်္လာနှစ်ယောက်နဲ့ စနေတစ်ယောက်၊ ဟား… ဟား… ဟား… ဟား… မှားသလားပအေး ပြန်ပြောတာပ'

'မှန်ပါတယ်အဘ၊ တင်မြတ်က ပျော်တတ်တာမို့ ခွင့်လွှတ်ပါ အဘ၊ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ'

'ရော်… ရတာပအေး၊ အဘက အဲဒီလို ပျော်တတ်တဲ့လူကို သဘောကျတာပ၊ ဒီအကောင်ကြီးပစ်တဲ့ စနေသားဟာ လူပျော်ဆိုတာသိတာပအေး၊သိတာပ'

'အဘ'

'အင်း'

'အဘ ဒီတောထဲမှာ တရားအားထုတ်နေတာပေါ့နော်'

'ရော်… ဒါပ၊ ဘုရားဖက်တော့ အသက်ရှည်တာပ၊ ဒီအရွယ် မရောက်ခင်တည်းက ဘုရားတရားနဲ့နေခဲ့တာပအေး'

ရွာသားတွေခေါ်သော ဘဒ္ဒေးကျောင်းရွက်၊ ကျွန်တော်တို့ကတော့ အဘဟုသာခေါ်ပြီး စကားပြောနေကြပါသည်။ အဘသည် စိတ်မနှံ့သူ မဟုတ်ပါ။ တွေ့ကြုံခိုက်ဝယ် အံ့သြစရာတွေ ပြောပြပါ၏။ သူပြောသည့်အတိုင်း အမှန်ပင်။ ဆတ်ကြီးပစ်သူမှာ စနေသား တင်မြတ်၊ တင်မြတ်လည်း မငြင်းရဲ၊ ကျွန်တော်တို့ ချေသားအမိကို မပစ်သတ်တာကိုလည်း သိနေသည်မို့ ဆံပင်ဖားလျား အဝတ်အထည်တွေ စုတ်စုတ်ပြတ်ပြတ်ဖြစ်နေ၍ ရွာသားတွေပြောသလို စိတ်မနှံ့သူဟု ထင်စရာကောင်းပြီး ကြောက်လန့်ဖွယ်လည်း ပုံပန်းသဏ္ဌာန်ဖြစ်ပါသော်လည်း တကယ်တမ်းတွေ့ကြုံရသောအခါ အံ့သြစရာတွေ ဖြစ်နေပါ၏။

'ရော်… လူကလေးတို့ပ'


www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့အဘ'

'လိုတာလည်း ရကြပြီပဲ၊ ရတာသယ်ပြီး ပြန်ကြတာပအေး၊ ပြန်ကြတာပ'

'အဘ'

'စနေသားမုဆိုး အဘသိနေတာပ'

'ဗျာ'

'စနေသားမုဆိုးလေးပြောမှာ သိတာပ၊ နောက်ပါ၊ ပြောပါ အဘ နားထောင်နေတာပ'

'အဘသိနေမှတော့ ကျွန်တော်ပြောလို့ဖြစ်ပါ့မလား၊ ပြောစရာ မလိုတော့ဘူးပေါ့ အဘရဲ့'

'ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား...၊ နောက်ထပ်လက်ခုပ်တီးပြတာပအေး၊ တီးရမှာလား၊ စနေသား မုဆိုးလေးလိုချင်တာပအေး၊ ယူမှာလားပ'

'ဟား... အဘပြောတာ မှန်တယ်'

'ရော်.. မပြောရသေးပအေး'

'မပြောရသေးတာမှန်တာ အဘရဲ့'

'ကဲ... အားလုံးသိအောင် ပြောရတာပ၊ စနေသားမုဆိုးက အဘရဲ့ လက်ခုပ်သံလိုချင်တာပ'

'ဟာ... သိပ်မှန်တာပေါ့ အဘ'

'လိုချင်ရင် ပေးမှာပအေး၊ ပေးရမှာပ၊ စနေသားမုဆိုးလက်ခုပ် တီးလိုက်လေ'

တင်မြတ်သည် အဘဦးကျောင်းရွက်၏ စကားအတိုင်း သူ့လက်ထဲမှ သေနတ်အား ပခုံးသို့လွယ်လိုက်၏။ လွယ်ပြီးသည်နှင့် လက်နှစ်ဖက် အား ဘောင်းဘီဖြင့်ပွတ်ကာ သန့်ရှင်းအောင်လုပ်ပြီးသည်နှင့် အားရပါးရ လက်ခုပ်တီးလိုက်ပါသည်။

'ဖြောင်း... ဖြောင်း... ဖြောင်း... ဖြောင်း'

တင်မြတ် လက်ခုပ်သံဆုံးသွားသည်နှင့် အဘဦးကျောင်းရွက်





သည် ပြုံးရင်းနားထောင်နေ၏။ ကျွန်တော်တို့လည်း နားဆင်နေကြပါသည်။ တင်မြတ်မှာ အဘ၏ခွင့်ပြုချက်ဖြင့် စိတ်ပါလက်ပါတီးလိုက်ပြီးနောက် ပေါ်ထွက်လာမည့် အသံတွေ နားဆင်နေပါသော်လည်း ဘာသံမျှထွက် မလာ။

'အဘ'

'ရော်... ဘာလဲပ'

'ဘာသံမှထွက်မလာဘူး'

'ရော်... ဟား... ဟား... ဟား... ဟား... စနေသားမုဆိုးရဲ့ လက်ခုပ်သံထွက်တာပအေး၊ အားလုံးကြားတာပ'

'ဟာ... အဘကလည်း အဘတီးသလို တီးတာပဲ၊ အဘလို နောက်က အသံတွေ ကျားသံတွေ ဘာမျှမကြားရတာကိုပြောတာပေါ့ အဘရဲ့'

'တော်တော်နောက်တဲ့ စနေသားမုဆိုးလေး၊ အဘလိုဖြစ်ချင်ရင် အဘနဲ့နေခဲ့လေ၊ အဘသင်ပေးမှာပအေး၊ ဒါတောင် နှစ်ပေါင်းများစွာ ကျင့်ကြံအားထုတ်ရမှာပအေး၊ နှစ်နဲ့ချီရမှာပ စနေသားရဲ့'

'ဟာ... ဒါတော့ မဖြစ်ဘူး အဘရေ... ဟား... ဟား... ဟား... ဟား...'

'ရော်... သိတာပ၊ မြို့ကုန်းသူကလေးကို နှစ်သက်နေတာပအေး ဟား... ဟား... ဟား... ဟား...'

'ဗျာ အဘ'

အဘဦးကျောင်းရွက်မှာ တဟားဟားရယ်မောရင်း လက်ကာပြ ပြီး တင်မြတ်၏အတွင်းစိတ်တွေထဲမှ သူ့ဘဝရည်ရွယ်ချက်ပန်းတိုင်ဖြစ်သော သူ၏ချစ်သူ၏ရွာအား ပြောလိုက်ရာ တင်မြတ်အတွက် သွေးဆွတ် အောင်မှန်သွားသဖြင့် ပါးစပ်ကြီးဟကာ 'ဗျာ.. အဘ' ဟူသော အာမေဋိတ် အံ့ဩသံထွက်လာပြီး ရှက်ပြုံးပြုံး၍ ဘာပြောရမှန်းမသိတော့ပါ။

'တင်မြတ်'

'အေး... ဘာလဲ မိုးကျော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟိုဟာလိုပေါ့ကွာ'

'ဘာလဲ မင်းဟာက အရင်းမရှိအဖျားမရှိနဲ့'

'ရော်... ဟိုတနင်္လာသားပြောတာ မှန်တာပအေး၊ စနေသားရေ၊ တနင်္လာသားက ပြောနေတာပ၊ ရေ့ကဖုံးနောက်ကပေါ်တဲ့ ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား...'

'တော်ပြီ အဘရေ၊ တော်ပြီ စနေသားကြောက်ပါပြီ အဘ'

'ဟား... ဟား... ဟား... ဟား...'

အားလုံးဝိုင်းရယ်ကြပါသည်။ တင်မြတ်တစ်ယောက် ရွတ်နောက်နောက်မှာ အဘဦးကျောင်းရွက်နှင့်တွေ့ကာမှ လက်မြှောက်အရှုံးပေးရပါပြီ။ အဘဦးကျောင်းရွက်သည်လည်း အလွန်ရွတ်နောက်နောက် ပြောတတ်ပုံရသည့်အပြင် အကြားအမြင်ဆိုသည်မှာ အမှန်ပင် ဖြစ်နေကြောင်း ကျွန်တော် လုံးဝ ယုံကြည်မိပါသည်။

'ရော်.. လူကလေးတို့ ဒီအကောင်ကြီး သယ်ယူဖို့ခက်တာပ၊ လေးယောက်ထမ်းလည်း မနိုင်ဖြစ်မှာပ'

'ရော်... ကြိမ်နဲ့ချည်ပြီးဆွဲသွားမှာပ၊ ဟိုသဖန်းမြိုင်ဘေး လှည်းလမ်းအရောက်ပအေး'

အဘဦးကျောင်းရွက် စဉ်းစားနေသည်။ ကိုရောက်ပန်စကားကိုလည်း လက်ခံပါ၏။ သို့သော် သဖန်းမြိုင်နှင့် ပေငါးရာကျော် ခြောက်ရာဆိုတော့ဝေးတော့ ဆွဲယူရန်မလွယ်လှ၊ ထိုအချိန်တွင် တောင်ပေါ်မှဆင်းလာသည့် နွားခလောက်လား၊ ကျွဲခလောက်လားမသိ အသံကြားသလိုလိုကြောင့် အထက်ဘက်သို့ ကြည့်နေကြစဉ်

'ရော်... အတော်အေးတာပ၊ ကျွဲလှည်းလာနေတာပ၊ အဲဒီကျွဲလှည်းနဲ့တောစပ်အထိ သယ်ယူကြတာပ'

'ဟော... ဘယ်ကကျွဲလှည်းပအေး'

'ရော်... လောလုပ၊ ဘယ်ကဖြစ်ဖြစ်ပအေး၊ အကူအညီရ ပြီးတာပ နေဦး၊ လက်ခုပ်တီးခေါ်လိုက်မှာပအေး၊ နေကြဦးပ'

အဘဦးကျောင်းရွက်သည် ပြောပြောဆိုဆို တောင်ပေါ်ဘက်သို့





လှည့်လိုက်၏။ ထို့နောက် သူ၏လက်နှစ်ဖက်အား ဆန့်တန်းရင်းတီးလိုက်သည်မှာ

'ဖောင်း... ဖောင်း... ဖောင်း'

အဘဦးကျောင်းရွက်တီးသည့် လက်ခုပ်သံမှာ ပထမလိုဖြောက်ဖြောက်ဖြောက်ဖြောက်မဟုတ်ဘဲ ဖောင်းဖောင်းဖောင်းဖောင်းသာမြည်ပြီး ပဲ့တင်သံ၊ တောသံ၊ လေသံ၊ ကျားသံတွေ မကြားရပါ။ အပေါ်မှကျွဲလှည်းတစ်စီးဆင်းပါသည်။ ထိုလှည်းပေါ်တွင် ဘာကုန်မျှမပါ။ သို့သော် ထိုလှည်းသမားသည် ရှမ်းဘာသာစကားသာတတ်၏။ အဘဦးကျောင်းရွက်နှင့် ရှမ်းလိုပြောကြပြီးနောက်

'ကဲ... ဟောဒီလှည်းပိုင်ရှင် တောင်ပေါ်ကရှမ်းကြီး ကူညီမယ်တဲ့၊ တင်ကြ တင်ကြ'

ကိုလောလုနှင့် ရောက်ပန်တို့သည် ကျွန်တော်တို့နှင့်မူးပေါင်းပြီး ကျွဲလှည်းပေးသို့ တင်လိုက်ပါပြီ။ ဤမျှကြီးသော ဆတ်ကုလားကြီးအား အခက်အခဲမရှိ လွယ်လွယ်ကူကူဖြင့် လှည်းပေါ်သို့တင်လိုက်နိုင်ကြပါပြီ။

'ကဲ... လူကလေးတို့ ပြန်ကြပေတော့၊ စနေသား မှုဆိုးလေးမိန်းမရတော့မယ်နော့၊ ဟား... ဟား... ဟား... ဟား...'

'အဘ ကျွန်တော်တို့အဘကို ဂါရဝပြုခဲ့ပါတယ်'

'သာဓုပအေး၊ သာဓု.. သာဓု'

ကျွဲလှည်းပေါ်သို့ ကျွန်တော်တို့မတက်ကြပါ။ ကျွဲလှည်းနောက်မှလိုက်ခဲ့ကြပါသည်။ တင်မြတ်နှင့် ကိုလောလုသည် ကျွဲလှည်းဘေးမှပါသကဲ့သို့ ရောက်ပန်မှာတော့ ကျွဲလှည်းနောက် သူ့နောက်ဝယ် ကျွန်တော်နှင့်မိုးကျော်အောင် နောက်ဆုံးမှလိုက်ပါရင်း ကျွန်တော်နောက်သို့လှည့်ကြည့်လိုက်သောအခါ

'မိုးကျော်'

'ဗျာ'

'ဟိုမှာ'

'ဟာ.. ရသေ့ကြီးဖြစ်သွားပြီ'



www.burmeseclassic.com

www.burmeseclassic.com



'အေး...'

ကျွန်တော်နှင့် မိုးကျော်အောင် လက်အုပ်ချီ ကန်တော့လိုက်ပါသည်။ ကျွန်တော်တို့နှစ်ယောက် လက်အုပ်ချီကန်တော့ရင်း ပြန်ကြည့်လိုက်တော့ အဘလုံးဝမရှိတော့ပါ။ အံ့ဩစရာကောင်းသော သူတော်စင်ကြီးတွေသည် တောနက်နက်သော်လည်းကောင်း၊ တောတောင်လှိုဏ်မြောင်တွေတွင်သော်လည်းကောင်း ရှိနေကြသည်ကို ကျွန်တော် သတိထားမိပါသည်။

ကျွန်တော်တို့မနက်ပိုင်းစောစော တောစပ်မှ ဆတ်ကြီးပစ်ခဲ့ပြီးနောက် ဆတ်ကြီးနောက်လိုက်ခဲ့ရာ အပြေးလိုက်ရခြင်း မပြေးရုံတမယ် လိုက်ရခြင်းစသည့် ခရီးဝယ် တစ်နာရီခန့်ကြာခဲ့သော်လည်း ယခုတော့ နာရီဝက်ခန့်ဖြင့်ပင် သဖန်းမြိုင်တောအဆုံးသို့ ရောက်ပါပြီ။ တောစပ်ရောက်၍ ကျွဲလှည်းသမားကြီး ကိုကြီးရှမ်းသည် ကျွဲလှည်းရပ်ပေး၏။ ကျွန်တော်တို့ ဆတ်ကြီးအား ဆွဲချရာတွင် သူသည် ကျွဲနှစ်ကောင်၏ကြိုးကိုသာ ထိန်းထားသည်။ ကျွန်တော်တို့အား တစ်ချက်မျှ လှည့်မကြည့်။ ဗမာလို စကားမတတ်၍ ဖာသိဖာသာနေခြင်းပင်ဖြစ်ပါသည်။

'ကျေးဇူးပါပဲ ကိုကြီးရှမ်း'

မိုးကျော်အောင်မှ ကျေးဇူးစကားဆိုသည်ကို အသိအမှတ်ပြုသည့်သဘောဖြင့် ဦးခေါင်းညိတ်လိုက်ရင်း သူ၏ကျွဲနှစ်ကောင်အား ကြိုးမြှောက်လိုက်သည်တွင် ကျွဲလှည်းသည်ရွာဘက်သို့ မသွားတော့ဘဲ တောင်စောင်းအနောက်ဘက်သို့ ကွေ့သွားပါပြီ။

'တင်မြတ်နဲ့မိုးကျော်'

'ဗျာ'

'ဟုတ်ကဲ့'

'အဲဒီ ကျွဲလှည်းကို ငါမယုံဘူးကွ၊ အဘစီစဉ်တာပဲဖြစ်မယ်ထင်တယ်'

'ဘာဖြစ်လို့လဲ'

'မသင်္ကာလို့ပေါ့ တင်မြတ်ရဲ့'

'ဆရာကျော်... ဒါဆို ကျွန်တော် လိုက်ချောင်းမယ်'





'အေး... တင်မြတ် နေခဲ့ကွာ'

'ဆရာကျော်ပါ လိုက်မလို့လား'

'အေး...'

ပြောပြောဆိုဆို ကျွန်တော်နှင့် မိုးကျော်အောင် တောင်စောင်းရှိ ချုံငယ်များအား အကာအကွယ်ယူပြီး ထိုကျွဲလှည်းအား လိုက်ကြည့်ပါသည်။ ကျွဲလှည်းသည် လှည်းလမ်းမရှိသော သက်ငယ်တောထဲသို့ တိုးဝင်ရင်း သက်ငယ်ပင်တွေနှင့် ချုံငယ်တွေအတွင်း လုံးဝပျောက်သွားပါပြီ။ ကျွန်တော်တို့နှစ်ယောက် သက်ငယ်တောသို့ လိုက်ကြပါတော့သည်။ လှည်းဘီးရာပင်မတွေ့၊ သက်ငယ်ပင်များ ဖရိုဖရဲမဖြစ်သည်ကို သတိထားလိုက်မိပါသည်။

'ဖောင်း... ဖောင်း... ဖောင်း... ဖောင်း'

'ဂလောက်... ဂလောက်... ဂလောက်... ဂလောက်'

'မိုးကျော် ဘာသံလဲ'

'အဘ လက်ခုပ်သံလား၊ ကျွဲခလောက်သံလားမသိဘူး'

'ဘယ်ကလဲ မိုးကျော်'

'အပေါ်ဘက်ကပဲ ဆရာကျော်'

'အင်း... ဒါဆို ကျွဲခလောက်သံလား၊ လက်ခုပ်သံလားမသိတော့ဘူး'

'ဆရာကျော်ပြောသလိုပဲ၊ ကျွဲခလောက်သံလား၊ လက်ခုပ်သံလားပဲ မှတ်ထားလိုက်တာပေါ့'

'အေး.. ကောင်းတယ်'

ကျွန်တော်တို့နှစ်ယောက် တင်မြတ်တို့ထံသို့ ပြန်ခဲ့ပါသည်။ တင်မြတ်တို့ထံရောက်တော့ ကိုလောလုမရှိတော့။ တင်မြတ်နှင့် ကိုရှောက်ထန်တို့နှစ်ယောက် အရက်မော့နေကြသည်။ ကျွန်တော်တို့မြင်တော့ တင်မြတ်မှ

'ဘာထူးလဲ ဆရာကျော်'

'တင်မြတ်ရေ ထူးမှထူးကွ'

'ဘယ်လိုလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



'အေး ကျွဲလှည်းဟာ သက်ငယ်တောထဲဝင်ပြီး ပျောက်သွားတယ်၊ အဲဒါဆင်လိုက်တဲ့ ပုံစံပဲကွ'

'ကျွန်တော်လည်း နားထဲမှာ တစ်ခုကြားသလိုပဲ'

'ဘာကြားသလဲကွ'

ကျွန်တော်အထင်ပြောရရင်တော့ ပထမကြားမိတာက ကျွဲလည်းက ခလောက်ပဲ၊ နောက်တော့ အဲဒါရဲ့လက်ခုပ်သံကြားတယ်'

ကျွန်တော်သည် တင်မြတ်စကားအဆုံး မိုးကျော်အောင်အား ကြည့်လိုက်မိပါသည်။ မိုးကျော်အောင်မှ ကျွန်တော့်အား ပြန်ကြည့်လိုက်ရာ အကြည့်ချင်း ဆုံသွားသည့်အတွက်

'မင်းဘယ်ဘက်ကထင်သလဲ'

'ကျွန်တော်တို့ဆင်းခဲ့တဲ့ ရေတံခွန်ဘက်က ထင်တာပဲ၊ ဘာပဲဖြစ်ဖြစ် အဲဒါဦးကျောင်းရွက် ကျွန်တော်တို့ကို သိစေချင်လို့ နှုတ်ဆက်တာပဲ ထင်တယ်'

'ဒီတော့ ဘယ်လိုနှုတ်ဆက်တယ် ထင်သလဲ'

'အင်း… ဘယ်လိုပြောရမလဲဆိုတော့ ကျွဲခလောက်သံကို အရင်ကြားမိတော့ ကျွဲခလောက်သံလား၊ လက်ခုပ်သံလားပဲ၊ အဲဒီလို ပြောရတော့မယ်ထင်တယ်'

'အေး… မင်းအထင်၊ ငါ့အထင်၊ မိုးကျော်အထင်တွေဟာ တစ်ပုံစံတည်းပဲ တင်မြတ်ရေ'

'ဗျာ… အင်း… အဲဒါရေ စနေသားမုဆိုးလေးတွေးတွေးပြီး ရယ်ချင်နေတယ် အဲဒါ၊ မြို့ကုန်းသူတွေ့မှ ပြောပြလိုက်မယ်ဗျို့ ဟား… ဟား… ဟား… ဟား…'။ ။

○ ○ ○



# အရှုတ်ပဲစားတော့မယ်

သို့-

*တာတီး၊ မျောက်သုံးကောင်လောက် အမြန်လိုချင်သည်။ ရအောင်ဆောင်ရွက်ပေးပါ၊ ရတာနဲ့ လာပို့နော်၊ အရေးတကြီးလိုချင်တယ်၊ ဈေးလည်းအရင်ထက်ပိုပေးမယ်၊ သုံးကောင်မရရင်နှစ်ကောင်တော့ရအောင်ရှာခဲ့ပါ။*

**ဦးလောဟုန်**
**ရှမ်းခေါက်ဆွဲဆိုင်**
**ကမ်းနားလမ်း**
**ဇန်းခော်**

ဈေးပြန်များ အပြန်ပါလာသော တာတီး၏ဖောက်သည်ကြီး ဦးလောဟုန်စာအား ဖတ်ကြည့်ပြီးနောက် တာတီးပြုံးနေသည်။ အလုပ်မရှိမနေတတ်သော တာတီးအတွက် အလုပ်ရပါပြီ။ သူလည်း စိတ်ကူးမိ… မျောက်ရှာရန်ပင်။ ခုတော့ဖြင့် တိုက်တိုက်ဆိုင်ဆိုင် သူ့အတွေး သူ့စိတ်ကူးထဲသို့ လက်တွေ့အကောင်အထည်ဖော်ရန် စာရောက်လာပါပြီ။

သူ့အခင်းမှာ မြေပဲမနှုတ်ရသေး၊ မြေပဲနုသေးသဖြင့် ဝေါင်း… ရင်း၊ မျောက်နှင့်ချေစသည့် အဖျက်ကောင်တွေ မောင်းရင်း အချိန်… ကုန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်သာ။ ယခုတော့ သူမောင်းနေရသော မျောက်အုပ်၏ခြေရာခံရပေတော့မည်။

တာတီးသိထားသည်မှာ သူတို့အခင်းဘက်လာသော မျောက်အုပ်သည် အခင်း၏တစ်ဖက်ကမ်း အောင်လောင်းတောမကြီးဘက်မှ လာသည်ကိုသိ၏။ ဘယ်လိုလာသည်ကို ကောင်းကောင်းမသိ။ အစိုင်းတို့ပြော၍ သိရသည်မှာ အောင်လောင်းတောမကြီးမှ မျောက်အုပ်သည် အင်းမကြီးထဲ ဘွင် ပေါက်နေသော ဗေဒါပင်တွေပေါ်မှ ဖြတ်ကူးကြကြောင်း၊ ထိုဗေဒါပင်တွေဖြတ်ကူးပြီးနောက် အင်ပင်တွေပေါ်မှ ဖြတ်ကူးကြကြောင်း၊ ထိုဗေဒါပင်တောမှတစ်ဆင့် တစ်ကိုင်းမှတစ်ပင် အစီအစဉ်လိုက်ကူးကြသည်။ ကူးခဲ့၍ အခင်းနားရောက်သည့်အခါဝယ် အခြေအနေလူရိပ်မတွေ့ပါက အုပ်စုလိုက် ဆင်းကြ၏။ အခင်းအစပ်တွေရှိနေသော ပြောင်းခင်းတွေကုန်ပြီသာမှတ်ပေတော့။

အခင်းစိုက်သူများသည် မြေပဲကို အဓိကထားကြသည်။ ပြောင်းပင်တွေကိုတော့ ခြံပတ်ပတ်လည်စိုက်သဖြင့် မျောက်တွေအကြိုက်နှင့်တွေ့ကြသလို လွယ်လွယ်ကူကူ စားသောက်ကြ၏။ တချို့မျောက်တွေ၏လုပ်ပုံမှာ လူနှင့်မခြား ပြောင်းဖူးတွေချိုး၏။ ချိုးပြီးနောက် အခွံတွေသင်ကာ အဖူးတွေပွေ့ဖက်သယ်ယူကြသည်မှာလည်း လူကဲ့သို့မြင့်တွေ့ရပြန်၏။

ပြောင်းဖူးမရှိသည့်အခါ မြေပဲဥတွေကို နှုတ်ကြ၊ ချိုးကြ၊ စားကြ၊ နှုတ်မရပါက လက်နှင့်သဲမြေအား လက်နှင့်ယက်ယူကြသည်။ အသီးတွေအပြည့်အဝ ဘယ်လိုချိုးရင် ဘယ်သို့ရသည်ကို သူတို့သိပြီးသားပင်။ တစ်ခါတစ်ရံတော့လည်း တစ်ကောင်နှင့်တစ်ကောင် ကိုက်ကြ၊ သတ်ကြပုတ်ကြနှင့် လူ၏အခြေအနေရိပ်မိပါက ငြိမ်သက်ပြီး အသံပင်မကြားရ၊ သို့သော်လည်း သူတို့အတွက် စားဖို့ပြောင်းဖူး မြေပဲရအောင် ချိုးစားကြသည်သာ။

တာတီး မျောက်တွေ၏လုပ်ဆောင်တတ်မှုနှင့် အစိုင်းပြောသော မျောက်ကူးသည့် တောမကြီးနှင့် အင်းဘက်သို့သွားရပေမည်။ ထိုမှမျောက်အုပ်၏ အခြေအနေကြည့်ကာ သူ၏လုပ်နေကျအတိုင်းပစ်ခတ်မည်ဟု ဆုံးဖြတ်ရင်း…





'နန်းငွေပ… နန်းငွေ'

'ဘာလဲပအေး'

'ငါ တောထဲသွားမယ်၊ မျောက်ရှာမယ်'

'ရော်·· ခုမှထပြီး နောက်ကျတာပ'

'ဒီမှာ ဦးလောဟုန် စာပေးတာပ၊ မျောက်နှစ်ကောင်သုံးကောင် အမြန်ရှာပေးပါတဲ့၊ ဒါကြောင့် အခုထွက်မှာပ'

'ခွေးတွေကောပ'

'အေး… ဟုတ်တာပ'

တာတီးသည် အိမ်ပေါ်မှဆင်းခဲ့ပြီးနောက် သူ၏လွယ်အိတ်ထဲတွင် အမြဲအသင့်ဆောင်ထားသည့် လောက်စာလုံးနှင့် လောက်လေးခွနှစ်လက်၊ ဓားရှည်တစ်ချောင်း ရှာလိုက်၏။ အားလုံးအသင့်ဖြစ်သည်နှင့် သူ၏ခွေးသုံးကောင်ရှာရပါပြီ၊ အားအကိုးရဆုံး ခွေးသုံးကောင်၊ မျောက်ရှာထွက်လျှင် ဒီခွေးသုံးကောင်ပါမှ အဆင်ပြေသည်။

'ရော်… ဂုတ်ကျားပဲရှိတာပ၊ မိနီနဲ့အောင်နက်မတွေ့ပ'

'ရော်… ခေါ်ကြည့်ပအေး'

'မိနီ… မိနီ၊ အောင်နက်…, အောင်နက်·· လာခဲ့ လာခဲ့'

'မိနီပ'

'ရော်… အောင်နက် ဘယ်သွားနေကြတာပ'

တာတီးသည် သူ့ခွေးနှစ်ကောင်အား ခေါ်၏။ ခွေးတွေမလာသေး၊ ခြံနောက်ဘက်ရှိ ညောင်းပင်တွေစိုက်ထားရာသို့ သွားရှာသည်။ မတွေ့၊ တစ်ဖန် ခြံဘေးရောက်တော့ တွေ့ရပါပြီ။

'ရော်… မိနီ၊ အောင်နက် လာလေလာ'

မိနီနှင့်အောင်နက်သည် တာတီးထံရောက်လာကြပါပြီ။ အိမ်အောက်တွင် အသင့်စောင့်နေသော ဂုတ်ကျားနှင့် ဆုံမိသောအခါ ထိုခွေးသုံးကောင်ခေါ်၍ ထွက်ခဲ့ပါပြီ။

'နန်းငွေပ၊ ငါသွားပြီပအေး'

'အေး… အေး… ဖြည်းဖြည်းသွားတာပ'



www.burmeseclassic.com

'ဂုတ်ကျား မပြေးနဲ့ပအေး'

ဂုတ်ကျားဆိုသော ခွေးထီးကြီးမှာ အကြီးဆုံးအကောင်၊ အသက်မှာတော့ အောင်နက်နှင့် မိနီထက်ငယ်၍ ကျားရိုးတိုက်ထား၍ အကိုက်သန်ကာ ခွန်အားဗလလည်း အထွားကြိုင်းဆုံး။ သို့သော် မိနီလောက်တော့ မသွက်၊ မိနီသည် အပြေးလည်းဂျင်၏။ အကိုက်လည်းသန်သည်။ ဂုတ်ကျား၏စိတ်ချရမှုသည် ဗလအားကိုးပြီးနောက် ကြောက်ရွံ့စိတ်မရှိခြင်းမှာ မိနီနှင့် အောင်နက်ထက်သာ၏။ မိနီက သားကောင်တစ်ကောင်ကောင်တွေ့၍ အသံပေးလိုက်ပါလျှင် ဂုတ်ကျားကဝင်လုံးတတ်၏။ အောင်နက်မှာတော့ ထိုသို့မဟုတ်။ မိနီ၏အသံကြားလျှင် ငြိမ်သက်ပြီးသားကောင်အသံနှင့် အနံ့ခံ၏။ မျက်စိနှစ်လုံး ပြူးနေအောင်ရှာဖွေရင်း မိနီနှင့်ဂုတ်ကျားတို့ကဲ့သို့ ဝင်မလုံး၊ ဝင်မကိုက်သေးဘဲ ထိုသားကောင်ပြေးတတ်သည့်ဦးတည်ထားသောဘက်သို့ ပြေးပြီး ဝိုင်းကာဟောင်၏။ ခြောက်လှန့်၏။

ထိုသို့ ဂုတ်ကျားနှင့် မိနီတို့ဘက်မှ ထွက်ပြေးသည့်သားကောင်အတွက် ဝိတ်ဆို့ခြောက်လှန့်တတ်သည့်အပြင် အရောင်ကလည်းအနက်ရောင်ဖြစ်၍ ခါးသေးသလောက် ရင်အုပ်မောက်ကာ အပြေးသန်အခုန်သန်သည့်အပြင် သားကောင်၏လည်မျို သို့မဟုတ် နောက်ခြေထောက်အားသူ၏ချွန်ထက်နေသော သွားများဖြင့် တအားကိုက်ခဲသည့်အပြင် သားကောင်၏ တုံ့ပြန်ရန်မူမှုကိုလည်း လျင်လျင်မြန်မြန် ရှောင်တိမ်းတတ်သည်။

အကယ်၍ ဂုတ်ကျားနှင့် မိနီမတို့ သားကောင်အား ကိုက်ဆွဲထားပါက အောင်နက်သည် ထိုသားကောင်၏လည်မျိုအား အမိအရဝင်ရောက်ခဲပြီး သူ၏လက်နှစ်ဖက်ဖြင့် ဖိထားတတ်သည်မှာ အောင်နက်ဖြစ်၍ တာတီး အားအကိုးရဆုံး အမဲလိုက်ခွေးဆိုလည်းမမှား။

သူတို့သုံးကောင်သည် သားကောင်ဖြစ်သော ချေ၊ ဒရယ်အပြင် တောဝက်ကိုပါ ရအောင် ကိုက်တတ်နိုင်စွမ်းရှိကြပါသော်လည်း သားကောင်သေသွားလျှင် ထိုသားကောင်အား ကိုက်ဖွဲ့မစားကြပါ။ သခင်တာတီးရှိရာသို့ ဝိုင်းဆွဲတတ်သည်။ သို့မဟုတ်ပါက တာတီးထံအသံပြု၍ ခေါ်တတ်ကြသည်။





တာတီးသည်လည်း ထိုသားကောင်ရရှိခဲ့ပြီး အိမ်ရောက်မှ အသားရောင်း၏။ တချို့ ချက်ပြုတ်စားသောက်သကဲ့သို့ သူ့ခွေးသုံးကောင်အတွက်လည်း သေသေချာချာ အသားတွေပြုတ်လျက် အရေနှင့်အသားကျွေးမွေးတိုက်၏၊ အရိုးခပ်နုနုတွေကိုလည်း မီးခဲကောင်းကောင်းဖြင့်ပြုတ်ပြီးမှသာ ကျွေးသဖြင့် ပိုမိုနှစ်သက်နေလေ၏။ သခင်ချစ်သောခွေး၊ ခွေးကိုချစ်သော သခင်သည် အစဉ်အမြဲမခွဲကြ၊ သွားအတူတူ လာအတူတူဖြစ်နေသာ တချို့က တာတီးကိုပါ ခွေးစာရင်းသွင်းပြီး လေးကောင်လာပြီဟော့'

တချို့မှာတော့ ခွေးသုံးကောင်၏လိမ္မာပါးနပ်မှုကြောင့် ချစ်စနိုးဖြင့် လေးယောက်ပေါင်း တောကောင်ရှာ တော်တော်လိမ္မာတယ်ဟု ဆိုကြပြန်သည်။ ပသို့ပြောပြော တာတီးကတော့ဖြင့် စိတ်မဆိုးပါ။ စိတ်မဆိုးနိုင်ဆိုရာတွင်လည်း ဤခွေးသုံးကောင်ဖြင့် သူ့အတွက် အလုပ်အဆင်ပြေနေသည် မဟုတ်ပါလား။

ဟော... ခုပင်လျှင် မြို့ပေါ်မှရှမ်းခေါက်ဆွဲဆိုင်ပိုင်ရှင် ဖောတ်သည်ကြီးဦးလောဟုန်၏ အမှာစာရောက်ခဲ့ပါပြီ။ မုဆိုးပေါက်စနှင့် အမဲလိုက်ခွေးသုံးကောင်တို့၏ ဇာတ်လမ်းကားစလေပြီ။ တာတီး၏မျောက်လိုက်မှုဆိုး အဘယ်သို့တိုက်ခိုက်ကြသည်တော့ မသိပါ။ တာတီးနှင့်ခွေးသုံးကောင်မှာတော့ တောတိုးပါလေ၏။

တာတီးသည် အခင်းကျွေပြီးနောက် အောင်လောင်းတောတောင်သို့ ဖြတ်ဝင်ခဲ့သည်။ တောအစပ်ဝယ် သက်ငယ်များ နှမ်းချုံနှင့် ကင်မွန်းပင်တွေ ဆီးဖြူသီးပင်တွေ ဖြတ်ကျော်ခဲ့ရာမှ အောင်လောင်းတောနှင့်အဆက်မပြတ် အင်လုံးသို့ရောက်ပါပြီ။ အင်လုံးသည် ဘုပုအင်းဟုလည်းခေါ်ပါသည်။ ဗေဒါလည်း ပေါသည်မို့ ထိုဗေဒါပင်များနှင့် ဝိတ်ဝိတ်ပိန်းနေရာ မျောက်မပြောနှင့်။ တော်ရုံတန်ရုံ လူငယ်တွေပင် အင်းခြွတ်ကူးရာဝယ် ဗေဒါအုပ်တွေပေါ် နင်းသွားရသည်သာ။

တာတီး၏ ခွေးတွေမှာလည်း အလွန်လိမ္မာ၏။ ခုချိန်ထိ တစ်ကောင်မှမဟောင်၊ မဟောင်ရန်လည်း တာတီးက သင်ပေးထားခြင်းဝင်သောတာတီး၏လက်ခုပ်သံ၊ သို့မဟုတ်ပါက နှစ်ခွန်းသုံးခွန်းမျှ ခွေးကဲ့သို့ အော်သံ



www.burmeseclassic.com

www.burmeseclassic.com



ဟောင်ပေးလိုက်လျှင်တော့ သူ့ခွေးတွေ၏အသံတွေ ထွက်ပေါ်လာချေပြီ။

သို့သော် အောင်နက်တစ်ကောင်မှာတော့ အခြေအနေကြည့်တတ်သောခွေး၊ မဟောင်သင့်လျှင် မဟောင်ပါ။ ဂုတ်ကျားနှင့် မိနီမတို့သည်သာ သည်းသည်းမည်းမည်း ဟောင်ကြသည်။

တာတီးသည် ရေသဖန်းပင်ကြီးအောက်သို့ ကပ်ပြီးနောက် မျောက်တွေထောင်သည့်လမ်းကြောင်းမှာ ရှာကြည့်သည်တွင် တွေ့ရပါပြီ။ မျောက်တွေ၏ ခြေရာလက်ရာများအပြင် မျောက်ချေးတွေ၊ တစ်ဖန် သဖန်းပင်ကြီးပေါ်သို့ တွယ်တက်နေသော နွယ်တွေတွင် မျောက်တွေကိုက်ဖဲ့ဆော့ကစားမှု သွားရာမှအစ စုံစုံလင်လင်ရှာဖွေနေသည်မှာ မျောက်လိုက်မှုဆိုးပီသပါပေသည်။

စိတ်ကြိုက်ရှာဖွေစုဆောင်းပြီးကာမှ သူနှင့်ခွေးသုံးကောင်စောင့်ရန် နေရာရွေးလိုက်၏။ ခွေးသုံးကောင်သည် သူနှင့်အတူနေရန်နှင့် ခွေးနံ့နှင့် လူနံ့အပြင် အရိပ်အခြည်မသိစေရန် ချုံကောင်းကောင်းအား ရှာကြည့်စဉ် စောစောက သူရပ်ပြီးမော့ကြည့်ခဲ့သော ရေသဖန်းပင်ကြီး၏အောက်ဘက် ရေစပ်နှင့်ပေါင်းဆယ်ကျော်ခန့်ရှိ ချုံကြီးအတွင်း ဝင်ရောက်ပုန်းအောင်းလိုက်သည်။

တာတီးနှင့် ခွေးသုံးကောင်ရောက်တော့ ညနေသုံးနာရီထိုးပါပြီ။ တာတီးသည် ပါလာသော အမဲခြောက်ဖုတ်အရွက်တွေအား ခွေးသုံးကောင်ကိုမျှပေး၏၊ ကျွေးနေ၏။ သူလည်းစား၏၊ သူကတော့ အသားကောင်းကောင်းစားသည်။

လူဆိုတော့ ခွေးကိုအရွက်ကျွေးသည်ပင်လျှင် တော်တော်လေးစေတနာထားခြင်း၊ ချစ်ခင်ခြင်းသာဖြစ်၍ အမဲခြောက်ဖုတ်ကျွေးနေခြင်းသာပင်ဖြစ်ပါသည်။ ခွေးသုံးကောင်မှာ မီးဖုတ်ထားသဖြင့် အနံ့ကလည်းမွှေးနေသည်မို့ ကောင်းကောင်းဝါးလိုက်၊ လက်နှင့်ဖိပြီး ကိုက်ဆွဲလိုက်၊ လုပ်နေသည်ကို တာတီးကြည့်ရင်း သူ့ခွေးတွေ၏အလိမ္မာကို နှစ်ခြိုက်စွာသဘောကျနေသည်။

သူတို့ ချုံထဲတွင် တစ်နာရီနီးပါးကြာပါပြီ။ ခွေးတွေလည်း အမဲ





ရွက်တွေမရှိတော့။ မိနီမနှင့် ဂုတ်ကျားသည်ကောင်းကောင်းအိပ်ပြီး စိမ်ယူနေသကဲ့သို့ တာတီးပင် အိပ်ချင်စိတ်ပေါက်နေသော်လည်း မအိပ်ရဲပါ။ အောင်နက်တစ်ကောင်မှာတော့မအိပ်၊ မေးလေးရှေ့ပစ်လျက် မျက်စိကလေးပေကလပ် ပေကလပ်ပုတ်ခတ်ရင်း ငြိမ်သက်နေစဉ်

'ရှူး'

ဂုတ်ကျား၏နှာဝမှ မှုတ်ထုတ်လိုက်သော နှာသံတစ်ချက်ခပ်ပြင်းပြင်းကြောင့် တာတီးသည် သူ၏အောင်နက် အနေအထားကိုသိထားသူမို့ တစ်ခုခုတော့ ထူးပြီသိလိုက်သည်။ ဂုတ်ကျားနှင့် မိနီမတို့အားလက်နှင့်ပုတ်နှိုးလိုက်ပါပြီ။

'ဂူး'

'ဟဲ့ကောင် အောင်နက် အသံမထွက်နဲ့'

တာတီး ပြောပြောဆိုဆို အောင်နက်၏ခါးအား ပွတ်ပေးရင်း ငြိမ်ငြိမ်နေရန် သတိပေးလိုက်သဖြင့် အောင်နက်သည် အသံမထွက်တော့။ သို့သော် သူ၏နားရွက်နှစ်ဖက်မှာ ရှေ့သို့စူးစူးစိုက်စိုက်နားစွင့်ရန် ထောင်ထားသည့်အပြင် မျက်လုံးတွေဝင်းလက်နေ၏။

မိနီမနှင့် ဂုတ်ကျားလည်း အနံ့လေးရလေမို့ ဦးခေါင်းတွေထောင်ကာ အောင်နက်အာရုံစိုက်သည့်ဘက်သို့ သတိထားနေကြလေပြီ။

'အင်း… မျောက်အုပ်တော့ လာပြီထင်တယ်'

'ဒီကောင်တွေ သတိပေးထားမှပဲ'

'မျောက်အုပ်အကောင် များမလားပဲ'

'အကောင်များမှဖြစ်မယ်'

ဟိုတွေး ဒီတွေး တွေးပြီး သူ့ခွေးတွေအား ကျောကုန်းတွေပွတ်သပ်ရင်း တိတ်တိတ်နေကြရန် သတိပေးရပြန်သည်။ လိမ္မာသော သူ၏ခွေးသုံးကောင်မှာ အလွန်ပင် အလိုက်သိ နားလည်ကြသည့်အတွက် တာတီးသဘောကျနေပါသည်။

'အုဂူ… အုဂူ… အုဂူ…'

'အု… အုဂူ…'



www.burmeseclassic.com

www.burmeseclassic.com

'ခွီး··· ခွီး··· ခွီး'
'အူ··· အူ··· အူ'
'ခွီး··· ခွီး'

မျောက်အုပ် မှန်ပါသည်။ အောင်လောင်းတောမဘက်မှ မျောက်တွေ ခါတိုင်းကဲ့သို့ အင်းလုံအား တံတားပမာ ဖြတ်ကူးနေကျ ဗေဒါဘုတ်တွေပေါ်သို့ ရောက်လာကြပါပြီ။ ရှေ့ဆုံးမှ အကောင်ကြီး၏ နောက်မှာတော့ အကောင်အသေး အကြီးအုပ်လိုက်လာပါပြီ။

တာတီး၏ ခွေးတွေမရှိးမရှုဖြစ်နေကြသော်လည်း တာတီး၏ အမိန့်ကို နာခံတတ်သော အမဲလိုက်ခွေးလိမ္မာတွေပီပီ သားကောင်ကို ချောင်းမြောင်းနေသော တောဘုရင်ကျားမုဆိုးကြီး ကျားအသွင်၊ သုံးကောင်လုံး၏ ဝမ်းဗိုက်တွေမှာတော့ ကိုက်ချင်စိတ်တွေ၊ ဟောင်ချင်စိတ်တွေနှင့် ရောထွေးပြီး ဒေါသထွက်နေသော အမူအရာကြောင့် အသက်ရှူမြန်ကာ ပုံမှန်မဟုတ် ဖောင်းလာသောဘက်တွေက များနေသဖြင့် ချော့နေရ၏။

'အုဂူ···· အုဂူ····'
'အု··· အု'
'ခွီး··· ခွီး··· ခွီး'
'အု··· အုဂူ···'

တောမျောက်တွေသည်လည်း တော်တော့်ကို ပါးနပ်ကြသည်သာ။ ရှေ့ဆုံးမှ ကူးလာနေသော မျောက်ထီးကြီးအား တစ်ကောင်မျှကျော်မတက်ကြပါ။ နောက်ပိုင်းမှာတော့ ဆော့သောမျောက်တွေက ဆော့၏။ ပြေးကြလွှားကြ၊ ကခုန်ကြပေါက်ကြ၊ မျောက်ကူး ကူးလာမှုအား တာတီးကောင်းစွာ ယခုမှပင် တွေ့ဖူး၏။

သူမျောက်လိုက်ပေါင်းများပြီ။ ဒီအောင်လောင်းတောမဘက်မှ ကူးလာမှုကိုတော့ သူမတွေ့ဖူးသည်က အမှန်၊ အပင်ပေါ်က မျောက်အား အောက်ရောက်အောင် လုပ်တတ်သည်။ အောက်ရောက်သည့် မျောက်အား သူ၏အမဲလိုက်ခွေး၊ မျောက်လိုက်ခွေးတွေက အလွတ်မခံ၊ မျောက်တစ်ကောင်အား ခွေးနှစ်ကောင်မှ အပိုင်ကိုက်တတ်၏။ တစ်ကောင်မှာ အသံ





ပေးရင်း အမြဲအသင့်စောင့်ရင်းဟောင်၏။ လှည့်ပတ်ဝိုင်းထားတတ်သည့် အောင်နက်၊ နှစ်ကောင်၏အခြေအနေမကောင်းမှ အလစ်အငိုက် ကိုက်တတ်သည်သာ။

တာတီး စဉ်းစားရပါပြီ။ ဒီမျောက်အုပ် ဒီဘက်ရောက်သည်နှင့် သူဘယ်လိုတိုက်ခိုက် ဖမ်းဆီးရမည်နည်း။ သူ မစဉ်းစားတတ်၊ ခါတိုင်း မျောက်လိုက်ပါက ဤသို့မဟုတ်ပါ။ မျောက်အုပ်နှင့်သူ စတင်တွေ့ရှိစဉ် သူ့ခွေးတွေက ဟောင်လိုက်သည်။

'ဝုန်း··· ဝုန်း··· ဝုန်း'
'ဝုတ်··· ဝုတ်··· ဝုတ်'
'ဝုန်း··· ဝုန်း··· ဝုတ်··· ဝုတ်'
'ကိန်··· ကိန်··· ကိန်'
'ဝုတ်··· ဝုတ်'

ခွေးသံတွေ ဆူသည်နှင့် မျောက်အုပ်သည် တစ်ပင်ပေါ်မှတစ်ပင် အလျင်အမြန်ကူးရင်း အပင်၏ အမြင့်ဆုံးပေါ်တက်ပြေးရာမှ ကိုယ်ရောင်ဖျောက်လိုက်သည်သာ။

တာတီး ဘာမျှမတတ်သာတော့။ မျောက်ဆို၍ တစ်ကောင်တစ်မြီးမှ မရတော့။ ကိုယ်ပျောက်ဝိဇ္ဇာတွေပါကလားဟု တွေးပြီး အပင်အောက်မှရှာသည်။ သူ၏လည်ပင်း မော့ရှာရသည်မှာ ဇက်ပင်ညောင်းလာပါသော်လည်း မတွေ့၊ မျောက်တွေ တက်ပြေးသော အပင်မှာလည်း ကညင်ပင်တွေ၊ အင်ပင်တွေ၊ ကညင်နှင့် အဝ်ပင်မှာလည်း ကျွမ်းနှင့်အပြိုင် အလွန်မြင့်ကြသည့်အတွက် တာတီး ဘာလုပ်ရမှန်းမသိဖြစ်နေပါသော်လည်း သူ၏ခွေးသုံးကောင်မှာတော့

'ဝုတ်··· ဝုတ်··· ဝုတ်'
'ဝုန်း··· ဝုန်း··· ဝုန်း'
'ကိန်··· ကိန်··· ကိန်'

'တောက်··· ဟော့ကောင်တွေ မင်းတို့ကသာ ဟောင်နေ၊ မျောက်တွေ ဘယ်ရောက်မှန်းမသိတော့ဘူးကွ'

www.burmeseclassic.com

www.burmeseclassic.com

'ဝုတ်... ဝုတ်... ဝုတ်'

'ဟဲ့... ဂုတ်ကျား၊ ဘယ်မှာလဲ၊ ငါ့ဇက်တော့ ညောင်းလို့ငုံ့မရတော့ဘူးကွ'

တာတီး ခွေးတွေလည်း ဒေါသဖြစ်လာသည်။ သူကတော့ မတွေ့ပါ။ ခွေးတွေက တွေ့နေသည်။ သူက ဘယ်မှာလဲဟုမေးတော့ ခွေးသည် လူစကားမပြောတတ်။ ဒီတော့ သူတတ်သည့် သူ့ဘာသာစကားဖြင့် အပင်ပေါ်မှာဆိုသည့်သဘော ပြောနေကြသည် ထင်ပါ၏။

'ကဲ... မင်းတို့စကား ငါနားမလည်ဘူး၊ အေ... မင်းတို့ပုံစံကတော့ အပေါ်မှာလို့ ပြောနေတယ် ထင်ပါရဲ့'

တာတီးသည် စိတ်မရှည်တော့သည့်အဆုံး ဘာရယ်ညာရယ်မဟုတ်။ လွယ်အိတ်ကြီးထဲမှ လောက်လေးခွနှိုက်ယူကာ အပင်ပေါ်သို့ သူထင်သည့်နေရာတွေ ပစ်ခတ်ပါပြီ။

'ဖြောက်'

'ဖြောက်'

'ဖြောက်'

'ဖောက်... ဖောက်'

'ဝုန်း'

'ဟာ... မျောက်တွေရှိနေပါကလား'

တာတီး တွေ့လိုက်သော မျောက်သုံးကောင်အနက် အလယ်ကအကောင်အား အသေအချာ ချိန်ရွယ်စဉ် ထိုမျောက်သည် အင်ရွက်နှစ်ရွက်သုံးရွက်အား ဆွဲယူကာ ဖင်ခုထိုင်လိုက်သည်တွင် မျောက်ပျောက်သွားပါပြီ။

'ဩော်... လက်စသတ်တော့ မျောက်စုတ်တွေ ငါ့ကိုပညာပြတာကိုး၊ အံ့ရော့ပအေး'

'ကဲ... ကွာ'

'ရော်... အို'

'ပြောက်'





'ဖောက်'

'ခွီး...'

'ဝေါ... ဝေါ... ဝေါ'

'ဘုန်း...'

'ဝုန်း... ဝုန်း'

'ခွီး... ခွီး... ခွီး'

'ဝုတ်... ဝုတ်'

'အိုင်... အိုင်... အိုင်'

'ခွီ...'

ခွေးသုံးကောင်အနက် မိနီမနှင့် ဂုတ်ကျားတို့အောက်ရောက်၍ ဘုန်းခနဲအကျ မျောက်က တခွီးခွီးအော်နေစဉ်မှာပင် အသံနှင့်အတူအတင်း ဝင်ကိုက်ကြပါပြီ။ ခွေးနှစ်ကောင်၏ ကိုက်ခဲမှုအား မတွန်းလှန်နိုင်တော့။ အပင်ပေါ်မှ ကျ၍မထနိုင်ခင် အကိုက်ခံရသော ထိုမျောက်ကြီးမှာ မရှုမလှ သေပါပြီ။ အောင်နက်မှာတော့ မကိုက်။ အပေါ်မော့ကြည့်နေဆဲမို့ တာတီး သဘောပေါက်သွားပါပြီ။

တာတီးသည် နောက်ထပ် အင်ရွက်တစ်ခုခုအား သေချာစွာ ချိန်ရွယ်ပစ်ခတ်စဉ် နောက်ထပ်တစ်ကောင် ထပ်ကျလာပြန်ပါပြီ။ တခြားမျောက်တွေလည်း အားလုံးရုပ်ရုပ်သဲသဲဖြစ်ကာ ထွက်ပြေးကြပါပြီ။

အဲဒီ ပထမနေ့မှာပင် တာတီးတစ်ယောက် မျောက်နှစ်ကောင်ရခဲ့ချိန်မှစ၍ မျောက်အုပ်အပင်အပေါ်မှာရှိပါက တာတီးအတွက် အလွယ်အတူ ရရှိခဲ့ပါပြီ။ မပင်ပန်းတော့ ခွေးဟောင်သံပေးကာ အပင်ပေါ်တတ်ပြေးသော မျောက်အုပ်အား သူတို့၏အလေ့အထ လျှို့ဝှက်ချက်သိထားရှေ့သဖြင့် တာတီးမှာ အမဲလိုက်မုဆိုးမဟုတ်။ မျောက်လိုက်မုဆိုးဖြစ်ဘဝသို့ ရောက်ခဲ့ပါပြီ။

သို့သော် ခုတော့ ခက်ချေပြီ။ အင်းစပ်မှ မျောက်တွေအပင်ပေါ်တက်ရောက်၍ ပေငါးဆယ်လောက်ပြေးလာရပေသည်။ ထိုသို့ပြေးလာသော တာတီးခွေးတွေ လိုက်ကိုက်ပါက တစ်ကောင်လောက်သာ ရနိုင်ပြီး


www.burmeseclassic.com

www.burmeseclassic.com



ကျွန်မျောက်တွေ ထွက်ပေးကြမည်သာ။ သူလိုချင်တာက သုံးကောင်အထိ ဘယ်လိုတိုက်ခိုက်ရမလဲမသိ။ သူ့ခွေးတွေစောင့်မှ စောင့်ပါ့မလားဟု တွေးနေမိစဉ်မှာပင်

'ခွီး… ခွီး'

'အုဝ… အုဝူ…'

'ဝူ… ဝူ'

ရှေ့ဆုံးမှ မျောက်ထီးကြီး ဒီဘက်ကမ်းအရောက် ပတ်ဝန်းကျင်အခြေအနေ မထူးကြောင်းအား နောက်မှ မျောက်အုပ်အား လှည့်ကြည့်ပြီး ရေသဖန်းပင်ကြီး၏အနွယ်တွေရှိရာသို့ ပြေးလာသည်နှင့် နောက်မှ မျောက်တွေလည်း ကမ်းစပ်မှတစ်ဆင့် အပြေးအလွှားအုပ်ချီ၍ အပြေးလာနေစဉ်မှာပင် အလွန်ဆိုးသော မိနီမသည်

'ကိန်… ကိန်… ကိန်'

'ဂုတ်… ဂုတ်… ဂုတ်'

မိနီမ တကိန်ကိန်ဖြင့် အော်ဟစ်ပြေးလွှားသည်တွင် ဂုတ်ကျားပါ လိုက်ပါသဖြင့် ရှေ့ဆုံးမှမျောက်ကြီး အပင်ပေါ်ရောက်သော်လည်း မျောက်လေးငါးကောင်မှာ ခွေးတွေတွေ့ကာ လျှောက်ပြေးသည်တွင် အောင်နက်သည် မိနီမဘက် လှည့်ပြေးမလိုက်။ ဂုတ်ကျားလိုက်ကိုက်ရာသို့လည်း မသွားဘဲ ရေစပ်သို့အတင်း ပြေးထွက်သွားပါပြီ။

'ရော်… ဒုက္ခပ၊ မိနီမ… အို… ဂုတ်ကျား'

'ရော်… အောင်နက်ပ… အောင်နက်'

ခွေးသုံးကောင်၏ လမ်းကြောင်းသုံးကြောင်းနောက်သို့ တာတီး မလိုက်တတ်တော့။ ရေစပ်မှာကျန်ခဲ့သော မျောက်တွေနှင့် ဗေဒါဘုတ်ပေါ်မှ မျောက်တွေ နောက်ကြောင်းလှည့်အပြေး ရေထဲကျ၍ ဗေဒါပင်တွေပေါ်ဆွဲတက်သည့်မျောက်တွေ တွေ့ရသလို ကုန်းပေါ်မှာကျန်ခဲ့သော မျောက်တွေမှာ ခွေးမကိုက်ရန် ပြေးပါသော်လည်း မိနီမ၏ကိုက်ခဲမှုကြောင့် မျောက်တစ်ကောင်နှင့် ခွေးတစ်ကောင်လုံးထွေးနေရာသို့ တာတီး ပြေးအလိုက်

'ဝုန်း… ဂုတ်… ဝူး'





'ခွီး'

'ရော်… မိနီမ… မိနီ… မိနီပအေး'

ဂုတ်ကျားနှင့် လုံးထွေးနေသော မျောက်ကြီးဘက်ပြေးမည်အပြုတွင် မိနီမအား မျောက်တစ်ကောင်ကိုက်ထားသလို မိနီမလည်းပြန်ကိုက်ရင်း လုံးထွေးလဲကျသွားရာသို့ တာတီးပြေးရင်း သူ့လက်ထဲမှာ အသင့်ကိုင်ထားသော ဓားနှင့်မျောက်အားခုတ်ရန်အရွယ် မျောက်ကအောက်အရောက် ခွေးမလေးမိနီက အပေါ်သို့အဖြစ် ရောက်လာပါသည်။ တော်ပါသေးသည်။ ခုတ်မျှားခုတ်လိုက်ပါက မတွေးရဲ။

တာတီး မကူရတော့ပါ။ မိနီမ၏ ကိုက်ခဲမှုမှာ မျောက်၏လည်မျိုအား ခဲထားရင်း အတင်းကိုဆွဲခါဆွဲခါမှုကြောင့် မျောက်ခမျာ မတုတ်နိုင်တော့ဘဲ သွေးရဲရဲသံရဲရဲ လဲသွားရာမှ မထတော့၊ မိနီမသည် ဂုတ်ကျားနှင့် လုံးထွေးနေသော မျောက်ဘက် ပြေးပြန်ပါပြီ။ ဂုတ်ကျားကိုက်ထားသော မျောက်ထီးကြီးမှာ အတော်ကြီးသည့်အတွက် လည်မျိုအားမကိုက်မိသော်လည်း နားရင်းကိုခဲထားသည့်အတွက် ခွေးမလေးမိနီမသည် ထိုမျောက်ကြီး၏ ရင်ဘတ်နှင့် ဝမ်းဗိုက်တို့အား ကိုက်ဆွဲရင်း သူ့၏ပုံစံအတိုင်း တစ်ချက်ကိုက်မိလိုက်၊ ဆွဲခါလိုက် ခွေးနှစ်ကောင်အနက် ဂုတ်ကျားကြီး၏ မလွှတ်သော ကိုက်ခဲမှုနှင့်အတူ မိနီမ၏ နေရာမရွေးကိုက်ခဲမှုအောက်ဝယ် မျောက်ကြီးခမျာ အသက်ပျောက်ရရှာပါပြီ။

တာတီး ဝမ်းသာသွားသည်။ မိနီမ ကိုက်၍ တစ်ကောင်ရသကဲ့သို့ ဂုတ်ကျားကိုက်ထားသော မျောက်ကြီးအား မိနီမ၏အကူအညီကြောင့် နောက်တစ်ကောင်ရရှိပါပြီ။ ဝမ်းသာအားရ မျောက်နှစ်ကောင်ရသည်ကို သဘောကျနေသော တာတီးသည် ထိုမျောက်ကြီးအား ဆွဲယူ၍ ဂုတ်ကျားတို့ပြေးသွားကြပါ၏။

သည်တော့မှ သဘောပေါက်ကာ သူ၏အောင်နက်၊ အောင်နက်တစ်ကောင် အသံပျောက်နေ၏။ ဟောင်သံလည်းမကြား၊ ကိုက်သံလည်းမမည်၊ အကောင်လည်းမတွေ့ရ၊ သို့သော် မိနီနှင့် ဂုတ်ကျားတို့ပြေးရာသို့ တာတီးပါ လိုက်ပြေးရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ဝုတ်… ဝုတ်'

'ဝူး… ဝုတ်'

'ဝေါင်း… ဝေါင်း'

'ရော်… ကျားသံပအေး'

တာတီးသည် ကျားသံကြားသည့်အတွက် သူ၏အောင်နက်ကို စိတ်ကပ္ပဖြီး လောက်လေးခွဖြင့် တွေ့သမျှချုံနွယ်တွေအား လိုက်လံပစ်ခတ်ပါပြီ။ တာတီး၏ပစ်ခတ်မှုများမှာ အလွန်ခရီးရောက်သကဲ့သို့ အောင်နက်၏လုပ်ရပ်မှာလည်း အံ့ဖွယ်ပင်ဖြစ်ရသည်ကို နောက်မှ တာတီးသိရသည်။

အောင်နက်သည် စောစောက တဲကအနံ့ရထားသည့်အပြင် မိမိ၏သခင်နှင့် မိနီ၊ ဂုတ်ကျားတို့အား ရန်မူမည့်အန္တရာယ်ကို ကြိုတင်ကာကွယ်ရင်း ကျားကြီး၏လှုပ်ရှားမှု စောင့်ကြည့်နေ၏။ ကျား၏ 'ဝေါင်း'ဟူသောအသံနှင့် ခွေးဟောင်သံ၊ မျောက်အော်သံတွေ ရောထွေးနေသော်လည်း အောင်နက်မှာ ကျားကြီးကို ထိန်းထားသည်သာ။

ကျားကြီးသည်လည်း ခွေးတွေအပြင် လူကိုပါ မြင်ရပြီးနောက် သူ့အား ပြန်ရန်မူနေသော အောင်နက်ကိုလည်း ဂရုပြုနေရ၏။ ကျားသည် တစ်ကောင်တည်း၊ ခွေးကသုံးကောင်၊ လူကတစ်ယောက်ဖြစ်နေသည့်အတွက် ကျားကြီး ရှေ့လည်းမတိုးရဲသလို နောက်သို့လှည့်မပြေးရဲသဖြင့် ချုံထဲတွင်ပင် အခြေအနေကြည့်ကာ မလှုပ်ရှားရဲသည့်အပြင် အောင်နက်မှာ အမွေးအရောင်မည်းနက်နေသည့်အပြင် လျှာတွေကရဲရဲ သွားတွေဖြဲထား၏။ တစ်ဖန် ဂုတ်ကျားဆိုသော ခွေးကြီးမှာတော့ အဖြူရောင်ဖြစ်ကာ လည်ပင်းတွင် ကျားဆိုသော အမည်းရောင်ကျားနေသည်။ မိနီမှာတော့ ချေလိုလို၊ ဒရယ်လိုလိုတစ်ကောင်လုံး နီရဲနေပြီး သူ၏အသံမှာ တအိုင်အိုင်၊ တအီအီနှင့် ခွေးကဲ့သို့ဟောင်သည်ထက် သားကောင်တွေ့တိုင်း တအိုင်အိုင် တအီအီလုပ်တတ်သည်။ ကျားကြီးအဖို့ ခွေးသုံးကောင်၏ အရောင်အသွေးမတူမှု၊ အသံတွေ ကွာခြားမှုအပြင် မျောက်နှစ်ကောင်ကိုပင် ရဲရဲတင်းတင်း ကိုက်ကြသဖြင့် ကျားကြီး မဝင်ရဲတော့သည့်အတွက် မလှုပ်ရှားဘဲနေကာ အောင်နက်က အခြေအနေစောင့်ကြည့်ခြင်း ခံရပြန်ပါပြီ။





တစ်ဖန် ကျားသံကြားသော တာတီးမှာ ကြောက်ရွံ့မှုတွေနှင့်အတူ သူ၏လောက်လေးခွဖြင့် တွေ့သမျှချုံတွေအား တစ်ချက်မဟုတ် အချက်ပေါင်းလေးငါးချက်ပစ်လိုက်ရာတွင် ကျားကြီးပုန်းအောင်းနေသော ချုံထဲသို့ နှစ်ချက်ထိရာမှ နောက်တစ်ချက်သည် ကျားကြီး၏ဘေးသို့ကောင်းစွာထိမိရာ…

'ဘုတ်'

'ဝေါင်း'

'ဝုန်း'

'ဝုန်း… ဝုန်း… ဝုန်း'

'ဝုတ်… ဝုတ်… ဝုတ်'

ကျားကြီးကြောက်အားလန့်အားအပြင် လေးခွ၏လောက်စလုံးနှစ်ချက် ကောင်းစွာအထိခံလိုက်ရသည်တွင် ချုံထဲမှ နောက်ဘက်ဘေးသို့ ခုန်ထွက်လိုက်သည်တွင် ကျားကြီးအား အောင်နက်က အတင်းတဝုန်းဝုန်းဟိန်းဟောက်အသံပေးသည့်အပြင် မိနီမနှင့်ဂုတ်ကျားတို့ပါ ရောက်လာကြ၍ ဝိုင်းဟောင်ကြပါပြီ။

'ဝုတ်… ဝုတ်… ဝုတ်'

'အိုင်… အိုင်… အိုင်'

'ဝုတ်… ဝုတ်… ဝုန်း… ဝုန်း'

ခွေးသုံးကောင်က ဟောင်ပြီးအလိုက် တာတီးသည် ယခုမှပင် အင်အားသတ္တိတွေ တိုးတက်ပြည့်ဝလာပြီး သူ၏လက်သုံးတော် လောက်လေးခွဖြင့် ကျားကြီးအား သေသေချာချာ ချိန်ရွယ်ပစ်ခတ်နေသည်မှာ အတွဲလိုက်ပင်။

ကျားကြီးအပြေးလျင်သည်လား သို့မဟုတ် ထိမှန်မှုတွေမခံနိုင်၍လားမသိတော့။ ချုံတန်းထဲသို့ အတင်းဝင်ရောက်တိုးဝင် ပျောက်ကွယ်သွားပါပြီ။ သို့သော်လည်း တာတီးခွေးတွေမှာ အနံ့ခံရင်း ဟောင်ရင်း ကျားကိုရှာနေကြဆဲ…

'ရော်… မိနီ၊ ဂုတ်ကျားပါ၊ အောင်နက်… အောင်နက်ပ လာခဲ့

www.burmeseclassic.com

ကြ၊ လာခဲ့ကြ'

'ဟဲ့… လာကြ… လာကြ'

သူ၏ခြေးတွေ သူ့ထံပြန်အရောက်မှာပင် နွယ်တွေနှင့်သစ်ကိုင်းကြားတွင် ပုန်းနေသော မျောက်တစ်ကောင် တွေ့လိုက်သည်။ သူ၏လောက်လေးခွဖြင့် နှစ်ချက်အပစ်မျောက်သည် အကိုင်းတစ်ခုမှတစ်ခုသို့ လှမ်းအခုန် လေးခွနောက်တစ်ချက် ပစ်ခတ်လိုက်စဉ်မှာပင် အောက်မှာရှိနေသော မိနီမ၏တအိုင်အိုင်

'အိုင်… အိုင်… အိုင်'

'ဝုန်း… ဝုတ်… ဝုတ်… ဝုတ်'

ဂုတ်ကျားအသံကြီးက ဟိန်းထွက်သွားစဉ် မျောက်ကိုလောက်စာလုံးက ထိမှန်သွားပြီး အောက်သို့ပြုတ်ကျသွားပါပြီ။ မိနီမ၏လျှင်မြန်မှုကြောင့် မျောက်၏လည်ပင်းအကိုက် ဂုတ်ကျားမှာ မျောက်၏ခါးကိုခဲလိုက်ပါပြီ။ မိနီမ ခါနေသည်။ ဂုတ်ကျားပါ ခါသည်ကိုအောင်နက်မှာ လျှာကြီးတန်းလန်းဖြင့် ကြည့်နေ၏။

အောင်နက်ကြည့်ကောင်းနေသည်ကို တာတီးသဘောကျစွာ အောင်နက်ဘေးမှာ ရပ်ရင်း သူပါ ကြည့်နေလိုက်သည်။

'အင်း… ဦးလောဟုန်၊ လောပန်ကြီးရေ… ခင်ဗျားလိုချင်တဲ့မျောက်သုံးကောင်အဝိအကျပအေး'

'ရော်… ငါ့ခြေးသုံးကောင်ကို ဘာကျွေးရပ'

'အို… အိမ်မှာ အမဲခြောက်တွေရှိတာပ၊ သူတို့ကို ငါအသားတွေပြုတ်ကျွေးမှာပ'

'ရော်… အောင်နက်၊ မင်းက ငါတို့ကို ရန်မူမယ့်ကျားကြီးကိုထိန်းထားပေးတယ်၊ ကျေးဇူးပ'

'ကဲ… ပြန်ကြတာပ၊ အားလုံး အမဲခြောက်ကောင်းကောင်းအသားတွေကျွေးမှာပအေး၊ ဟား… ဟား… ဟား… ဟား…၊ မင်းတို့ကအသားစား ငါက… ငါက အရွက်ပဲစားမှာပအေး၊ အရွက်ပဲစားမှာပ ဟား… ဟား… ဟား… ဟား…'

○ ○ ○



# တောဝက်တိုက်ပွဲ ကျည်မစဲ

တောင်အောက်အဆင်း လမ်းကကျဉ်းကျဉ်း ကွေ့ကွေ့ကောက်ကောက် လူတစ်ယောက်သာသာ လားလမ်းအတိုင်းဆင်းလိုက်သည်နှင့် နာရီဝက်ခန့်အကြာ တံတောင်ဆစ်ကွေးအရောက်…

'နေရာယူ'

'ဖြောက်… ဖြောက်… ဖြောက်'

'ဘုတ်… ဘုတ်'

တင်မြတ်၏ အလန့်တကြား နေရာယူဟူသော အသံသည် ကျွန်တော်တို့စစ်ဆင်ရေးတွင် ရန်သူနှင့်ရင်ဆိုင်အတိုး ရှေ့ဆုံးကင်း(ပွိုင့်)မှ အော်ဟစ်အမိန့်ပေးသည့်အသံမျိုး။

ကျွန်တော်တို့ တောလည်ခဲ့သည်မှာ များပါပြီ။ ဒီလောက်အခြေအနေ နေရာယူဟူသော အသံမျိုးမကြားခဲ့ဖူးပါ။ သို့အတွက် ကျွန်တော်အလွန်အမင်း စိုးရိမ်သွားသည့်အပြင် ကျွန်တော်တို့ တောလည်သည့်နယ်မြေတိုင်းသည် အေးဆေးသောနယ်မြေဒေသများဖြစ်မှ အထက်ကလည်းခွင့်ပြုသင့်၍ ခွင့်ပြု၏။ ကျွန်တော်တို့သည်လည်း အလွန်သတိထားရှာဘတောလည်ကြခြင်းပင်။

ကျွန်တော်တို့ နေရာယူထားကြပြီး အားလုံးအသင့်ဖြစ်မှုနှင့် သေနတ်အသင့်အနေအထားဖြင့် ကျွန်တော် တင်မြတ်ဘေးသို့ပြေးထပ်ပြီး


www.burmeseclassic.com

www.burmeseclassic.com



တင်မြတ် ရင်ဆိုင်နေရသော အန္တရာယ်အား ကြည့်လိုက်သည်တွင်…

တင်မြတ်သည် ယာဘက်တောင်စောင်းတွင် ကပ်နေ၏။ သူနှင့်အတူ သွားအားရန်ပြုနေသော အန္တရာယ်ကောင်၊ တောမုဆိုးကျားကြီးမှာကား ဝဲဘက်တောင်စောင်း ဒလွယ်ခုတ်တွင် မလှုပ်မယှက်ကပ်ပြီး မာန်ဖီနေသည်သာ။

တောမုဆိုးကျားကြီးအား ကြည့်လိုက်ရာတွင် တောမုဆိုးကြီးသည်လည်း လန့်နေပုံရပြီး မလှုပ်သာမယှက်သာ။ တင်မြတ်သည်လည်း ထိုနည်းတူပင် တောင်စောင်းပေါ်သို့ ပြန်တက်ရန်မဖြစ်နိုင်။ တောင်စောင်းမှာ ကမ်းပါးယံမတ်စောက်စောက်၊ သူ၏အရှေ့ဘက်ရှိတောမုဆိုးကြီး၏ နေရာယူထားသော ကမ်းပါးယံမှာလည်း ထိုနည်းတူ မတ်စောက်နေသည့်အပြင် တင်မြတ် နောက်ဆုတ်၍မရတော့သကဲ့သို့ ကျားကြီးနောက်ဆုတ်ရန်လည်း မလွယ်သည့်အတွက် ရောက်ရာနေရာတွင်ပင်ဖြစ်သလို နေရာယူထားကြခြင်းဖြစ်သည်။

ကျားကြီး၏မာန်ဖီနေပုံမှာ မလှုပ်မယှက် နံရံမြေကမ်းပါးအား ကပ်ပြီး သူ၏သွားကြီးတွေပေါ်အောင် ပါးနှစ်ဖက်အရေတွေ နောက်သို့တွန့်ထားပြီး မျက်လုံးကြီးတွေ ဝိုင်းနေအောင်ကြည့်နေသည့်အပြင် နားရွက်နှစ်ဖက်မှာ နောက်သို့ပစ်ပြီး ကျောက်ရုပ်ကြီးအသွင် တွေ့နေရသည်။ အကွာအဝေးမှာ ဓားလွယ်ခုတ်ဖြစ်ပြီး ဆယ်ပေထက်မကျော်နိုင်ပါ။ ခုန်အုပ်ပါက အနေတော်ဖြစ်ပါသော်လည်း လမ်းဘေးကပ်ပြီး တစ်စောင်းအနေအထားမို့ မခုန်အုပ်သာ ဖြစ်နေပုံရပါ၏။

'ကဲ… တောမုဆိုးကြီး နောက်ဆုတ်ပါလား'

'နောက်ဆုတ်လိုက်ပါ'

ကျွန်တော် တည်တည်ငြိမ်ငြိမ် ပြောလိုက်သည်တွင် တောမုဆိုးကြီးမှာ ဦးခေါင်းနောက်သို့ ဝိုပြီးပုသွားသော်လည်း သူမဆုတ်သာမှန်း ကျွန်တော် ရိပ်မိပါပြီ။ သို့အတွက်…

'တင်မြတ် မင်း ဘေးစောင်းလေးဆင်းကွာ'

'ဆရာကျော်ဆင်းပါလား'





'ကိစ္စမရှိဘူး၊ မင်းဆင်းပြီး ရှေ့အကွေ့ရောက်တာနဲ့ နေရာယူထား'

'ဟုတ်…'

တင်မြတ်သည် နံရံအားကပ်ပြီး တဖြည်းဖြည်း ရွေ့လျားနေပါပြီ။ တင်မြတ်လှုပ်ရှားမှုမှာ အလွန်ညင်သာသည့်အတွက် တောမုဆိုးကြီးခမျာ ငြိမ်သက်စွာပင် ခေါင်းငဲ့၍လိုက်ကြည့်နေ၏။

'ကိုစိုင်းအောင်… ကျွန်တော့်ဘေးကနေပြီး အောက်ကိုဆင်း'

'ရော်… ဟုတ်… ဟုတ်'

'ကိုကျန်မောင်နဲ့ ကိုအိုက်ပန်တို့ဆက်ပြီးဆင်းကြ'

'ဟုတ်… ဟုတ်'

တောမုဆိုးကျားကြီးအပေါ် ကျွန်တော် မေတ္တာထား သနားမိသည်။ သူ့ခမျာ မလှုပ်သာ မလွန့်သာ။ ကမ်းပါးယံအားကပ်နေသည်မှာ မလွယ်။ တစ်ခုရှိသည်မှာသူလည်းမုဆိုး၊ ကျွန်တော်တို့လည်းမုဆိုး၊ သဘောမှာ မြွေမြွေချင်းခြေမြင်သည်ဟူသော စကားပုံကား ဒါမျိုးလားဟုတွေးစရာ။

'မိုးကျော် ဆက်ဆင်း'

'ဟုတ်ကဲ့'

'ဆရာကျော် ကျွန်တော့်နောက်ကပ်ပြီး လိုက်ခဲ့'

'အေး… လိုက်ခဲ့မယ်'

ကျွန်တော်လည်း မိုးကျော်အောင်နှင့် ငါးပေခန့်ခွာပြီး ကမ်းပါးယံအားကပ်၍ တောမုဆိုးကြီးဘက် မျက်နှာမူရင်း သတိကြီးစွာ နောက်ဆုတ်ဆင်းရာမှ တောမုဆိုးကြီးအား

'ကဲ… မိတ်ဆွေ တောမုဆိုးကြီးရေ၊ အသင့်လမ်း အသင်သွားပေတော့၊ တို့လည်း ခရီးဆက်ပြီ၊ နှုတ်ဆက်ခဲ့ပါတယ်'

'ဆရာကျော် ဆက်ဆင်းတော့'

'အေး'

မိုးကျော်အောင် နေရာယူထားပြီး နောက်ဆုံးမှလိုက်ရန် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

တင်မြတ်တို့ အောက်ဘက်သို့ဆက်ထွက်ရင်း တောမုဆိုးကြီးအား နောက်ထပ်လှည့်ကြည့်လိုက်သောအခါ တောမုဆိုးကြီးသည် ကျွန်တော်တို့အား ကြည့်ပြီးနောက် တောင်ပေါ်သို့ခပ်တည်တည်ငြိမ်ငြိမ် တက်သွားနေပါပြီ။

'ဟူး… အန္တရာယ်ကို မနည်းဖြတ်ကျော်ရပါကလား ဆရာကျော်'

'ရော်… ဟုတ်တာပအေး၊ တော်တော်ကြောက်သွားတာပ'

'ဟဲ… ဟဲ… ဟဲ… ဟဲ… ရှုရှုတောင်ထွက်တော့မလို့ပအေး'

'သြော်… အိုက်ပန်ပအေး၊ အကြောက်ကြီးတာပ'

'ရော်… ကိုစိုင်းပအေး၊ အသားတွေတုန်နေတာ မသိတာပအေး'

'ရော်… ကျုန်မောင်ဆို နတ်ပူးတာပအေး'

'ဆရာကြီးပ… ကံဆိုးပြီလို့ ထင်လိုက်ရတာပအေး'

'သြော်… ကိုစိုင်းအောင်ရယ်၊ ကံဆိုးတယ် ကံကောင်းတယ်ဆိုတာ လူမှာလည်း မူတည်ပါတယ်၊ အဲဒီကံကို ကောင်းအောင်ဖန်တီးဖို့ရာ လူမှာ မူတည်တာပေါ့ဗျာ၊ တွေ့တယ် မဟုတ်လား၊ ခင်ဗျားတို့ကတော့ ကံဆိုးပြီပေါ့၊ အဲဒီဆိုးရွားစွာ တွေ့ကြုံပေမယ့် ကျွန်တော်တို့ ဖြတ်ကျော် အနိုင်ယူခဲ့ပြီလေ'

'ဆရာကျော်ရေ၊ ပထမဆုံးကြုံရတဲ့အဖြစ်က မလွယ်ပါကလား'

'အခုဖြတ်ကျော်ရတာ ပြန်စဉ်းစားလေ၊ တွေ့တယ် မဟုတ်လား၊ တစ်ယောက်ကသေးထွက်မလိုဖြစ်တယ်၊ နှစ်ယောက်က နတ်ပူးမလို တုန်နေတယ့်တဲ့၊ ခု အဲဒါတွေတွေးပြီး ပြန်စဉ်းစားကြည့်လေ၊ ရယ်စရာမဟုတ်လား'

'ရော်… ဆရာကြီးတို့ပ၊ ဆရာကြီးပြောတာ မှန်တာပ၊ စောစောကဖြစ်ပုံတွေဟာ ကြောက်စရာပအေး၊ ခုပြန်တွေးတော့ ရယ်စရာဖြစ်ကောပ'

ခေတ္တနားနေရာမှ ကျွန်တော်တို့ ဆက်ဆင်းလိုက်သောအခါ စောစောကလို လှူသွား၊ လားသွားလမ်းလေးမှာ ကျယ်သည်ထက်ကျယ်ပြီး မတ်စောက်သော တောင်တန်းလည်းဆုံးပါပြီ။ ရှေးကစာဆိုရှိသကဲ့သို့ လမ်း





ဆုံးတော့ ရွာတွေ့ပါပြီ။ ယခုတွေ့ရသောရွာမှာ ကျွန်တော်တို့အား ဖိတ်ကြားထားသည့် မော်ဆွီးဆိုသော ရှမ်းရွာကြီးတစ်ရွာ၊ တစ်နည်းပြောရပါမူ ကိုအိုက်ပန်၏ ဇာတိရွာဖြစ်ပါသည်။

ကိုအိုက်ပန်မှာ မော်ဆွီးရွာသားဖြစ်ပြီးနောက် အံပုံရွာမှ နန်းနွယ်ဆိုသူ ကိုစိုင်းအောင်၏ညီမနှင့် အိမ်ထောင်ကျပြီး အံပုံရွာသားဖြစ်ခဲ့သူ။ ယခု မော်ဆွီးလာရခြင်းမှာလည်း ကိုအိုက်ပန်၏ဖခင် ဦးကျားအိုက်၏ ဖိတ်ခေါ်ချက်အရ ရောက်ရှိခဲ့ကြသည်သာဖြစ်ပါတော့၏။

ကချင်တောင်တန်းတွေပေါ်ဝယ်၊ တောင်စောင်းတောင်ထိပ်တို့တွင် ကချင်တိုင်းရင်းသားများ၏ ကျေးရွာများ၊ ကချင်တိုင်းရင်းသားများသည် တောင်ယာအလုပ်အား တောင်စောင်းတွင်စိုက်ပျိုးကြ၏။ စပါးဆိုလည်း တောင်စောင်းတွင် မြေကျင်းကလေးတွေတူး၍ စပါးစေ့ချစိုက်ပျိုး၏။ စပါးရိတ်သိမ်းပါကလည်း စပါးနှံအားလက်နှင့်ချိုးခြွေယူပြီး ပုလိုင်းနှင့် သိမ်း၏။ တဲရောက်မှ စပါးအားခြေနှင့်နင်းခြေပြီး သက်ဆုံ သို့မဟုတ် မောင်းနှင့်ထောင်းပြီး ဆုံဖွတ်ကြသည်သာ အလွန်ရိုးသားကြသော တောင်ပေါ်သားများ၊ ရှမ်းကြီး၊ ရှမ်းဗမာတွေမှာတော့ တောင်အောက်မြေပြန့်တို့တွင် ကျေးရွာတစပ်ကြမ်း ဆန်စပါးစိုက်ပျိုးကြ၏။ အဓိကမှာ ပဲ၊ နှမ်း၊ မုံညင်း၊ စပါးစိုက်ပျိုးပါသော်လည်း ဝမ်းစာထက်မပိုပါ၊ ပိုပြီးတော့လည်း မတိုးချဲ့ မစိုက်ပျိုးကြ၊ တင်မြတ်သည် တစ်ခါက သိန်းတော်ရွာသား ကိုတင်မြင့်အား နောက်ပြောင်ပြောခဲ့ဖူးသည်။

'ကိုတင်မြင့်ကြီး'

'ပြောဆို'

'ခင်ဗျားတို့ရှမ်းတွေဟာလေ၊ တော်တော်ဗိုကျတယ်'

'ရော်… ဘာပါလိမ့်အေး'

'မြေပြန့်မှန်သမျှ ရှမ်းရွာကြီးပဲ၊ မြေပြန့်တွေမှာအပိုင်စီးထားတယ်'

'ရော်… ဟား… ဟား… ဟား… ဟား… ဘာများလဲတာပ ကျွန်တော်တို့က တောင်ပေါ်ဆို လုပ်မစားတတ်ပအေး၊ ဒီတော့ မြေပြန့်ရှာပြီး လုပ်ကိုင်စားရတာပ'



www.burmeseclassic.com

www.burmeseclassic.com

'လူလည်တွေ'

'ဟား… ဟား… ဟား… ဟား…'

မှန်ပါသည်။ ကျွန်တော် တွေ့ဖူးသမျှသော ရှမ်းရွာကြီးငယ် အသွယ်သွယ်တို့သည် မြေပြန့်ပြန့်တွင်သာ ရွာတည်ကြ၏။ သို့သော် တောင်ပေါ်ငါးရက်ဈေးနေ့များတွင် ဈေးရောင်းသွားကြ၏။ ဈေးဝယ်ယူကြ၏။ သူတို့မွေးမြူထားသော လား၊ မြင်းများနှင့် ကုန်တင်သယ်ယူကြသည်သာ။

ကျွန်တော်တို့ လူစိမ်းတွေပါဝင်နေ၍လားမသိ။ သူ့ရွာသားတွေနှင့် နှုတ်ဆက်ရာတွင် ကိုအိုက်ပန်ခေါ်မှ နှုတ်ဆက်မှ စကားပြောကြ နှုတ်ဆက်ကြသော်လည်း ဟက်ဟက်ပက်ပက်မရှိလှ။ ကျွန်တော်တို့သုံးယောက်မှာလည်း သေနတ်တွေပါနေ၍လည်း ဖြစ်ပါမည်။ နောက်တစ်ရှမ်းရွာသူရွာသားများသည် အင်မတန် ရိုးစင်းကြပြီး သားသက်မှုကဏ္ဍတွင် အတတ်နိုင်ဆုံးရှောင်ရှားကြပြီး တချို့ရှမ်းကြီးများပင်လျှင် အသားမစားကြ။

ကိုအိုက်ပန်တို့ အိမ်ခြံဝင်းသို့ဝင်လိုက်ပြီးနောက် အိမ်ပေါ်လှမ်းကြည့်လိုက်ရာ၊ ရှမ်းအိမ်ပီပီ ခြေတံရှည်အိမ်ကြီးဖြစ်၏။ ထိုအိမ်ကြီးပေါ်တွင် ရွာသားဆယ်ယောက်ခန့် တွေ့ရပြီး ထိုရွာသားများသည် ကျွန်တော်တို့အား ကြည့်ပြီး ကြောင်တောင်တောင် အတာတာဖြစ်နေကြ၏။

'ရော်… ရွာသားတွေပါလား၊ အေး… ဘာဖြစ်တာပ၊ အဘဆို ဘာဖြစ်တာပအေး'

'ရော်… အဲပန်တို့ပအေး'

'ဆရာကြီးတို့ ကြွတာပ၊ ဒီဘက်ကြွတာပ'

'ရပါတယ်အဘ… အဘတို့ဆွေးနွေးနေကြတာလုပ်ပါ၊ ကျွန်တော်တို့အောက်ဆင်းပေးမယ်၊ အားမနာပါနဲ့'

'ရော်… မဟုတ်တာပအေး၊ ဒီမှာ ရပ်ရေးရွာရေးပ'

'ရော်… အဘဆို…'

'ပြောလေ အဲပန် ဘာလဲပ'

'ဆရာကြီးတို့ခေါ်ခဲ့တာ ရွာကိုကူညီဖို့ပအေး၊ ခု အဘတို့ဘာဆွေးနွေးနေကြတာပအေး'





'ရော်… အခင်းတွေဘက် တက်ဆင်းတာပ၊ ဒီဝက်တွေအုပ်ချီလာတာပ၊ ခြံကာတာလည်း မနိုင်အောင်ဒုက္ခပ'

'ရော်… အဲဒါဆို ဆရာကြီးတို့ကူညီမှာပ'

'အင်း… ရွာသားတွေရဲ့ အခင်းပျက်တာပ၊ ကံဆိုးတာပအေး'

'ရော… ဘခွေး ရှမ်းအားပျော့တာပအေး၊ ဒီဆရာကြီးတို့ ကူညီမှာဆို'

'ရော်… ဆရာကြီးတို့ပ၊ ခွင့်လွှတ်ပအေး… ခွင့်လွှတ်ပ'

ကျွန်တော်တို့ စကားပြောနေစဉ် မီးဖိုဆောင်မှ ထွက်လာသော ကိုအိုက်ပန်၏ မိခင်ကြီးသည် ကိုအိုက်ပန်အား မြင်သည်နှင့်

'ရော… အဲစီပအေး၊ အဲစီသား… အဲစီမ မပါပအေး'

'မပါပ'

ရှမ်းဗမာများသည် သားငယ်ကလေးများအား အဲစီ၊ အဲစီမ စသည်ဖြင့်လည်းကောင်း၊ နာမည်တစ်လုံးနှင့်တွဲ၍ အဲပန်၊ အဲစိုင်းစသည်ဖြင့်လည်းကောင်း ခေါ်ကြ၏။

'ဆရာကြီးတို့ပ၊ ကျွန်တော်တို့ရွာ အခင်းတွေမှာပဲတွေလည်း ဥတာပ၊ ကဖွန်းဥတွေလည်း ကုန်မတတ်ပအေး၊ ဝက်တွေအုပ်လိုက်ဆင်းတာပ၊ မောင်းလည်း လူမကြောက် ပြန်ရန်မူကြတာ ခဏ ခဏပအေး၊ ကူညီပေးပါလို့ တောင်းပန်တာပ'

'ဟုတ်ကဲ့… ကျွန်တော်တို့ကောင်းကောင်း ကူညီမှာပါ၊ ဒါထက် အခင်းတွေမှာ ခြံမကာဘူးလား အဘ'

'ရော်… ဟား… ဟား… ဟား… ဟား… ကာမှကာပ၊ ခြံကာတာတုံးတင်ပ၊ အဲဒီတုံးတင်တာ လူတစ်လုံးထက် မငယ်ပအေး၊ အဲဒီတုံးတွေအုပ်လိုက်တိုးဝင်တာပ၊ လူမောင်းတော့ လူလိုက်သေးတာဝ'

'ရော်… ဟုတ်တာပ၊ ဟိုမှာပ ကျောက်ဖူး၊ ဝက်လိုက်ပက်တာ ခင်ကွဲတာပအေး ဟား… ဟား… ဟား… ဟား…'

'ရော်… ဘခွေးအိုက်ပြောတာပ၊ ဝက်လိုက်လို့ပြေးတာပ၊ စည်းရိုးအစွန်းနဲ့ ခြစ်မိတာပအေး'


www.burmeseclassic.com

www.burmeseclassic.com



ကိုအိုက်ပန်သည် သူ၏မိခင်နှင့်အတူ မီးဖိုဆောင်ဘက် ပြန်ဆင်းသွား၏။ ရှမ်းဗမာများသည် အိမ်ကခြေတံရှည်အိမ်ကြီးတွေဖြစ်ပြီး မီးဖိုအားအိမ်ဘေးသို့မဟုတ် အိမ်နောက်ဘက်တွင် မြေစိုက်မီးဖိုဆောင်တစ်ဆောင်ဖြင့် သပ်သပ်ရပ်ရပ် သီးခြားတည်ဆောက် ချက်ပြုတ်ထားကြပါ၏။

ကျွန်တော်တို့ငါးယောက် ရွာလူကြီးတွေနှင့် ဆွေးနွေးနေစဉ်မှာပင် ကိုအိုက်ပန်သည် လူငယ်လေးနှစ်ယောက်နှင့် အိမ်ပေါ်ပြန်တက်လာ၏။ သူ၏လက်ထဲဝယ် အရက်နှစ်လုံးနှင့် မြေပဲကြော် ပန်းကန်ပြားတစ်ချပ်၊ လူငယ်နှစ်ယောက်မှာလည်း တစ်ယောက်သည် အရက်သုံးလုံး၊ နောက်တစ်ယောက်၏လက်ထဲဝယ် ကြက်ဥကြော်နှင့်အတူ ငါးကြော်တွေယူလာသည့်အတွက် ကျွန်တော်သည် ရွာလူကြီးတွေအား အလွန်အားနာသွားရ၏

'ရော်… ဆရာကြီးတို့ပါ၊ အားမနာနဲ့နော်၊ ဒါဟာ ဧည့်သည်အတွက် ဧည့်ခံတာပအေး'

'ကိုအိုက်ပန်ရာ ကျွန်တော်တို့အတွက် ဒါတွေ အရေးမကြီးပါဘူးဗျာ'

'ရော… ဧည့်ဝတ်ဆိုတာ လိုတာပအေး၊ ဒီအိမ်တွေမှာ ဧည့်သည်လာရင်ပျော်တာပအေး၊ ဧည့်မလာရင် မျှော်တာပ'

ကျွန်တော်၏ချစ်ရသူ မနွယ်လင်းပြောခဲ့သောစကားကို ကျွန်တော်ပြန်လည်ကြားယောင်မိပါ၏။

'အိမ်လာလည်တာပအေး၊ အိမ်မှာခွေးမောင်းတဲ့တုတ်ပဲရှိတာပ၊ လူမောင်းတဲ့တုတ်မရှိ' ကျွန်တော့်အတွေးနှင့် ကျွန်တော် ပြုံးလိုက်မိပါသည်။

'ရော်… ဆရာကြီးတို့ပ၊ ဖြည်းဖြည်းသောက်ကြတာပ'

'အားမနာပါနဲ့ဆို၊ သောက်တာပအေး၊ ဒီက အဘတို့၊ဘဒွေးတို့လေးလေးတို့ အားလုံးသောက်ကြတာပ၊ တောဆေးပအေး'

'ဟာ… ဒါဆို အဘတို့အရင်ပေးပါ ကိုအိုက်ပန်'

'ရော်… ဆရာကြီးပအေး၊ သူတို့သောက်ပြီးကြတာပ၊ အမေပြောတာပ၊ လူကြီးတွေ အရက်ငါးလုံးသောက်ပြီးတာပ၊ မြေပဲတစ်ပြည်လောက်ကုန်ပြီးတာပ'





'ရော်… အိုက်ပန်ဆို တို့သောက်တာ စကားပြောကောင်းလောက်ပ၊ အေး… ညနေမှ သောက်ကြမှာပ၊ ဟား… ဟား… ဟား… ဟား…'

လူကြီးတစ်ယောက်က ဝင်ပြောပြီး တဟားဟားရယ်မောလိုက်ကြသည်။ ကျွန်တော်တို့ အရက်တစ်ယောက်နှစ်ခွက်ခန့် သောက်၍ မော်ဆွီးရွာသား ကိုစိုင်းအောင်နှင့် ကိုကျန်မောင်တို့တော့သည် တင်မြတ်ကဲ့သို့ ကြွက်တွင်းတွေ သောက်ကြစားကြ အားရပါးရပင်။

ကျွန်တော်တို့ခြောက်ယောက်နှင့်အတူ ကိုကျောက်ဖူးနှင့် ဦးအပိန်ဆိုသော အသက်ငါးဆယ်ခန့် ရှမ်းလူသန်ကြီးပါ ပေါင်းလိုက်တော့ ရှစ်ယောက်၊ ဒါတောင် နောက်တစ်ယောက် လိုက်မည်ပြုရာ ကိုအိုက်ပန်၏ အဖေ အဘဦးကျားအိုက်မှ လူကိုးယောက်ဖြစ်နေသည့်အတွက် မထည့်၍မပါတော့ပါ။

အခင်းတွေသည် ရွာအားပတ်လည်ဝိုင်းထား၏။ ရွာကြီးမှာအရှည်လိုက်မဟုတ်။ ခပ်ဝိုင်းဝိုင်းဖြစ်၏။ တစ်ရွာလုံး အများဆုံး အပင်တွေစိုက်ပျိုးထားသည်မှာ ငှက်ပျောပင်၊ ပိန္နဲပင်၊ ရှောက်ချိုသီး၊ ကျွဲကောသီး၊ တချို့ လိမ္မော်ပင်တွေ အများဆုံးစိုက်ပျိုးကြ၏။ သီးသမ္ဘအပင် အိမ်တိုင်းတွင် ရှိနေသောကြောင့် တန်ဖိုးမထားကြ၊ ဧည့်င်းပင်တွေလည်း ခြံစည်းရိုးသဖွယ် စိုက်ထားကြသည့်အတွက် ကိုယ့်ဘက်သီးတော့ ကိုယ်စား၊ သူ့ဘက်သီးတော့ သူစား၊ စကားပြောစရာမလိုသော ရွာကြီးမှထွက်ခဲ့ပြီး အခင်းတွေ ပတ်ကြည့်လိုက်၏။

ရွာသားတွေ၏ ခြံစည်းရိုးကာထားမှုမှာ အင်မတန် စနစ်ကျသည်။ ဝက်မပြောနှင့် တော်ရုံတန်ရုံ တောဆင်ပင် မဝင်နိုင်အောင် အဆင့်မြင့်နိုင်မာတောင့်တင်းပါ၏။ တုံးတင်ကာနည်း၊ တုံးတင်ကာနည်းသည် တချို့ရွာသားတွေမှာတော့ သိပ်ခိုင်ခိုင်မာမာမလုပ်ကြ၊ ဒီမော်ဆွီးနှင့် မံပုံရွာသားတွေမှာတော့ အပင်ပန်းလည်းခံ၏။ တိုင်အဖြစ်ထောင်သော အခင်းမှာ လူတစ်ဖက်မကသော အခက်စိပ်သည့်အပင်များ ခွဲဆုံအတက်သည်လည်း လူတစ်ဖက်မီးပါးရှိပြီး အပင်စိပ်စိပ်တိုင်စိုက်ပြီး တုံးတင်ထားသည်။ တုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေမှာ ဖြောင့်ဖြောင့်တန်းတန်း၊ လုံးပတ်တွေမှာ သောက်ရေအိုးခန့် ရှိမည်ထင်ရ၏။ တောတောင်ထဲတွင် အပင်ပန်းခံပြီး ဖြောင့်၍အပင်ရှည် ရှည်တွေကိုသာ ရွေးခုတ်ပြီး အကာအဖြစ် စောစောကတိုင်စိုက်ထားသည့် အပင်ခွပေါ်တင်ရသည်မှာ အလွယ်တုံးတစ်တုံးအား လူဆယ်ယောက်ခန့် မ,ကြ၊ ထမ်းကြပြီး အမြင့်မှာလည်း ငါးပေခန့်အထိမို့ ဆင်တိုး၍ပင် မလွယ်အောင် ခိုင်ခန့်ပြီး ထိုငါးပေခန့်အမြင့်ဝယ် တုံးတင်အကာ တုံးလေး လုံးစီအထိ ကာရံထားကြသည့်အတွက် ဆင်မတိုးနိုင်သော တုံးတင်အကာ အရံ စည်းရိုးရှိသော ထိုခြံစည်းရိုးအား တောဝက်လောက်တော့ ဂရုမစိုက် ဟု ဆိုကြပါသော်လည်း ယခုလို ဝက်အုပ်နှင့်တွေ့သောအခါ တောဝက် တွေရအောင်ဟိုးဝင်သွားကြသည့်အတွက် အခက်ကြုံရခြင်းအား ကျွန်တော် တို့ကူညီရန်သာဖြစ်ပါသည်။

ကျွန်တော်တို့ မုဆိုးသုံးယောက်အဖို့ လွယ်လွယ်ကူကူ တောပစ် ရန်နှင့် ထိုတောဝက်များ ကြောက်လန့်သွားရန် မောင်းထုတ်ပေးမှုမျိုး မကြာမကြာ ကြုံခဲ့ပါပြီ။ သို့အတွက် ဤကဲ့သို့သော လုပ်ရပ်မျိုးအား အလေးမထားမိပါ။ ထိုပစ်ခတ်မှုမျိုးကို ကျွန်တော်တို့မလုပ်ချင်သည်မှာ အမှန်။

'ဆရာကျော်'

'ပြော တင်မြတ်'

'ဒီလို တောဝက်ပစ်ရတာမျိုး စိတ်မပါဘူး'

ကျွန်တော်၏ အတွေးထဲသို့ တင်မြတ်၏ စိတ်မပါသော စကား ကြားရသည်အတွက် ငါ့ကောင် ငါ့လိုမဲ့ ခံစားရပါကလားဟု တွေးမိသည့် အပြင် တင်မြတ်ဆိုသော မုဆိုးသည် လျှပ်တစ်ပြက် တင်မြတ်ဘွဲ့ယူထား သူမို့ တောကောင်နောက် အပြေးလိုက်ပြီး လေထဲဝယ်လျှပ်တစ်ပြက်သာ ပစ်ရပါက တင်မြတ်တစ်ယောက် အရမ်းကို ဝမ်းသာကြည်နူး၏။ အလွန် အမင်း ပျော်ရွှင်တတ်သည်သာ။

'ဟုတ်တယ် ဆရာကျော်၊ တောဝက်လာမှ စောင့်ပစ်ရတာဟာ သိပ်အရသာမရှိဘူး'





'အေး...'

'မနက် ညနေ ဒါမှမဟုတ် ညအခါ တောကောင်နောက်လိုက်ရ တာမျိုး ခက်ခက်ခဲခဲ ဖမ်းရတာမျိုးမှ မုဆိုးပီသပြီး အဆာပြေတာလို့ ထင်တယ် ဆရာကျော်ရယ်'

'အေး.. ငါလည်း တင်မြက်မပြောခင်တည်းက တွေးမိတာပါ၊ မုဆိုးဆိုတာ သားကောင်ရဲ့ခြေရာ၊ တောရဲ့နက်နည်းမှု၊ တောင်တွေရဲ့မြင့် မားမှု၊ ရေတံခွန်ကြီးတွေဘေးမှာ ရှာဖွေပစ်ခတ်ရမှုတွေမျိုးမှ မုဆိုးအလုပ် ဆိုတာ ပီသတာပဲလို့ တွေးနေတာကွ'

'ဟုတ်တယ် ကျွန်တော်တို့က အဲဒါမျိုး ပစ်ခတ်ချင်တာ'

'အေးလေ... ဘယ်တတ်နိုင်မလဲကွာ၊ အကူအညီတောင်းတော့ လည်း ကူညီရမှာက တို့တာဝန်ပဲမဟုတ်လား'

'ဟုတ်ပါတယ် ဆရာကျော်ရယ်၊ ကိုအိုက်ပန်ရဲ့ အကူအညီ တောင်းခံမှုကနေပြီး အခုရွာသားတွေရဲ့ အကူအညီတောင်းခံမှုဆိုတော့ လည်း တာဝန်တစ်ခုလို သတ်မှတ်ပြီး လုပ်ရတော့မှာပေါ့'

'မိုးကျော်ရေ'

'ပြော တင်မြတ်'

ကျွန်တော့်ဆန္ဒ၊ သူတို့နှစ်ယောက်ရဲ့ဆန္ဒတွေသည် မုဆိုးဆိုဝါတာ မုဆိုးပီပီသသ ခက်ခဲပါစေ လုပ်ရဲပါ၏။ လုပ်ချင်ပါ၏။ ထိုအခက်အခဲ တွေကြားမှ တိုးထွက်ရသည့် အရသာမျိုးကိုမှနှစ်သက်သော ကျွန်တော်တို့ မုဆိုးသုံးယောက်အဖို့ ယခုတော့ သားကောင်အလာ၊ နောက်ခြံစည်းရိုး အတိုး စောင့်ပစ်ရန်သာရှိပါတော့၏။

ထိုသို့ ကျွန်တော် တွေးနေစဉ် နေ့လယ်က ကိုအိုက်ပန်တို့အိမ် တွင် လူကြီးတွေနှင့် စကားပြောစဉ် သူတို့ပြောသောစကားကို ပြန်လည် ကြားယောင်မိပါသည်။

'ဝက်တွေ အုပ်လိုက်ဆင်းတာပ၊ မောင်းသည်းမရ၊ လူမကြောက် ပြန်ရန်မူကြတာပ၊ ခထာခထာ ပအေး'

'ခြံကာတာ တုံးတင်ပ၊ အဲဒီ တုံးတင်တာ လူတစ်လုံးထက်မြင့်



www.burmeseclassic.com

www.burmeseclassic.com

ပအေး၊ အဲဒီတုံးတွေ အုပ်လိုက်တိုးဝင်တာပ၊ လူမောင်းတော့ လူလိုက်သေးတာပ’

‘တင်မြတ်နဲ့ မိုးကျော်ရေ’

‘ဟုတ်ကဲ့ ဆရာကျော်’

‘နေ့လယ်က ရွာလူကြီးတွေပြောတာ ရှိတယ်နော်’

‘ဘာလဲ ဆရာကျော်’

‘ဩော်… ခြံကို တုံးတွေကာတယ်၊ ဝက်တွေက အုပ်လိုက်တိုးဝင်တယ်၊ ဝက်တွေအုပ်လိုက်ဆင်းတယ်၊ မောင်းမရဘူး၊ လူမကြောက်ဘဲ ရန်မူတယ်၊ လူမောင်းတော့ လူနောက်သေးတယ်လို့ပြောကြတယ် မဟုတ်လား’

‘အင်း… ဟုတ်တယ်၊ ဒါပေမဲ့ ဆရာကျော်ရယ်၊ သူတို့တွေ ထိထိရောက်ရောက် မမောင်းလို့ဖြစ်မှာပေါ့’

‘အေး… ဒါကိုတော့ လက်ခံပါတယ်၊ ငါစဉ်းစားတာက ဘို့ အခုတွေ့ခဲ့တဲ့ တုံးတင်ထားတဲ့ အကာတုံးကြီးတွေ တော်တော်ကြီးတာကွ၊ ဒီတော့ဝက်တွေ ရအောင်တိုးနိုင်ပါ့မလားဆိုတာ ငါ စဉ်းစားနေတာ’

‘ဆရာကျော်ရယ်၊ တောဝက်ပဲ အစွယ်ကလည်းထက်၊ နှုတ်သီးကလည်း မာမှမာ၊ တုံးတွေအောက်က သဲမြေပဲဆရာကျော်ရယ်၊ တိုးရတာ လွယ်မှာပေါ့၊ အောက်ကတိုးတာပဲဖြစ်မှာ ဆရာကျော်ရဲ့’

‘အေး… ဒါလည်း ဖြစ်နိုင်တာပဲကွ၊ အင်း… ဘာပဲဖြစ်ဖြစ် သတိတော့ထားရမှာပေါ့လေ’

‘တို့ဘက်က ပဟာကွက်မရှိအောင် လုပ်ရမှာပေါ့’

‘ကျွန်တော်တို့ဘက်ကတော့ ဆရာကျော်အသိပါပဲ၊ အမြဲဂရုစိုက်ပြီး လိုအပ်သမျှ ကူညီပေးခဲ့တာပါပဲ’

‘ဟုတ်တယ် ဆရာကျော်၊ ရွာသားတွေ အကြိုက်လိုက်ခဲ့တာပါပဲ’

‘ရော်ယ… ဆရာကြီးပအေး’

‘ပြော ကိုကျော်ဖူး’

‘ဟောဒီတုံးတွေ နေရာအများဆုံးတိုးတာပ၊ ဒီဘက်မှာစောင့်ရင်





သေချာတာပ၊ ပြေးမလွတ်ပအေး’

‘မိုးကျော်နဲ့တင်မြတ်ရေ၊ ဒီနေရာမှာ တို့စောင့်ကြတာပေါ့’

တင်မြတ်နှင့် မိုးကျော်အောင်အား ကျွန်တော် တစ်ထွာခြောလျှင် တစ်လံမြင်တတ်သူတွေမို့ နောက်ထပ်ပြောစရာမလို၊ သူတို့နှစ်ယောက် ညဉ့်အတွက် ပစ်ခတ်မည့်ပစ်ကွင်း၊ ကျွန်တော်တို့ ရင်ဘောင်တန်းပြီး နေရာယူရန်မှအစ နောက်ဆုံးတုံးတင်ထားသည့် တုံးကြီးကိုပါ အသေအချာ လေ့လာပြီး

‘ဆရာကျော်’

‘အေး…’

‘ကျွန်တော်တို့ ဒီနေရာက အမြင့်နေရာလေးဖြစ်သလို ဟောဒီ ကစွန်းဥဘောင်တွေပေါ်မှာနေမယ်၊ ခြံအစပ်နဲ့ဆို အပေါ်စီးကရတယ် ဆရာကျော်’

‘အေး… ဟုတ်ပါပြီ’

‘ဩော်… ဆရာကျော်၊ ဟိုအကွာအဝေးဆိုတာလည်း ဝေလေး ဆယ်လောက်လည်း ရှိတယ် ဆရာကျော်’

‘နောက်တစ်ခုရှိသေးတယ်’

‘ဘာလဲတင်မြတ်’

‘ဟောဒီ ခြံစည်းရိုးတုံးတင်ထားတဲ့ အပင်ရဲ့အဖျားလည်းမြင်တယ်၊ ဒီနေရာဟာ ဟိုဘက်တုံးတင်တဲ့ တုံးနဲ့ထိပ်ချင်းထိဆက်ထားတဲ့ အဖျားပိုင်းတွေဆိုတော့ ဝက်သုံးလေးကောင်တိုးရင် ကျိုးနိုင်တယ်’

တင်မြတ်ပြောသည့်အတိုင်း ကျွန်တော်ကြည့်လိုက်တော့ တုံးနှင့် တုံး၏ အဖျားပိုင်းတွေ ဆက်ထားသော အဆက်နေရာ၊ နောက်တစ်ခု ကျွန်တော် ထပ်မံတွေ့လိုက်သည်။ ထိုမြင်တွေ့မှုအား ဂရုတစိုက် ထိုင် ထောင်ထားသောအပင်နှင့် တုံးတင်ထားမှုတွေအားကြည့်ပြီး ဘယ်သူမှ အလေးမထားသော အချက်တစ်ချက်ကို သွားမြင်မိ၍ ရွာသားများအား ပြောပြရန် ရင်ထဲတွင် မှတ်သားထားလိုက်ပါ၏။

ကျွန်တော်တို့အားလုံး သတိထားလေ့လာပြီးနောက် [illegible]


www.burmeseclassic.com

www.burmeseclassic.com



ကြပါ၏။ ရွာရောက်ပြီး ထမင်းစားသောက်ရင်း ရပ်ရေးရွာရေးမေးမြန်းရင်း ရွာလူကြီးတွေ လူငယ်တွေနှင့် ရင်းနှီးမှုရရှိခဲ့ပါသည်။

ကျွန်တော်တို့ ညပိုင်းထွက်ရာတွင် ရွာမှလူငယ်တွေ လိုက်လိုကြောင်းပြောကြသော်လည်း လူများများ မလိုအပ်၍ ကျွန်တော် တားသည် မရ။ မရသည့်အဆုံး တင်မြတ်မှ ကျွန်တော့်အားခေါ်ခဲ့လိုကြောင်း ပြောလာသဖြင့် ကျွန်တော်လည်း တင်မြတ်ဆန္ဒနှင့်အတူ ရွာသားတွေ၏ အတင်းအဓမ္မပြောကြားမှု ခွင့်ပြုလိုက်ရပါသည်။

ရွာသားစုစုပေါင်း နောက်ထပ် လူငယ်များနှင့် လူလတ်ပိုင်း စုစုပေါင်းဆယ့်သုံးယောက်၊ ကျွန်တော်တို့သုံးယောက် အားလုံးပေါင်း ဆယ့်ခြောက်ယောက်ဖြစ်သွားသည့်အတွက် ကျွန်တော်တို့စောင့်မည့် ဦးကျားအိုက် (ကိုအိုက်ပန်၏ဖခင်)တဲတွင်စုပြီးနေကြရန်၊ ကျွန်တော်တို့ သေနတ်သမားသုံးယောက်နှင့် ကိုအိုက်ပန်၊ ကိုကျန်မောင်၊ ကိုစိုင်းအောင်နှင့် ကိုကျောက်ဖူး ခုနစ်ယောက်သာထွက်ခဲ့ပြီး ညနေပိုင်းရောက်ခဲ့စဉ်က တင်မြတ် စိတ်ကြိုက်ရွေးသော ကစွန်းခင်းအပေါ်တွင် နေရာယူလိုက်ပါ၏။

ကျွန်တော်တို့ရောက်တော့ ကိုးနာရီပင်မထိုးသေး။ လကတော့ မှုန်ရေးရေး ဆောင်းကုန်၍ နွေသို့ကူးစမို့ သိပ်မအေးတော့။ အေးလည်း မကြောက်ပါ။ အနွေးထည်တွေဝတ်ထားပြီးနောက် ရေဘူးထဲတွင် အရက်ကအပြည့် ဖြည့်လာခဲ့သည်မို့ ရာသီဥတုကို အံတုနိုင်ပါသည်။

'ဝေါင်း'

'ဝေါင်း'

'ဝေါင်း'

တောင်တန်းကြီးပေါ်မှနေ၍ ဟိန်းဟောက်နေသော မုဆိုးကျားကြီး တစ်ကောင်၏ လမ်းလျှောက်ရင်း ပျင်းရိပျင်းတွဲပေါ်ထွက်လာသောအသံ၊ ထိုအသံမျိုးကြားရ၍ မုဆိုးကျွန်တော်တို့ ကျေနပ်ကြ၏။

'တိတီတူး'

'တိတီတူး'

'တိတီတူး'





'တူး... တူး... တူး'

အခင်းတွေအောက်ဘက် အစပ်တောတန်းနှင့် ရေချောင်းဘက်မှ ထွက်ပေါ်လာသော တိတီတူးထိုးသံကြောင့် ကျွန်တော်တို့ အားတက်သွားသည်။ တိတီတူးငှက်သည် လန့်စရာ ကြောက်စရာတွေ့ပါက သူများထက် လန့်တတ်၏၊ ကြောက်တတ်၏၊ အကြောက်ကြီးသော ငှက်တစ်မျိုး။

တိတီတူးဆိုသည့်အတွက် ကျွန်တော်တို့စိတ်ထဲဝယ် တောဝက်တွေ စတင်ထွက်ပြီဟုထင်ကာ ပိုမို ဂရုစိုက်နားစွင့်နေသည့်အတွက်ကြောင့် အိပ်ချင်စိတ်ပျောက်ပြီး မျက်လုံးပြူးလာပါ၏။ သူတို့ပြောသည့်အတိုင်း အုပ်လိုက်ထွက်လာပါ၏။ အခြေအနေကြည့်ပြီး သုံးယောက်စလုံး ပစ်ခတ်ရန် လိုအပ်သကဲ့သို့ ဓါးပါသောဝက်မများ မပစ်မိရန်လည်း သတိထားရပေဦးမည်ဟု ကျွန်တော် တွေးနေမိပါသည်။

နွေဦးမို့ လေရူးက သုတ်လိုက်၊ ဝေ့ဝဲသွားလိုက်နှင့် လေအဝှေ့ကြောင့် စည်းရိုးဘေးတွင်ရှိသော အပင်တွေလေဝှေ့သံ၊ သစ်ရွက်၊ သစ်ကိုင်းတွေ လှုပ်ခါသံတွေကား တိတ်ဆိတ်မှုကို ဖျက်ဆီးနေသည့်အပြင် အသံဗလံ မကြားရအောင် ဖန်တီးနေသလားဟု တွေးမိသည်။

'ဆရာကျော်ရေ... ဘာကောင်မှပေါ်မလာပါကလား'

'အင်း... ဆယ့်တစ်နာရီခွဲပဲရှိပါသေးတယ်၊ လာမှာပေါ့ကွာ'

'မိုးကျော် အိပ်လေ၊ ဆရာကျော် အိပ်ပါလား'

'ငါမအိပ်ချင်သေးဘူး၊ မင်းတို့နှစ်ယောက်အိပ်'

'ကျွန်တော်လည်း မအိပ်ချင်သေးဘူး'

တင်မြတ်နှင့် မိုးကျော်အောင်အား ကျွန်တော် အိပ်ခိုင်း၏။ တင်မြတ်က မအိပ်ချင်၊ သို့အတွက် မိုးကျော်အောင်တစ်ယောက်တည်း အိပ်လိုက်သည်။ ကျွန်တော်လည်း မအိပ်ချင်သည့်အတွက် ရေဘူးထဲမှအရက်တစ်ငုံ ငုံထားလိုက်သည်။

ရွာသားလေးယောက်လည်း အိပ်ပျော်နေကြပါပြီ။ ရွာသားတွေမှာ အလုပ်ပင်ပန်းပြီး သောက်ထားသော အရက်ကြောင့် ဇရက်မင်းစည်းခံရင်း အိပ်ပျော်သွားကြခြင်းပင်။ ကျွန်တော်လည်း သူတို့အား အိပ်ပါစေ



www.burmeseclassic.com

www.burmeseclassic.com



ဟူသောအသံဖြင့် မတားပါ၊ သူတို့မအိပ်လည်း အကြောင်းမထူး၊ တောဝက်အုပ်လည်း မထွက်သေး၍ နားနားနေနေ နေကြပါစေဟု သဘောထားလိုက်သည်။

'ဝေါက်… ဝေါက်… ဝေါက်'

'ဝေါက်… ဝေါက်'

'ဝေါက်… ဝေါက်'

ချေတစ်ကောင်၏ ဟောက်သံ၊ ချေဟောက်သံအား နားထောင်ကြည့်ရာ ထိုအသံသည် ကျွန်တော်တို့၏ ဝဲဘက်လျှိုစောင်းမှတက်လာရင်း ဟောက်နေခြင်းဖြစ်ပါသည်။ အသံနှင့် ကျွန်တော်တို့နေရာ အလွန်ဆုံးဝေးမှ ပေသုံးရာခန့်မျှသာ ရှိပေမည်။ ချေသည် ကျွန်တော်တို့နေရာယူထားသည့်ဘက်သို့ ကာရံထားသည့် ခြံစည်းရိုးအတိုင်း တက်လာနေပုံရသည်။

'တီတီတူး'

'တီတီတူး'

'တီတီတူး… တူး… တူး'

တီတီတူးငှက်သည် ချေအားတွေ့ပြီး လိုက်ထိုးနေသည့်အသွင် ထင်ရပါသည်။ ထိုတီတီတူး၏ ဆိုးသံကြောင့် တီတီတူးကဲ့သို့ အလွန်သတ္တိနည်းသော တစ်ခါတစ်ရံ မိမိရဲ့အိုးသံကိုပင် လန့်တတ်သော၊ ချေအီးချေလန့်ဆိုသည့်အတိုင်း အလိုလို လန့်တတ်ကြောက်တတ်သော ချေသည် ကျွန်တော်တို့ဘက် ပြေးလာနေပါပြီ။

'ဖြောက်… ဖြောက်… ဖြောက်'

'ဖြောက်… ဖြောက်'

'ဖြောက်… ဖြောက်… ဖြောက်'

'ဝေါက်… ဝေါက်… ဝေါက်'

'ဝေါက်… ဝေါက်… ဝေါက်'

ချေ၏ပြေးလွှားသံနှင့် ဟောက်သံတို့ကြောင့် ကျွန်တော်တို့နှင့် လွန်စွာနီးရာသို့ ရောက်လာပါပြီ။ လရောင်မှုံဝါးဝါးမို့ မမြင်ရသေးသော်လည်း ခြေသံနှင့် ဟောက်သံကြောင့် သိလိုက်ပါ၏။





'တင်မြတ် ချေတော့ တို့ဘက်ရောက်တော့မယ်ကွ'

'ဟုတ်တယ် ဆရာကျော်၊ ဒီဘက် တက်လာပုံပဲ'

'အေးကွ၊ တီတီတူးနဲ့ချေ အပြိုင်လန့်နေကြတာဖြစ်မယ်'

'ဟုတ်တယ်… ဟုတ်တယ်၊ နှစ်ကောင်စလုံး အရှိမ်းသတ္တိနည်းတဲ့ အကောင်တွေဗျ'

'အေး…'

'ဆရာကျော်… ဟိုမှာ… ဟိုမှာ… ချေ'

'အေး…'

တင်မြတ် မြင်တွေ့လိုက်ပါပြီ။ ချေတစ်ကောင်တည်း၊ ကျွန်တော်တို့ထင်ထားသည့်အတိုင်း အောက်ဘက်မှတက်လာနေသည်။ လရောင်မှုံမွှားမွှားအကြားက မြင်တွေ့နေရပါပြီ။ အလွန်ဆုံးဝေးမှ ပေလေးဆယ်ခန့် ပစ်ခတ်ရန် အလွန်ကောင်းသော အနေအထား။

'ဆရာကျော် ဘယ်လိုလုပ်မလဲ'

'ဆရာကျော် ဝက်မထွက်သေးဘူး'

'သြော်… မိုးကျော် နိုးနေပြီပဲ'

'ဟုတ်တယ်'

'အေး… တို့ရဲ့ ဦးတည်မှုက ဝက်၊ တောဝက်၊ ဒီတော့ တစ်ကောင်နဲ့တစ်အုပ်၊ နောက် အဲဒီတစ်အုပ်က ရွာသားတွေဒုက္ခပေးနေတဲ့ အကောင်တွေတဲ့၊ ချေကိုစွန့်လိုက်ကွာ'

'ထောင်မြင်လို့ရာစွန့်ပေါ့ တင်မြတ်ရာ'

'မိုးကျော် မင်းပြောသလို ထောင်မြင်လို့ရာစွန့်တာတော့ ဟုတ်ပါရဲ့၊ ပစ်ရမှာလည်း အဆီကတဝင်းဝင်းကွ'

'ကဲပါ တင်မြတ်ရယ်၊ ထားလိုက်ပါကွာ'

ကျွန်တော်၏နောက်ဆုံး ထားလိုက်ပါကွာဟူသော စကားကြောင့် ရှင်ငုံ့မရဲဖြစ်နေသော တင်မြတ်မှာ အားမဖာန် မာန်လျှော့ဆိုသည့်အတိုင်း သေနတ်ပစ်ကွင်း၊ သတ်ကွင်းထဲလည်စင်းနေသော သူ၏သေနတ်နှင့် သေသေချာချာ ချိန်တွယ်ပြီးနောက်…



www.burmeseclassic.com

www.burmeseclassic.com



'ဟူး… ခြေစုံရပ်ပြီး လည်စင်းပေးနေတာကို ခွင့်လွှတ်လိုက်ရတာလောက် နာတာမရှိတော့ဘူး'

'အေး… တို့မုဆိုးတွေဟာ သားကောင်ရှာတာဆိုတော့ သားကောင်တွေ့ရင် ပစ်ရမှ၊ မတွေ့တဲ့အဆုံး အသံကြားရရုံနဲ့ ကျေနပ်ကြတယ် တင်မြတ်၊ ခုတော့ မင်းပြောသလိုပဲ ကြိုးနဲ့ချည်ထားတဲ့သားကောင် ဖြစ်နေပြီ၊ တို့ကြုံကြိုက်တာကလည်း ချေသား၊ ဆတ်သား၊ တွေ့နေရတာလည်း ချေပေါက် ဟူး…'

'ဝေါက်… ဝေါက်… ဝေါက်'

'ဝေါက်… ဝေါက်'

ချေပေါက်သည် မပစ်မှန်းသိ၍ မချီတင်ကဲအရဲစွန့်ပြီး ပြေးဖမ်းရတော့မလိုလို ဖြစ်နေသည်။ ကျွန်တော်တို့ မုဆိုးသုံးယောက်ရှေ့ဝယ် ခြေစုံရပ်ပြီး ဦးခေါင်းမော့ကာဟောက်နေပုံမှာ ကြည့်လို့ပင်ကောင်းနေသေးပါ၏။

'ကဲကွာ'

'ဘုတ်'

'ဝေါက်'

'ဖြောက်… ဖြောက်… ဖြောက်'

'ဖြောက်… ဖြောက်'

'ဖြောက်… ဖြောက်… ဖြောက်'

မိုးကျော်အောင် စိတ်မရှည်တော့သည့်အဆုံး ကစွန်းဥမြေပုံပေါ်မှ လက်တစ်ဆုပ်စာခန့်ရှိသော မြေစာခဲဖြင့် ပစ်ပေါက်လိုက်သည်တွင် ချေမှာ လန့်ပြီး တစ်ချက်ဟောက်ရင်း သူဦးတည်ထားသည့် တောင်စောင်းပေါ်သို့ ပြေးတက်သွားပါ၏။

'တောက်… အဲဒီလိုအပြေးမျိုးကို ပစ်လိုက်ရရင် စိတ်ကြိုက်လျှပ်တစ်ပြက်ပဲ တပည့်ကြီးမိုးကျော်ရ'

'တော်စမ်းပါ လျှပ်တစ်ပြက် မြတ်တင်ရယ်'

'ဟား… ဟား… ဟား… ဟား'

'တီတီတူး'





'တီတီတူး… တူး… တူး'

'အောင်မာ… သတ္တိကောင်းတဲ့ ကိုတစ်တီကပါ တတူတူး တူးနေပါကလား မိုးကျော်ရ၊ မင်းလိုပဲကွ'

'ခွေးကောင်'

ချေတစ်ကောင်အား လက်လွှတ်ဆုံးရှုံးခဲ့ရပြီးနောက် တောဝက်တွေအား ဆက်စောင့်နေလိုက်ပါသည်။ အချိန်မှာတစ်နာရီခွဲပြီဖြစ်၍ မအိပ်ချင်ပါသော်လည်း အိပ်လိုက်ဦးမည်ဟု တွေးကာ…

'ကဲ တင်မြတ်ရေ၊ အိပ်မယ်ကွာ၊ ငါလည်းအိပ်မယ်'

'အိပ်ချင်စိတ်တော့ မရှိဘူး၊ ဆေးကုပြီးအိပ်မှပဲ'

'ခွေးကောင် သောက်ချင်ရင် သောက်ချင်တယ်မပြောဘူး၊ ဖင်ခေါင်းက ကျယ်သေးတယ်'

'ဟား… ဟား… ဟား… ဟား'

တင်မြတ်ရှေ့ဘူးဖြုတ်ပြီး မော့နေ၏။ ကျွန်တော်လည်း အရက်နှစ်ငုံငုံပြီး ပက်လက်လှန်ရင်းမှ မိုးကျော်အောင်ကို သတိပေးလိုက်ပါ၏။

'မိုးကျော်ရေ သတိထား အသံကြားတာနဲ့နှိုးနော်'

'စိတ်ချ ဆရာကျော်'

'တပည့်ကြီး ဆရာစက်တော်ခေါ်မယ်၊ ခြင်ရမ်းပေးစမ်း'

'အရက်တွေ တဝသောက်ပြီး ဟောက်နေလို့ကတော့ကွာ၊ ဟောဒီအောက်က ကစွန်းဥကြီးယူပြီး ပါးစပ်ထဲဆို့ထားလိုက်မယ်'

'ဟဲ… ဟဲ… ဟဲ… ဟဲ… မိုးကျော်ကလည်း စောစောထဲက မပြောဘူး၊ ကစွန်းဥအစိမ်းနဲ့ မြည်းလိုက်ရ ဘယ်လောက်ကောင်းမလဲလို့'

'ခွေးကောင် အိပ်… အိပ်'

တင်မြတ်နှင့် မိုးကျော် စကားစစ်ထိုးပြီးနောက် တင်မြတ်အိပ်လိုက်ပါပြီ။ ကျွန်တော်လည်း လေ့ကျင့်ထားသည့်အတိုင်း စိတ်ကိုလျှော့သွားအောင် လျှော့ချပြီး ဘယ်အရာကိုမျှ မတွေးဘဲ အိပ်လိုက်ပါပြီ။

ကျွန်တော်သည် ဘယ်လောက်ထိ အိပ်ပျော်သွားသည်မသိပါ။ မျက်စိဖွင့်ကြည့်လိုက်တော့ မိုးလင်းနေပါပြီ။ တင်မြတ်မှာတော့ အိပ်တုန်း



www.burmeseclassic.com

www.burmeseclassic.com

နေခဲ့၊ မိုးကျော်အောင်အား ရှာကြည့်ရာမတွေ့၍ ကျွန်တော် ထိုင်လိုက်သည်တွင်…

'ဆရာကျော် နိုးပြီလား'

'အေး‥ အင်း… ခြောက်နာရီခွဲတော့မယ်'

'ဟုတ်တယ် ဆရာကျော်'

မိုးကျော်အောင်မှာ ကျွန်တော်တို့နေရာယူပြီး ပစ်ကွင်းသတ်ကွင်း သတ်မှတ်သည့် ခြံစည်းရိုးနားတွင် သေနတ်လွယ်ပြီး မတ်တတ်ရပ်နေသည့်အတွက် ကျွန်တော် တင်မြတ်အား နှိုးလိုက်ပြီး ရွာသားတွေနှင့်အတူ ခြံစည်းရိုးအပြင်သို့ ထွက်ခဲ့ပါသည်။

'ကိုကျောက်ဖူးရေ‥ ဝက်တစ်ကောင်မှ မထွက်ပါကလားဗျ'

'ရော်… အမြဲထွက်တာပ၊ ဒီည ဘာဖြစ်ပါလိမ့်'

'ဆရာကျော်… အသံလည်းမကြား၊ ခြေရာလည်း မတွေ့ဘူးဗျ'

'အေး… ခြောက်မထွက်ဘဲ ဘယ်များထွက်လဲမှ မသိတာကွ'

'ရော်… ဆရာကြီးတို့ပ၊ ဒီတောဝက်တွေ ဒီဘက်ပဲထွက်တာပ'

'ရောကျော်ရေ'

'ပြော တင်မြတ်'

'အင်း… ဖွတ်မရ တားမဆုံးဖြစ်သွားပြီ၊ 'ဟား… ဟား… ဟား… ဟား'

'ရော်‥ ဆရာကြီးပအေး၊ ဘာဆုံးတာပ'

'အေးဗျ… ညက ခင်ဗျားတို့အိပ်နေတယ်လေ၊ ချေတစ်ကောင် တွေ့တာပေါ့ဗျ၊ ပစ်လိုက်ရင်ရတာ သေချာတာပေါ့၊ ဒါပေမဲ့ ခင်ဗျားတို့ ရွာအတွက် တောဝက်ပစ်ဖို့ဆိုတော့ အဲဒီချေလွှတ်လိုက်ရတာပေါ့'

'ရော်‥ အားနာစရာပအေး'

'ဘယ်တတ်နိုင်မလဲဗျာ၊ ဒီနေ့ည ဆက်စောင့်ကြတာပေါ့'

'ဆရာကြီးတို့ကို ကြက်ချက်ကျွေးမှာပအေး'

'ရော်‥ ငါတို့အိမ်မှာ ငါးရံ့ခြောက်ရှိတာပ'

'ဟုတ်တာပ၊ တို့အိမ်မှာ ဝက်သားခြောက်တွေလည်း ရှိတာပ၊





ဆရာကြီးတို့ကို ကျွန်တော် ပြုစုကြမှာပအေး

'ကိုကျောက်ဖူးရေ၊ ချေနဲ့တောဝက်မရပေမယ့် ဘုန်းကြီးပွဲလိုဟင်းတော့ စုံမှာပဲထင်တယ်ဗျို့၊ ဟား… ဟား… ဟား… ဟား'

ကျွန်တော်တို့အား ရွာသားတွေပေါင်းပြီး ရသမျှဟင်းလျာစုံစုံဖြင့် ကျွေးမွေးညှဉ့်ခံကြပါသည်။ ကျွန်တော်တို့လည်း ထမင်းစားပြီးစာလှည့်စီ အိပ်စက်နားနေရင်း ကျွန်တော် တွေးလိုက်ပါသည်။ ဒီညစောင့်၍မရခဲ့လျှင် တောဝက်ရှိသောတောအား ရွာသားအင်အားဖြင့် မောင်းရန် နောက်ဆုံးအဆင့်သတ်မှတ်လိုက်ပါ၏။

ညကစောင့်ခဲ့သော နေရာမှာပင် ဒီတစ်ည ဆက်လက် စခန်းချခဲ့ပါ၏။ ရွာသားတွေလည်း မနေ့ညကကဲ့သို့ ကျွန်တော်တို့နှင့်အတူ လိုက်ပါပြီး အရက်နှင့်ကြက်ကြော်၊ မြေပဲကြော်၊ ပြောင်းဖူးတွေမီးဖုတ်ပြီး ပဲဆီနှင့်ဆမ်းကာသုတ်ခဲ့သည့်အပြင် ဝက်သားအခြောက်အား ဆီနှင့်ကြော်ထားသည်မှာလည်း ခံတွင်းတွေ့လှပြီး ပကပ်တစ် (မုညင်းချဉ်)အားဆီနှင့်ကြော်ထား၍ စားရသည်မှာ အလွန်ကောင်းနေသည်။

အချိန်မှာ တစ်နာရီထိုးပါပြီ။ တောဝက်တွေ ထွက်မလာသေး၊ သို့အတွက်ကြောင့် တင်မြတ်ထံမှ စကားထွက်လာပါ၏။

'ဆရာကျော်‥ တစ်နာရီထိုးပြီ'

'အေး… မထွက်သေးဘူး'

'ဒီညမထွက်ရင်'

'ဒီညမှ မထွက်ရင်တော့ သူတို့နောက် တောနင်းရတာပေါ့၊ ရွာသားတွေမေးပြီးသွားကြတာပေါ့'

'ဒီလိုလုပ်ချင်တယ်'

'ပြော…'

'တောမောင်းချင်တယ်'

'ဟုတ်တယ် ဆရာကျော်၊ အခုအင်အားနဲ့ဆိုဖြစ်တယ်'

'အေး‥ ငါညကတည်းက စဉ်းစားပြီးပြီ၊ တောမောင်းမှာ နောက်ဆုံးအဆင့်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ဆရာကျော်'

ဒီညတော့ ကျွန်တော်တို့ မအိပ်ကြတော့ပါ။ ကြက်ပေါင်တွေယူခဲ့ပြီး အမြည်းကကောင်းနေ၍ မသောက်ဖြစ်သည်ထက် စိတ်ကစောနေ၍ မသောက်ဖြစ်ခြင်းသာဖြစ်ပါ၏။

'တီတီတူး'

'တီတီတူး… တူး… တူး'

'တီတီတူး…'

'တီတီတူး'

'တီတီတူး… တူး… တူး'

'ဗျော်… ဆရာကြီးပ၊ တောဝက်တွေလာနေပြီပ'

'ဗျာ…'

'ဗျော်… ဟုတ်တာပ၊ အဲဒီဘက်က တီတီတူးတွေ သုံးလေးကောင်ထိုးတာပ။ အဲဒီလိုထိုးတာနဲ့ တောဝက်တွေလာတာ အမြဲပအေး လာကြပြီပ'

'သေချာတာပအေး'

'မိုးကျော်နဲ့ တင်မြတ်ရေ၊ အသင့်ပြင်ကြပေတော့'

'စိတ်ချပါဆရာ၊ သူ့ဘက်က သေချာ မသေချာ၊ ကျွန်တော်တို့ဘက်ကတော့ အသင့်ပဲ'

'ဖြောက်… ဖြောက်… ဖြောက်'

'ဖြောက်… ဖြောက်… ဖြောက်… ဖြောက်'

'ဖြောက်… ဖြောက်'

ခြေသံတွေ ခြေသံတွေ လျှိုကြီးလား၊ မြိုင်ကြီးလားတော့ မသိ။ ထိုတောစပ်စပ်ဘက်မှလာနေသော ခြေသံများ၊ ခြေသံကြားရ၍ ကျွန်တော်တို့ကျေနပ်ကြရပါပြီ။ တွေ့ဖူးပါ၏။ ဤကဲ့သို့တောဝက်တွေ အခင်းထဲသို့ တိုးဝင်တာမျိုး၊ အမျိုးမျိုးကြုံခဲ့ပြီး၍ ကျွန်တော်တို့အဖို့ အရေးမကြီးတော့ပါ။

ကျွန်တော်တို့ကဲ့သို့ပင် ရွာသားတွေမှာလည်း ညဥ့်စဥ်လိုလို တောဝက်တွေလာလာနေ၍ မောင်းရ၏၊ ပြေးရ၏၊ ပြန်လိုက်ပြီး လောက်လေး





တွေ၊ တုတ်တွေဖြင့်ပစ်ဖူးသည့်အတွက် သူတို့အဖို့လည်း မဆန်းတော့ပါ၊ ရိုးနေပြီဟုပင် ပြောရတော့မယ်။

'ဖောက်… ဖောက်… ဖောက်… ဖောက်'

'ဖောက်… ဖောက်… ဖောက်'

'ဖောက်… ဖောက်'

'ဖတ်… ဖတ်… ဖတ်… ဖဟ်'

'ရှူး… ရှူး… ရှူး…'

'ဖောက်… ဖောက်… ဖောက်'

တောဝက်တွေ အောက်မေးရိုက်သံတွေမှာ တိတ်ဆိတ်နေသော ညဥ့်အတွက် ဖျက်ဆီးလိုက်သော အသံများပင်ဖြစ်ပါသည်။

မေးရိုက်သံနှင့်အတူ ခေါင်းတွေခါ၍ တဖတ်ဖတ်ခတ်သံနှင့်အတူ နှာဝမှထွက်သော တရှူးရှူး နှာမှုတ်သံတွေမှာလည်း တော်တော့်ကို ပြင်းထန်ပါသည်။ တောဝက်တွ မနည်းလှပါ။

တောဝက်ဆိုသည်မှာ အုပ်ဖွဲ့နေတတ်သော သတ္တဝါများ၊ အုပ်စုလိုက်နေကြ၏။ တစ်အုပ်ဆိုလျှင် အကောင်နှစ်ဆယ်သုံးဆယ်အထိ ရှိတတ်ပြီး အထီးတွေဘာသာလောက်များများ ရောနှောနေကြသည်သာ။ တစ်ကောင်နှင့်တစ်ကောင် တွန်းထိုးတိုက်ခိုက်သံတွေလည်း ကြားရ၏။

'အိ… အိ… အိ'

'ဖောက်… ဖောက်… ဖောက်'

'အိအိ… အိ…အိ'

ဝက်ပေါက်ကလေးတွေ အသံလည်း ကြားရပြီးနောက် ပြေးလွှားသံတွေမှာ တဖြည်းဖြည်းနီးကပ်လာပါပြီ။ နီးကပ်လာသည်နှင့်အမျှ တောဝက်အထီးတွေ၏ အောက်မေးရိုက်သံတွေမှာ ပိုည့်လာပါသော်လည်း အကောင်တွေတော့ မမြင်ရသေးပါ၊ ချုံငယ်အတန်းလေးဆုံးလျှင်တော့ ခြံစည်းရိုးဘက်ရောက်တော့မည်သာ။

'မိုးကျော်နဲ့တင်မြတ် တို့သုံးယောက် ရင်ဘောင်တန်းကြစို့'

'ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com

'အေး… အသင့်နေ'

'စိတ်ချ'

'ဟာ… တော်တော်များတာပဲကွ'

'ဟုတ်တာပ ဆရာကျော်၊ မည်းမည်းလှုပ်နေပါလား'

'ဟော… ဝက်ကြီးတွေပြေးလာနေပြီ'

'အေး… ကဲ… ချိန်ထား'

ကျွန်တော်တို့သုံးယောက် သေနတ်တွေချိန်ထားဟု ကျွန်တော့် စကားမဆုံးသေးပါ။ အလွန်လျင်မြန်လွန်းသော တောဝက်ကြီးဆယ်ကောင်ခန့် ပြေးဝင်ပြီး ခြံစည်းရိုးအား ကပ်လိုက်ကြသော်လည်း လုံးဝမလှုပ်ရှားဘဲအသံနှင့် အနံ့ခံနေပုံရသည်။

တောဝက်များသည် အခြားသားကောင်တွေထက် အပြေးမြန်သကဲ့သို့ အနံ့ခံအလွန်ကောင်းသော သတ္တဝါမျိုးစုများဖြစ်၏။ ကျွန်တော် တစ်ချက်လန့်သွားသည်။ တောဝက်တွေ ငြိမ်သက်နေခြင်းမှာ ကျွန်တော်တို့ အနံ့တွေ့ရသွားပြီလား၊ အနံ့ရ၍ နောက်ပြန်ဆုတ်ရန် တွေဝေနေသည်လားဟု ထင်နေမိစဉ်မှာပင် လေအဝေ့ကြောင့် စိတ်အေးသွားပါပြီ။

တောဝက်တွေဘက်မှ လေကလာသည့်အတွက် တောဝက်တွေ၏ ရွံ့နံ့ပုတ်နံ့နှင့် ဝက်သိုးများ၏သိုးနံ့တွေကြောင့် လေသည် တောင်စောင်းဘက်မှ တိုက်ခတ်နေပြီး ကျွန်တော်တို့ဘက်သို့ သူတို့၏အနံ့က အရင်ရ၏။ သို့အတွက် ကျွန်တော်၏ စိုးရိမ်မှုသက်သာသွားသည်နှင့်အမျှ တောဝက်ကြီးတွေသည်

'ဖောက်… ဖောက်… ဖောက်'

'ရှူး… ရှူး… ရှူး…'

'ဝုန်း'

'ဒိုး'

'ရှူး… ရှူး… ရှူး…'

ခြံစည်းရိုးတံုးတင်ကာထားမှု အောက်ဆုံးသစ်တုံးကြီးအား သူတို့၏ဦးခေါင်းနှုတ်သီးတို့ဖြင့် အတောင်းတွန်းမလိုက်ပါပြီ။ မြန်လိုက်သည့်အဖြစ်၊





စက္ကန့်ပိုင်းလေးအတွင်းမှာပင် တုံးကြီးအကြွ တောဝက်ရွှေ့ပြေးပြီးအဝင်

'ပစ်'

'ဒိုင်း'

'ဒိုင်း'

'ဒိုင်း'

'ရှူး'

'မိုးကျော်၊ တင်မြတ် အတွဲလိုက်ပစ်'

'ဒိုင်း… ဒိုင်း… ဒိုင်း… ဒိုင်း'

'ဒိုင်း… ဒိုင်း… ဒိုင်း… ဒိုင်း'

'ဒိုင်း… ဒိုင်း… ဒိုင်း… ဒိုင်း'

'ရော်… ပြေးကြ၊ ပြေးကြ၊ ပြေးကြ'

'ရော်… ဆရာကြီးတို့ပ၊ အန္တရာယ်ကြီးတာပ၊ ပြေးကြတာပအေး'

သူတို့အော်ပြီးပြောလည်း ပြောချင်စရာပင်၊ တောဝက်တွေအုပ်စုလိုက် တိုးသည့်အတွက် အောက်ဆုံးတုံးကြီး ပြုတ်ကျသည်နှင့် တောဝက်တွေ ပြေးအဝင်၊ ကျွန်တော်တို့ တစ်တောင့်ချင်းပစ်ခတ်မှုမှ အတွဲလိုက် အဆင့်သို့ ပြောင်းရပါပြီ။

ဒုတိယအချက်မှာ မီးခိုးလျှောက်ဆိုသည့်အတိုင်း ဝက်ထီးကြီးနှစ်ကောင်သည် တင်မြတ်နှင့် ကျွန်တော့်ဘက်သို့ အရှိန်နှင့်ပြေးဝင်လာသည့်အတွက် မိုးကျော်အောင်မှ ဘေးစောင်းအတွဲလိုက် ပစ်လှဲရသကဲ့သို့ ကျွန်တော်နှင့်တင်မြတ်မှာလည်း မနားရ၊ တစ်ခါဖူးမျှ ဒီအဖြစ်မျိုးမကြုံဖူးပါ။ ပထမ အမနှင့်ကလေးတွေ ရှောင်ပစ်ရန်ဖြစ်ပါသော်လည်း ခုတော့ အတွဲလိုက်ပစ်နေစဉ်မှာပင်

'ဟာ… ဆရာကျော်၊ ဒိုင်း… ဒိုင်း… ဒိုင်း… ဒိုင်း'

'အေး… မိုးကျော်ရေ၊ သတိထား၊ ဒိုင်း… ဒိုင်း… ဒိုင်း…'

'ဒိုင်း… ဒိုင်း…'

'ဒိုင်း… ဒိုင်း… ဒိုင်း… ဒိုင်း'


www.burmeseclassic.com

www.burmeseclassic.com



'တင်မြတ် ပြေးဝင်လာပြီ'

'စိတ်ချ ဆရာကျော်'

'အေး… ဒိုင်း… ဒိုင်း… ဒိုင်း'

'ဝေါ… ဝေါ… ဝေါ'

'ဝုန်း… ဝုန်း'

'အီး… အူး… အူး'

'ဖြောက်… ဖြောက်… ဖြောက်… ဖြောက်'

ပြေးသောတောဝက်တွေ ပြေးကြပါပြီ၊ သို့သော်လည်း နှစ်ကောင်သုံးကောင်မှာ ဒဏ်ရာတွေရထားပါသော်လည်း ကျွန်တော့်တည့်တည့်သို့ အတင်းပြေးလာပုံမှာ လေအလျင်ကဲ့သို့ မြန်ဆန်သည့်အတွက် ကျွန်တော်လည်း ပထမ ရှေ့ဆုံးမှအကောင်ကြီး၏ထိပ်တည့်တည့်သို့ ကျည်ဆန်နှစ်တောင့် ပစ်ထည့်လိုက်သကဲ့သို့ မိုးကျော်အောင်မှ ပစ်လိုက်သည်တွင် တောဝက်ထီးကြီးမှာ ကျွန်တော်၏ထိုင်နေသည့် ကန်စွန်းဥမြေကျင်းပေါ်သို့ ရောက်လာသည်။

ကျွန်တော်လည်း ပစ်ကူပေးသည့် မိုးကျော်အောင်ဘက် မလှိမ့်ဘဲ တင်မြတ်ဘက် လှိမ့်လိုက်၍သာ လွတ်သွားပါသည်။ တောဝက်ထီးကြီးသည် ကျွန်တော်သာမရှောင်ပါက သူ၏အစွယ်ဖွေးဖွေးနှင့် ရောထွေးသွားပြီး သူ၏ခန္ဓာကိုယ်ကြီးနှင့် လိမ့်ပါသွားမည်သာ။

တောဝက်ထီးကြီး၏ နောက်ဆုံးအရှိန်သည် ကျွန်တော့်နေရာကိုပါ ကျော်ပြီး ဆယ့်ပေခန့်အထိ လိမ့်ထွက်ပြီးမှ မှောက်နေပါပြီ။ အသက်တော့မထွက်သေး။ သို့သော် မှန်ချက်တွေများ၍ မထနိုင်တော့။

တင်မြတ်နှင့် မိုးကျော်အောင်လည်း အပစ်ရပ်လိုက်ပါပြီ။ တောဝက်တွေပြေးနေသည်ကို တွေ့ရပါသော်လည်း ထွက်ပြေးကြပြီဖြစ်၍ နောက်ထပ် မပစ်တော့၊ တော်တော်များများ လဲနေကြပြီး အကြီးအငယ် အရွယ်လည်းစုံနေပါပြီ။

'ဆရာကျော်ရေ၊ ကျွန်တော် ကြားဖြတ်ပစ်တာပဲ၊ ဒါပေမဲ့ ဒီအကောင်ကြီး အရှိန်သိပ်ပြင်းပြီး သိပ်မြန်နေတယ် ဆရာကျော်၊ ကျွန်တော်





လန့်သွားတာပဲ'

'အေး… ငါလည်း ထိပ်တည့်တည့်ပစ်ပြီး တင်မြတ်ဘက်လှိမ့်လိုက်တာကွ'

'ဆရာကျော်လှိမ့်တာ မဟုတ်ပါဘူး၊ တစ်ပတ်ကျွမ်းပစ်တာပါ၊ ဘယ်တုန်းက များ လေ့ကျင့်ထားလည်းမသိဘူး မိုးကျော်ရေ၊ ဟား… ဟား… ဟား… ဟား'

တင်မြတ်က ကျွန်တော့်အား နောက်နေသည်။ ကျွန်တော်တို့သုံးယောက်စကားပြောနေရာသို့ ထွက်ပြေးသော ရွာသားတွေနှင့် တဲတွင်အိပ်ပြီးစောင့်နေကြသော ရွာသားတွေပါ ဝိုင်းအုံရောက်လာကြပြီး ကျွန်တော်တို့သုံးယောက်အား ကြည့်ပြီး အံ့သြနေကြပါသည်။

'ဈော်… ဆရာကြီးတို့ဆို'

'ဗျာ… ကိုကျောက်ဖူး ဘာလဲဟင်'

'ဟော… ကြောက်စရာပအေး၊ ဒါတောင် ရယ်ကြတာပ'

'ဆရာကြီး'

'ဗျာ… ကိုအိုက်ပန် ပြောလေ'

'ဆရာကြီးတို့ မကြောက်တာပအေး'

'အင်း… မကြောက်ပါဘူးဗျ၊ ကြောက်ရင် မုဆိုးမလုပ်ဘူးလေ'

'ရော်… မုဆိုးလုပ်တာ မှန်တာပအေး၊ ဒီလောက် တောဝက်အုပ်ကြီးကိုပစ်ရတာ ကြောက်စရာပ၊ အတင်းပြန်ပြီးထိုးကြ ပစ်ကြတာပအေး'

'ဟုတ်တော့ ဟုတ်ပါတယ် ကိုအိုက်ပန်ရေ၊ ကျွန်တော်တို့ပစ်ခဲ့သမျှ တောဝက်တွေထဲမှာ ဒီတစ်ခါလောက် ခက်ခဲတာ မတွေ့မကြုံသေးဘူး၊ ဟို တောဝက်ပစ်တာကို ပြောတာနော်'

'အင်း… ကျွန်တော်တို့ တောပစ်သမျှ တစ်ခါခါမှ အတွဲလိုက် မပစ်ခဲ့ရဘူး၊ ဒီတစ်ခါတော့ အတွေ့အကြုံအသစ်တိုးတာပေါ့ ဆရာတော့်'

'အေး… ငါနဲ့ဆရာကြီးရှိအိ မျောက်ညိုပစ်တုန်းက တစ်ခါ ဒီလိုပစ်ခဲ့ဖူးတယ်၊ ဒီတစ်ခါပစ်ရတဲ့ တောဝက်တွေဟာ ရိုးရိုးသားကောင်တွေ အပမရှိလို့တော်သေးတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ ကျွန်တော်တို့ပစ်ခတ်မှုတွင် တောဝက်တွေအကောင်အရေအတွက် များသည့်အပြင် အထီးတွေလည်း များပါသည်။ နောက်တစ်ခု လူ့ဝဲဖြစ်ဖြစ်၊ တီရှဲ့ဘွာနဲ့ပဲဖြစ်ဖြစ်၊ အုပ်စုလိုက်ဆိုသည်မှာ ကြောက်စရာကောင်းပြီး မိုက်ရဲသောသတ္တဝါတွေလည်းရှိကြသည်။ တစ်ယောက်ကိုတစ်ယောက် အားကိုးပြီး ခေါင်းဆောင်သူ၏ နောက်မဆုတ်တမ်း လုပ်ဆောင်သလို နောက်လိုက်တွေလည်း ပါဝင်ခဲ့သည်သာ။

ယခု ကျွန်တော်တို့ ပစ်ခတ်ရမှုသည် တောဝက်အကောင်လေးဆယ်ထက် မနည်းပါ။ အကောင်ကြီးတွေ များသည့်အပြင် သေဆုံးသောဝက်များသည်လည်း အထီးကြီးတွေ များပါသည်။

'ဆရာကျော်.. ကျွန်တော်တို့ပစ်ခတ်မှုကြောင့် အပကောင်မဝင်ရဲတာလည်း ဖြစ်မှာပဲဗျ'

'ဒါလည်း ပါမှာပါပေါ့ကွာ၊ ဒီတစ်ခါ လွတ်လွတ်လပ်လပ်ပစ်ရတာ အဆင်ပြေပေမယ့် ကျည်တော့ တော်တော် ကုန်တယ်ကွ'

'ဆရာကျော်'

'ပြော မိုးကျော်'

'တင်မြတ်'

'ဘာလဲကွ၊ အရက်သောက်ချင်ပြီလား'

'သောက်ပြီးပြီကွ၊ ဟို တောဝက်တိုက်ပွဲ ကျည်မစဲပေါ့နော်'

'ဆရာကျော် မိုးကျော်ရဲ့စကားက မဆိုးဘူးနော့၊ ဘာတဲ့ တောဝက်တိုက်ပွဲ ကျည်မစဲ၊ ဟဲ... ဟဲ... ဟဲ.. အရက်နည်းနည်းပေးပါဦး မိုးကျော်ရေ၊ ဟား... ဟား... ဟား... ဟား...'

မင်းရဲကျော်



BURMESE CLASSIC

www.burmeseclassic.com